ပဋ္ဌပတ်ဆရာကြီး

( ဆရာဦးလှုစံ )

သည်

မိမိကိုယ်တိုင် အားထုတ်၍ အတွေ့အကြုံနှင့်တကွ လုပ်နည်း
လုပ်ဟန်တို့ကိုပါ စီရင်ရေးသား အပ်သော


# ဝိပဿနာကျင့်စဉ်

## သူတော်စင်ရှုဘွယ်ကျမ်း။

ကြီးကြပ်ပြင်ဆင်သူ
( ပါဠိဆရာ-ဦးကျော်ညွန့်။ )

---

ဇမ္ဗူ့ပညာစာပုံနှိပ်တိုက်၊
အမှတ်-၃၄(ခ) ၁၀၄-လမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။



ပဋိပတ်ဆရာကြီး

**( ဆရာဦးလှူစံ )**

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားကြကုန်သော သဘောဖြူစင်
သူတော်စင်တို့၏ အကျိုးငှါ
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဆေးရိုးတန်းရပ်ကွက်

**ပဋိပတ်ဆရာကြီး**

**ဦးလူစံ**

သည်

ဓမ္မာနုဓမ္မပဋိပတ်ကို အားထုတ် ပွားများသောကြောင့်
ကိုယ်တိုင်အတွေ့အကြုံကို လုပ်နည်းလုပ်ဟန်နှင့်
တကွရေးသားပြုစုစီရင်အပ်သော

# ဝိပဿနာကျင့်စဉ်

# သူတော်စင်ရှုဘွယ်ကျမ်း။

ကြီးကြပ်ပြင်ဆင်သူ
ပါဠိဆရာ-ဦးကျော်ညွှန့်။

ဇမ္ဗူ့ပညာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

## သတိ ။

ဤ ဝိပဿနာကျင့်စဉ်သူတော်စင်ရှုဘွယ်ကျမ်းကို၊ ကူးယူပုံနှိပ်၍သော်၎င်း၊ ဤစာအုပ်ကိုသော်၎င်း၊ ရောင်းစားခြင်းကို လုံးဝခွင့်မပြုပါ။

ကျမ်းပြုသူ ပဋ္ဌိပတ်ဆရာကြီး
" ဆရာဦးလှုစံ "

စာအုပ်ရေ–၅၀၀။
၁၉၇၂ခု–ဒီဇင်ဘာလ၊ ပထမအကြိမ်

ဘာသာရေး ဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၅၅၃၃)
ထုတ်ဝေသူ။ ။ဒေါ်ညွန့်၊ ကင်းလွတ်ခွင့်အမှတ်=၀၁၇၂၄။
အမှတ်(၁၈)ပျဉ်းမလမ်း၊ ဆေးရိုးတန်းရပ်၊ ကြည့်မြင်တိုင်။

ရိုက်နှိပ်သူ။ ။( မဒေါ်စောရွှေ )၊ မှတ်ပုံတင်အမှတ် (မြ-၀၂၂၁)
အမှတ်-၃၄၊ ၁၀၄-လမ်း၊ ဇမ္ဗူ့ပညာပုံနှိပ်တိုက် က
ရိုက်နှိပ်သည်။

တာဝန်ခံသူ။ ။( ဦးစံမြင့် )၊ ဆေးရိုးတန်းလမ်း၊ ကြည့်မြင်တိုင်။

သာသနာသက္ကရာဇ်–၂၅၁၆။ ကောဇာသက္ကရာဇ်–၁၃၃၄။

# မာတိကာ။

အကြောင်းအရာ။ စာမျက်နှာနံပါတ်။


၁။ နိဒါန်း .... .... .... (က)

၂။ ဥယျောဇဉ် .... .... .... (ခ)

၃။ ရတနတ္တယပဏာမ .... .... (ဂ)

၄။ အဘိယာစကနှင့် ပဋိညာဉ်ကိုပြခြင်း .... (ဃ)

၅။ ဝိပလ္လာသကြောင့်ဒုက္ခဖြစ်ပုံကိုပြခြင်း .... ၁

၆။ သုခကိုပြခြင်း .... ... ၅

၇။ အံထူးသတိပြုဘွယ်ကိုပြခြင်း .... ၉

၈။ ပဓာနတရားလေးပါးကိုပြခြင်း .... ၁၀

၉။ မယဉ်ကျေးသောစိတ်ကြောင့်အပါယ်ကျမှုများသည်
ကိုပြခြင်း .... .... .... ၁၃

၁၀။ ဝိပ္ပလ္လာသတရား ၁၂—ပါးကိုပြခြင်း .... ၁၄

၁၁။ ယဉ်ကျေးသောစိတ်ကြောင့် ကြီးစွာသောကောင်း
ကျိုးချမ်းသာဖြစ်ခြင်းကိုပြခြင်း .... ၂၁

၁၂။ တရားအားထုတ်ရန်တိုက်တွန်းခြင်း .... ၂၃

၁၃။ ပဋိပဒါလေးပါးကိုပြခြင်း.... ... ၂၅

၁၄။ ဆရာ၏ကောင်းကျိုးစီးပွားအတွက် ဆရာကိုယ်တိုင်
ရှာမှီးပုံကို ပြခြင်း .... .... ၂၈

၁၅။ ဆရာကိုယ်တိုင် တရားအားထုတ်သောအတ္တုပ္ပတ္တိ ၂၉

၁၆။ မိမိကိုယ်တိုင် ရှေးဦးစွာလျောက်ပတ်သောအကျင့်
၌ သွင်းထားသည်ကိုပြသောပါဠိတော်.... ၃၄

၁၇။ ဆရာ၏စိတ်နေသဘောထားကို ဖော်ပြခြင်း ၃၅


**A**

# မာတိကာ။


| အကြောင်းအရာ။ | | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၁၈။ | သောတာပတ္တိမဂ်ကိုရကြောင်းတရားလေးပါး | ၃၆ |
| ၁၉။ | ပရမတ္ထတရားလေးပါးအကျယ်မှ စိတ်တို့၏အကျယ်ပြခြင်း .... | ၃၉ |
| ၂၀။ | စေတသိက်တို့၏သရုပ်ပြခြင်း .... | ၄၉ |
| ၂၁။ | ရုပ်အဋ္ဌဝီသတို့၏သရုပ်ပြခြင်း ... | ၅၆ |
| ၂၂။ | နိပ္ဖန္နသဘာဝရုပ် ၁၈–ပါးပြခြင်း .... | ၅၈ |
| ၂၃။ | အနိပ္ဖန္နရုပ် ၁၀–ပါးပြခြင်း .... | ၆၀ |
| ၂၄။ | သဥပါဒိသေသနိဗ္ဗာနဓာတ်ချုပ်ငြိမ်းပုံကိုပြခြင်း | ၆၁ |
| ၂၅။ | အနုပါဒိသေသနိဗ္ဗာနဓာတ်ချုပ်ငြိမ်းပုံကိုပြခြင်း | ၆၂ |
| ၂၆။ | ခန္ဓာဖွဲ့ပြခြင်း .... | ၆၃ |
| ၂၇။ | အာယတန ၁၂–ပါး ဖွဲ့စည်းခြင်း .... | ၆၄ |
| ၂၈။ | ဓာတ် ၁၈–ပါးဖွဲ့စည်းပြခြင်း .... | ၆၅ |
| ၂၉။ | သစ္စာလေးပါးဖွဲ့စည်းခြင်း .... | ၆၇ |
| ၃၀။ | ဗောဓိပက္ခိယ ၃၇–ပါးပြခြင်း .... | ၆၈ |
| ၃၁။ | ဝိသုဒ္ဓိ ၇–ပါးပြခြင်း .... | ၇၁ |
| ၃၂။ | ယုံမှားခြင်း ၁၆–ပါးသရုပ် .... | ၇၅ |
| ၃၃။ | ပစ္စဝေက္ခဏာဝီထိပါဌ်ကိုပြခြင်း .... | ၈၄ |
| ၃၄။ | ဝိပဿနာဉာဏ် ၁၀–ပါးပြခြင်း .... | ၈၅ |
| ၃၅။ | ပဋိပတ္တိပညာကို ဖော်ပြသောအခန်း ပရမတ္ထသစ္စာနှင့်သမ္မုတိသစ္စာကိုပြခြင်း | ၈၈ |
| ၃၆။ | ပညတ်ပြခြင်း .... .... | ၈၉ |
| ၃၇။ | ခန္ဓာအိမ်၌ အဝိနိဗ္ဘောဂရုပ် ပေါ်လွင်အောင်တိုက် ရိုက်ရှုနည်း ပဋိပတ်ပညာကိုပြခြင်း .... | ၉၁ |

| အကြောင်းအရာ။ | | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၃၈။ ကောဋ္ဌာသရှုနည်း၌-၃၂-ကောဋ္ဌာသဖော်ပြခြင်း | | ၁၀၂ |
| ၃၉။ စုဏ္ဏနည်းကိုပြခြင်း | .... | ၁၁၀ |
| ၄၀။ အာကာသပရိစ္ဆေဒရုပ်ကိုပြခြင်း | .... | ၁၁၇ |
| ၄၁။ လူခြောက်မှုနှင့်ကိုပညတ်ပရမတ်ခွဲပြခြင်း | .... | ၁၂၂ |
| ၄၂။ အဋ္ဌကလာပ်စည်းကိုယူဇနာခွဲပြခြင်း | .... | ၁၂၄ |
| ၄၃။ လူခြောက်မှုနှင့်ကိုအရုပ်လုပ်ပြခြင်း | .... | ၁၂၈ |
| ၄၄။ နာမက္ခန္ဓာပိုင်း၊ နာမက္ခန္ဓာပြခြင်း | .... | ၁၃၂ |
| ၄၅။ နာမက္ခန္ဓာလေးပါးပြခြင်း | .... | ၁၃၇ |
| ၄၆။ ဝိညာဏက္ခန္ဓာပြခြင်း | .... | ၁၃၈ |
| ၄၇။ ဝေဒနာက္ခန္ဓာပြခြင်း | .... | ၁၄၀ |
| ၄၈။ သညာက္ခန္ဓာပြခြင်း | .... | ၁၄၁ |
| ၄၉။ သင်္ခါရက္ခန္ဓာပြခြင်း | .... | ၁၄၃ |
| ၅၀။ ဝီထိနာမ်စဉ်ကိုပြခြင်း | .... | ၁၄၅ |
| ၅၁။ နိဿယကိုပြခြင်း | .... | ၁၅၃ |
| ၅၂။ စိတ္တဇဝါယောဓာတ်ပြခြင်း | .... | ၁၅၇ |
| ၅၃။ ရုပ်တို့၏ ဖြစ်ခြင်းအကြောင်းလေးပါးမှ ကံအချက်ကိုပြခြင်း | .... | ၁၆၁ |
| ၅၄။ စိတ်အချက်ကိုပြခြင်း | .... | ၁၆၂ |
| ၅၅။ ဥတုအချက်ကိုပြခြင်း | .... | ၁၆၅ |
| ၅၆။ အာဟာရအချက်ကိုပြခြင်း | .... | ၁၆၈ |
| ၅၇။ ဓာတ်ဘေးကြီးကျယ်ပုံကိုပြခြင်း | .... | ၁၇၁ |
| ၅၈။ ဇရာဘေးကြီးကျယ်ပုံကိုပြခြင်း | .... | ၁၇၆ |

# မာတိကာ။

အကြောင်းအရာ။ စာမျက်နှာနံပါတ်။

၅၉။ ဗျာဓိဘေးကြီးကျယ်ပုံကိုပြခြင်း .... ၁၇၉
၆၀။ မရဏဘေးကြီးကျယ်ပုံကိုပြခြင်း .... ၁၈၀
၆၁။ ကိလေသာတို့၏အပြစ်ကိုပြခြင်း .... ၁၈၂
၆၂။ သတိပဋ္ဌာန်လေးပါးပြခြင်း .... ၁၉၇
၆၃။ အဋ္ဌင်္ဂိကမဂ္ဂပဋိပတ်ပြခြင်း .... ၂၀၆
၆၄။ အာနာပါနဿတိ ကမ္မဋ္ဌာန်း စီးဖြန်းရန်တိုက်တွန်းခြင်း .... .... ၂၁၁
၆၅။ ပဌမတရားအားထုတ်ခါစပုဂ္ဂိုလ်တို့ရှုနည်းကိုပြခြင်း ၂၁၃
၆၆။ ဒုတိယရှုနည်းကိုပြခြင်းမှ အကြောင်းလေးပါးကြောင့် ဖြစ်သောရုပ်တို့ တိုးပွားပုံကိုပြခြင်း .... ၂၁၆
၆၇။ ရုပ်တို့၏ဖြစ်ပုံပျက်ပုံကိုဥပမာဖြင့်ပြခြင်း ၂၁၈
၆၈။ ၇-ရက် ၇-လ၊ ၇-နှစ် နှင့် မဂ်ဖိုလ်ရသည်ကို ပြခြင်း .... .... .... ၂၂၄
၆၉။ ခန္ဓာငါးပါး ရှုမှတ်နည်းကို ပြခြင်း .... ၂၂၈
၇၀။ ၂၄-ပစ္စည်းကိုပြခြင်း .... .... ၂၃၁
၇၁။ တရားထိုင်နည်းကိုပြခြင်း .... .... ၂၃၆
၇၂။ အယူအစွဲလွဲသောကြောင့် ကောင်းကျိုး ဆုတ်ယုတ်ပုံကိုပြခြင်း .... .... .... ၂၄၀
၇၃။ သောတာပန် အရိယာ၏ အခွင့်ထူးကိုပြခြင်း ၂၄၇
၇၄။ နိဂုံးကိုပြခြင်း .... .... ၂၅၁

—++—

# နိဒါန်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သာသနာသက္ကရာဇ် ၂၅၀၀–ကျော် အခါသမယ ဒုလ္လဘဉ္စ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပြည်နိဗ္ဗာန်သို့ရောက်မည့် အစဉ် ပါရမီရှင်သည် ရှိကြကုန်၏။ သို့ပါသော်လည်း ဃရာဝါသ ဗဟုကိစ္စ ဒိဋ္ဌများမြောင် လူတို့ဘောင်၌ ဆောင်ရွက်ရမည့်ဝတ် ကရှိ၏။ ကြုံခဲလှဘိ အတိဒုလ္လဘ သဒ္ဓမ္မကိုအားထုတ်ခါခါ မနေသာ၍ မြတ်သူအစစ် ဖြစ်ပါသော်လည်း ရပ်ပြစ်ရှစ်ပါး လူ့ငါးမှားနှင့် မခြားစင်စစ် ဖြစ်ရမည်ကို မြင်သည့်အခါ ဆရာသမုတ် အကျွန်ုပ်သည် ကရုဏာပွား မနေအား၍ ပါယ်လေးပါးစာ ဖြစ်မည့်တာကို ပြည်နိဗ္ဗာန်သို့ ကယ်တင် ထုတ်ဆောင်လိုပေ၏။ ထိုသို့ဖြစ်စဉ် အပြစ်မြင်၍ ဒုံစဉ်ထာဝရ အားထုတ်ကြသည့် တပည့်များက တရားလိုလား သူတပါးပါ ကောင်းကျိုးအစဉ်ဖြစ်မည် မြင်၍ စာအုပ်ရေးတင် စီရင်ပြီးမြောက် ချီးမြှောက်ပါရန်တောင်း ပန်ကြ၏။ ထိုသောအခါ မနေ့သာ၍ နိဗ္ဗာန် ရောက်ကြောင်း ဉာဏ်လမ်းကောင်းကို လောကဓမ္မ နှစ်ဌာနဖြင့် ဆရာကိုယ်တိုင် အားထုတ်သည့် နည်း အပြီး ပါအောင် သူတော်စင်ရှုဘွယ် ဉာဏ် ကျွမ်းသွယ်ကို လွယ်လွယ်နှင့် ပင် ရှုဆင်ခြင်၍ ထင်မြင်နိုင်ရန် ပရိယတ် ပဋိပတ် စပ်ဟပ်ပြီးကာ တိတိကျကျ ပြည့်ပြည့်ဝဝ တိုတို တုတ်တုတ် အရှုပ်မပါ ရှင်းရှင်း ပြတ်ပြတ် တတ်အပ်သိပြီး ထိုနည်းကိုပင် အစဉ်မှီး၍ ရေးသားစီရင် အပ်ပေသတည်း။

# ဥယျောဇဉ်။

ဆရာသည် ပရိယတ်ကိုစာပေခင်၍ မသင်ခဲ့သော်လည်း အနည်း အကျဉ်း သက်ဆိုင်ရာ သက်ဆိုင်ကြောင်းတို့ကို ဆရာတော် သံဃာတော်အရှင်မြတ်တို့၏ ထံတော်၌ သင်ခဲ့ဘူးပေသည်။ ပဋိပတ်မှာမူကား မိမိကိုယ်တိုင် ဘိဘိစီးစီး ကြံ့ခံကြိုးကုတ် အားထုတ်ပွားများသဖြင့် ကြုံခဲလှစွာသော ဗုဒ္ဓုပ္ပါဒဒုလ္လဘ ခေတ်၌ (အရိယသစ္စာနုဗောဓဉာဏ်) ဟူသော မင်္ဂလာတရားတော်နှင့် ညီစွာ ကောင်းကျိုးစီးပွားဖြစ်ထွန်းရပါပေ၏။ ထိုသို့ကောင်းကျိုး စီးပွားဖြစ်ထွန်း သောကြောင့် သူတပါးတို့ သည်လည်း မိမိကဲ့သို့ ကောင်းကျိုးစီးပွား ဖြစ်ထွန်းနိုင်မည့် သူများရှိကြ၏ဟု မိမိနှင့် စာနာလျက် သိသည်ဖြစ်၍ ဤ (ဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း) ကို စီရင် ရေးသား အပ်ပေသတည်း။ ယခုဘဝ ပစ္စက္ခ ဤ အတ္တဘောနှင့်ပင် မဂ်ဖိုလ်ကို ဆိုက်ရောက်အောင်အား ထုတ်လိုသောပုဂ္ဂိုလ်တို့သည် ဤဝိပဿနာကျင့်စဉ် သူတော်စင် ရှုဘွယ်ကျမ်းကို စိတ်ချ လက်ချ ယုံယုံ ကြည်ကြည်ဖြင့် ကြည့်ရှု မှတ်သား၍ ဤလုပ်ငန်းစဉ်ကျမ်းမှ ညွှန်ကြားသည့်အတိုင်း လုံးလကြိုးကုတ် အားထုတ်ပါလျှင် ဧကန်မုချ ကောင်းကျိုးပြီးစီး ပါလိမ့်မည်။ ဤလူ့လောက၌ လူသားတို့သည် စားဝတ်နေရေး ကြပ်တည်း ကျဉ်းမြောင်း၍ လာသည် ဖြစ်သောကြောင့် လူ့ဝတ္တရားကို လုပ်ကိုင်ဆောင်ရွက်ရန်ရှိ၏။ ထိုသို့လုပ်ကိုင် ဆောင်ရွက်ရင်းနှင့်ပင် သေခဲ့ပါသော် ချမ်းသာမရှိအတိဒုက္ခ ဆင်းရဲလှသည့် ပါယ်လေးရွာသို့ကျရောက်ပြီးလျှင် သံသရာဝဲသြဃ၌ နှစ်မြုပ်တတ်သည်၏ အဖြစ်ကြောင့်၊ ဆရာကိုယ်တိုင်အားထုတ်သည့်

နည်းအတိုင်း သူ့အလုပ်နှင့် သူ့အချိန်ထား၍ အားထုတ်ကြပါ မည့်အကြောင်း စေတနာကောင်းဖြင့် တိုက်တွန်း အပ်ပေ သ တည်း။ ။

— —

# ရတနတ္တယပဏာမ။

ဂါထာ။

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ။ ။

ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ၊ ရှိခိုးခြင်း၏တည်ရာမြတ်နိုး ခြင်း၏တည်ရာ ပူဇော်ခြင်း၏တည်ရာ အရိုအသေပြုခြင်း၏တည် ရာ ဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်း ခြားထင်ထင် သိမြင်တော်မူပြီး၍ ရန်သူတကာတို့၏မာန်ကို ပယ် နှံချိုး၍ ကိုးပါးသောအမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူတတ် ပေသော သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားကိုရင်း။ ဓမ္မဉ္စ၊ လာကြည့် ရှုကြည့် အဟုတ်သိဟု သန္ဒိဋ္ဌိကမြတ်ဓမ္မကိုရင်း။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရစ်တန်ထင်ပေါ် အရိယာ သံဃာ တော်အရှင်မြတ်ကို ၎င်း။ ဝါ၊ လောကီ လောကုတ် အကျိုး မယုတ်အောင် ပရိယတ်ကျမ်းဂန် ပြသသွန်သင် ပွဲပြင်ဆုံးမတော် မူပေသော ဗားဂရာတိုက် (ဝံသမေဒနီ) ဆရာတော်သခင်ကျေး ဇူးရှင်နှင့်တကွ အရိယာ သံဃာတော်၏အနွယ် ဖြစ်တော် မူကြ ကုန်သော သမ္မုတိသံဃာတော်အပေါင်းတို့ကိုရင်း။ ဝိပ္ပသန္နေန၊

တဏှာမဖက် သဒ္ဓါသက်သက်ဖြင့်ထူးမြတ်ကြည်ညိုစွာသော။အဟံ၊ ခန္ဓာ ငါးခု ဒုက္ခအစုကို ပေါင်းမှု ပညတ် သမုတ် အပ်သော ငါ့လူစံ ခေါ် တပည့်တော် သည်။ စေတသာ၊ မနောဝိညာဏ် စိတ်အစဉ်ဖြင့်။ ဝန္ဒာမိ၊အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ရန် သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ။

— —

# အဘိယာစက နှင့် ပဋိညာဉ်ပြုခြင်း။

ဝန္ဒိတွာ၊ရှိခိုးပြီး၍။

မဂ္ဂဖလ ဒေသကဥ္စ၊ သံသာရတိဏ္ဏံ မုတ္တရံ။
ပဝက္ခာမိ စ ယံ ဓမ္မံ၊ အတ္ထာယ ဓမ္မမာမကာ။ ။

သံသာရတိဏ္ဏံ၊သံသရာခရီးခဲကို ကူးမြောက်နိုင်သော။ မဂ္ဂဖလ ဒေသကံ၊ မဂ် ဖိုလ် ကို ညွှန်ကြားတတ်သော။ ဥတ္တရံ၊ လွန်မြောက်သော။ ယံဓမ္မံ၊အကြင်တရားသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ မဂ်ဖိုလ် ညွှန်ကြား ထိုကူးခတ် လွန်မြောက်နိုင်သော တရားကို။ ဓမ္မမာမကာနံ၊ တရားကို မြတ်နိုး လိုလားကုန်သောသူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ အဟံ၊ ဆရာ ဦးလူစံ ဟု သမုတ် အကျွန်ုပ် သည်၊ ပဝက္ခာမိ၊ ဓမ္မာနုဓမ္မပဋိပတ္တိ အကျင့်မြတ် ဖြစ်သော ဝိပဿနာ ကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း ကို ရေးသားပြုစုံ စီရင် ပေအံ့။ ။

# ဝိပဿနာကျင့်စဉ်

## သူတော်စင်ရှုဘွယ်ကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဝိပ္ပလ္လာသကြောင့် ဒုက္ခဖြစ်ပုံကို ပြခြင်း။

လောက၌ ပုထုဇဉ် တို့သည် ဝိပ္ပလ္လာသ တရား တို့ကြောင့် အမည်နာမပညတ်မျှဖြစ်သော ပုဂ္ဂလ သတ္တ ဇီဝ ပုရိသကို၊ မုချ ပုဂ္ဂိုလ်, မုချသတ္တဝါ, မုချမိန်းမ, မုချ ယောကျ်ား–ဟူ၍ ကေန္တ စွဲယူမှတ်ထင်နေကြသည်။ အနိစ္စဖြစ်သော ခန္ဓာပဉ္စကကိုပင် မရှုး မစမ်း မဆင်ခြင်မူ၍ ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး ငါ့ ပစ္စည်း–ဟူ၍စွဲစွဲလမ်းလမ်းဖြစ်နေကြသောကြောင့် ထိုခန္ဓာပဉ္စက ပျက်စီးလျှင် ငါ့လင်သေချေပြီ၊ ငါ့မယားသေချေပြီ၊ ငါ့သား သေချေပြီ၊ ငါ့သမီးသေချေပြီ၊ ငါ့ပစ္စည်းတွေ ပျက်စီး ကုန်ဆုံး လေပြီ ဟူ၍ တဆွေးဆွေး တငွေးငွေးဖြင့် စိတ်သန္တာန်၌ ထက် ဝန်းကျင် ပူလောင်လေတော့သည်။ ဆွေမျိုး စသည်တို့ ပျက်စီး ခြင်းလျှင် စိတ်၌ အဖန်တလဲလဲ ထင်သဖြင့် စိုးရိမ်ခြင်းကို သည်း မခံနိုင်သောကြောင့် မျက်ရည်ပေါက် ကြီး ငယ် ကျရခြင်း၊ အဖန်

တလဲလဲ ငိုကြွေးမျည်တမ်းရခြင်း၊ အမည်နာမကိုဖော်၍မြည်တမ်းရခြင်း၊ ရိုက်ကြီးတငင်ဖြစ်ရခြင်း။ ထိုသို့ပရိဒေဝမီး အသီးသီးတို့ တောက်လောင်မှုကြောင့် ယောင်ယမ်း၍ မိမိရင်ကို မိမိပုတ်ခတ်ထုသတ်ခြင်း၊ ကြိတ်ချေခြင်း၊ဦးခေါင်းဖြင့် နံရံ၌ တိုက်ခိုက်ခြင်း၊ မြေ၌လူးလှိမ့်ခြင်း။ ထိုသို့ ပုတ်ခတ်ထုသတ် တိုက်ခိုက်သောကြောင့် ထိုသူအား ကြီးစွာသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့သည် ဖြစ်ရလေ၏။ ထိုကဲ့သို့ ကိုယ်စိတ်နှစ်ပါး၌ ကြီးစွာသော ပူပန်ဆင်းရဲမှုတို့သည် အနိစ္စဖြစ်သောခန္ဓာပဉ္စကကို ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး ဟူသော အသိအမှတ် အယူမှားမှုတွေ ကြောင့် ဖြစ်ရလေသည်။ ထိုဝိပ္လာသကြောင့် တယောက် တယောက်သော သတ္တဝါအား ဤအနိစ္စမျှဖြစ်သော ခန္ဓာပဉ္စကကိုပင် ငါ့လင် ငါ့မယား ငါ့သား ငါ့သမီးဟူ၍ စွဲယူမှတ်ထင်မိသဖြင့် ထိုခန္ဓာပဉ္စက ပျက်စီးလျှင် ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်း ဒုက္ခ တွေ့ကြုံရသောကြောင့်ငိုကြွေးရ၍ ယိုစီးကျထွက်သောမျက်ရည်တို့သည် လေးစင်း ကုန်သော မဟာသမုဒ္ဒရာ ရေတို့ထက် အထူးသဖြင့် ပိုလွန်သည်ဖြစ်သောကြောင့်–

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿု ဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ သမ္မတုဝံ ပမဇ္ဇသိ။ ။

စတူသုသမုဒ္ဒေသု၊ အရှေ့ အနောက် တောင် မြောက် လေးမှာ သမုဒ္ဒရာတို့၌၊ ဇလံ၊တည်ရှိသောရေသည်။ ပရိတ္တကံ၊ မပြော

ပဘွယ် အနည်းငယ်သာ ရှိသည်။ ဟောကိ၊ ဖြစ်၏။ တဓတော၊ လှိုင်းဂယက်ပုတ် သဲသဲလှုပ်သော မဟာသမုဒ္ဒရာ လေးစင်း ရေထက်။ အဿုဇလံ၊ စက္ခုပသာဒ လူမှုကျလျက် ယိုစီးထွက်သော မျက်ရည်သည်။ ဗဟုံ၊ များ၏။ ဝါ-အနပ္ပကံ၊ မရေတွက်သာများပြားစွာတည်း။ အနပ္ပကံ အနပ္ပကေန၊အနည်းငယ်မဟုတ် ချုတ်ချယ် များပြားသော။ ဒုက္ခေန၊ ပင်ပန်းဆင်းရဲ ငြိုငြင်ခြင်းဖြင့်။ ဖုဋ္ဌဿ၊ တွေ့ထိထသော။ နရဿ၊ လူများ အပေါင်း အား။ သောစနာ၊ စိုးရိမ်ပူပန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ နရဿ၊ လူ၏။ သောစနာ၊ စိုးရိမ်ပူဆွေး ငိုကြွေးရသောကြောင့်။ ဇာတံ၊ ဖြစ်သော။ အဿုဇလံ၊ မျက်ရည်သည်။ ဗဟုံ၊ များ၏။ သမ္မ၊ အချင်း။ တုဝံ၊ သင်သည်။ ကိံကာရဏာ၊ အဘယ် သို့သော အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့၍ နေလေသနည်း။ ။ ဟူ၍ မြွတ်စွာဘုရား ဟောတော်မူသတည်း။

ဤစာကိုရှုသူ သဘောဖြူစင် အိုသူတော်စင်၊ ဤတရားတို့ကို မမေ့သင့် မမေ့အပ်ပေ။ ဤဒုက္ခတွေကို အဓွန့်ရှည်စွာ သံသရာ၌ လူ ဖြစ်တိုင်း ဖြစ်တိုင်း ခံစားရသော ဒုက္ခတွေတည်း။ ထိုဆိုအပ်ခဲ့ပြီးသော ဒုက္ခတွေသည် ဝိပ္ပလ္လာသနှင့် တဏှာသမုဒယကြောင့် ဖြစ်သတည်း။ဤသမုဒယသစ္စာသည်ဤမျှသာတပ်မက်တွယ်တာသည်မဟုတ်သေး။ ထိုထို ဘုံဘဝတို့၌ရှိသော အာရုံတို့ကိုလည်း အလွန်နှစ်သက်သည်၏ အဖြစ်ကြောင့် ဒုက္ခ စည်ပင် ပြန့်ပွားစေခြင်း၊ ဤသည်ကား ဒုက္ခပင်တည်း ယူလော့ဟု ဒုက္ခကို ညွှန်ပြသကဲ့သို့ဖြစ်ခြင်း၊ ဝဋ်တွင်းသား သတ္တဝါကို ဒုက္ခနှင့် ဆောင်နှင်းသကဲ့သို့ဖြစ်ခြင်း၊ သံသရာဝဋ်ဆင်းရဲနှင့် ယှဉ်စေခြင်း၊ မဂ်ဖိုလ်

ရကြောင်းကို နှောင့်ရှက်တားဆီး ပိတ်ပင်ခြင်း သဘောတို့သည် လည်း ဖြစ်သတည်း။

ထို့ကြောင့် သံသရာဝဋ်ဒုက္ခဥ် အကြိမ်ကြိမ်အထပ်ထပ် ဇာတိ ပဋိသန္ဓေ နေရခြင်းဒုက္ခ၊ အိုရခြင်းဒုက္ခ၊နာရခြင်းဒုက္ခ၊ သေရခြင်း ဒုက္ခ၊ မချစ်မနှစ်သက် အပ်သော သက်ရှိသက်မဲ့ တို့နှင့် တွေ့ကြုံ ပေါင်းဆုံရခြင်းကြောင့် ဖြစ်ရသောဒုက္ခ၊ ချစ်နှစ်သက်အပ်သော သက်ရှိသက်မဲ့တို့နှင့် ကွေကွင်းရခြင်းကြောင့် သောကဟူသော မြှားသည် စူးဝင်အပ်သည်ဖြစ်၍ နှလုံးတုန်ဆတ် အသည်းပြတ်မျှ နာကျင် မှုဆွေးရသော ဒုက္ခအဝဝတို့သည် ဤသမုဒယ သစ္စာ ကြောင့်ဖြစ်၏။ ဤသမုဒယ သစ္စာသည်အခွန့်ရှည်စွာ သံသရာ ဝယ် ဘယ်ခါမပြက် ချာချာပတ်ပတ် ဆက်စပ်သောတရားဖြစ် လေသည်။ အဘယ့်ကြောင့် ဤသို့ဆက်စပ်သနည်းဟူသော်–

သဗ္ဗံရူပံ နေတံ မ နေသောဟမသ္မိ၊ နမေသောအတ္တာတိ။
ဧဝမေတံ သမ္မပ္ပညာယ ဒထဗ္ဗံ။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဥ်ဖြစ်သော ခန္ဓာငါးပါး တို့ကို ၎င်း၊မိမိသန္တာန်ဥ်သူတပါးသန္တာန်ဥ်ဖြစ်သော ခန္ဓာငါးပါးတို့ကို ၎င်း၊ ထိုအလုံးစုံသောခန္ဓာတို့သည် ငါ၏ခန္ဓာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ် ဟု မြတ်စွာဘုရား ဟောတော်မူသည်ကိုမျှ နား မလည် သဘော မပေါက်ကြသောကြောင့် ဤအနိစ္စမျှဖြစ်သော ခန္ဓာပဥ္စကကိုပင်–

တေံမမ၊ ဤခန္ဓာသည် ငါ၏ခန္ဓာဟူ၍ တဏှာဖြင့် စွဲယူခြင်း။
ဧသောဟမသ္မိ၊ ဤခန္ဓာသည် ငါပင်တည်းဟု မာနဖြင့်စွဲယူခြင်း။

သော မေ အတ္တာ၊ ဤခန္ဓာသည် ငါ၏ကိုယ်ဟု ဒိဋ္ဌိဖြင့်စွဲယူခြင်း။ ထိုသို့ တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရားတို့ဖြင့် စွဲယူ မှတ်ထင်ခြင်းတို့သည် တဏှာကို ပွားစေသည်မည်၏။ မာနကိုပွား စေသည်မည်၏။ ဒိဋ္ဌိကို ပွားစေသည် မည်၏။ ထို့ကြောင့် သကလဝဋ္ဋဒုက္ခတော၊ အလုံးစုံသောသံသရာဝဋ်ဆင်းရဲမှမကျွတ်နိုင်ဘဲလျက်၊ သံသရာ့ ဝဋ်ဒုက္ခကို ခံစား၍နေကြရ၏။ ဤသို့လျှင် ဝဋ်ဒုက္ခကိုသာ ခံစား၍ နေ့ကြရခြင်းမှာ ဝိပလ္လာသတို့သည် အမည်နာမပညတ်မျှ ဖြစ်သော ပုဂ္ဂလ သတ္တ ဣတ္ထိ ပုရိသတို့ကို မုချပုဂ္ဂိုလ်သတ္တဝါမိန်းမ ယောကျ်ား ဟူ၍ စွဲယူမိသည့် ဖြစ်သောကြောင့် ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသ ဟူသော မီးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၍လာကြကုန်သတည်း။

( ယထာဘူတံဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော။ ။

မှန်ရာကိုသိခြင်းငှါ ဆရာကိုရှာအပ်၏။

---

## သုခကို ပြခြင်း။

ဤသို့လျှင် ဒုက္ခတွေကိုချည်း တွေ့ရခြင်းသည် ဒုက္ခကိုရှာ၍ တွေ့ရသည်မဟုတ်၊ သုခကိုရှာလျက်နှင့်ပင် အရှာလွဲ၍ ဒုက္ခနှင့်ချည်း တွဲရခြင်းဖြစ်၏။ စင်စစ်မှာမူ သုခဟူသည် ဝေဒယိတသုခ, သန္တိသုခ ဟူ၍နှစ်ပါးရှိ၏၊ ဤတွင်ပစ္စည်းဥစ္စာ ပေါများခြင်းဟူသောသမ္ပတ္တိနှင့်ပြည့်စုံ၍ ခံစား စံစားရခြင်းသည် ဝေဒယိတသုခ မည်၏။ စိတ်သန္တာန်၌ ဆင်းရဲပင်ပန်းစရာရှိမ၍ ငြိမ်းချမ်း ခြင်း

သည် သန္တိသုခမည်၏။ စည်းစိမ်ချမ်းသာ သား သမီး ခြွေရံကျွန်သင်းများစွာတို့နှင့် တင့်တယ်စွာ နေရသော သူတို့၏ သုခသည် ဝေဒယိတသုခ မည်၏။

ထို စည်းစိမ်ချမ်းသာ သား သမီး ခြွေရံကျွန်သင်း များစွာတို့ကို စိတ်သန္တာန်၌ မငြိမကပ် မရောက်မူ၍ ငြိမ်းချမ်းစွာ နေရခြင်းသည် သန္တိသုခ မည်၏။ ထိုဝေဒယိတသုခနှင့် သန္တိသုခလမ်းနှစ်သွယ်၌ ဝေဒယိတသုခသည် အနမတဂ္ဂမှစ၍ ယနေ့ထက်တိုင် သံသရာ့ရေယဉ်ကြော၌ မြုပ်ချီပေါ်ချီဖြင့် မျော၍နေကြ ကုန်သော ပုထုဇဉ် သတ္တဝါတို့၏ လမ်းပေတည်း။ သန္တိသုခ မှာမူ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့၏ လမ်းပေတည်း။ ဤတွင် အဝိဇ္ဇာနှင့် တဏှာအုပ်စိုးခြင်းကို ခံနေကြရကုန်သော သတ္တဝါတို့သည်ဝေဒယိတသုခကိုသာသုခဟုအယူရှိကြပြီးလျှင်၊သန္တိသုခကိုမူ သုခဟူ၍ပင် အယူမရှိကြကုန်၊ဒုက္ခဟုထင်ကြ မြင်ကြသဖြင့် ကြောက်ကုန်၏။ ခွေးရူးပြန်သောသူသည် ရေကြည် ရေအေးကို ကြောက်သကဲ့သို့ တည်း။

ထို့ကြောင့် ဝေဒယိတသုခ ကိုသာ ရှာကြကုန်၏။ ဥင်းတတို့သည် သားကောင်ပုပ် ကိုသာ ရှာကြကုန်သကဲ့သို့၊ပိုးဖလံ တို့သည် မီးကိုသာ ရှာကြကုန်သကဲ့သို့၊ ထို့အတူ ပုထုဇဉ်တို့သည်လည်း တဆယ့်တပါးသော မီးကိုသာရှာကြကုန်သည်။ ယခုပင်လျှင် မီးမငြိမ်းသေးဘဲလျက် နောက်ထပ်တဖန် မီးကိုပင်ရှာရပြန်သည်။ ယခုပင်လျှင် ဇာတိ ဇရာ ဗျာဓိ မရဏ ဟူသော ဘေးဒုက္ခ မကင်းသေးဘဲလျက် နောက်ထပ်တဖန် ဇာတိ ဇရာ ဗျာဓိ

မရဏာ ဟူသော ဘေးဒုက္ခကိုပင် ရှာရပြန်သည်။ ဤသို့လျှင် ဘေးဒုက္ခတွေကိုချည်း ဘိဘိ စီးစီး ရှာမှီး နေမည် ဆိုလျှင် သံသရာ့ ဝဲသြဃ၌ နစ်မျော မြုပ်မျော မျော၍နေရမည်မှာ ဧကန္တ မုချ ဖြစ်သတည်း။

ပုထုဇဉ်တို့သည် ဆိုအပ်ခဲ့ပြီးသော ဒုက္ခတွေကို ဒုက္ခဟူ၍ပင် အမှတ်မရှိ၊ သား မယား လင်သား တို့အား မွေးမြူ ပြုစုရခြင်းကိုပင် အားမရနိုင်၊ တင်းမတိမ်နိုင်၊ ထိုသို့အားမရ တင်းမတိမ်နိုင်ခြင်းသည် အဝိဇ္ဇာ တဏှာ လောဘ လှည့်စား ဖြားယောင်းသောကြောင့်ဖြစ်၏။ ထိုသို့ ဘဏှာ ရာဂ လောဘ လှည့်စားဖြားယောင်းသည့် အတွက်ကြောင့်လည်း ကိုယ့်အကျိုး ကိုယ်စီးပွားကို ဧကန္တ ပြီးစီးရာ ဖြစ်သော ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရှာမှီး နိုင်မည့်သူကား ရှားဘိစွ။ ထို့ကြောင့် အင်္ဂုတ္တရပဏ္ဏာသနိပါတ်ပါဠိတော်၌—

ဓမ္မာနုဓမ္မပ္ပဋိပန္နော ဒုလ္လဘော လောကသ္မိံ။ ။

လောကသ္မိံ၊ လောက၌။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရား၏ ရှေ့အဘို့ဖြစ်သော ဝိပဿနာတရားကို ကျင့်ဆောင်နိုင် အားထုတ်နိုင်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဒုလ္လဘော၊ ရနိုင်ခဲ၏။ ဟု—ဟောဘော်မူသတည်း။

အဘယ်ကြောင့် ရနိုင်ခဲသနည်း ဟူလျှင် အဝိဇ္ဇာနှင့် တဏှာ သခင်နှစ်ဦးတို့က အခွင့် မပေးသော ကြောင့်တည်း။ အဝိဇ္ဇာနှင့် တဏှာ သခင်နှစ်ဦး၏ အလိုသို့လိုက်၍ ကမ္ဘာ အဆက် ဆက်က အပါယ်သို့ ခေါင်းဆိုက် မောဟိုက်လုလေပြီ။ အဝိဇ္ဇာနှင့်ဘဏှာ

ကို ပုန်ကန်မှ ရွှေပြည်နိဗ္ဗာန်သို့ ရှင်လန်းစွာစံရမည်ဟု ကရုဏာနှင့် ဓမ္မတ္တာတော် ပြဋ္ဌာန်း၍ ဝေနေယျ တို့အား ဟောကြားတော်မူသော စကားတော်ကို ကြိုးစားပြီး ကြေပွန်စွာ ထမ်းဆောင်နိုင်ပါမှချမ်းသာမည်။သို့မဟုတ်လျှင်အဝိဇ္ဇာနှင့် တဏှာ၏လက်၌ ညက်ညက် ကြေရဦးမည် ကေန္တ အပြီး သတိ ရပါစေ။ ဘေးခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌စံမြန်း လိုလျှင် ယထာဘူတ ဉာဏ်စက္ခုကို ရအောင်ရှာလေဦး။ ယထာဘူတဉာဏ်သည် ကား သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်တည်း။ ထိုသမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ကို အရင်းခံ၍သွားမျှားပါမှ ဘေးခပ်သိမ်း ငြိမ်းရာဖြစ်သော ရွှေပြည်နိဗ္ဗာန် အောင်နန်း၌ ချမ်းသာမွေ့ လျော် စံပျော်နိုင်မည် ဖြစ်သတည်း။

အို သူတော်စင်–သူတော်စင် သည် တောကိုကြည် လွင်ကို ထွက်၍ စားမှု အိပ်မှု ကိုပင် ဂရုမစိုက်အားဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုမှ မရလျှင်မနေ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း အားထုတ်နိုင်သူ ဖြစ်ခဲ့ပါမူ အထူး ဆိုဘွယ်မရှိ မြတ်လှဘိစွ။ သို့တည်းမဟုတ်အိုးအိမ်မလွတ်သောသူဖြစ်ခဲ့ပါလျှင် သားမယား လင်သား ကျွေးမွေးမှုဟူသော ဝေဒယိတသုခကို မရှာမိုး ရဘူး ဟူ၍မဆိုလို။ ဝေဒယိတသုခဟူသော မီးစာကို ရှာမှီးခြင်းသည် အိုးအိမ်မလွတ်သူတို့၏ လောကဝတ်မည်၏။ သန္တိသုခ ဟူသော ငြိမ်းချမ်းခြင်းကို ရှာမှီးခြင်းသည် ဓမ္မဝတ်မည်၏။ ထို့ကြောင့် လောကဝတ်လည်း မကြွင်း ဓမ္မဝတ်လည်းမယွင်းရအောင် ရှာမှီးဘို့ရာ သူတော်စင် အဘို့ သူတော်စင်၏ တာဝန် သာ ဖြစ် သတည်း။

———

## အထူး သတိပြုဘွယ်ကို ပြခြင်း။

သူတော်စင် အထူးသတိပြုရန်ရှိသည်မှာ လောကရေး၌မှား ယွင်းချွတ်ချော်ခဲ့သည်ရှိသော် ဥစ္စာစည်းစိမ် ပျက်စီးရုံမျှသာ ဖြစ်၍ အပါယ်လေးပါးသို့ မကျရောက်နိုင်၊ သံသရာ၌လည်း မနစ်မွန်းစေနိုင်သောကြောင့် အနည်းငယ်မျှပျက်စီးခြင်းဖြစ်၏။

ဓမ္မကံရေး၌ မှားယွင်း ချွတ်ချော်ခဲ့သည် ရှိသော် အပါယ်လေးပါးသို့ ကျရောက်ပြီးလျှင် သံသရာဝဲဇလုပ်၌ နစ်မြုပ်၍ မကျွတ်နိုင် မလွတ်နိုင် ဘဲလျက်ကပိလရဟန်းကဲ့သို့ ဆင်းရဲကြီးစွာ ခံရမည်မှာ ဧကန္တ မုချ ဖြစ်သတည်း။ ထို့ကြောင့် လောကရေးထက် ဓမ္မကံရေးကို စူးစမ်း ဆင်ခြင်လျက် ပညာရှိထက် ပညာရှိတို့ကို ရှာမှီး၍ဆီးကပ်ညှိနှိုင်းတိုင်ပင်ပြီးလျှင် သဘော သဘာဝကို တတ်အပ် သိအောင်ပြုပြီးမှ စိတ်ချ လက်ချ ကျင့်ကြံ အားထုတ်ခြင်း၊ ပွဲပြင်ဆုံးမခြင်းတို့ကို ပြုသင့်လေသတည်း။

မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ ။

ပစ္ဆာ–ပစ္ဆိမေ ကာလေ၊ မှားယွင်း ချွတ်ချော်သောကြောင့် ဘေးတွေ့သည်ဟု ဆိုအပ်သော နောက်ကာလ၌။ တုမှေ၊ သင်ချစ်သား ချစ်သမီးတို့သည်။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာခြင်း ပူပန်ခြင်းရှိကုန်သည်။ မာအဟုဝတ္ထ၊ မဖြစ်ကြစေကုန်လင့်။ ဟု မြတ်စွာဘုရား အမိန့်တော်ကိုလိုက်နာအပ်ပေသတည်း။

**ညွှန်ကြားချက်။** ။(ကပိလရဟန်းအကြောင်းသိလိုလျှင်၊ ''ဓမ္မပဒ'' စတုတ္ထတွဲ၊ စာမျက်နှာ–၄၀၃၊ ဝတ္ထုစဉ်–၂၄၊ တဏှာဝဂ်၌ရှုလော့။ ။ဤကျမ်း၌မရေးပြီ။)

## ပဓာနီ တရားလေးပါး ပြခြင်း။

သူတော်စင်သည် မိမိကိုယ်ကို မိမိစဉ်းစားရန် ရှိသည်မှာ ငါသည်ရှေးရှေးသော ဘဝသံသရာအဆက်ဆက်မှ ငါ့ကိုယ်တိုင် ပြုလုပ်လာခဲ့သဖြင့် ငါ့ကို အပါယ်သို့ချရန် အကုသိုလ်ကံဟောင်းတို့သည် အသင်္ချေ အနန္တ ငါ့နှလုံးအိမ် ထဲ၌ ပါ၍ နေကြပါတကား။ ထိုအကုသိုလ် ကံဟောင်းတွေသည် ငါ့နှလုံးအိမ်ထဲမှ ထက်ကြပ်ပါ၍ နေသည်ကို ယခုဘဝတွင်မှ မပယ်မဖြုတ်မသုတ်သင်ဘဲ ကြွေးခိုင်ဖြစ်သူ သက္ကာယဒိဋ္ဌိကြီး ငုတ်ဘုတ်နှင့် သေ၍ သာသနာ အပသို့ ရောက်သွားခဲ့လျှင် ထိုအကုသိုလ် ကံဟောင်းတို့သည် အပါယ်ဒုက္ခမှ လွတ်ခွင့်မရနိုင်အောင် တွန်းထိုး၍ ချမှာပါတကားဟု ဉပ္ပန္နဟူသောအတိတ်အကုသိုလ်တို့ကို ပြန်ကြည့်ပြီးလျှင် စားမှု အိပ်မှုကိုမှ အမှတ်မရအားဘဲ တရားကိုသာ ကြိုးစားအားထုတ်၍ သက္ကာယ ဒိဋ္ဌိကြီးကို အလျင်အမြန် ပြုတ်အောင် ဖြုတ်သင့်သည်ဟု သဘောပေါက်သင့်သည်။

ငါသည်ဤအမိုက်မျိုးကြီးတန်းလန်းနှင့် နေရပါမူ မာတုဃာတက အမှုကိုလည်း ငါပြုလတ္တံ့။ ခပ်သိမ်းသော ဒုစရိုက်မှု ဒုရာဇီဝမှုတို့ကိုပင် ငါပြုလတ္တံ့။ ငါ့သန္တာန်၌ အနမတဂ္ဂ သံသရာမှ ထက်ကြပ်ပါ၍ နေသော ဒုစရိုက်မျိုး အမိုက်မျိုးတို့သည် ယခုလည်း ငါ့နှလုံးအိမ်ထဲ၌ အခြေမပျက် အနေမပျက် ထက်ကြပ်ပါလျက်ပင် ရှိကြပါတကား။ တရားတော်နှင့် တွေ့ရသော ယခုဘဝမှ ထိုအမိုက်မျိုးကြီးကိုမသုတ်သင်နိုင်လျှင်ဘဝအဆက်ဆက်၌ အမိုက် တော်ကြီး စည်ကားလျက် အပါယ်လေးပါး အစာဖြစ်မြဲဖြစ် နစ်မြဲနစ်ရမှာပါတကားဟု ဖြစ်ဆဲ ဖြစ်လတ္တံ့သော

အနုပ္ပမာ အကုသိုလ်တို့ကို မြှော်ကြည့်လျက် သက္ကာယဒိဋ္ဌိ အမိုက်မျိုးကြီးကို အချိန်ရှိတုန်းက ဖြုတ်သင့်လှပေသတည်း။

ထိုကဲ့သို့ အပါယ်ကျပေါက်ဟူသော ဒုစရိုက်တရားတို့၏ ဖြစ်ပွားရာ မှီတွယ်ရာဖြစ်သော သက္ကာယဒိဋ္ဌိကြီး ရှိနေသရွေ့ ကာလပတ်လုံး အပါယ်ဘုံသားတို့ကိုရင်း၊ သုဂတိဘုံသားပင် ဖြစ်သော်လည်း ဒုက္ခအမျိုးမျိုးတို့ကို ခံစားနေကြရသော ဒုက္ခိတသတ္တဝါတို့ကိုရင်း တွေ့မြင်သည်ရှိသော် ထိုသူတို့ကို ကဲ့ရဲ့ဘွယ်၊ မထေမဲ့မြင် ပြုဘွယ်၊ ရွံရှာဘွယ်၊ အပြစ်ဆိုဘွယ်မရှိ၊ မိမိမှာလည်း နှလုံးအိမ်အတွင်း၌ ပါ၍နေသောဘဝအဆက်ဆက်က ဥပ္ပန္နခေါ်သော အတိတ်အကုသိုလ်တို့က ထကြွသောင်းကျန်း လိုက်သည် ရှိသော် မကျီးသော မကဏ်းသော မနူသော မဝဲသော မရူးသော မသေသော အချိန်ဟူ၍ အခါဟူ၍ မရှိ၊ ဘယ်အချိန် မဆို၊ ဘယ်အခါမဆို အချိန်မရွေး အခါမရွေး ထွန့်ထွန့်လူး ဖြတ်ဖြတ်လူး ဖြစ်၍ ဒုက္ခိတ ဖြစ်ရမှာ သေရမှာ အပါယ်ကျရမှာ ကေန္တ ပါတကားဟု သဘိသံဝေဂ ရကြစေသတည်း။

ကုသိုလ်ဘက်ကလည်းသီလကုသိုလ်သည် သောတာပတ္တိမဂ်သို့ ဆိုက်မှသာလျှင် ငါ့သီလဟု ပြောရမည်။ သောတာပတ္တိမဂ်သို့ မရောက်သမျှ တဒင်္ဂသီလမျှသာဖြစ်၍ ငါ့သီလဟု မဆိုသာသေး။ ငါ့၌သီလရှိသည်ဟု ယူဆခွင့်မရှိသေး။ အဘယ့်ကြောင့် ဆိုသော် အားကြီးသော အကြောင်းနှင့် ဆုံတွေ့သော် ယနေ့ သီလဝန္တ၊ မနက်ဖြန် ဒုဿီလ ဖြစ်ဦးမည်။ နောက်လ နောက်နှစ် နောက်ဘဝတို့မှာ ဆိုဘွယ်မရှိပြီ။

ထိုစကားမှန်၏။ အနမတဂ္ဂသံသရာ၌ သီလဝန္တလုပ်ခဲ့လှလေပြီ၊ လုပ်ခဲ့သမျှလည်း တဒင်္ဂ သီလမျှသာ ဖြစ်ခဲ့၏။ တဒင်္ဂ လျှပ်ရောင်သည်မိုးမှောင်၏ အောက်မှာပျက်ဆုံးရသကဲ့သို့ ထို အနမတဂ္ဂ သံသရာကာလ၌ ကျင့်ခဲ့သမျှသော လောကီသီလ တို့သည်လည်းဒုသီလ၏အောက်မှာ ပျက်ဆုံးရလေ၏။ ထို့ကြောင့် ယခုဘဝ ငါ၏ လက်ရှိဖြစ်သော ကာမာဝစရ ကုသလ သီလသည်လည်း တဒင်္ဂသီလမျှသာ ဖြစ်သောကြောင့် သောတာပတ္တိမဂ်သို့ မရောက်ခဲ့ လျှင် ယနေ့ လား နက်ဖြန် လား နောက်လ လား နောက်နှစ်လား နောက်ဘဝလား နောက်နောက်သော ဘဝလား အလဇ္ဇီမှောင် ဒုသီလမှောင်တွင်းသို့ ဆင်းခွင့်ဝင်ခွင့် ကြုံလျှင် ဆင်းရဦးမည် ဝင်ရဦးမည် ပျက်စီးရဦးမည် ဖြစ်၏ဟု သိလေ။ သောတာပတ္တိမဂ်သို့ ရောက်မှသာလျှင် သူ့အသက်ကိုသတ်ခြင်း သူ့ပစ္စည်းကိုခိုးခြင်း အစရှိသော ဒုစရိုက်တရားတို့ ငြိမ်းချေမည်။ အမိသတ် အဘသတ် ငြိမ်းပြီးလျှင် ငါ့သီလဟု ဆိုရမည်။ ထို့ကြောင့် အနုပ္ပန္နကုသိုလ်အတွက်ကိုလည်း အရေးကြီးစွာ လုံ့လပန်းရမည်။

---

သမာဓိကုသိုလ်၊ ပညာကုသိုလ် နှစ်ပါးတို့သည်လည်း ဥပ္ပန္နအနုပ္ပန္န နှစ်ပါးစီ သီလအတိုင်းဖြစ်၏။ အနမတဂ္ဂသံသရာ၌လည်း ဖြစ်ခဲ့သမျှ ပွားခဲ့သမျှသော လောကီသမာဓိတို့သည်လည်း ကာမစ္ဆန္ဒစသော နီဝရဏမှောင်၏ အောက်၌ ပျက်ဆုံးခဲ့လှပြီ။ ယခုဘဝ စောင့်ထိန်းသမျှသော ရူပဇ္ဈာန်သမာဓိတို့သည်လည်း အနာဂါမိမဂ်သို့ မရောက်သမျှ ယနေ့လား နက်ဖြန်လား နောက်လ

လား နောက်နှစ်လား နောက်ဘဝလား နောက်နောက်သော ဘဝလား နီဝရဏမှောင်၏ အောက်၌ ပျက်ဆုံး ကွယ်ပျောက်လတ္တံ့။

ပညာကုသိုလ်သည်လည်း အနမတဂ္ဂသံသရာ၌ ပွားများအား ထုတ် ခဲ့သမျှသော လောကီ ပညာတို့သည် အဝိဇ္ဇာ မှောင်၏ အောက်မှာချည့် ပျက်ဆုံးခဲ့ရပြီ၊ ယခုဘဝ တတ်သိလိမ်မာသော ပရိယတ်ပညာ၊ ပဋိပတ်ပညာတို့သည်လည်း မဂ်ဖိုလ်သို့ မရောက်လျှင် ယနေ့လား နက်ဖြန်လား နောက်လလား နောက်နှစ်လား နောက် ဘဝလား အဝိဇ္ဇာမှောင်၏ အောက်၌ ကွယ်ပျောက်လတ္တံ့။ မိစ္ဆာဒိဋ္ဌိ၏အောက်၌ ကွယ်ပျောက်လတ္တံ့။

အမြင့်ဆုံးကို ဆိုသော် အသေက္ခအဖြစ်သို့ မရောက်သေး သရွေ့ ကာလပတ်လုံး သေက္ခပုဂ္ဂိုလ်တို့သည် သစ္စာလေးပါး၌ တွေဝေခြင်း မရှိသော်လည်း အဝိဇ္ဇာမှောင်ထု၏ အောက်၌ ဖုံးလွှမ်းခြင်းကို ခံရသောအဖြစ်သို့ ရောက်လတ္တံ့ သတည်း။ အ**တိ**ဂမ္ဘီရ၊ အလွန်နက်နဲ ခက်ခဲ မြင့်မားဘိစွ။ ပုထုဇဉ်တို့၏အရာမဟုတ်။

ဤသို့လျှင် အကုသိုလ် အတွက်ကိစ္စနှစ်ပါး၊ ကုသိုလ်အတွက်ကိစ္စနှစ်ပါး။ ဤလေးပါးသောကိစ္စ ပြီးစေနိုင်သော သမ္မပ္ပဓာန်ဝီရိယကို ပဒေန ခေါ်သတည်း။

---

## မယဉ်ကျေးသောစိတ်ကြောင့် အပါယ်ကျမှုများသည်ကိုပြခြင်း။

အို **သူ**တော်စင်၊ မဂ်ဖိုလ်သို့ မရောက်သေးသရွေ့ ကာလပတ်လုံး ပြုပြုသမျှသော လောကီသီလသမာဓိ ပညာတို့သည်အဝိဇ္ဇာ

မှောင်၏အောက်၌ မိစ္ဆာဒိဋ္ဌိ၏အောက်၌ ကွယ်ပျောက်သည်ချည့် ဖြစ်၍ အကျိုးတရားတို့ သည်လည်း မခိုင်လုံနိုင်။ စိတ်ကိုဆုံးမရာ လည်း မမည်။ ထိုသို့စိတ်ကို ဆုံးမအပ်သည်လည်း မမည်သော ကြောင့် မြတ်စွာဘုရားသည်—

စိတ္တံ ဘိက္ခဝေ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ။ ။

ဟူ၍ဟောတော်မူသည်။

ချစ်သား ရဟန်းတို့၊ မဆုံးမအပ်သေးသော မယဉ်ကျေး သော စိတ်ကြောင့် ကြီးစွာသော အကျိုးယုတ်ခြင်းကို ဖြစ်စေ တတ်သည်။ ။အဘယ့်ကြောင့် နည်းဟူလျှင်—

## ဝိပ္ပလ္လာသတရား–၁၂–ပါးပြခြင်း။

စတ္တာရော မေ ဘိက္ခဝေ သညာ ဝိပ္ပလ္လာသာ စိတ္တ ဝိပ္ပလ္လာသာ ဒိဋ္ဌိ ဝိပ္ပလ္လာသာ။ ကတမေ စတ္တာရော၊ အ နိစ္စေ ဘိက္ခဝေ နိစ္စန္တိ သညာဝိပ္ပလ္လာသာ စိတ္တဝိပ္ပလ္လာ သာ ဒိဋ္ဌိဝိပ္ပလ္လာသာ။ ဒုက္ခေ ဘိက္ခဝေ သုခန္တိ သညာ ဝိပ္ပလ္လာသာ စိတ္တ ဝိပ္ပလ္လာသာ ဒိဋ္ဌိ ဝိပ္ပလ္လာသာ။ အနတ္တနိ ဘိက္ခဝေ အတ္တာတိ သညာဝိပ္ပလ္လာသာ စိတ္တဝိပ္ပလ္လာသာ ဒိဋ္ဌိဝိပ္ပလ္လာသာ။ အသုဘေ ဘိက္ခဝေ သုဘန္တိ သညာ ဝိပ္ပလ္လာသာ စိတ္တ ဝိပ္ပလ္လာသာ ဒိဋ္ဌိ ဝိပ္ပလ္လာသာ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော သညာ ဝိပ္ပလ္လာသာ စိတ္တ ဝိပ္ပလ္လာသာ ဒိဋ္ဌိဝိပ္ပလ္လာသာတိ။ ။

ဟူ၍ စတုက္ကင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင်မိန့်တော်မူ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာဝိပ္ပလ္လာသော၊ အမှတ်သညာဖြင့် ဖောက်ပြန် အမှတ် မှားခြင်း တို့သည်၎င်း။ စိတ္တဝိပ္ပလ္လာသော၊ စိတ်ဖြင့် ဖောက်ပြန် အသိ မှားခြင်း တို့သည်၎င်း။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ မိစ္ဆာဒိဋ္ဌိဖြင့်ဖောက်ပြန်ယူမှားခြင်းတို့သည်၎င်း။ ဣမေ စတ္တာရော၊ဤ လေးပါးလေးပါးစီ ပြားကုန်၏။ ကတမေ စတ္တာရော၊ အဘယ်သို့လျှင် ဖောက်ပြန် ထင်မှားခြင်း တို့သည် လေးပါးစီ ပြားကုန်သနည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အသုတဝန္တာနံ၊ ဂမ္ဘီရဓမ္မဥ် သုတဉစ္စာ မရှိကုန်သော။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့အား။ အနိစ္စေ၊ အနိစ္စဖြစ်သော ခန္ဓာငါးပါးတရား၌။ နိစ္စန္တိ၊ မြဲ၏ဟူ၍။ သညာဝိပ္ပလ္လာသော၊ အမှတ်သညာဖြင့်ဖောက်ပြန် မှတ်မှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တဝိပ္ပလ္လာသော၊ စိတ်ဖြင့်ဖောက်ပြန် သိမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ မိစ္ဆာဒိဋ္ဌိဖြင့် ဖောက်ပြန်ယူမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခေ၊ ဒုက္ခဖြစ်သော ခန္ဓာငါးပါး တရား၌။ သုခန္တိ၊ သုခ ချမ်းသာဟူ၍။ သညာဝိပ္ပလ္လာသော၊ အမှတ်သညာဖြင့် ဖောက် ပြန်မှတ်မှား ခြင်းသည်။ စိတ္တဝိပ္ပလ္လာသော၊ စိတ်ဖြင့် ဖောက်ပြန် သိမှားခြင်းသည်။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ မိစ္ဆာဒိဋ္ဌိဖြင့် ဖောက်ပြန် ယူမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အနတ္တနိ၊မိမိကိုယ် မဟုတ် သူတပါးတို့၏ကိုယ် မဟုတ်သော ခန္ဓာငါးပါးတရားအစု၌။ အတ္တာတိ၊ ငါ၏ကိုယ်ဖြစ်သည်၊ သူတပါး၏ကိုယ် ဖြစ်သည်ဟူ၍။ သညာဝိပ္ပလ္လာသော၊ အမှတ်သညာ

ဖြင့် ဖောက်ပြန်မှတ်မှားခြင်းသည်။ စိတ္တဝိပ္ပလ္လာသော၊ စိတ်ဖြင့် ဖောက်ပြန် သိမှားခြင်းသည်။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ မိစ္ဆာဒိဋ္ဌိဖြင့် ဖောက်ပြန်ယူမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အသုဘေ၊ စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်သော ခန္ဓာငါးပါး တရားအစု၌။ သုဘန္တိ၊ နှစ်သက်မြတ်နိုးဘွယ် တင့်တယ်လျောက် ပတ် မြတ်သည်ဟူ၍။ သညာ ဝိပ္ပလ္လာသော၊ အမှတ်သညာဖြင့် ဖောက်ပြန်မှတ်မှားခြင်းသည်။စိတ္တဝိပ္ပလ္လာသော၊စိတ်ဖြင့်ဖောက် ပြန်သိမှားခြင်းသည်။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ မိစ္ဆာဒိဋ္ဌိဖြင့်ဖောက်ပြန် ယူမှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အသုတ၀န္တာနံ၊ ဂမ္ဘီရခမ္ဘ၌၊ သုတဥစ္စာ မရှိကုန်သော။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သညာဝိပ္ပလ္လာသာ၊ အမှတ်သညာဖြင့် ဖောက်ပြန် မှတ်မှားခြင်း တို့သည်ရင်း။ စိတ္တဝိပ္ပလ္လာသာ၊ စိတ်ဖြင့် ဖောက်ပြန် သိမှားခြင်း တို့သည်ရင်း။ ဒိဋ္ဌိဝိပ္ပလ္လာသာ၊ မိစ္ဆာဒိဋ္ဌိဖြင့် ဖေါက်ပြန် ယူမှား ခြင်းတို့သည်ရင်း။ဣမေစတ္တာရော၊ ဤဆိုအပ်ပြီးသော လေးပါး လေးပါး စီတို့ တည်း။

" ဤသို့လျှင် ဝိပ္ပလ္လာသ ဥဒ္ဒါဒသ၏ အတ္ထကိုမှတ်လေဦး။ "

## အမိပ္ပာယ်မှာ

ဤ ခန္ဓာငါးပါးတရားအစုသည် အနိစ္စ ဒုက္ခ အနတ္တ အသုဘ ကေန်ဖြစ်ပါလျက် မဆုံးမအပ် သေးသော အဒန္တ စိတ်ကြောင့် နိစ္စ သုခ အတ္တ သုဘ ဟူ၍ အလွဲအမှား မဟုတ်မတရား သညာ

ဖြင့် အမှတ်မှားသည်။ စိတ်ဖြင့် အသိ မှားသည်။ ဒိဋ္ဌိဖြင့် အယူ မှားသည်။ အဘယ်ကဲ့သို့ မှာသနည်း ဟူမူ ဒိသာမုဋ္ဌပုရိသာ၊ မျက်စိလည်သော ခရီးသွားယောကျ်ားသည် အရှေ့ကိုအနောက် တောင်ကို မြောက်ဟု မဟုတ်ဘဲလျက် ဟုတ်သည် ထင်မှတ်မှား သကဲ့သို့ ဖြစ်၏။

အထင်မှားလျှင် အသွားလွဲသောကြောင့် ဆင်းရဲကြီးစွာသော ဘေးတွေ့သကဲ့သို့ ထို့အတူ မဆုံးမအပ်သေးသော အဒန္တ စိတ်ကြောင့် အနိစ္စ ဒုက္ခ အနတ္တ အသုဘ ကောန် မုချ မှန်သော ခန္ဓာ ငါးပါး သံသရာဝဋ်တရားကို၊ နိစ္စ သုခ အတ္တ သုဘ ဖြစ်သည်ဟူ၍ သညာ စိတ္တ ဒိဋ္ဌိတို့ဖြင့် အမှတ် အသိ အယူမှားသောကြောင့် ရာဂ ဒေါသ မောဟ တည်းဟူသော ရန်သူတို့ကို မိတ်ဆွေဟု အမှတ် အသိ အယူမှားတတ်၏။ ထိုသို့ အတွင်း ရန်သူတို့ကို မိတ်ဆွေဟု ထင်မှတ်မှားသည်ဖြစ်၍ အပါယ်သို့ကျရောက်ရသော သတ္တဝါတို့ သည် တနေ့ တနေ့၌ မည်မျှ များသည်ကို မြတ်စွာဘုရား ဟော တော်မူ၏။ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူလျှင်—

## အပါယ်လေးပါးသို့ကျသူများခြင်း။

မြတ်စွာဘုရားသည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူ၍ ရဟန်းတို့ကိုခေါ်တော်မူပြီးလျှင်။ ချစ်သား ရဟန်းတို့။ မဟာပထဝီ မြေပြင်၌ရှိသော မြေမှုန့်နှင့် ငါ၏ လက်သည်းတော်ပေါ်တွင် တင်ရှိသောမြေမှုန့်သည် အဘယ်က များသနည်းဟုမေးတော်မူ၏။ ထိုအခါလက်သည်းတော်ပေါ်၌ရှိသော မြေမှုန့်ကား အလွန်နည်းလှပါ၏။ မဟာပထဝီ မြေမှုန့် ကား

အလွန်များလှပါ၏ ဟု ရဟန်းတို့က လျှောက်ကြကုန်၏။ ချစ်သား ရဟန်းတို့၊ ထို့အတူလျှင် တနေ့တနေ့၌ သေဆုံး ကြကုန် သော သတ္တဝါ အပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြ ကုန်သော သတ္တဝါတို့ကား ငါ၏လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန် နည်းလှကုန်၏။ အပါယ်ဘုံသို့ ရောက်ကြကုန်သော သတ္တဝါ တို့ကား မဟာပထဝီ မြေကြီးရှိ မြေမှုန့်ကဲ့သို့ အလွန် များလှ ကုန်၏ ဟု မြတ်စွာဘုရား၊ နခသိခ သုတ် တွင် ဟောတော်မူ လေသည်။

တဖန် ကာဏကစ္ဆပေါပမ သုတ်တွင်အဘယ်သို့ ဟောတော် မူသနည်း ဟူလျှင်–

## လူ့အဖြစ်ရခဲခြင်း။

ချစ်သား ရဟန်းတို့၊ မဟာသမုဒ္ဒရာ၌ မျက်စိနှစ်ဘက် အစုံ ပျက်သော လိပ်ငယ်တကောင်သည်ရှိ၏။ မဟာသမုဒ္ဒရာရေ အ တွင်း၌သာ ရောက်မိရောက်ရာ သွား၍နေ၏၊အနှစ်တရာမှ တခါ၊ အနှစ်တထောင်မှတခါ ရေပေါ်သို့ပေါ်လာ၏။

မဟာသမုဒ္ဒရာ၌ပင်လျှင် အပေါက်တခုသာရှိသော ထမ်းပိုး ငယ် တခုသည်ရှိရာ၏။ လှိုင်းလေဆောင်သဖြင့် လွင့်ပါ၍နေ၏။ အနှစ်တရာ တထောင်မှ တခါသာ ပေါ်သော လိပ်ငယ်ဦးခေါင်း သည် ထမ်းပိုးငယ် အပေါက်၌ စွပ်မိ နိုင်ရာသော အခွင့်သည် ရှိ၏ လောဟု မေးတော်မူ၏။ စွပ်မိနိုင်ရာသော အခွင့်မရှိပါ။ သို့ပါသော်လည်း ကင်္ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာလှ

သည်ဖြစ်၍ လိပ်ငယ်လည်း မစေသမပျောက်၊ ထမ်းပိုးငယ်လည်း မပျက်မစီးရှိကြပါမူကား တရံတခါ စွပ်နိုင်ရာသောအခွင့်ရှိပါ၏ ဘုရားဟု လျှောက်ကြားကုန်၏။

ချစ်သား ရဟန်းတို့၊ လိပ်ကဏ်းထမ်းပိုးစွပ်မိရာသော အခွင့်သည် အလွန် လွယ်လှသေး၏။ ဤသုဂတိဘုံမှ အပါယ်ဘုံသို့ တကြိမ် ကျရောက်လေသူ၏ ဤသုဂတိဘုံသို့ တဖန်ပြန်လာရန် အခွင့်သည်တို့ထက် အဆအရာမက အဆ အထောင်မကခဲယဉ်း၏။ အဘယ့်ကြောင့်နည်းဟူလျှင် တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းဟူသော သုစရိုက်မှုမျိုးဟူ၍ အပါယ်ဘုံ၌ မရှိ။ နိုင်ရာနိုင်ရာ သတ်ဖြတ်ညှဉ်းဆဲ၍ စားသောက်ခြင်း အစရှိသော ဒုစရိုက်မှုတို့သည် အပါယ်ဘုံ၌ရှိ၏။ ကုသိုလ်မှန်း အကုသိုလ်မှန်းပင်မသိကြ အသက်ရှည်သမျှကာလပတ်လုံး ဒုစရိုက်မှု ဒုက္ခမှုတို့နှင့် သာ နေကြကုန်၏။ ထို့ကြောင့် တဘဝ ထက် တဘဝ မြုပ်၍ မြုပ်၍ သာ သွားကြကုန်၏။ နစ်၍ နစ်၍သာ သွားကြကုန်၏။ ထို့ကြောင့် ထိုလိပ်ကဏ်း ထမ်းပိုးစွပ်မိဘို့ထက် ဤသုဂတိဘုံသို့ ပြန်လာရန် အခွင့်သည် အဆအရာမက အဆ တထောင်မက ခဲယဉ်းလှ၏ ဟူ၍ဟောတော်မူ၏။

## မဟာအဝိစိငရဲ၌ ငရဲသား များပြားလှခြင်း။

ဤသုတ်၌ကား အပါယ်ဘုံမှာ တဘဝထက် တဘဝ ဝန်လေး၍ လေး၍ သွားသော အကုသိုလ် အသစ် အသစ်တို့ အတွက်နှင့် တဘဝထက် တဘဝ မြုပ်၍ မြုပ်၍သာ သွားသဖြင့် သုဂတိဘုံသို့ တဖန်ပြန်လာခွင့် ခဲယဉ်းမှုကိုဟောတော်မူ၏။ အနမတဂ္ဂ

သံသရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါ အပေါင်းတို့အား သူတော်ကောင်းတရားနှင့် ပြည့်စုံစွာဖြစ်ရသောဘဝသည် အလွန် နည်းပါးလှ၏။ ဘဝပေါင်း အသောင်း အသိန်း မှာပင် တခါမျှ မကြုံကြိုက်ရ။ ဖြစ်လေရာဘဝတို့၌ ဒိဋ္ဌိဒုစရိုက် အမိုက်အမှားတို့နှင့်သာ ကုန်ခဲ့ရသော ဘဝတွေသာ များလှကုန်၏။ တဘဝ တဘဝတွင်းပင်ဒိဋ္ဌိဒုစရိုက်အမိုက်ကံပေါင်းအနန္တအနန္တ ဖြစ်ပွားကြ၏။ သေသည်၏အခြားမဲ့၌ကား တကံ တကံသည်သာ အကျိုးပေးခွင့်ရ၏။ ဘဝတိုင်း ဘဝတိုင်းတို့က ကျန်ရှိသော ဒိဋ္ဌိဒုစရိုက်ကံဟောင်း တို့သည် မိမိတို့ အကျိုးပေးခွင့် မရသေးသမျှ ကာလပတ်လုံး အနမတဂ္ဂ သံသရာ၌ သတ္တဝါတို့သန္တာန်မှာ ဖြစ်လေရာရာကံအစဉ်လိုက်ပါ၍ နေကြကုန်၏။ အပါယ် မည်သည် အကုသိုလ်ကံတို့၏ ဌာနပေတည်း။ အပါယ်ဘုံသို့ တကြိမ် ကျရောက် လေသည်ရှိသော်ထိုကံဟောင်းတို့သည် ကောင်းကောင်းကြီး အခွင့်ရကြကုန်၏။ တကံလျှင် တဘဝ တကံလျှင် တဘဝ ဆက်ခါဆက်ခါ အကျိုးပေးခွင့်ရကြကုန်၏။ ထိုကံတို့အတွက်နှင့် ဘဘဝထက်တဘဝ မြုပ်၍မြုပ်၍ သွားသဖြင့် မဟာအဝီစိသို့ ဆိုက်လေ၏။မဟာအဝီစိ၏အောက်၌ငရဲဘုံဟူ၍မရှိသောကြောင့် မဟာအဝီစိမှာစုမိကြလေ၏၊ဤကဲ့သို့တခုသောကံငယ်နှင့်အပါယ် သို့ကျရောက်လေရာ ရှေးကံဟောင်းတွေ ဆက်လက် မှုကြောင့် မဟာအဝီစိ တိုင်အောင်မြုပ်လေ၍ မဟာအဝီစိမှာ ထပ်ကာထပ်ကာနေရသဖြင့် ကမ္ဘာပျက်မှပင်အဝီစိ ငရဲမှကျွတ်လွတ်နိုင်ကြမည့် သတ္တဝါအပေါင်းတို့သည်ယခုအခါမဟာအဝီစိငရဲဘုံ၌အသချေ်အနန္တရှိကြကုန်၏ ဟူ၍ ဟောတော်မူသည်။

ပဌမ သုတ္တန်၌ တနေ့ တနေ့ လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေ တည်နေကြသူ အသင်္ချေ အနန္တ များလှသည်ကို ပြတော်မူ၏။ ဒုတိယသုတ္တန်၌ သုဂတိဘုံမှအပါယ်ဘုံသို့တကြိမ်ကျရောက်ခဲ့လျှင် အပါယ်ဘုံမှာ အဆင့်ဆင့် ဖြစ်ပွား၍ သွားသော အကုသိုလ် ကံသစ်တို့အတွက် သုဂတိ ဘုံသို့ တဖန် ပြန်ရခွင့် ခဲယဉ်းသည်ကို ဟောတော်မူသည်။

ဤသို့လျှင် မဆုံးမအပ်သေးသော မယဉ်ကျေးသော အဒန္တ စိတ်ကြောင့် ကြီးစွာသောအကျိုးယုတ်ခြင်းကို ဖြစ်စေတတ်ခြင်း သည် ဓမ္မတာသာလျှင် ဖြစ်သောကြောင့် မိမိစိတ်ကို ယဉ်ကျေး သိမ်မွေ့အောင် ဆုံးမအပ်တော့သည်သာလျှင်တည်း။

( ခန္ဓာငါးပါး၊ အသိမှား၊ အပါယ်လားမည်မှတ်။ )

———

## ယဉ်ကျေးသောစိတ်ကြောင့် ကြီးစွာသောကောင်းကျိုး ချမ်းသာဖြစ်ခြင်းကို ပြခြင်း။

စိတ္တံ ဘိက္ခဝေ ဒန္တံ မဟတော အတ္ထာယ သံဝတ္တတိ။ ။

ချစ်သား ရဟန်းတို့၊ ဆုံးမအပ်သော ယဉ်ကျေးသော စိတ် သည် ကြီးစွာသော ကောင်းကျိုး ချမ်းသာကို ဖြစ်စေ တတ် သည်။ ။ဟူ၍လည်း ဟောတော်မူ၏။

အဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူလျှင်–

စတ္တာရောမေ ဘိက္ခဝေ၊ နသညာ ဝိပ္ပလ္လာသာ၊ နစိတ္တ ဝိပ္ပလ္လာသာ၊ နဒိဋ္ဌိဝိပ္ပလ္လာသာ၊ ကတမေ စတ္တာရော အနိစ္စေ ဘိက္ခဝေ အနိစ္စန္တိ နသညာဝိပ္ပလ္လာသော နစိတ္တဝိပ္ပလ္လာသော နဒိဋ္ဌိဝိပ္ပလ္လာသော။ ဒုက္ခေ ဘိက္ခဝေ ဒုက္ခန္တိ နသညာ ဝိပ္ပလ္လာသော နစိတ္တ ဝိပ္ပလ္လာသော နဒိဋ္ဌိ ဝိပ္ပလ္လာသော။ အနတ္တနိ ဘိက္ခဝေ အနတ္တတိ နသညာ ဝိပ္ပလ္လာသော နစိတ္တဝိပ္ပလ္လာသော နဒိဋ္ဌိဝိပ္ပလ္လာသော။အသုဘေ ဘိက္ခဝေ အသုဘန္တိ နသညာ ဝိပ္ပလ္လာသော နစိတ္တ ဝိပ္ပလ္လာသော နဒိဋ္ဌိဝိပ္ပလ္လာသော။ဣမေခေါ ဘိက္ခဝေ စတ္တာရော နသညာ ဝိပ္ပလ္လာသာ နစိတ္တဝိပ္ပလ္လာသာ နဒိဋ္ဌိဝိပ္ပလ္လာသာတိ။ ။

( စတုက္ကင်္ဂုတ္တရပါဠိတော်။ )

ဤသို့လျှင် ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ အသုဘ တရားကို အနိစ္စမှန်းသိလျှင် ဒုက္ခမှန်းသိလျှင် အနတ္တမှန်းသိလျှင်အသုဘမှန်းသိလျှင် အသိမှန်ပြီ။ ယထာဘူတဉာဏ်ကိုရပြီ။ ဗာဟိရက သမ္မာဒိဋ္ဌိ ဟူသော ကမ္မဿကတာ သမ္မာဒိဋ္ဌိ ပုထုဇဉ်ထက် မြတ်သော သာသနိကသမ္မာဒိဋ္ဌိ ပုထုဇဉ်ဖြစ်ပြီ ဟူ၍သိလေ။ ညာဏစက္ခုဖြင့် မြော်ထောက်၍ ဝမ်းမြောက်လေ။မျှားမြတ်ကြီးကျယ်စွာသော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရဘောမည်။ နိဗ္ဗာန်လမ်းကြောင်းသို့ ရောက်ပြီဟူ၍လည်းနားလည်စေ။ လုံ့လ ကြိုးကုတ် အားထုတ်နိုင်လျှင် မဂ်ဖိုလ်ရောက်မည်၊ မဂ်ဖိုလ်ရောက်မှ ဘုန်းတောက်မည်ဟူ၍လည်း မှတ်ဦးလော့။

## တရားအားထုတ်ရန် တိုက်တွန်းခြင်း။

သူတော်စင်သည် မိမိ၏ကောင်းကျိုးစီးပွားကို မပျက်မကွက် အနှောင့်အရှက် မရှိ လွတ်လွတ် ကျွတ်ကျွတ် သန့်သန့် ရှင်းရှင်း အလိုရှိပါမူ "မောဟဟူသောအဝိဇ္ဇာအမိုက်အမဲ" နှင့် "လောဘဟူသော တဏှာ အညစ်အကြေး အပုတ်အစပ်" တို့ကို တွန်းလှန်ဖယ်ရှား၍ "အမောဟ ပညာအလိမ်မာ" နှင့် "အလောဘဟူသော သန့်ရှင်း စင်ကြယ်သော ဓာတ်အကြည်" တို့ကိုပွားစည်းရမည်။ ထိုသို့ အလောဘဓာတ် အမောဟ ဓာတ်တို့ကိုပွားစည်းနိုင်မှသာ အလောဘဓာတ်ကြည်က လှုံ့ဆော်တိုင်း သူတော်စင်သည် ကာမဂုဏ်အာရုံနှင့် လွတ်ကင်းရာကို အမှတ် ရလိမ့်မည်။ ကာမဂုဏ်နှင့်လွတ်ကင်းရာသို့ စိတ်ရောက်လိမ့်မည်။ သို့မှသာ စိတ်သွားရာ ကိုယ်ပါ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင် အားထုတ်နိုင်လိမ့်မည်။

အိုသူတော်စင်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်မူ၍ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းသည် ဟူ၍မရှိပြီ၊ မရှိကြောင်းကို သမ္မာသမ္ဗုဒ္ဓ အတုလအစစ် ဓမ္မရာဇ်အရှင်သည် အဘယ်သို့ ဟောတော် မူသနည်းဟူသော်—

လောကဿန္တံ အပတွာန ဒုက္ခာ နတ္ထိ ပမောစနံ။ ။

လောကဿန္တံ၊ လောက၏ ဆုံးရာအမှန် ပြည်နိဗ္ဗာန် သို့။ အပတွာန၊ မရောက်မူ၍။ ဒုက္ခာ၊ ခပ်သိမ်းသော ဒုက္ခဆင်းရဲမှ။ ပမောစနံ၊ လွတ်မြောက်ခြင်းသည်။ နတ္ထိ၊ ထင်ရှားမရှိ။ ။ဟူ၍ ဟောတော်မူသည်။

ထိုသို့ပါဠိဒေသနာ ကျမ်းဂန်လာခဲသောကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတည်းဟူသော လောက၏ဆုံးရာအမှန် ပြည်နိဗ္ဗာန်ကို မစံရသေးသရွေ့ ကာလပတ်လုံး ခန္ဓာမစဲဝဋ်ဆင်းရဲအတွင်းမှ မလွတ်ကင်း နိုင်ကြရာဟု သတိသံဝေဂစိတ် ထိတ်လန့်ကြ သဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာအမှန် ရွှေပြည်နိဗ္ဗာန်သို့ စံရမှ အေးမည်ဟု သိနားလည်၍ အားထုတ်နိုင်ကြစေ။

ဤသို့ ရွှေပြည်နိဗ္ဗာန်သို့ မစံရသေးသရွေ့ သံသရာ၌ ချာချာပတ်ပတ် မပြတ်အောင် ဆက်စပ်လျက် ဇာတိဘေး၊ ဇရာဘေး အစရှိသော ဘေးအပေါင်းတို့ကို အကြိမ်ကြိမ် တွေ့ရမည် အမှန် ဖြစ်သည်။ ထို့ကြောင့်-

ခဏော ဝေမာ ဥပစ္စဂါ၊ခဏာတီတာ ဟိ သောစန္တိ။ ။

ဟု ဟောတော်မူသည်။

မင်္ဂဖိုလ်ရခွင့် အကြောင်းသင့်သော နဝမခဏကို မလွန်ကြစေကုန်လင့်၊ မင်္ဂဖိုလ်ရခွင့် အကြောင်းသင့်သော နဝမခဏ ကို လွန်စေ၍ မင်္ဂဖိုလ် မရရှိသေးသောသူတို့သည် သံသရာ၌ရှည်ကြာစွာ ကမ္ဘာ အဆက်ဆက် ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ဘေးအပေါင်း တို့ကို အကြိမ်ကြိမ် တွေ့ရမည်ဟု မြတ်စွာဘုရား ဆုံးမတော် မူသည်ကို လိုက်နာ ကျင့်ကြံ အားထုတ် နိုင်ပါမှ ကမ္မဿကတာ သမ္မာဒိဋ္ဌိပုထုဇဉ်ထက် လွန်မြတ်သော သာသနိက သမ္မာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ်သို့ရောက်မှ ချမ်းသာမည်ဖြစ်၏။

စိတ္တဿ ဒမထော သာဓု ။

စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမခြင်းသည်။ သာဓု၊ ကောင်း၏။ ဝဋ်ဒုက္ခ၌အပြစ်ကို မြင်၍ မဂ်ဖိုလ်ရကြောင်း ကောင်းစွာ ကိုယ်နှုတ်နှလုံးသုံးပါးတို့ကို ထိန်းသိမ်း စောင့်ရှောက်၍ ဓမ္မာနုဓမ္မပ္ပဋိပတ်ကိုကျင့်သောကြောင့် မဂ်ဖိုလ်ကိုရခြင်း ပဋိပဒါလေးပါး ရှိသည်ဟု သိစေခြင်းငှါ-

## ပဋိပဒါ လေးပါး ပြခြင်း။

စတသော ဣမာ ဘိက္ခဝေ ပဋိပဒါ။ ။စသော ဓမ္မဒေသနာတော်ကို ဟောတော်မူသည်။

ပဋိပဒါ လေးပါးဟူသည် ဆင်းရဲငြိုငြင်စွာ ကျင့်၍ နှေးနှေး ဖြည်းဖြည်းမဂ်ဖိုလ်သို့ ရောက်ခြင်းဟူသော ဒုက္ခပဋိပဒါဒန္ဓာဘိညာလည်း တပါး။

ဆင်းရဲငြိုငြင်စွာကျင့်၍မြန်မြန် ဆောဆော မဂ်ဖိုလ်သို့ရောက်ခြင်းဟူသော ဒုက္ခပဋိပဒါ ခိပ္ပာဘိညာလည်း တပါး။

ချမ်းချမ်း သာသာကျင့်၍ နှေးနှေး ဖြည်းဖြည်း မဂ်ဖိုလ်သို့ ရောက်ခြင်း ဟူသော သုခပဋိပဒါ ဒန္ဓာဘိညာလည်း တပါး။

ချမ်းချမ်းသာသာ ကျင့်၍ မြန်မြန် ဆောဆော မဂ်ဖိုလ်သို့ ရောက်ခြင်းဟူသော သုခပဋိပဒါ ခိပ္ပာဘိညာလည်း တပါး။

(သုခပဋိပဒါပုဂ္ဂိုလ်သည်လည်း သဒ္ဓါ ဝီရိယ သတိ ပြဋ္ဌာန်းမှ ရမည်ဟု တနည်းမှတ်။)

ယခုဘဝမှာပင် မဂ်ဖိုလ် မရသေး သော်လည်း မဂ်ဖိုလ်တို့၏ သမ္ဘာရဖြစ်သော ဓမ္မသဝနကို ဖြစ်စေ၍ ဝါသနာ စွဲလောက် အောင် နှုတ်ဖြင့် လေ့လာရခြင်း သည်ရင်း၊ စိတ်ဖြင့်မပြတ်မလပ် နှလုံးသွင်းထား ရခြင်းသည် ရင်း၊ ပညာဖြင့် ပိုင်းပိုင်း ခြားခြား အနက်အဓိပ္ပာယ်ကို သိရခြင်းသည်ရင်း၊ အနုဓိဂမ၊ ရှေးရှေးကာလ တရံတဆစ်မျှ မရမတွေ့မမြင်ရဘူးသော နိဗ္ဗာန်ကို လျင်လျင်မြန်မြန် သိစေခြင်းအကျိုးရှိသည် ရင်းအကျိုးကျေးဇူးများ ဖြစ်တွန်းရလေသည်။ ထို့ကြောင့်–

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာန္
ပရိစိတာနံ မနသာနု ပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိ
ဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါတဗ္ဗာ။ ။

ဤဘဝ၌ မဂ်ဖိုလ်ကိစ္စ မရသေး၍ သေသော်လည်း နတ်ရွာသို့ရောက်၍ မကြာမြင့်မီ အလိုလိုသတိရသောအခါ၌ရင်း၊ရဟန်းတို့ဟောပြောသော အခါ၌ရင်း၊ နတ်တို့ဟောပြောသော အခါ၌ရင်း၊ အချင်းချင်းဟောပြောသောအခါ၌ရင်း အသာလွယ်ကူမဂ်ဖိုလ် ရခြင်း လေးပါး အပြား ရှိသည်ကိုလည်း သိထားကြစေဦး။

**သတိပေးချက်။** ။ (အဓိပ္ပာယ် အကောက် အယူ မပြည့်စုံ သူတို့ သတိပြုရန်၊)

အဘယ်ကဲ့သို့နည်းဟူလျှင် (ဓမ္မသဝနကို ဖြစ်စေ၍ ဝါသနာစွဲလောက်အောင်) ဟူသော စကားသည် အာစိဏ္ဏကံ ထက်သန်အောင် ဟူသောအဓိပ္ပာယ်ရ၏။ စိတ်ဖြင့်မပြတ်မလပ်နှလုံးသွင်းထားရခြင်း ဟူသည်လည်း အာစိဏ္ဏကံကိုပင်ဆိုသတည်း။

ထိုသို့ အာစိဏ္ဏကံ မထက်သန်ဘဲလျက် တော်ရုံတန်ရုံ ဓမ္မသဝန ကို ဖြစ်စေရုံနှင့်၊ တော်ရုံတန်ရုံအားထုတ်ရုံနှင့်၊ တော်ရုံတန်ရုံ တတ်ကျွမ်းသိနားလည်ရုံနှင့် နတ်ရွာသို့ရောက်စတမ်း ဟူခဲ့သော် ထို တော်ရုံတန်ရုံ သမားတို့သည် အပါယ်ရွာ၌ တယောက် မျှ မရှိနိုင်ရာ။ ထိုသို့ကား မဖြစ်နိုင်၊အဘယ့်ကြောင့်နည်း၊ကိုယ်တွင်း ရန်သူဟူသော ကိလေသာတို့သည် တော်ရုံတန်ရုံမဟုတ်၊ ကိလေ သာကို အထင်သေးလို့ မဖြစ်။ ထိုသို့ တော်ရုံတန်ရုံ မဟုတ်သော ကိလေသာတို့က သေအံ့ဆဲဆဲ၌ ကြားဖြတ်ဝင်လာခဲ့သည်ရှိသော် ထိုတော်ရုံတန်ရုံသမားတို့သည် နတ်ရွာသို့ မလား မရောက်ဘဲ အပါယ်ရွာသို့သာ လားရောက်တတ်သည်ကိုလည်း သတိပြုလေ။

မြတ်စွာဘုရား၏ ရွှေလက်ထက်တော်က သောတာပန် အရိယာဖြစ်သော ဗိမ္ဗိသာရ မင်းကြီးသည် ဇော အစောလွဲသဖြင့် ဘဝ အဆင့် အတန်း နိမ့်ကျသော စတုမဟာရာဇ် နတ်ရွာ၌ ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အလုပ်အကျွေး အစေအပါး ဖြစ်သော ဇဝနသဘ မည်သော နတ်သားကလေး ဖြစ်နေသည်ကို ထောက်။ အပါယ်သံသရာ မပြတ်သေးသော ကလျာဏပုထုဇဉ် ဖြစ်ရုံမျှနှင့် ဇောအစောလွဲခဲ့သော် အပါယ်သို့ချောက်ကနဲကျဘို့ ပင်ရှိတော့သည်ဟူ၍လည်း သိလေ။ မိမိ၏ပတ်ဝန်းကျင်၌ ဇော အစောလွဲစရာတွေသည် များစွာရှိကြောင်းကိုလည်း သတိရစေ။ ကိုယ်တွင်း ရန်သူကိုလည်း သတိထား၍ ဖယ်ရှားလေ။ ထို့ ကြောင့် ယခုပစ္စက္ခ ဤအတ္တဘောနှင့်ပင် မဂ်ဖိုလ်သို့ ရောက်မှ ကောင်းစွာ စိတ်ချရမည်ဟူ၍လည်း သဘောပေါက်စေဦး။

## ဆရာ၏ ကောင်းကျိုးစီးပွားအတွက် ဆရာကိုယ်တိုင် ရှာမှီးပုံကို ဖော်ပြခြင်း။

ဆရာသည်အသက် ၉–နှစ် ၁၀–နှစ် သားလောက်က စ၍ လူကြီးများ တရားဆွေးနွေးသည့်အခါ အနားမှ စိတ်ဝင်စားစွာ နားထောင်၍ နေတတ်၏။ ထို့ကြောင့်လည်း အသက် ၃၀– ကျော်လောက်က စ၍ ဝိပဿနာတရားကို လိုက်စား၏။ တရား ဟောလိုသော စိတ်သည်လည်း အလွန်ထက်သန်၍ နေ၏။ သို့ရာ တွင် မကြာမြင့်မီ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်သောကြောင့် ပြတ်၍သွားတော့သည်။

ထို့နောက် အသက် ၄၄–နှစ် လောက်မှာ ဝိပဿနာတရား ကို တဖန်လိုက်စားပြန်၏။ ဆွေးလည်းဆွေးနွေး၏၊ သိသလောက် မှတ်သလောက် ကိုလည်း ဟောပြောလိုသော စိတ်ထက်သန်လှ သဖြင့် ဟောလည်းဟောပြော၏။ သို့ရာတွင်ဆရာ၏တရား သိမှု သည် ကျယ်ဝန်းစွာ သိလိုသော ဆန္ဒ ရှိနေသောကြောင့် အားမရနိုင် တင်းမတိမ်နိုင် ဖြစ်၍နေ၏။ ထို့အတွက်ကြောင့် လည်း ပရိယတ္တိကို လိုက်စားလိုသောစိတ်သည် အလွန်ထက်သန် ၍ နေပြန်၏။

သို့နှင့်ပင် ဆရာကိုးကွယ်လျက်ရှိသော ဗားဂရာတိုက် (ဝံသ မေဒနီ) ကျောင်း (ဝံသမေဒနီ) ဆရာတော်ဘုရားထံ သွား၍ ဆရာငယ်ငယ်က သင်္ဂြိုဟ်ခေါ်လက်သန်းအဋ္ဌကထာကို စိတ်ပိုင်း၊ စေတသိက်ပိုင်း သရုပ်နှင့်တကွ ခွဲ၍ ပကိဏ်းပိုင်း ရောက်အောင် သင်ခဲ့ဘူးကြောင်းကို ဆရာတော်ဘုရားအား လျှောက်ထားပြီး

လျှင် စိတ် စေတသိက် ရုပ် တို့၏ သဘော သရုပ်နှင့် တကွ သင့်တော်သော စာပေကို ဆက်လက်၍ သင်ကြား ပေးပါမည့် အကြောင်း ရှိသေခြောင်းစွာ လျှောက်ထား တောင်းပန် ရပေတော့သည်။

ထိုအခါ ဆရာတော်ဘုရားက အထောက်အပံ့ရှိသ ဖြင့် ဖြစ်နိုင်ကြောင်း မိန့်ကြားတော် မူပြီးလျှင် သင်္ဂြိုဟ် စာအုပ်ကိုပင် အဝယ်ခိုင်း၍ သက်ဆိုင်ရာ သက်ဆိုင်ကြောင်း ဖြစ်သော အပိုင်းများကို ဤ လက်သန်းအဋ္ဌကထာထဲမှ ပြသသင်ကြားပေးပြီးလျှင် ဆရာတော်ဘုရားထံ၌ ရှိသော ကျမ်းအဆောင်ဆောင်တို့ကိုပင် ဖွင့်လှစ်၍သင်ကြားပေးတော့သည်။ ဆရာကလည်း ကြိုးစား၍ မှတ်သားနာယူပြီးလျှင် အားထုတ်ပေတော့သည်။၂

## ဆရာကိုယ်တိုင် တရား အားထုတ်ခြင်း။

ဆရာသည် နေ့အခါ၌ အသက်မွေး ဝမ်းကျောင်း အတွက် အလုပ် လုပ်ရသည်။ ထို့နောက် (ဝံသမေဒနီ) ဆရာတော်ဘုရား ထံသွား၍ စာတက်ရသည်။ ညဦး၌ တရားဟောရန် သက်ဆိုင်ရာ အိမ်သို့သွားရသည်။ ထိုအခါ ပရိယတ် အာရုံကိုဖြတ်၍ ပဋိပတ် အာရုံကိုဆင်ခြင်သွားသည်။ ည ၁၁–နာရီ ၁၂–နာရီလောက် အိမ်ကိုပြန်ရောက်၍ ပဋိပတ်ကို အားထုတ်တော့သည်။

ဆရာသည် အာနာပါနဿတိ ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ မကြာမြင့်မီ စိတ်၏ တည်ကြည် ငြိမ်သက်မှုကို ရလေသည်။ ထို့ပြင် သန္တတိ ပျက်ကို ရက်အနည်းငယ် ရှုပြီးလျှင် ခဏိက ပျက်ကို ရှင်းလင်း ပြတ်သားစွာရှုနိုင် လေတော့ သည်။ ည ၁၁–နာရီ

၁၂=နာရီလောက် ရှိနေသောကြောင့် အလွန်ဆိတ်ငြိမ်၍ နေသည်။ သူတပါး အိပ်ချိန်သည် ကိုယ့်အချိန် ဖြစ်သည်ဟု ဆရာတော်ဘုရား၏ဩဝါဒအတိုင်းကြိုးစား၍ အားထုတ်တော့သည်။ ပဌမ ထိုင်လျက်အားထုတ်သည်။ ငိုက်မြိုးလာသည့်အခါ စင်္ကြံလျှောက်လျက် အားထုတ်သည်။ စင်္ကြံလျှောက်လျက် နှင့်ပင် ငိုက်မြိုးလာပြန်လျှင် မျက်နှာသစ်၍ ဇက်ကို ရေဆွတ်ပြီး အားထုတ်သည်။ ဤသို့နှင့်ပင် ငိုက်မြိုးလာပြန်သော် ထိုအခါ ရေချိုးလိုက်တော့သည်။ ပြီးသည့်အခါ လူမှာ အတော်လေး လန်းလန်းဆန်းဆန်းရှိလာသောကြောင့် ထိုင်လျက် အားထုတ်ပြန်သည်။ ထိုမှတဖန် ငိုက်မြိုးလာပြန်သော အခါ အချိန်သည်လည်း နံက် ၃—နာရီလောက် ရှိပြီဖြစ်၍ အိပ်လိုက်တော့သည်။

နံနက်အိပ်ရာမှ နိုးသည့်အခါ ပဏ္ဏတ်အာရုံသည် အလို အလျောက် ဝင်၍လာတော့သည်။ သို့ရာတွင် အိုးအိမ် မလွတ်သူ ဖြစ်၍ လောကဝတ်ကို ဆောင်ရွက်ရပြန်သည်။ ထိုသို့ လောကဝတ်ကို ဆောင်ရွက်နေသော အချိန်၌လည်း စိတ်သည်အကျင့်ဖြစ်နေသည်က တကြောင်း၊ အာသေဝန ပစ္စည်းဆက်ကို ရနေသည်က တကြောင်း တို့ကြောင့် ဝိပဿနာအာရုံတို့သည် အလိုအလျောက် ဝင်၍ ဝင်၍ လာတော့သည်။ ဆရာ၏ ဝမ်းရေးအလုပ်သည် စက်မှုလက်မှု အသေးစားဖြစ်သောကြောင့် မိမိလုပ်ကိုင်နေသော ပစ္စည်းဝတ္ထုကိုသော်၎င်း၊ လူကိုသော်၎င်းအန္တရာယ်ဖြစ်နိုင်သည့်အလုပ်နှင့် ဆုံတွေ့နေလျှင် တရားအာရုံကို အဝင်မခံဘဲ မိမိလုပ်ကိုင်နေသော အလုပ်ကိုသာလျှင် ဂရုတစိုက်အာရုံပြု၍ လုပ်ကိုင်ရတော့သည်။ ထိုသို့အန္တရာယ်မဖြစ်နိုင်သော အလုပ်

ကို လုပ်ကိုင်နေသည့်အခါ ပရမတ္ထနှစ်ပါး၏ ဖြစ်ခြင်း ပျက်ခြင်း တို့ကို ရှုဆင်ခြင်လျက်နှင့်ပင် အလုပ်ကိုလုပ်ကိုင်လျက် နေသည်။ တခါတရံ ရှုဆင်ခြင်နေသော တရား၏အပေါ်၌ စိတ်သည် တည်ကြည်ငြိမ်သက်၍နေ၏။ ထိုအခါ လက်မှအလုပ်သည် ဘာကိုမျှ မလုပ်တော့ဘဲ ရပ်၍နေဘော့သည်။ စိတ်သည်လည်း မိမိ ရှုဆင်ခြင်နေသော တရား၏ အပေါ်၌ ကေဂ္ဂတာဇော ကျပြီးလျှင် အားလုံးသောလောကကြီးကို ဥပေက္ခာပြုသဖြင့် တရားမှတပါး ဘာကိုမျှမသိပြီ။ တရားမှတပါး ဘာကိုမျှ မသိဘဲနေခြင်းသည် မည်မျှ ကြာသည်ဟူ၍တော့ မပြောတတ်ပေ။ သမာဓိ လွတ်၍ လူ့လောကကြီးကို သိသောအသိ ပြန်၍ ဝင်လာသော အခါ ငုတ်တုတ်ကြီးထိုင်နေတာကို ပဌမသိ၏။ ထို့နောက် မိမိလုပ်ကိုင်နေသော ပစ္စည်းဝတ္ထုကိုသိ၏။ သို့သော် ဘာကိုဘယ်လို လုပ်နေသည်ဟူ၍တော့ မသိသေးပေ။ အစကပြန်၍ စဉ်းစားယူမှ ယခုဘာကိုပြုလုပ်နေသည်ဟူ၍ သိတော့သည်။ ထိုကဲ့သို့ဥပေက္ခာ ကေဂ္ဂတာဇော တို့သည် အကြိမ်ကြိမ် ကျဘူး၏။ သို့ရာတွင် ထိုအချိန်က ဥပေက္ခာ ကေဂ္ဂတာဇော ကျသည်ကိုပင် ဥပေက္ခာ ကေဂ္ဂတာဇော ကျသည်ဟူ၍ မသိသေးပေ။ ထိုကဲ့သို့ ဆရာ၏ စိတ်သည် ပရမတ္ထဓမ္မတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိလျက်နှင့် အလုပ်ကို လုပ်ကိုင်လျက်နေသည်။သို့နှင့်ပင် ညနေ ၄—နာရီခွဲ၍ အလုပ်ကို သိမ်းပြီးလျှင် ခါတိုင်းကဲ့သို့ပင် စာတက်ရန်သွားရပြန်၏။ ဤသို့လျှင် နေ့တိုင်းနေ့တိုင်း လတိုင်းလတိုင်း သူ့အလုပ်နှင့် သူ့အချိန်ထားလျက် ဟောပြောလုပ်ကိုင်ဆောင်ရွက် အားထုတ်၍နေသတည်း။

**မှတ်ချက်။** ။ဆရာ၏စိတ်သည် ပရမတ္ထဓမ္မတို့၏ ဥပါဒ်ဌီ ဘင်ဌီ တို့ကို များသောအားဖြင့် အချိန်မရွေး သိလျက် ဆင်ခြင်လျက်နေ၏။

ဆရာ၏အသက် ၄၅-နှစ်လောက်မှာ ကောဇာသက္ကရာဇ်— ၁၃၁၀ ခုနှစ် လောက်ဖြစ်၏။ထိုအချိန်ကရန်ကုန်မြို့စမ်းချောင်း ဗားဂရာလမ်း ဗားဂရာတိုက် ကိုးထပ်ကြီးဘုရား၌ ဥပုသ်တော် အဖွဲ့သည်ရှိ၏။ ထိုအဖွဲ့၌ အဘိဓမ္မာ စာပေကျမ်းဂန် တတ်ကျွမ်း ကြကုန်သော ဗိန္ဒောဆေးဆရာကြီး ဦးစိန်ညွန့် နှင့် ဦးဘသိန်း တို့သည် အဖွဲ့၏ ဓမ္မဝိနိစ္ဆယ ဆရာကြီးများ ဖြစ်ကြသည်။ ထို ဓမ္မဝိနိစ္ဆယ ဆရာကြီးတို့ကလည်း ထိုဗားဂရာတိုက်(ဝံသမေဒနီ) ကျောင်း (ဝံသမေဒနီ) ဆရာတော်ဘုရားကို ပင့်၍ အဘိဓမ္မာ တရားတော်မြတ်ကို နာကြားလေ့ ရှိကြသည်။ ဆရာတော် သည် လည်း ကရုဏာတော်ရှေ့ဆောင်သဖြင့် အဘိဓမ္မာတရားတော် မြတ်ကို သဘောသရုပ်နှင့်တကွ အသေးစိတ်၍ ဟောကြားတော် မူလေသည်။

တနေ့သောအခါ ဦးဘသိန်း သည် ဆရာ့အား သီတင်း နေ့ တိုင်း ကိုးထပ်ကြီးဘုရား ဥပုသ်တော်အဖွဲ့သို့ လာရန်ဘိတ်ကြား လေသည်။ ဆရာသည် သီတင်းနေ့တနေ့၌သွား၏။ ထိုအခါက အဖွဲ့၌လည်း တရားဟောဝါသနာပါသူတွေ သည်လည်းရှိကြ၏။ ထိုအထဲတွင် ဦးဘသိန်းသည် ဆရာ့အား တရားဟောရန် တရား တောင်းတော့ သည်။ ဆရာကလည်း တတ်သလောက် မှတ် သလောက်ကို လက္ခဏာဉာဏ်သို့ ဆိုက်ရောက်အောင် ဟောပြီး လျှင် တရားဦးခေါင်းချလိုက်တော့သည်။ ထိုအခါ ဓမ္မဝိနိစ္ဆယ

ဦးစိန်ညွန့်သည် တရားနာပရိသတ်အလယ်၌ပင် ချီးကျူးစကား ပြောပြီး နောက်တနေ့၌ ဆရာတော်ဘုရားထံသွား၍ဆရာတော့် တပည့် ကိုလူစံ ဟာ တရားဟော တော်တော် ကောင်း လာပြီ၊ ရှေ့ဆက်ပြီး ကြိုးစားလျှင် အတော် အကျိုးရှိမည့်သူ ဘဲဟု လျှောက်ထားကြောင်းကို ဆရာတော်ဘုရားမှတဆင့် ကြားသိ ရသည်။ ထိုဓမ္မဝိနိစ္ဆယ ဦးစိန်ညွန့်သည်လည်း စာချုပ်ဂိုဏ်ရဟန်း လူထွက် ဖြစ်ကြောင်း ဆရာတော်ဘုရား အမိန့်ရှိသဖြင့် သိရ ပေသည်။

ထို့နောက် ဆရာတော်ဘုရားသည် ဆရာ့အားအထူးဂရုစိုက် တော်မူ၍ သွန်သင် ပြသတော်မူလျက် ကျမ်း အဆောင်ဆောင် တို့ကို ညွှန်းတော်မူလေသည်။ ဆရာကလည်း မရ–ရအောင် ရှာ ကြံ၍ ကြည့်ရှုမှတ်သား ဩဝါဒစကားကိုနာယူပြီးလျှင် ထိုကျမ်း အဆောင်ဆောင်ထဲမှ မရှင်းတာများကို လျှောက်ထားမေးမြန်း ပြီးသော် ဂန္ထဓုရ ဝိပဿနာဓုရ ဟူသောဓမ္မဝတ်ကို မမှားမယွင်း ရအောင် ပွားများအားထုတ်ရင်း လောကဝတ်ကိုလည်း မကြွင်း စေဘဲ လုပ်ကိုင်ဆောင်ရွက်လျက်နေ၏။

ထို့နောက် ဆရာ၏အသက် ၄၆–နှစ်နှင့် ၆–လ လောက်၌ ညနေ အလုပ်သိမ်းပြီးလျှင် (ဝံသမေဒနီ) ဆရာတော်ဘုရား ထံ မရှင်းမလင်းတာများကို မေးမြန်းရန် ကျမ်းဂန်နှင့်တကွ သွားရ ပြန်သည်။ ထိုအချိန်ကဆရာသည် စမ်းချောင်း ဗားဂရာလမ်း၌ နေ၏။ စမ်းချောင်း ရှမ်းလမ်းမှာလည်း ညဈေးတန်း ဖြစ်၍ ၄–နာရီ လောက်ကပင် ဆိုင်များ ရောင်းသူ ဝယ်သူများ ကား များ လမ်းလျှောက်သူများပါ ရှုပ်ရှက်ခတ် စည်ကားလှသည်။

ဆရာသည် အိမ်မှထွက်သည့် အချိန်ကစ၍ အလုပ်အကိုင်ကိစ္စကို စဉ်းစားရန်ရှိသောကြောင့် စဉ်းစားရင်းနှင့်ပင် ရှမ်းလမ်း ညဈေးတန်း မင်္ဂလာလမ်းထိပ်အလွန်လောက်တွင် မဖြစ်စဘူး ထူးကဲစွာ ပရမတ္ထဓမ္မတို့၏ အာရုံတို့သည် ဉာဏ်ဝ၌ ထင်းထင်းကြီး ဝင်လာပြီးလျှင် ပရမတ္ထဓမ္မတို့၏ အပေါ်၌သာ စိတ်သည် တည်ကြည်ငြိမ်သက်လျက်ပင် ပရမတ္ထဓမ္မတို့ကိုသာ မြင်သိသင့် မြင်သိထိုက်တာတွေကို မျက်တောင် တခတ် လျှပ်တပြက်မျှ နှင့် မြင်သိပြီးဆုံးသွားပါတော့သည်။ ထိုအခိုက်တန့်၌ လူသံကားသံတွေကို ဘာတခုမျှ မသိလိုက်ပေ။

---

## မိမိကိုယ်တိုင် ရှေးဦးစွာ လျောက်ပတ်သော အကျင့်၌ သွင်းထားသည်ကို ပြသော ပါဠိတော်။

အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထည့မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။ ။

အတ္တာနမေဝ၊ မိမိကိုယ်ကို သာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊ လျောက် ပတ်သော အကျင့်၌။ နိဝေသယေ၊ သွင်းထား ဦးရာ၏။ အထပစ္ဆာ၊ ထိုနောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ နကိလိဿေယျံ၊ မညစ်ညူးစေရာ။

( ဓမ္မပဒပါဠိတော်။ )

ဤသို့လျှင် မြတ်စွာဘုရား ဆိုဆုံးမတော်မူသော စကားနှင့် အညီ (ဝံသမေဒနီ) ဆရာတော်ဘုရားထံ၌ မိမိ၏ အသိဉာဏ်ကို

မိမိနှင့် ထိုက်တန်သော ကျမ်းအဆောင်ဆောင်ဖြင့် မှမ်းမံပြုပြင်၍ လျောက်ပတ်သော အကျင့်၌ သွင်းထားမိသည်၏အဖြစ်ကြောင့် ပစ္စက္ခသိဒ္ဓိအားဖြင့် ဝိဇ္ဇာဉာဏ်ကိုရပြီးသော် မိမိ၏ ကောင်းကျိုး စီးပွားတို့သည်လည်း မဖြစ်စဘူး ထူးကဲစွာ ဖြစ်ထွန်းခြင်း။ ထို့ ကြောင့်လည်း တရားအားထုတ်ခါစက ဥပေက္ခာကေဂ္ဂတာဇော ကျသည်ကို မသိခြင်းကိုလည်းသိခြင်း၊သူတပါးတို့၏ကောင်းကျိုး စီးပွားဖြစ်ခြင်း၏အကြောင်းကိုလည်း သိခြင်း အစရှိသောအမှန် ကျ သိမှုတို့သည် တစိမ့်စိမ့် ထင်ထင် လင်းလင်း ဝင်၍ ဝင်၍ လာပြီးလျှင် ငါဟူ၍ စွဲယူမှတ်ထင် နေသော စိတ် စေတသိက် ရုပ် တို့၏ အပေါ်၌ ယုံမှားခြင်း ပြတ်ကင်း၍ သွားပေ တော့ သတည်း။

## ဆရာ၏စိတ်နေသဘောထားကိုဖော်ပြခြင်း။

ဆရာသည် အကြွင်ပုဂ္ဂိုလ်အား မိမိထက်အသိတရားရှိသည်ဟု ယူဆ၏။ ထိုပုဂ္ဂိုလ်သည် မိမိထက် ကြီးသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ဆရာတင်ရန်ဝန်မလေး။ ဆရာသည် ပုဂ္ဂိုလ်ကို မေတ္တာ စိတ်ဖြင့်ချစ်ခင်တတ်၏။ တရား၌မူကား မဆင်မခြင် မမင်တတ်။ ဆရာသည် ဆိုနိုင်ခက်ခဲသော (ဒုဗ္ဗစ) ပုဂ္ဂိုလ်မဟုတ်။ ဆိုနိုင်လွယ် သော (သုဗ္ဗစ) ပုဂ္ဂိုလ်ဖြစ်၏။ သူပြုဘူးသော ကျေးဇူး ဂုဏ်ကို လည်း သူ့နေရာနှင့်သူ့ကိုထား၍ ဘယ်အခါမှမမေ့တတ်။ ရှိသေ ထိုက်သော သူကိုရှိသေတတ်သော သဘောလည်းရှိ၏။မာန်မာန လည်း မထား။သိလျက်နှင့်လည်း မသိဘိသကဲ့သို့များစွာ သည်းခံ ၏။ ပြောစရာရှိလျှင် မသိလျှင် မသိကြောင်း၊ သိလျှင်သိကြောင်း

ဖြောင့်ဖြောင့်စင်းစင်း မှန်ရာကိုပြောလေ့ရှိ၏။ ဆရာ၏ဉာဏ်သည် အထ အကြွန္နေ၏၊ သို့ရာတွင် နက်နဲစွာသိသော သဘောရှိ၏။ ထို့ကြောင့်လည်း တရားအားထုတ် ခါစမှာပင် မိမိမှားလျှင် လည်း သိ၏။ သူတပါး၏ အမှားကိုလည်း သိ၏။ ထိုသို့ အမှား မရှိစေခြင်းမှာအထက်ကဆိုခဲ့သည့်အတိုင်း မိမိ၏အသိဉာဏ် ကို ကျမ်း အဆောင်ဆောင်ဖြင့် မှမ်းမံပြုပြင်ခြင်းဖြစ်၏။

ရှုဦးအံ့။ ဆရာ၏ အသိဉာဏ်ကို ကျမ်း အဆောင်ဆောင်ဖြင့် မှမ်းမံပြုပြင်ခြင်းသည် ကံအားလျော်စွာ နည်းမှန်လမ်းမှန် ဖြစ်၍ သွားပေ၏။ မိမိ၏ပါရမီတိုက်တွန်းမှုကြောင့် မှမ်းမံပြုပြင် မိသည် ဟု ယူဆမိ၏။ အဘယ့်ကြောင့် နည်းဟူလျှင်၊ သောတာပတ္တိမဂ် ကို ရခြင်း၏ အကြောင်းအင်္ဂါသည် လေးပါးရှိ၏။

**သောတာပတ္တိမဂ်ကိုရကြောင်း တရားလေးပါး။**

စတ္တာရိသောတာပတ္တိယင်္ဂါနိ သပ္ပုရိသသံသေဝေါ၊
သဒ္ဓမ္မဿဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနု
ဓမ္မပ္ပဋိပတ္တိယာ၊ဣမာနိ စတ္တာရိ သောတာပတ္တိယင်္ဂါနိ။ ။

သောတာပတ္တိ ယင်္ဂါနိ သောတာပတ္တိ မဂ္ဂဿ ပဋိလာဘ ကာရဏာနိ၊ သောတာပတ္တိမဂ်ကို ရခြင်း၏ အကြောင်းတရားတို့ သည်။ စတ္တာရိ၊ လေးပါး တို့တည်း။ သပ္ပုရိသ သံသေဝေါ၊ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ နှင့် ပြည့်စုံသော သူတော် ကောင်း ပညာရှိကို မှီဝဲ ဆည်းကပ်ရခြင်း သည်လည်းကောင်း။ သဒ္ဓမ္မဿဝနံ၊ ခန္ဓာ အာယတန ဓာတ် သစ္စာတို့နှင့် စပ်သော တရားတော်ကို နာခံ မှတ်သား သင်ကြား ရခြင်း သည်လည်း

ကောင်း။ ယောနိသောမနသိကာရော၊ ပရမတ္ထဓမ္မတို့၏ဖြစ်ခြင်း ပျက်ခြင်း ဟူသော လက္ခဏာရေးသုံးပါးကို အသင့်အတင့် နှလုံးသွင်းနိုင်ခြင်း သည်လည်းကောင်း။ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ၊လောကုတ္တရာတရား၏ ရှေ့အဘိုဖြစ်သော မဂ္ဂင်ရှစ်ပါးဝိပဿနာတရားကို အားထုတ်ရခြင်းသည် လည်းကောင်း။ ဣမာနိစတ္တာရိ၊ ဤလေးပါး ကုန်သော တရား တို့သည်။ သောတာပတ္တိ ယင်္ဂါနိ၊ သောတာပတ္တိမဂ်ကိုရခြင်း၏အကြောင်းတရားတို့မည်ကုန်၏။ ။ ဟူ၍ ဟောတော်မူသည်။

ဤလေးပါးတို့တွင် မူလပဌမ အရေးအကြီးဆုံးအချက်သည် သပ္ပုရိသသံသေဝေါ ဖြစ်၏။ သဒ္ဓမ္မဿဝနံ သည်ကား တရားဟောပုဂ္ဂိုလ်တို့သည်ခေတ်အားလျော်စွာဟောပြော ကြကုန်သည်ဖြစ်၍ ကောင်းစွာနာခံမှတ်သားသင်ကြားရပေ၏။ ယောနိသောမနသိကာရော၌ မဂ်ဖိုလ်သို့ရလိုသောသူသည် မဂ်ဖိုလ်ရကြောင်းဖြစ်သော ပရမတ္ထဓမ္မတို့၏ ဖြစ်ခြင်း ပျက်ခြင်းဟူသော လက္ခဏာဉာဏ်ကို ဝင်စား၍ အသင့်အတင့် နှလုံးသွင်းနိုင်ရမည်။ထိုသို့နှလုံးသွင်းနိုင်မှုမှာလည်း ဓမ္မာနုဓမ္မပ္ပဋိပတ်ကို ဉာဏ်နု ဉာဏ်ရင့် နှင့်လျော်သော ကျင့်ဝတ် ပဋိပတ်ကို အားထုတ်နိုင်ရမည်။ ထိုသို့ ကျင့်ဝတ် ပဋိပတ်အမှန်ကို အားထုတ်မိမှုသည်လည်း သပ္ပုရိသသံသေဝေါ စစ်စစ်ကို မှီဝဲဆည်းကပ်မိမှသာ ဖြစ်နိုင်သည်။

ထို့ကြောင့် သပ္ပုရိသသံသေဝေါသာလျှင် မူလပဌမ အစအဦး အရေးကြီးဆုံးဖြစ်သည်။

အကြင်ပုဂ္ဂိုလ်သည် မိမိ၏ကောင်းကျိုးချမ်းသာအတွက် ရှာမှီးသည့်အခါ ကလျာဏမိတ္တ သည်သာလျှင် အခြေပါဒ ကေန္တ ဖြစ်သည်။ အဘယ့်ကြောင့်နည်းဟူလျှင် ဗဟုပကာရသုတ်ကိုရင်း၊ စတုဖလ သစ္စိကိရိယသုတ်ကိုရင်း ထောက်သောကြောင့်ဟူ၏။

ဗဟုပကာရသုတ် စတုဖလသစ္စိကိရိယသုတ်တို့ကို ဟောတော်မူသည့်အခါသပ္ပုရိသသံသေဝေါကို သာမူလပဌမအစအဦးပြု၍ ဟောတော်မူသည်။ ထို့ကြောင့် သောတာပတ္တိမဂ်ကို ရခြင်း၏ အကြောင်း လေးပါး၌လည်း သပ္ပုရိသသံသေဝေါ သည်သာလျှင် အရေးအကြီးဆုံး အချက်ဖြစ်၏။

မဂ်ဖိုလ်ကို ညွှန်ကြားနိုင်သော သပ္ပုရိသသံသေဝေါဟူသည် တရားအားထုတ် လိုသောပုဂ္ဂိုလ်၏ ဉာဏ်နှ ဉာဏ်ရင့်နှင့် လျော်သော ပဋိပတ်ကို ပုဂ္ဂိုလ်အား ခန့်မှန်း၍ ပေးစွမ်း နိုင်သော ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာနှင့် ပြည့်စုံသော သူတော်ကောင်းပညာရှိဖြစ်ရပါမည်။ထိုကဲ့သို့ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာနှင့် ပြည့်စုံမှလည်း တရားအားထုတ်သော ပုဂ္ဂိုလ်တို့၏ လွဲမှားချွတ်ချော်မှုကို လမ်းဖြောင့်၍ ပေးနိုင်မည်ဖြစ်၏။

ထိုကဲ့သို့ သူတော်ကောင်း ပညာရှိကို မှီ၍ ဆည်းကပ်မိမှသာလျှင်မိမိ၏မဂ်ကိစ္စ ဖိုလ်ကိစ္စတို့ကိုကောင်းစွာ ပြီးစီးနိုင်မည်ဖြစ်၏။ သပ္ပုရိသ သံသေဝေါ လွဲလျှင် ဝိပဿနာမဲ့ မဂ်မဲ့ ဖိုလ်မဲ့ ဖြစ်၍ အပါယ်နှင့် ပြန်တွေ့ရမည်ကို စိုးရိမ်ရသည်။

ထို့ကြောင့်လည်း မိမိ၏အသိဉာဏ်ကိုကျမ်းအဆောင်ဆောင် ဖြင့် မှန်းမံပြုပြင်ရခြင်း ဖြစ်၏။

ထိုသို့ မွမ်းမံ ပြုပြင်မိသည်မှာ သက်တော်ထင်ရှား ဘုရားကို ကိုးကွယ် ဆည်းကပ် ရဘိသကဲ့သို့ဖြစ်၏။ အဘယ့်ကြောင့်နည်း ဟူလျှင် ချစ်သား အာနန္ဒာ၊ ငါဘုရား နိဗ္ဗာန် လားပြီးနောက် ရဟန်းတို့သည် ငါဘုရားလွန်ပြီ၊ မရှိပြီဟုထင်ကြလိမ့်မည်၊ ထိုသို့ ကား မမှတ်အပ်၊ ငါ ဟောအပ် ပြီးသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့သည် သင်တို့၏ဆရာ ဖြစ်လတ္တံ့။

ဟူ၍ မိန့်တော်မူချက်မှန်လွန်း၍ဖြစ်၏။ ဆရာသည် ဘ၀ အ ဆက်ဆက်က ရှာမှီးလာခဲ့သော ပါရမီတိုက်တွန်းမှုကြောင့် ဖြစ် တန်ရာ၏။ ထို့ကြောင့်လည်း (သမ္မာသမ္ဗုဒ္ဓအတုလ) ခေတ် လူ ဖြစ်ကျိုး နပ်ရပေတော့ သတည်း။

---

## ပရမတ္ထတရား လေးပါး အကျယ်
## စိတ်တို၏ အကျယ်ပြခြင်း။

အို သူတော်စင်၊ သူတော်စင်သည် ယခုဘ၀ ဤအတ္တဘောနှင့် ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရယူလိုလျှင် ဤ သူတော်စင်ရှုဘွယ်ကျမ်းမှ ညွှန်ကြားသည့်အတိုင်း အားထုတ်လေ။ သူတော်စင်သည် လောက ဝတ်ကို ဆောင်ရွက်နေရသော ပုဂ္ဂိုလ်ဖြစ်ဘိသော် ဤကျမ်းမှ လုပ်နည်းလုပ်ဟန်အတိုင်း သူ့အချိန်နှင့်သူ့အလုပ်ကိုထား၍အား ထုတ်လေ။ ထိုကဲ့သို့ အားထုတ်ပါမူ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ နှင့် ပြည့်စုံသော ကလျာဏမိတ္တ သပ္ပုရိသသံသေဝေါ အဖြစ်ကိုပင် ရောက်နိုင်လေသတည်း။

တရားအားထုတ်လိုသောသူတို့သည် မိမိအတိုသာအားထုတ်သောသူ၊ မိမိအတို နှင့် တကွ သူတပါးတို့ကိုပါ ဟောပြောပြသမည့်သူဟူ၍ နှစ်မျိုးထွက်လာနိုင်သည်။ မိမိအတိုသာ အားထုတ်သောသူတို့သည် ယခုဖော်ပြလတ္တံ့သော စိတ် စေတသိက် ရုပ်တို့ကို ပဋိပတ်၌ ထင်မြင်ရုံ တရား၌ညက်ညောရုံမျှသာ ကြည့်ရှုမှတ်သားလျှင်ပြီးနိုင်သည်။ သို့တည်းမဟုတ် မိမိလည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင်အားထုတ်၍ သူတပါးတို့ကိုလည်း ဟောပြောပြသမည့်သူဖြစ်ခဲ့လျှင်ယခု ဖော်ပြလတ္တံ့သောပရမတ္ထတရားလေးပါး အကျယ်ကို ကောင်းစွာ မှတ်သား လေ့လာ ထားအပ်ပေသည်။

ထိုသို့ဖြစ်၍ အနုရုဒ္ဓါဆရာ အရှင်မြတ် စီရင်တော် မူသော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းနှင့်အညီ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးတို့ကို ဖော်ပြတော့အံ့။

အဘိဓမ္မာ ခုနစ်ကျမ်းဝယ် အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော ပရမတ္ထတရားတို့သည် စိတ်တပါး၊ စေတသိက်တပါး၊ ရုပ်တပါး၊ နိဗ္ဗာန်တပါး အားဖြင့် လေးပါး အပြားရှိကုန်၏။ ထိုလေးပါးတို့တွင် ရှေးဦးစွာပြအပ်သော စိတ်သည် ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ် ဟူ၍ လေးပါး ပြားကုန်၏။ ထိုလေးပါးတို့တွင် ကာမစိတ်၏အရ သရုပ်ကို ရှေးဦးစွာ ရေတွက်၍ပြအံ့။

## လောဘမူစိတ် ရှစ်ပါး။

၁။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တပါး။

၂။ ။ သသင်္ခါရိက စိတ်တပါး။

၃။ ။ ဝိပ္ပယုတ်အသင်္ခါရိက စိတ်တပါး။

၄။ ။ သသင်္ခါရိက စိတ်တပါး။

၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ။ စိတ်တပါး။

၆။ ။ သသင်္ခါရိက စိတ်တပါး။

၇။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက ။ စိတ်တပါး။

၈။ ။ သသင်္ခါရိက စိတ်တပါး။

ဤသို့အားဖြင့် လောဘမူစိတ် ရှစ်ပါးဖြစ်၏။

## ဒေါသမူစိတ် နှစ်ပါး။

၁။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ။ စိတ်တပါး။

၂။ ။ သသင်္ခါရိက စိတ်တပါး။

ဤသို့အားဖြင့် ဒေါသမူစိတ် နှစ်ပါးဖြစ်၏။

## မောဟမူစိတ် နှစ်ပါး။

၁။ ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ်တပါး။
၂။ ။ ဥဒ္ဓစ္စ သမ္ပယုတ် စိတ်တပါး။

ဤသို့အားဖြင့် ပေါင်း မောဟမူစိတ် နှစ်ပါးဖြစ်၏။

ဤသို့လျှင် လောဘ မူလစိတ်ရှစ်ပါး၊ ဒေါသ မူလစိတ်နှစ်ပါး၊ မောဟ မူလစိတ်နှစ်ပါးအားဖြင့် စိတ်သုံးပါးကို ပေါင်းသော်အကုသိုလ်စိတ်ဆယ့်နှစ်ပါးဖြစ်၏။ဤတဆယ့်နှစ်ပါးသော စိတ်တို့ကို ကုသိုလ်စိတ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကုသိုလ်စိတ်ခေါ်သည်။

## အကုသလဝိပါက်စိတ် ခုနစ်ပါး။

၁။ ဥပေက္ခာ သဟဂုတ် အကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ် တပါး။
၂။ ။ သောတဝိညာဏ်စိတ် တပါး။
၃။ ။ ဃာနဝိညာဏ်စိတ် တပါး။
၄။ ။ ဇိဝှါဝိညာဏ်စိတ် တပါး။
၅။ ဒုက္ခ သဟဂုတ် အကုသိုလ်၏ အကျိုး ဖြစ်သော ကာယဝိညာဏ်စိတ် တပါး။
၆။ ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် တပါး။
၇။ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် တပါး။

အားဖြင့်ပေါင်း အကုသလဝိပါက်စိတ် ခုနစ်ပါးဖြစ်၏။

## အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး။

၁။ ဥပေက္ခာ သဟဂုတ် ကုသိုလ်၏ အကျိုး ဖြစ်သော စက္ခုဝိညာဏ်စိတ် တပါး။
၂။ ။ သောတဝိညာဏ်စိတ် တပါး။
၃။ ။ ဃာနဝိညာဏ်စိတ် တပါး။
၄။ ။ ဇိဝှါဝိညာဏ်စိတ် တပါး။
၅။ သုခ သဟဂုတ် ကာယဝိညာဏ်စိတ် တပါး။
၆။ ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ် တပါး။
၇။ သောမနဿ သဟဂုတ် သန္တီရဏစိတ် တပါး။
၈။ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် တပါး။

ဤသို့အားဖြင့် ပေါင်း ကုသလဝိပါက်စိတ်ရှစ်ပါးဖြစ်၏။

## အဟိတ် ကြိယာစိတ် သုံးပါး။

၁။ ဥပေက္ခာ သဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် တပါး။
၂။ ။ မနောဒွါရာဝဇ္ဇန်းစိတ် တပါး။
၃။ သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ် တပါး။

ဤသို့အားဖြင့် ပေါင်း အဟိတ်ကြိယာစိတ်သုံးပါး ဖြစ်၏။

ဤသို့လျှင် အကုသလဝိပါက်စိတ်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊အဟိတ်ကြိယာစိတ်သုံးပါး အားဖြင့် ပေါင်းသော် အဟိတ်စိတ်တဆယ့်ရှစ်ပါးဖြစ်၏။ ဤတဆယ့်ရှစ်ပါးကုန်သော စိတ်တို့ကို ဟိတ်ခြောက်ပါး တရား မရှိသော ကြောင့် အဟိတ်စိတ်ဟုခေါ် ဆိုကုန်၏။ အကုသိုလ်စိတ် တဆယ့်နှစ်ပါး၊

အဟိတ်စိတ် တဆယ့်ရှစ်ပါး၊ ပေါင်း သုံးဆယ်သော စိတ်တို့ကို မတင့်တယ်ကုန်သောကြောင့် အသောဘဏစိတ်ဟု ခေါ်ဆိုကုန်၏။ ၎င်းအသောဘဏစိတ် သုံးဆယ်မှ ကြွင်းကုန်သော သဟိတ် ကာမကုသိုလ် ဝိပါက်ကြိယာ ရူပ အရူပ လောကုတ္တရာအားဖြင့် ပေါင်း ငါးဆယ့်ကိုးခုသော စိတ်တို့ကို တင့်တယ် ကုန်သော ကြောင့် သောဘဏစိတ်ဟု ခေါ်ဆိုကုန်၏။ ဝါ၊ လောကုတ္တရာ စိတ်ရှစ်ပါးကို ချန်ပွား၍ မဂ်စိတ်နှစ်ဆယ် ဖိုလ်စိတ်နှစ်ဆယ် ပေါင်း လေးဆယ်ကုန်သော စိတ်တို့ကို လောကုတ္တရာစိတ် ရှစ်ခု နေရာမှာထည့်သွင်း၍ ရေတွက်သော် အကျယ် သောဘဏစိတ် ကိုးဆယ့်တပါးဖြစ်ကုန်၏။

## ကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါး။

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် တပါး။
၂။ ။ သသင်္ခါရိကစိတ် တပါး။
၃။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ် တပါး။
၄။ ။ သသင်္ခါရိကစိတ် တပါး။
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တပါး။
၆။ ။ သသင်္ခါရိကစိတ် တပါး။
၇။ ။ ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက စိတ် တပါး။
၈။ ။ သသင်္ခါရိကစိတ် တပါး။

သဟိတ် ဝိပါက်စိတ် သဟိတ်ကြိယာစိတ်တို့ကို ရေတွက်ရာ၌လည်း ကာမာဝစရ ကုသိုလ်စိတ်ကို ရေတွက် သကဲ့သို့ ရေတွက်အပ်၏။ ကုသိုလ် ဝိပါက် ကြိယာဟု ခေါ်ဆိုရုံမျှသာ ထူးသောကြောင့် ကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါး၊ သဟိတ် ကာမာဝစရ ဝိပါက်စိတ် ရှစ်ပါး၊ သဟိတ် ကာမာဝစရကြိယာစိတ် ရှစ်ပါး အားဖြင့် ပေါင်း နှစ်ဆယ့်လေးပါး ဖြစ်ကုန်၏။ ဤ နှစ်ဆယ့်လေးပါး ကုန်သော စိတ်တို့နှင့် အသောဘဏစိတ်သုံးဆယ်တို့ကို ပေါင်း၍ ရေတွက်သော် ကာမစိတ် စတုပညာသ ငါးဆယ့်လေးပါးဖြစ်၏။ ဤငါးဆယ့်လေးပါး ကုန်သော စိတ်တို့ကို ကာမတဆယ့်တဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ် ကျက်စားတတ်သောကြောင့် ကာမစိတ်ဟု ခေါ်ဆိုကုန်၏။

## ရူပကုသိုလ်စိတ်ငါးပါး။

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်ကုသိုလ်တပါး။

၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်တပါး။

၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ်တပါး။

၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် စိတ်တပါး။

၅။ ဥပေက္ခာ ကေဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွ ဖြစ်သော ပဥ္စမဈာန်ကုသိုလ် စိတ်တပါး။

ဤသို့အားဖြင့် ရူပကုသိုလ်စိတ်ငါးပါး ဖြစ်သတည်း။

ရူပဝိပါက်စိတ် ရူပကြိယာစိတ် တို့ကို ရေတွက်ရာ၌ လည်း ရူပကုသိုလ်စိတ်ကို ရေတွက်သကဲ့သို့ ရေတွက်အပ်၏။ ကုသိုလ် ဝိပါက် ကြိယာဟုခေါ်ဆိုရုံမျှသာထူးသောကြောင့် ရူပကုသိုလ် စိတ် ငါးပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ ရူပကြိယာစိတ် ငါးပါး အားဖြင့် ပေါင်း ရူပစိတ်တဆယ့်ငါးပါးဖြစ်ကုန်၏။ ဤတဆယ့် ငါးပါးကုန်သော စိတ်တို့ကို ရူပဘုံတို့၌သာ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ် ကျက်စားတတ် ကုန်သော ကြောင့် ရူပါဝစရစိတ်ဟု ခေါ်ဆိုကုန်၏။

## အရူပကုသိုလ်စိတ် လေးပါး။

၁။ အာကာသာနဉ္စာယတန ကုသိုလ်စိတ်တပါး၊
၂။ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်တပါး၊
၃။ အာကိဉ္စညာယတန ကုသိုလ်စိတ်တပါး၊
၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ်တပါး၊

ဤသို့အားဖြင့် အရူပကုသိုလ်စိတ် လေးပါးဖြစ်သတည်း။

အရူပဝိပါက်စိတ် အရူပကြိယာစိတ် တို့ကို ရေတွက်ရာ၌လည်း အရူပကုသိုလ်စိတ်ကို ရေတွက်သကဲ့သို့ ရေတွက်အပ်၏။ ကုသိုလ် ဝိပါက်ကြိယာ ဟု ခေါ်ဆိုရုံမျှသာ ထူးသောကြောင့် အရူပ

ကုသိုလ်စိတ်လေးပါး၊ အရူပဝိပါက်စိတ်လေးပါး၊ အရူပကြိယာစိတ် လေးပါးအားဖြင့် ပေါင်း အရူပစိတ် တဆယ့်နှစ်ပါး ဖြစ်သတည်း။ ဤတဆယ့်နှစ်ပါးကုန်သော စိတ်တို့ကို အရူပဒလေးဘုံ တို့၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ် ကျက်စားတတ်သော ကြောင့် အရူပစိတ်ဟု ခေါ်ဆို ကုန်၏။ ရူပစိတ် တဆယ့်ငါးပါး၊ အရူပစိတ်တဆယ့်နှစ်ပါး ၎င်းနှစ်ပါးကုန်သော စိတ်တို့ကို ပေါင်းသော် မဟဂ္ဂုတ်စိတ် သတ္တဝီသဟုခေါ်ဆိုကုန် ၏။ ကာမစိတ် စတုပညာသ၊ မဟဂ္ဂုတ်စိတ် သတ္တဝီသ၊ နှစ်ပါး ပေါင်းသော စိတ်တို့ကို လောကီစိတ်ဖြစ်သောကြောင့် လောကီ စိတ် ဧကာသီတိ ရှစ်ဆယ့်တပါးဟု ခေါ်ဆိုကုန်၏။

## လောကုတ္တရာ ကုသိုလ်စိတ် လေးပါး။

၁။ သောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်တပါး။
၂။ သကဒါဂါမိမဂ်နှင့် ယှဉ်သောစိတ်တပါး။
၃။ အနာဂါမိမဂ်နှင့် ယှဉ်သောစိတ်တပါး။
၄။ အရဟတ္တမဂ်နှင့် ယှဉ်သောစိတ်တပါး။

ဤသို့အားဖြင့် ပေါင်း လောကုတ္တရာ ကုသိုလ်စိတ် လေးပါးဖြစ်သတည်း။

ဖိုလ်စိတ်လေးပါးကို ရေတွက်ရာ၌လည်း မဂ်စိတ်လေးပါးကို ရေတွက်သကဲ့သို့ ရေတွက်အပ်၏။ မဂ်ဖိုလ်ဟုခေါ်ဆိုရုံမျှသာ ထူး သောကြောင့် လောကုတ္တရာကုသိုလ် လေးပါး၊ လောကုတ္တရာ ဝိပါက်စိတ်လေးပါး ပေါင်း လောကုတ္တရာစိတ် ရှစ်ပါး ဖြစ် သတည်း။

ဤရှစ်ပါး ကုန်သော စိတ်တို့ကို လောကကို လွန်မြောက် သော ကြောင့် မလောကုတ္တရာစိတ်ဟု ခေါ်ဆိုကုန်၏။

လောကီစိတ် ကောသီတိ ရှစ်ဆယ့်တစ်၊ လောကုတ္တရာ စိတ် ရှစ်ပါး တို့ကို ပေါင်း၍ရေတွက်သော် စိတ် တခုယုတ်ကိုးဆယ် ဖြစ်သတည်း။

## လောကုတ္တရာစိတ်ကို ချဲ့နည်း။

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တို့နှင့် တကွဖြစ် သော ပဌမစျာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် တပါး။

၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တို့နှင့် တကွဖြစ်သော ဒုတိယစျာန်နှင့် ယှဉ်သော သောတာပတ္တိ မဂ်စိတ် တပါး။

၃။ ပီတိ သုခ ဧကဂ္ဂတာ တို့နှင့်တကွ ဖြစ်သောတတိယ စျာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် တပါး။

၄။ သုခ ဧကဂ္ဂတာ တို့နှင့် တကွဖြစ်သော စတုတ္ထစျာန် နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် တပါး။

၅။ ဥပေက္ခာ ဧကဂ္ဂတာ တို့နှင့် တကွဖြစ်သော ပဉ္စမ စျာန်နှင့်ယှဉ်သော သောတာပတ္တိ မဂ်စိတ်တပါး။

ဤသို့အားဖြင့် ပေါင်း သောတာပတ္တိမဂ်စိတ်ငါးပါး ဖြစ်သတည်း။

ထို့နည်းအတူသကဒါဂါမိမဂ်စိတ်ငါးပါး၊အနာဂါမိမဂ်စိတ်ငါးပါး၊ အရဟတ္တမဂ်စိတ် ငါးပါး-အားဖြင့် ပေါင်း မဂ်စိတ်နှစ်ဆယ် ဖြစ်သတည်း။မဂ်စိတ်နှင့်အတူ ဖိုလ်စိတ်လည်း နှစ်ဆယ်ဖြစ်သောကြောင့် မဂ်စိတ်နှစ်ဆယ် ဖိုလ်စိတ်နှစ်ဆယ် ပေါင်း လောကုတ္တရာစိတ် လေးဆယ်ဖြစ်သတည်း။

လောကီစိတ် ရှစ်ဆယ့်တစ်၊ လောကုတ္တရာစိတ်လေးဆယ် ပေါင်းသော် စိတ်သည် **အကျယ်** တရာ့နှစ်ဆယ့်တပါးဖြစ်၏။

စိတ်ပိုင်း ပြီး၏။

---

## စေတသိက်တို့၏သရုပ်ပြခြင်း။

စိတ်နှင့်အတူတကွဖြစ်ခြင်း၊ အတူတကွချုပ်ခြင်း၊ တူသောအာရုံ၊တူသောမှီရာရှိကုန်သော-ဖဿ အစရှိကုန်သော ငါးဆယ့်နှစ်ပါးကုန်သော သဘောတရားတို့ကို စေတသိက်တို့ဟူ၍ဆိုအပ်ကုန်၏။

### သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ပါး။

၁။ ဖဿ၊ အာရုံ၏အရသာကို တွေ့ထိခြင်းသဘော။
၂။ ဝေဒနာ၊ အာရုံ၏အရသာကို ခံစားခြင်း သဘော။
၃။ သညာ၊ အာရုံကို မှတ်သားခြင်းသဘော။
၄။ စေတနာ၊ သမ္ပယုတ် တရားတို့ကို စေ့ဆော် တိုက်တွန်းခြင်းသဘော။

၅။ ကေဂ္ဂတာ၊ တခုတည်းသော အာရုံ၌ တည်ကြည် ငြိမ်သက်ခြင်း သဘော။

၆။ ဇီဝိတိန္ဒြေ၊ သမ္ပယုတ် တရားတို့ကို စောင့်ရှောက်ခြင်း သဘော။

၇။ မနသိကာရ၊ အာရုံကို နှလုံးသွင်းခြင်း သဘော။

ဤခုနစ်ပါးသော စေတသိက်တို့သည် အလုံးစုံသော စိတ်တို့နှင့် ယှဉ်ခြင်း ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခေါ်၏။

## ပကိဏ်းစေတသိက် ခြောက်ပါး။

၁။ ဝိတက်၊ အာရုံကို ကြံနှစ်ခြင်းသဘော။

၂။ ဝိစာရ၊ အာရုံသို့ တရစ်ဝဲဝဲ နေခြင်းသဘော။

၃။ အဓိမောက္ခ၊ အာရုံ၌ စူးစိုက် ဆုံးဖြတ်ခြင်းသဘော။

၄။ ဝိရိယ၊ သမ္ပယုတ်တရားတို့ကို မဆုတ်မနစ် သန်စွမ်းအောင် ထမ်းဆောင်ခြင်း သဘော။

၅။ ပီတိ၊ အာရုံကိုနှစ်သက်ခြင်းသဘော။

၆။ ဆန္ဒ၊ အာရုံဝတ္ထုကို လိုချင်တောင့်တခြင်းသဘော။

ဤခြောက်ပါးသော စေတသိက်တို့သည် အလုံးစုံသော စိတ်တို့၌မပြီးပြွန်းသာ ယှဉ်သောကြောင့် ပကိဏ်းစေတသိက်ခေါ်၏။

သဗ္ဗစိတ္တ သာဓာရဏစေတသိက်ခုနစ်ပါး၊ပကိဏ်းစေတသိက် ခြောက်ပါး ပေါင်းသော်တဆယ့်သုံးပါးဖြစ်သည်။ ဤတဆယ့်

သုံးပါးသောစေတသိက်တို့သည် အကုသိုလ်၌ယှဉ်ခိုက် အကုသိုလ်နှင့်သဘောတူ၊ကုသိုလ်နှင့် ယှဉ်ခိုက် ကုသိုလ်နှင့် သဘောတူခြင်းကြောင့် အညသမာန်းစေတသိက် ခေါ်၏။

## အကုသိုလ်စေတသိက် တဆယ့်လေးပါး။

၁။ မောဟ – အာရုံ၌ တွေဝေခြင်း မဲမှောင်ခြင်း သဘော။

၂။ အဟိရိက – မကောင်းမှုမှ မရှက်ခြင်းသဘော။

၃။ အနောတပ္ပ – မကောင်းမှုမကြောက်ခြင်းသဘော

၄။ ဥဒ္ဓစ္စ – ပျံ့လွင့်ခြင်း သဘော။

၅။ လောဘ – တပ်မက်ဖွယ်သော အာရုံကို လိုချင် တပ်မက် ညိတွယ်ခြင်း သဘော။

၆။ ဒိဋ္ဌိ – အလွဲအမှားကို အမှန်ဟုစွဲယူမှတ်ထင်ခြင်း သဘော။

၇။ မာန – သူတပါးအောင်မကျလိုဘဲမောက်မော်ထောင်လွှားခြင်း သဘော။

၈။ ဒေါသ – ချုတ်ချယ်ကြမ်းထမ်းခြင်း သဘော။

၉။ ဣဿာ = သူတပါး၏စည်းစိမ်ဥစ္စာကို မနာလိုခြင်း ငြူစူခြင်း သဘော။

၁၀။ မစ္ဆရိယ – မိမိစည်းစိမ် ဥစ္စာကို သူတပါးတို့နှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ဘဲနှမြောဝန်တိုခြင်း၊လျှို့ဝှက်ခြင်း သဘော။

၁၁။ ကုက္ကုစ္စ – မပြုမိခဲ့သော သုစရိုက်၊ ပြုမိခဲ့သော ဒုစရိုက် တို့ကို ပြန်၍ ပူပန် စိုးရိမ်ခြင်း သဘော။

၁၂။ ထိန – စိတ်၏အမှု၌မစွမ်းနိုင်ခြင်းလေးလံထိုင်းမှိုင်းခြင်း သဘော။

၁၃။ မိဒ္ဓ – စေတသိက်တို့၏ အမှု၌ မစွမ်းနိုင် ခြင်း လေးလံ ထိုင်းမှိုင်းခြင်း သဘော။

၁၄။ ဝိစိကိစ္ဆာ – အာရုံ၌ မဆုံးဖြတ်နိုင်ဘဲ နှစ်ခွဖြစ်ခြင်း ယုံမှားခြင်း သဘော။

ဤတဆယ့်လေးပါးသော စေတသိက်တို့သည် ယုတ်မာသော စက်ဆုပ်ဘွယ်သော မကောင်းသော သံသရာ၌ ရှည်လျားစွာ နှစ်မွန်း စေသောကြောင့် ကိလေသာ စေတသိက် ဟူ၍ရင်း၊ အကုသိုလ်စေတသိက်ဟူ၍ရင်း၊ အသောဘဏစေတသိက် ဟူ၍ရင်း ခေါ်၏။

## သောဘဏ သာဓာရဏ စေတသိက် တဆယ့်ကိုးပါး။

၁။ သဒ္ဓါ – ဘုရား အစရှိသော ကောင်းမြတ်သော အာရုံ၌ကြည်ညိုခြင်း ကံ–ကံ၏ အကျိုးကို ယုံကြည်သက်ဝင်ခြင်း သဘော။

၂။ သတိ – ကောင်း မြတ်သော အာရုံကို မမေ့ မပျောက် ဖော်ယူ ထိန်းသိမ်း ခြင်း သဘော။

၃။ ဟိရိ — မကောင်းမှုမှ ရှက်ခြင်း သဘော။

၄။ သြတ္တပ္ပ — မကောင်းမှုမှ ကြောက်လန့်ခြင်း သဘော။

၅။ အလောဘ = တပ်မက်ဖွယ်သော အာရုံ၌ မလိုချင် မတပ်မက် မစွဲလမ်းခြင်းသဘော။

၆။ အဒေါသ — မကြမ်းထမ်း မချုတ်ချယ် ချစ်ခင်ခြင်း သဘော။

၇။ တတြမဇ္ဈတ္တတာ = အာရုံ၌ သမ္ပယုတ်တရားတို့ကို မပို မယုတ် ညီမျှစွာဖြစ်စေခြင်းသဘော။

၈။ ကာယပဿဒ္ဓိ = စေတသိက်တို့ကို ငြိမ်းစေတတ်သော သဘော။

၉။ စိတ္တပဿဒ္ဓိ = စိတ်ကိုငြိမ်းစေတတ်သောသဘော။

၁၀။ ကာယလဟုတာ = စေတသိက်တို့ကို သွက်လက်ပေါ့ပါး စေတတ်သော သဘော။

၁၁။ စိတ္တလဟုတာ = စိတ်ကို သွက်လက် ပေါ့ပါးစေတတ် သော သဘော။

၁၂။ ကာယမုဒုတာ = စေတသိက်တို့ကို နူးညံ့ပြေပျောင်း စေတတ်သော သဘော။

၁၃။ စိတ္တမုဒုတာ — စိတ်ကို နူးညံ့ ပြေပျောင်း စေတတ် သော သဘော။

၁၄။ ကာယကမ္မညတာ — စေတသိက်တို့ကို အမှုကိစ္စ၌ကောင်း စေခံ စေတတ်သော သဘော။

၁၅။ စိတ္တကမ္မညတာ — စိတ်ကိုအမှုကိစ္စ၌ ကောင်းစေခံ့စေတတ်သော သဘော။
၁၆။ ကာယပါဂုညတာ— စေတသိက်တို့ကို အမှုကိစ္စ၌ လေ့လာနိုင်နင်းစေတတ်သော သဘော။
၁၇။ စိတ္တပါဂုညတာ — စိတ်ကို အမှုကိစ္စ၌ လေ့လာ နိုင်နင်းစေတတ်သော သဘော။
၁၈။ ကာယုဇုကတာ — စေတသိက်တို့ကိုဖြောင့်မတ်စေတတ်သော သဘော။
၁၉။ စိတ္တုဇုကတာ — စိတ်ကို ဖြောင့်မတ် စေတတ်သော သဘော။

ထို တဆယ့်ကိုးပါးသော စေတသိက်တို့သည် အလုံးစုံသော သောဘဏစိတ် တို့၌ ယှဉ်ခြင်းကြောင့် သောဘဏသာဓာရဏ စေတသိက်ခေါ်သည်။

## ဝိရတီစေတသိက် သုံးပါး။

၁။ သမ္မာဝါစာ — ဝစီဒုစရိုက်မကောင်းမှုမှရှောင်ကြဉ်ခြင်း သဘော။
၂။ ကမ္မာကမ္မန္တ — ကာယဒုစရိုက် မကောင်းမှုမှရှောင်ကြဉ်ခြင်း သဘော။
၃။ သမ္မာအာဇီဝ — ယုတ်မာစွာ အသက်မွေးမြူ ခြင်း မိစ္ဆာဇီဝမှ ရှောင်ကြဉ်သဘော။

ဤသုံးပါးသောစေတသိက်တို့ကို ဝိရတီစေတသိက်ဟု ခေါ်သည်။

## အပ္ပမညာစေတသိက် နှစ်ပါး။

၁။ ကရုဏာ — ဒုက္ခိတသတ္တဝါတို့အား သနား ကြင်နာခြင်း သဘော။

၂။ မုဒိတာ — သုခိတသတ္တဝါ တို့အား နှစ်သက် ဝမ်းမြောက်ခြင်း သဘော။

ဤနှစ်ပါးသော စေတသိက်တို့သည် အတိုင်းအရှည်မရှိသော သတ္တဝါတို့၏ အပေါ်၌ အာရုံ ဖြစ်ခြင်းကြောင့် အပ္ပမညာ **စေတသိက်** ခေါ်သည်။

## ပညိန္ဒြေစေတသိက် တပါး။

ဟုတ်မှန်တိုင်း သဘောတရားကို ထင်လင်းစွာ သိမြင်ခြင်း သဘောကို အမောဟဟူ၍၎င်း၊ ဉာဏ်ဟူ၍၎င်း၊ ဝိဇ္ဇာဟူ၍၎င်း၊ ပညိန္ဒြေ ဟူ၍၎င်း ခေါ်သည်၊

ဤပညိန္ဒြေစေတသိက်ပါနှင့် ပေါင်းသော် နှစ်ဆယ့်ငါးပါး ဖြစ်၏၊ ထိုနှစ်ဆယ့်ငါးပါးသော စေတသိက် တို့သည် အလုံးစုံသော သောဘဏ စိတ်တို့၌ ဆက်ဆံခြင်း ယှဉ်ခြင်း ကြောင့်၊၎င်း ကောင်းမြတ် တင့်တယ်သော တရားတို့ ဖြစ်ခြင်းကြောင့်၎င်း သောဘဏ စေတသိက် ခေါ်သည်။

စေတသိက်ပိုင်း ပြီး၏။

## ရုပ် နှစ်ဆယ့် ရှစ်ပါးကို ပြခြင်း။

ရုပ်တို့သည် ဘူတရုပ်, ဉပါဒါရုပ် ဟူ၍ နှစ်ပါးရှိ၏၊ တနည်း နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ် ဟူ၍ လည်းနှစ်ပါးရှိ၏။

### ဘူတရုပ် လေးပါး။

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ပေါင်း ဘူတရုပ် လေးပါး၊

### ပသာဒရုပ် ငါးပါး။

စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ပေါင်း ပသာဒရုပ်ငါးပါး၊

### ဂေါစရရုပ် ငါးပါး။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ တွေ့ထိ စကောင်းသော ပထဝီ–တေဇော–ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ တပါး အားဖြင့် ပေါင်း ဂေါစရရုပ် ငါးပါး၊(ဝါ)ဝိသယရုပ်ငါးပါး၊

### ဘာဝရုပ် နှစ်ပါး။

ဣတ္ထိဘာဝရုပ် တပါး၊ ပုရိသဘာဝရုပ် တပါး အားဖြင့် ဘာဝရုပ် နှစ်ပါး၊

### ဟဒယဝတ္ထုရုပ် တပါး။

မနောဓာတ် မနောဝိညာဏဓာတ် တို့၏ မှီရာဖြစ်သောဟဒယ ဝတ္ထုရုပ်တပါး၊

## ဇီဝိတရုပ်တပါး။

သဟဇာတ် ရုပ်တရား တို့ကို စောင့် ရှောက် တတ် သော ဇီဝိတိန္ဒြေဟူသော ဇီဝိတရုပ် တပါး၊

သဟဇာတ် ရုပ်တရားတို့ကို ထောက်ပံ့ တတ်သော ဩဇာ ဟူသော အာဟာရရုပ်တပါး၊

## အာဟာရရုပ်တပါး၊

ဤသို့ ဘူတရုပ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ် ငါးပါး၊ ဘာဝရုပ်နှစ်ပါး၊ ဝတ္ထုရုပ်တပါး၊ ဇီဝိတရုပ်တပါး၊ အာဟာရရုပ်တပါးအားဖြင့်ပေါင်း တဆယ့်ရှစ်ပါးသောရုပ်တို့ကို အကြောင်းတို့ကြောင့် ခဏသုံးပါးနှင့် ပြည့်စုံပြီးစီးသော ရုပ်တို့ ဖြစ်၍ နိပ္ဖန္နရုပ်ဟုခေါ်သည်။ သဘောတရားကိုယ်ရှိသော ရုပ်တို့ ဖြစ်၍ သဘာဝရုပ်ဟူ၍လည်းခေါ်သည်။ ဖြစ်ခြင်း၊ ရင့်ဆွေးခြင်း၊ ပျက်ခြင်း ဤ လက္ခဏာသုံးပါး ရှိခြင်းကြောင့် လက္ခဏာရုပ် ဟူ၍လည်းခေါ်သည်။ ဖောက်ပြန်ခြင်း သဘော၍ရှိခြင်း ကြောင့် ရူပရုပ် ဟူ၍လည်း ခေါ်သည်။ လက္ခဏာရေး သုံးပါး တင်၍ ရှုအပ်ခြင်းကြောင့် သုံးသပ်အပ်ခြင်းကြောင့် သမ္မသနရုပ် ဟူ၍ လည်း ခေါ်သည်။

ဤ တဆယ့်ရှစ်ပါးသော ရုပ်တို့မှ ကျန်သော ဆယ်ပါးသော ရုပ်တို့ကို ခဏသုံးပါး ပြည့်စုံစွာဖြစ်ပေါ်ပြီးစီးသောရုပ်တို့မဟုတ် ခြင်းကြောင့် အနိပ္ဖန္နရုပ်ဟူ၍လည်းခေါ်သည်။ ဆိုအပ်ပြီးသည်မှ ပြန်သော အားဖြင့် အဘာဝရုပ်၊ အလက္ခဏာရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် ဟူ၍လည်း ခေါ်သည်။

အာလုံး ပေါင်း သော် ဘုတရုပ် လေးပါး၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါး ဟူ၍ နှစ်ဆယ့်ရှစ်ပါးရှိ၏။

**နိပ္ဖန္နသဘာဝရုပ်–တဆယ့်ရှစ်ပါးပြခြင်း။**

၁။ ခက်မာမှု နူးညံ့မှု သဘောကို ပထဝီဓာတ်။

၂။ စွတ်စိုမှု ဖွဲ့စည်းမှု သဘောကို အာပေါဓာတ်။

၃။ ရင့်ကျက်မှု ပူမှု အေးမှု သဘောကို တေဇောဓာတ်။

၄။ ထောက်ကန်မှု တိုးဝှေ့မှု လှုပ်ရှားမှု ရွေ့လျားမှု သဘောကို ဝါယောဓာတ်။

၅။ မျက်နက်ဝန်း အလယ် ပဲနောက်စေ့ခန့်မျှ အကြည်ကွက် အတွင်း၌ မျက်လှာ ခုနစ်လွှာတိုင်အောင် ပျံ့နှံ့လျက်ရှုပါရုံထင်နိုင်စွဲကပ်နိုင်လောက်အောင် မဟာဘုတ်တို့၏ ကြည်ခြင်းသဘောလေးကို စက္ခုပသာဒရုပ် ခေါ်သည်။

၆။ နားပေါက် အတွင်း၌ လက်တဆစ်လောက် နက်သော နီနီအမွေးနု ပေါက်သော နေရာ၌ သဒ္ဒါရုံ ထင်နိုင် စွဲကပ်နိုင် လောက်အောင် မဟာဘုတ် တို့၏ ကြည်ခြင်း သဘောတရားလေးကို သောတပသာဒရုပ်ခေါ်သည်။

၇။ နှာခေါင်းပေါက် နှစ်ခုဆုံသော နေရာ၌ ဂန္ဓာရုံ ထင်နိုင် စွဲကပ်နိုင် လောက်အောင် မဟာဘုတ်တို့၏ ကြည်ခြင်းသဘောလေးကို ဃာနပသာဒရုပ် ခေါ် သည်။

၈။ လျှာကို သုံးပိုင်း ပိုင်း အရင်းအဖျားကိုပယ်၊အလယ်ပိုင်း လျှာအပေါ်ပြင်၌ ရသာရုံ ထင်နိုင် စွဲကပ်နိုင်လောက်အောင် မဟာဘုတ်တို့၏ ကြည်ခြင်း သဘော လေးကို ဇိဝှါပသာဒရုပ်ခေါ်သည်။

၉။ ပါစကာ တေဇော တည်ရာ အရပ်ကို ချန်လှပ် ၍ အရေပြားနှင့် တကွ အရေပြားအတွင်း သွေးရှိရာ တကိုယ်လုံး၌ ဖောဋ္ဌဗ္ဗာရုံ ထင်နိုင်စွဲကပ်နိုင်လောက်အောင် မဟာဘုတ်တို့၏ကြည်ခြင်းသဘောလေးကို ကာယပသာဒရုပ်ခေါ်သည်။

၁၀။ အဖြူ အနီ စသောအဆင်းကို ရူပါရုံခေါ်သည်။

၁၁။ အသံကို သဒ္ဒါရုံခေါ်သည်။

၁၂။ အနံ့ကို ဂန္ဓာရုံခေါ်သည်။

၁၃။ အချို အချဉ်စသော အရသာကို ရသာရုံခေါ်သည်။

၁၄။ ပထဝီ, တေဇော, ဝါယော ဤဓာတ်ကြီး သုံးပါးကို ဖောဋ္ဌဗ္ဗာရုံ ခေါ်သည်။

၁၅။ ယောကျ်ား၏ အသွင်သဏ္ဌာန် ဖြစ်ပေါ်ရန် သတ္တိထူးလေးကို ပုမ္ဘာဝရုပ် ခေါ်သည်။

၁၆။ မိန်းမ၏ အသွင်သဏ္ဌာန် ဖြစ်ပေါ်ရန် သတ္တိထူးလေးကို ဣတ္ထိဘာဝရုပ် ခေါ်သည်။

၁၇။ ပထဝီဓာတ် အာပေါဓာတ်တို့၏ အနှစ်အဆီ လေးကို ဩဇာဓာတ် ခေါ်သည်။

၁၈။ ကမ္မဇရုပ် တို့၏ အသက်ရှည်ရန် စောင့်ရှောက်ခြင်း သဘောလေးကို ဇီဝိတရုပ် ခေါ်သည်။

**အနိပ္ဖန္နအာဘာဝရုပ် ဆယ်ပါး ပြခြင်း။**

၁။ ရုပ်တခုနှင့်တခုအကြား ဟူသော **အာကာသဓာတ်**ကို ပရိစ္ဆေဒရုပ် ခေါ်သည်။

၂။ မိမိ၏အလိုကို သူတပါးသိနိုင်ရန် မျက်စိမှိတ်ပြခြင်း ခေါင်းညိမ့်ပြခြင်း အစရှိသော ကိုယ်အမူရာ သဘောကို ကာယဝိညတ်ရုပ် ခေါ်သည်။

၃။ မိမိ၏အလိုကို သူတပါး သိနိုင်ရန် နှုတ်မြွက်ပြော ဆိုခြင်းကို ဝစီဝိညတ်ရုပ် ခေါ်သည်။

၄။ ရုပ်တို့၏ သွက်လက် ပေါ့ပါးမှု သဘောထူးလေးကို လဟုတာရုပ် ခေါ်သည်။

၅။ ရုပ်တို့၏ နူးညံ့ခြင်း သဘောထူးကို မုဒုတာရုပ် ခေါ်သည်။

၆။ ရုပ်တို့၏ ကောင်းမှု ခံ့ညားမှု သဘောထူးလေးကို ကမ္မညတာရုပ် ခေါ်သည်။

၇။ ပဋိသန္ဓေ ခဏမှစ၍ အာယာတန မစုံမီ အတွင်း၌ ဥတုဇရုပ်တို့၏ ဖြစ်ပေါ်ခြင်း ဇာတိကို ဥပစယရုပ် ခေါ်သည်။

၈။ အာယတန စုံ သည်မှစ၍ စုတိစိတ် ကျသည် တိုင် အောင် တဘဝလုံး၏ အတွင်း၌ စတုဇရုပ်တို့၏ ဆက်ကာဆက်ကာ ဖြစ်ပေါ်ခြင်း ဇာတိကိုသန္တတိ ရုပ်ခေါ်သည်။

၉။ ဖြစ်ပေါ်ပြီးသော ရုပ်တို့၏ရင့်ဆွေးခြင်းသဘောကို ဇရတာရုပ် ခေါ်သည်။

၁၀။ ရင့်ဆွေးပြီးသော ရုပ်တို့၏ ချုပ်ပျက်ခြင်းသဘော ကို အနိစ္စတာရုပ် ခေါ်သည်။

ရုပ်ပိုင်း ပြီး၏။

---

## သဉပါဒိသေသ နိဗ္ဗာန်ကို ပြခြင်း၊

သောတာပတ္တိမဂ်သို့အရောက်တွင်ဒိဋ္ဌိဂတသမ္ပယုတ် လေးပါး ဝိစိကိစ္ဆာတပါး ဤငါးပါးကိုပယ်ခွာရသဖြင့် အပါယ်လေးပါး ဘေးကြီးမှ ဇာတ်သိမ်း၍ လွတ်ငြိမ်းချမ်းသာရလေ၏၊ သက ဒါဂါမိမဂ်သို့ အရောက်တွင် ကြမ်းကြမ်း ထမ်းထမ်း အကျိုးကို ပေးတတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး၊ ဒေါသမူ နှစ်ပါး၊ ဤခြောက်ပါးသော ဘေးကြီးမှ ဇာတ်သိမ်း၍ လွတ်ငြိမ်း ချမ်း သာရလေ၏၊ အနာဂါမိမဂ်သို့ အရောက်တွင် နုနု နယ်နယ် သိမ် သိမ် မွေ့မွေ့ အကျိုးကို ပေးနိုင်တတ်သော ကာမရာဂနှင့် စပ် သော ပုထုဇဉ်တို့နှင့် ဆက်ဆံသော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး၊ ဒေါသမူနှစ်ပါး၊ ဤခြောက်ပါးသော ဘေးကြီးမှ ကာမဇာတ်

အမျိုးနွယ်ကို ဖြတ်၍ အကြွင်းအကျန်မရှိ လွတ်ငြိမ်းချမ်းသာ ဘိ၏၊ အရဟတ္တမဂ်သို့အရောက်တွင် ရူပရာဂ အရူပရာဂနှင့် စပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး၊ ဥဒ္ဓစ္စတပါး၊ ဤငါးပါးကို ပယ်ခွာရ သဖြင့် ကာမဇာတ် ရူပဇာတ် အရူပဇာတ် သိမ်း၍ သုံးဆယ့်တခွင် ဘုံသုံးပြင်တည်းဟူသော ဘေးကြီးမှ လွတ်ငြိမ်း ချမ်းသာရလေ၏။

## အနုပါဒိသေသ နိဗ္ဗာန်ကို ပြခြင်း။

အနုပါဒိသေသ နိဗ္ဗာန်ဟူသည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဟုဆိုအပ်သော စိတ် စေတသိက် ရုပ်တို့သည် ဇာတိ ပဋိသန္ဓေ နေရအံ့၊ ဇရာ မရဏ မီးတို့သည် လောင်မြိုက် လတ္တံ့၊ စိတ် စေတသိက် ရုပ်တို့၏ ဇာတိသည် လောင်ဇာမည်၏၊ ဇရာ မရဏ တို့သည် မီးတောက် မီးလျှံ မည်၏။ ထို့ကြောင့် အနုပါဒိသေသနိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သည်ဟု ခေါ်ဆို ခြင်းသည် စိတ် စေတသိက် ရုပ် တို့၏ ဇာတိဟူသောလောင်ဇာ ကုန်ခန်းသဖြင့် ဇရာ မရဏ ဟူသော မီးတောက် မီးလျှံ ချုပ်ငြိမ်း ခြင်းသဘော သည်သာလျှင် အနုပါဒိသေသ နိဗ္ဗာန် မည်၏။ ထို့ကြောင့်–

ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။ ။

ပဒံ၊ အရိယာပုဂ္ဂိုလ်တို့သာ ရအပ်သော သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်ကြောင်း တရားကောင်းကို။ အစ္စုတံ၊ ရွေ့ လျောခြင်း ပြောင်းရွှေ့ခြင်း မရှိထသော၊ အစ္စန္တံ၊ စုတိဟုဆိုအပ်

သော အဆုံးကိုလွန်သော။ အနုတ္တရ၊ တုမထင်သော ဘုရားရှင်တို့မှ မတုဘက် နိုင်သော။ အသင်္ခတ၊ ငြိမ်းခြင်း သိဂ်ိဘာ၁၀ သန္တိသုခ ဟူသော အသင်္ခတ ဓာတ်ကို။ ဝါနုမုတ္တာ၊ တဏှာမှ လွတ်မြောက်တော် မူကြကုန်သော။ မဟေသယော၊ ကြီးမြတ်တော်မူကြကုန်သောဘုရားရှင်တို့သည်။ နိဗ္ဗာနမိတိ၊ နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဟောတော်မူကြကုန်၏။

## ခန္ဓာငါးပါး ဖွဲ့ပြခြင်း။

၁။ ပရမတ္ထတရားလေးပါးတို့တွင်နှစ်ဆယ့်ရှစ်ပါးသော ရုပ်တို့သည် ရူပက္ခန္ဓာမည်၏။

၂။ စေတသိက် ငါးဆယ့်နှစ်ပါး တို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။

၃။ သညာ စေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ ဝေဒနာ၊သညာမှ ကြွင်းသော စေတသိက် ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ် တခု ယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့် တပါးသော စိတ်တို့သည် ဝိညာဏက္ခန္ဓာ မည်၏၊ ပေါင်း ခန္ဓာငါးပါးဖြစ်၏။

ထို ခန္ဓာ ပဉ္စက တို့တွင် ရူပက္ခန္ဓာကို အသညသတ် ဘုံ၌ အသညသတ် ပြဟ္မာသတ္တဝါဟူ၍ခေါ်သည်၊ အရူပ လေးဘုံ၌

ဝေဒနာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဤ နာမက္ခန္ဓာ လေးပါး၏ အစုအပေါင်း ကိုသာ အရူပဗြဟ္မာသတ္တဝါဟူ၍ ခေါ်သည်။

ထိုငါးခုသော ဘုံတို့မှကြွင်းကုန်သော နှစ်ဆယ့်ခြောက်ဘုံ၌ ခန္ဓာငါးပါးတို့ကိုပင် ငရဲသူ ငရဲသားဟူ၍ ပြိတ္တာ တိရစ္ဆာန် ဟူ၍ အသူရကာယ်ဟူ၍ လူဟူ၍ နတ်ဟူ၍ ဗြဟ္မာဟူ၍ ဖြစ်ပေါ်ရာ ဘုံဌာန သို့လိုက်၍ အမည် နာမ ဝေါဟာရအားဖြင့် ခေါ်ဝေါ်ကြကုန်၏။

ရူပက္ခန္ဓာသာရှိ၍ နာမက္ခန္ဓာလေးပါး မရှိသော ကာယအစုကို ဧကဝေါကာရ ခေါ်သည်။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာ လေးပါးသာ ရှိ၍ ရူပက္ခန္ဓာမရှိသော ကာယအစုကို စတုဝေါကာရ ခေါ်သည်။ ခန္ဓာငါးပါးလုံးရှိသော အစုကိုပဉ္စဝေါကာရခေါ်သည်။

## အာယတနတဆယ့်နှစ်ပါးဖွဲ့စည်းပြခြင်း။

၁။ ရုပ်အဋ္ဌဝီသ (၂၈) ခုတို့တွင် စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။

၂။ သောတပသာဒရုပ်သည် သောတာယတနမည်၏။

၃။ ဃာနပသာဒရုပ်သည် ဃာနာယတန မည်၏။

၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။

၅။ ကာယပသာဒရုပ်သည် ကာယာယတန မည်၏။

၆။ ရူပါရုံသည် ရူပါယတနမည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။

၈။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။

၉။ ရသာရုံသည် ရသာယတနမည်၏။

၁၀။ ပထဝီ တေဇော ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

၁၁။ စိတ်တခုယုတ်ကိုးဆယ် ( ၈၉ ) အကျယ် တရာ့နှစ်ဆယ့်တပါးသည် မနာယတနမည်၏။

၁၂။ စေတသိက် ငါးဆယ့်နှစ်ပါး သုခုမရုပ် နိဗ္ဗာန်ဤ တရားအပေါင်း ဟု ဆိုအပ်သော ဓမ္မာရုံသည် ဓမ္မာယတနမည်၏။

## ဓာတ်တဆယ့်ရှစ်ပါး ခွဲစည်းပြခြင်း။

၁။ ရုပ်အဋ္ဌဝီသ (၂၈) ခုတို့တွင် စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။

၂။ သောတပသာဒ ရုပ်သည် သောတဓာတ်မည်၏။

၃။ ဃာနပသာဒရုပ်သည် ဃာနဓာတ်မည်၏။

၄။ ဇိဝှါပသာဒ ရုပ်သည် ဇိဝှါဓာတ်မည်၏။

၅။ ကာယပသာဒ ရုပ်သည် ကာယဓာတ်မည်၏။

၆။ ရူပါရုံသည် ရူပ ဓာတ်မည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။

၈။ ဂန္ဓရုံသည် ဂန္ဓဓာတ်မည်၏။

၉။ ရသာရုံသည် ရသဓာတ်မည်၏။

၁၀။ ပထဝီ တေဇော ဝါယော ဟု ဆိုအပ် သော ဖောဋ္ဌဗ္ဗရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

၁၁။ စိတ္တံ ဟူသော ပရမတ္ထတရားအရ အဟိတ်စိတ် အဋ္ဌာရသတို့တွင် ကုသိုလ် အကုသိုလ် အကျိုးဖြစ်သော စက္ခုဝိညာဏ် ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။

၁၂။ သောတဝိညာဏ် ဒွေး သည် သောတဝိညာဏဓာတ်မည်၏။

၁၃။ ဃာနဝိညာဏ်ဒွေးသည်ဃာနဝိညာဏဓာတ်မည်၏။

၁၄။ ဇိဝှာဝိညာဏ်ဒွေး သည် ဇိဝှါဝိညာဏဓာတ်မည်၏။

၁၅။ ကာယဝိညာဏ်ဒွေး သည် ကာယဝိညာဏ ဓာတ်မည်၏။

၁၆။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း ဒွေး ဤသုံးပါး သည် အနောဓာတ်မည်၏။

၁၇။ ဒွေးပဉ္စဝိညာဏ် တဆယ် မနောဓာတ် သုံးပါးမှ ကြွင်းသော ခုနစ်ဆယ့်ခြောက်ပါးသောစိတ်။ ဝါ၊ တရာ့ရှစ်ပါးသော စိတ်သည် မနောဝိညာဏဓာတ် မည်၏။

၁၈။ စေတသိက် ၅၂းဆယ့်နှစ်ခုံ အတိတ် အနာဂတ် ဖြစ်သော ပဉ္စာရုံ သုခုမရုပ်တဆယ့်ခြောက်ခု နိဗ္ဗာန် တရားဟု ဆိုအပ်သော ဓမ္မာရုံ သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် တဆယ့်ရှစ်ပါးသော ဓာတ်တို့ ဖြစ်၏။

## သစ္စာလေးပါး ဖွဲ့စည်းပြခြင်း။

၁။ လောကီစိတ် ရှစ်ဆယ့်တခု လောဘစေတသိက် မှ တပါး ၅၂းဆယ့်တပါး သော စေတသိက် ရုပ် နှစ်ဆယ့်ရှစ်ခု တို့သည် ဒုက္ခသစ္စာမည်၏။

၂။ လောဘ စေတသိက်သည် သမုဒယသစ္စာမည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ မဂ်စိတ် လေးခုတို့၌ရှိသော သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ- အားဖြင့် မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် သစ္စာလေးပါးတရားတို့ဖြစ်၏၊ မဂ္ဂင်တရားကိုယ် ရှစ်ပါးမှကြွင်းသော မဂ်စိတ္တုပ္ပါဒ်တို့သည် သစ္စာဟူသော အရေ အတွက်မှ လွတ်ကုန်၏။ နိဗ္ဗာန်သည် ကာလသုံးပါး အပြားမရှိ သောကြောင့် ခန္ဓာဟူ၍ မရေတွက်ရ။

## ဗောဓိပက္ခိယ သုံးဆယ့်ခုနစ်ပါး ပြခြင်း။

### သတိပဋ္ဌာန်တရားလေးပါး။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

ဟူ၍ လေးပါး။သရုပ်တရားကိုယ်မှာ ရုပ်ဝေဒနာ စိတ် ခန္ဓာအာယာတနဓမ္မတို့ဖြစ်၏။

### သမ္မပ္ပဓာန်တရား လေးပါး။

၁။ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ပေါ် စေခြင်းငှာအားထုတ်ခြင်း။

၂။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကိုပပျောက်စေခြင်းငှာ အားထုတ်ခြင်း။

၃။ မဖြစ်ပေါ်သေးသော ကုသိုလ် တရားတို့ကို အမြန်ဖြစ်ပေါ်စေခြင်းငှာ အားထုတ်ခြင်း။

၄။ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို ခိုင်ခံ့ ပွားများစေခြင်းငှာ အားထုတ်ခြင်း။

ဟူ၍ လေးပါး။ သရုပ်တရားကိုယ်မှာ ကောင်းစွာ အားထုတ်ခြင်း သမ္မာဝါယာမတပါးသာလျှင် ဖြစ်သတည်း။

## ဣဒ္ဓိပါဒ်တရား လေးပါး။

၁။ ဆန္ဒိဒ္ဓိပါဒ်။ ၃။ စိတ္တိဒ္ဓိပါဒ်။
၂။ ဝီရိယိဒ္ဓိပါဒ်။ ၄။ ဝီမံသိဒ္ဓိပါဒ်။

ဟူ၍ လေးပါး။ မဟဂ္ဂုတ် လောကုတ္တရာ တရားအထူးတို့၏ ဖြစ်ပေါ် ပြီးစီးစေခြင်း၏ အခြေပါဒဖြစ်ခြင်းကြောင့် ဣဒ္ဓိပါဒ် ခေါ်သည်။

## ဣန္ဒြေတရားငါးပါး။

၁။ သဒ္ဓိန္ဒြေ။ ၃။ သတိန္ဒြေ။
၂။ ဝီရိယိန္ဒြေ။ ၄။ သမာဓိန္ဒြေ။
၅။ ပညိန္ဒြေ။

ဟူ၍ ငါးပါးဖြစ်သည်။

## ဗိုလ်ငါးပါး။

၁။ သဒ္ဓါဗိုလ်။ ၃။ သတိဗိုလ်။
၂။ ဝီရိယဗိုလ်။ ၄။ သမာဓိဗိုလ်။
၅။ ပညာဗိုလ်။

ဟူ၍ငါးပါးဖြစ်သည်။

## ဗောဇ္ဈင်တရား ခုနစ်ပါး။

၁။ သတိသမ္ဗောဇ္ဈင်။ ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်။
၃။ ဝီရိယသမ္ဗောဇ္ဈင်။ ၄။ ပီတိသမ္ဗောဇ္ဈင်။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်။ ၆။ သမာဓိသမ္ဗောဇ္ဈင်။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်။

ဟူ၍ ခုနစ်ပါး ဖြစ်သည်။

ပညာကို ဓမ္မဝိစယ သမ္ဗောဇ္ဈင် ခေါ်သည်။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နှစ်ပါးကို တပါးတည်း ပြု၍ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ခေါ်သည်။ တတြမဇ္ဈတ္တတာကို ဥပေက္ခာသမ္ဗောဇ္ဈင် ခေါ်သည်။

ဤ ခုနစ်ပါးသော ၁ တရားတို့ကို မဂ်ဉာဏ် ဟူသော ဗောဓိ၏ အစိတ် အင်္ဂါဖြစ်ခြင်းကြောင့် ဗောဇ္ဈင်ဟုခေါ်သည်။

## မဂ္ဂင်ရှစ်ပါး။

၁။ (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ) ပညာမဂ္ဂင်နှစ်ပါး။

၂။ (သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ) သီလ မဂ္ဂင်သုံးပါး။

၃။ (သမ္မာဝါယမ၊ သမ္မာသတိ သမ္မာသမာဓိ) သမာဓိ မဂ္ဂင် သုံးပါး။

ပေါင်း မဂ္ဂင်ရှစ်ပါးဖြစ်၏။

အားလုံးပေါင်းသော် သတိပဋ္ဌာန်လေးပါး၊ သမ္မပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ပေါင်း သုံးဆယ့်ခုနစ်ပါးဖြစ်၏။

သရုပ်တရားကိုယ်မှာ ဆန္ဒစိတ် တတြမဇ္ဈတ္တတာ ဥပေက္ခာ သဒ္ဒါ ဝီရိယ သတိ သမာဓိ ပညာ ဝိတက် ဝိရတီ သုံးခု တဆယ့်လေးပါးသာရှိသည်။ ဤတဆယ့်လေးပါး၊ သုံးဆယ့်ခုနစ်ပါးသော တရား တို့သည် မဂ်ဉာဏ် လေးပါး ဟူသော ဗောဓိ၏ အသင်းအပင်းဖြစ်ကြသောကြောင့် ဗောဓိပက္ခိယခေါ်သည်။

## ဝိသုဒ္ဓိခုနစ်ပါး ပြခြင်း။

၁။ သီလဝိသုဒ္ဓိ။ ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။
၂။ စိတ္တဝိသုဒ္ဓိ။ ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။
၃။ ဒိဋ္ဌိဝိသုဒ္ဓိ။ ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။
၇။ ဉာဏဒဿနဝိသုဒ္ဓိ။

## သီလဝိသုဒ္ဓိ ပြခြင်း။

၁။ ပါတိမောက္ခသံဝရသီလ။
၂။ ဣန္ဒြိယသံဝရသီလ။
၃။ အာဇီဝပါရိသုဒ္ဓိသီလ။
၄။ ပစ္စယသန္နိဿိတသီလ။

ထိုလေးပါးတို့တွင် ရဟန်းတော်တို့မှာ ပါတိမောက်၌ လာသော နှစ်ရာနှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပုဒ် အပေါင်းသည်

ပါတိမောက္ခသံဝရသီလ မည်၏။ စက္ခုစသော ဣန္ဒြေ တို့ကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရ သီလမည်၏။ မြတ်စွာဘုရား စက်ဆုပ်အပ်သော မိစ္ဆာဇီဝ အမှုဖြင့် ရသော ပစ္စည်းတို့ကို ရှောင်ကြဉ်၍ တရားသဖြင့် ရသော ကပ္ပိယပစ္စည်း တို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။တရားသဖြင့်ရသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံး ဆောင်မှီဝဲခြင်းသည် ပစ္စယသန္နိဿိတသီလမည်၏။

**ဆဒ္ဒါရေ ဃဋ္ဋိတာရမ္မဏေသု အဘိဇ္ဈာဒီနံ**
**အနုပ္ပတ္တိဝသေန ဣန္ဒြိယသံဝရံ ဟောတိ။ ။**

**(ခုဒ္ဒကပါဌအဋ္ဌကထာ၊)**

**ဆဒ္ဒါရေ၊** ခြောက်ပါးသော ဒွါရတို့၌။ **ဃဋ္ဋိတာရမ္မဏေသု၊** ထိခိုက်သော အာရုံတို့၌။ **အဘိဇ္ဈာဒီနံ၊** အဘိဇ္ဈာ အစရှိသော အကုသိုလ်တရား တို့၏။ **အနုပ္ပတ္တိဝသေန၊** မဖြစ်သည်၏ အစွမ်း အားဖြင့်။**ဣန္ဒြိယသံဝရံ၊**ဣန္ဒြိယသံဝရသီလသည်။**ဟောတိ၊**ဖြစ်၏။ ဟု စိတ်ကို **စောင့်ရှောက်** သဖြင့် သာလျှင် စင်ကြယ်သည်၏ အဖြစ်ကြောင့် ဣန္ဒြိယသံဝရသီလမည်၏။

ဒုစရိုက်ခုနစ်ပါးတို့ဖြင့် ရသောပစ္စည်း။ ဤမိစ္ဆာဇီဝတို့ဖြင့် ရသော ပစ္စည်းတို့ကို ရှောင်ကြဉ်၍ ကောင်းသော အပြစ်ကင်း သော တရားသဖြင့်ရသော ပစ္စည်း သုံးဆောင်မှီဝဲ၍အသက်မွေး ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ တရားသဖြင့် ရှာကြံ

ရအပ်သော အဝတ် ပုဆိုး အစာအာဟာရတို့ကို ပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင်၍ စည်းစိမ် ဥစ္စာဖြင့် မိန်းမော တွေဝေခြင်းသို့ မရောက်မူ၍ သုံးဆောင်မှီဝဲခြင်းသည်ပင် ပစ္စယသန္နိဿိတ သီလမည်၏။

ပဋိကူလဖြင့်ဆင်ခြင်ပုံမှာ။ ။ယံ ဘတ္တံ ဝဏ္ဏ ဂန္ဓ ရသ
သမ္ပန္နံ၊အဇိဂုစ္ဆနိယံ၊ယံ ပုတိကာယံ ပတွာပန အတိဝိယ
ဇိဂုစ္ဆနိယဘာဝံ ပါပုဏာတိ။ ။

ဟု ဆင်ခြင်ရာ၏။

ယံဘတ္တံ၊ ဤထမင်းသည်။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံပါပေ၏။ အဇိဂုစ္ဆနိယံ၊ စက်ဆုပ် ရွံရှာဘွယ် မရှိပါပေ။ ယံပုတိကာယံ၊ ဤကိုယ်သမုတ် အကောင်ပုပ်သို့။ ပတွာပန၊ ရောက်ဘိ မူကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနိယဘာဝံ၊ စက်ဆုပ် ရွံရှာဘွယ်အဖြစ်သို့။ ပါပုဏာတိ၊ ရောက်ပေတော့လတ္တံ့။

စတုဓာတု ဝဝတ္ထံဖြင့် ဆင်ခြင်ပုံမှာ။ ။ဓာတုမတ္တက
မေဝ ယံ ဘတ္တံ၊ တထေဝ ပရိဘုဉ္ဇော ပုဂ္ဂလောပိ
ဓာတုမတ္တကမေဝ။ ။

ဟု ဆင်ခြင်ရာ၏။

ယံဘတ္တံ၊ ဤထမင်း သည်။ ဓာတုမတ္တကမေဝ၊ ပထဝီ အာပေါ တေဇော ဝါယောဟုဆိုအပ်သော ဓာတ်လေးပါး၏ အပေါင်း အစုမျှသာ တည်း။ တထေဝ၊ ထိုဓာတ်လေးပါး ရှင် ထမင်းအသွင် ဖြစ်သကဲ့သို့သာလျှင်။ ပရိဘုဉ္ဇော၊ ထိုထမင်းကို

စားသောက်မှီဝဲသော။ ပုဂ္ဂလောပိ၊ ယောကျ်ား မိန်းမ စသော ပုဂ္ဂိုလ်တို့ သည်လည်း။ ခါတုမတ္တကမေဝ၊ ပထဝီ အာပေါ တေဇော ဝါယော ဟု ဆိုအပ်သော ဓာတ်လေးပါး၏ အပေါင်း မျှသာတည်း။

စတုပါရိသုဒ္ဓိ သီလ လေးပါး တို့တွင် သဒ္ဓါ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပါတိမောက္ခသံဝရသီလ ပြည့်စုံ၏။ သတိ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ဣန္ဒြိယသံဝရသီလပြည့်စုံ၏။ ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံ၏။ ပညာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် ပစ္စယ သန္နိဿိတ သီလ ပြည့်စုံ၏။

## စိတ္တဝိသုဒ္ဓိပြခြင်း။

စိတ်သန္တာန်၌ နီဝရဏအညစ်အကြေးတို့ကို စင်ကြယ်အောင် ပြုတတ်သော ဥပစာရသမာဓိ အပ္ပနာသမာဓိတို့သည် စိတ္တဝိသုဒ္ဓိ မည်၏။ တနည်း၊ သမ္မသနဉာဏ်ဖြင့် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ-ဟု လေ့လာပွားများအားထုတ်၍ တဏှာအာသာ တွယ်တာခြင်းမှ စင်ကြယ်ခြင်းသည် စိတ္တဝိသုဒ္ဓိမည်၏။

## ဒိဋ္ဌိဝိသုဒ္ဓိပြခြင်း။

သက္ကာယဒိဋ္ဌိကင်းကွာအောင် နာမ် ရုပ် တရားနှစ်ပါး တို့ကို ပိုင်းခြားဆင်ခြင် ကြည့်ရှုနိုင်သော နာမရူပ ပရိစ္ဆေဒ ဉာဏ် သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ခြင်း၊

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီးလျှင် နာမ်ရုပ်တို့သည် ပဋိသန္ဓေအခါ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဤသုံးပါးသည် ဥပနိဿယ အကြောင်း၊ ကံသည် ဇနကအကြောင်း၊ အာဟာရသည် ဥပထမ္ဘက ပစ္စည်းဖြစ်သော အကြောင်း။ ဤအကြောင်းတရား တို့ကြောင့် ဖြစ်သတည်း ဟု နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းပိုင်းခြား စဉ်းစားလျက် ကာလသုံးပါး၌ ယုံမှားခြင်း တဆယ့်ခြောက်ပါး ကင်္ခါကို လွန်မြောက်၍ တည်သော ပစ္စယပရိဂ္ဂဟဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

---

### ယုံမှားခြင်း တဆယ့်ခြောက်ပါး။

၁။ အဟောသိံနုခေါ အဟံ အတီတ မဒ္ဓါနံ။

၂။ နနုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၃။ ကိံနုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၄။ ကထံနုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၅။ ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတ မဒ္ဓါနံ။ ။အတိတ်၌ ငါးပါး။

၁။ ဘဝိဿာမိနုခေါ အဟံ အနာဂတမဒ္ဓါနံ။

၂။ နနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၃။ ကိံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၄။ ကာယံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၅။ ကိံဟုတွာ ကိံဘဝိဿာမိ နုခေါ အဟံ အနာဂတ မဒ္ဓါနံ။ ။အနာဂတ်၌ ငါးပါး။

၁။ အဟံအသို့နုခေါ။ ၃။ ကိံနုခေါအသို့။

၂။ နနုခေါအသို့။ ၄။ ကထံနုခေါအသို့။

၅။ အယံနုခေါ သတ္တော ကုတောအာဂတော။

၆။ သောကုဟိံ ဂါမိ ဘဝိဿတိ။ ။ပစ္စုပ္ပန်၌ ခြောက်ပါး။

**အတိတ်၌ယုံမှားခြင်းငါးပါး။**

(၁) အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ကာလ၌။ အဟောသိံနုခေါ၊ ဖြစ်ဘူးလေပြီလော။

(၂) အတီတမဒ္ဓါနံ၌။ နအဟောသိံ နုခေါ၊မဖြစ်ဘူးသေး သလော။ဤယုံမှားခြင်း နှစ်ပါးသည် သဿတဝါဒ အစ္ဆိ သမုပ္ပန္နဝါဒ နှစ်ပါးကိုမှီ၍ ဖြစ်ခြင်းတည်း။

(၃) အတီတမဒ္ဓါနံ၊ ၌။ ကိံနုခေါ အဟောသိံ၊အဘယ်သို့ သောသူ ဖြစ်ဘူးလေသနည်း။

လူ, မင်း, နတ်, စသောဇာတိလိင်ကိုမှီ၍ဖြစ်ခြင်းတည်း။

(၄) အတီတမဒ္ဓါနံ၌။ ကထံနုခေါ အဟောသိံ၊ အဘယ် သို့သော အခြင်းအရာအားဖြင့် ဖြစ်ဘူးလေသနည်း။

ဒီဃ ရဿ စသော သဏ္ဌာနာကာရကိုမှီ၍ ဖြစ်၏။

(၅) အတီတမဒ္ဓါနံ၊ ဌ်။ ကိံ၊ အဘယ်သို့သော သူသည်။ ဟုတ္ဘ၁၊ ဖြစ်ပြီး၍။ ကိံ၊ အဘယ် သို့သော သူသည်။ အဟောသိံ နခေါ၊ ဖြစ်ဘူးလေသနည်း။

ဤကား အဆင့်အဆင့် ဆက်၍ဖြစ်သောဇာတိ စသည်ကိုမှီ၍ ဖြစ်ခြင်းတည်း။ ။ဤကား အတိတ်၌ ငါးပါးတည်း၊

---

အနာဂတ်၌ယုံမှားခြင်းငါးပါး၊

(၁) အဟံ၊ ငါသည်။အနာဂတမဒ္ဓါနံ၊အနာဂတ် ကာလ ၌။ ဘဝိဿာမိနုခေါ၊ ဖြစ်ရလတ္တံ့လော။

(၂) အနာဂတမဒ္ဓါနံ၊၌။နနုခေါဘဝိဿာမိ၊ မဖြစ်ရလတ္တံ့ လော။

ဤ နှစ်ပါးသည်ကားသဿတဝါဒ၊ဥစ္ဆေဒါဝါဒနှစ်ပါး ကိုမှီ၍ ဖြစ်ခြင်းတည်း။

(၃) အနာဂတမဒ္ဓါနံ၊ ၌၊ ကိံနုခေါ ဘဝိဿာမိ၊အဘယ် သို့သောသူ ဖြစ်ရလတ္တံ့နည်း၊

ဤကား လူ, မင်း, နတ်, စသော ဇာတိလိင်ကို မှီ၍ ဖြစ်ခြင်း တည်း။

(၄) အနာဂတမဒ္ဓါနံ၊၌။ကထံနုခေါ ဘဝိဿာမိ၊ အဘယ် သို့သော အခြင်းအရာအားဖြင့် ဖြစ်ရလတ္တံ့နည်း။ ။ဤကား ဒီဃ ရဿ စသောသဏ္ဌာနာကာရကိုမှီ၍ဖြစ်ခြင်းတည်း။

(၅) အနာဂတမဒ္ဓါနံ၊ ၌။ကိံ၊ အဘယ်သို့သော သူသည်။ ဟုတွာ၊ နောင်ဖြစ်လတ္တံ့ဖြစ်၍။ အဟံ၊ ငါသည်။ ကိ ဘဝိဿာမိ

နုခေါ၊ အဘယ်သို့သော သူသည် ဖြစ်ရလတ္တံ့နည်း။ ဤကား အဆင့်ဆင့်ဆက်၍ဖြစ်သော ဇာတိစသည်ကိုမှီ၍ဖြစ်ခြင်းတည်း။ ။ ဤကား အနာဂတ်၌ငါးပါးတည်း။

**ပစ္စုပ္ပန်၌ယုံမှားခြင်း ခြောက်ပါး။**

(၁) အဟံအသ္မိနုခေါ၊ ငါဟုတ်လေသလော။

(၂) နနုခေါအသ္မိ၊ ငါမဟုတ်လေသလော။

ဤကား ခန္ဓာငါးပါး ကို သိမ်းဆည်း ဆင်ခြင်မိမှ ၎င်း နှစ်ပါးကို ထင်ရှားသိ၍ ဤသို့သောယုံမှားခြင်းမှကင်းသည်။

(၃) ကိံ၊ အဘယ်သို့သောသူသည်။အသ္မိနုခေါ၊ငါဖြစ်လေသနည်း။

(၄) ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ အသ္မိနုခေါ၊ ငါဖြစ်လေသနည်း။

(၅) အယံသတ္တော၊ ဤငါဖြစ်သော သတ္တဝါ အတ္တဘောသည်။ ကုတော၊ အဘယ်ဘဝက။ အာဂတောနုခေါ၊ လာခဲ့လေသနည်း။

(၆) သော၊ ထိုအတ္တဘောသည်။ ကုဟိံ ဂါမိ၊ အဘယ်ဘဝသို့သွားရလတ္တံ့သည်။ဘဝိဿတိနုခေါ၊ ဖြစ်လိမ့်မည်နည်း။

ဤကား ပစ္စုပ္ပန်၌ယုံမှားခြင်း ခြောက်ပါးတည်း။

ဤ တဆယ့်ခြောက်ပါးသော ယုံမှား ကင်းခြင်းသည်။ ရုပ်နာမ်တရားတို့၏အကြောင်းကိုရှာဘွေ ဆင်ခြင်လျှင် ဇူတ္တိ ပရိသသတ္တ အထင်နှင့်တကွ ပျောက်ကင်း ငြိမ်းလေ သောကြောင့် စူဠသောတာပန် အဖြစ်သို့ရောက်လေတော့သတည်း။

## မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ ပြခြင်း။

ဤကဲ့သို့ အကြောင်းနှင့်တကွ နာမ်ရုပ်တို့ကို သိပြီးလျှင် နာမ်ရုပ်တို့သည် အနိစ္စ ဒုက္ခ အနတ္တ သာတည်း ဟုသမ္မသနဉာဏ်ဖြင့် သုံးသပ်ကြည့်ရှု၍ ဖြစ်ခြင်း ပျက်ခြင်း တို့ကိုကောင်းစွာ မြင်သော ဥဒယဗ္ဗယဉာဏ်သို့ ရောက်လေ၏။ဤသို့ အဖြစ်အပျက်ကိုရှုသော ပုဂ္ဂိုလ်အာ၊ ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း အညစ်အကြေး ဆယ်ပါး ဖြစ်လာ၏။ ထိုတွင်ထိုင်နေသည့်အတွင်း၌ သော်၎င်း၊ တိုက်ခန်းအတွင်း၌ သော်၎င်း၊အပြင်သို့ ရောက်သည့်တိုင်အောင် သော်၎င်း ဝိပဿနာဉာဏ်အားလျော်စွာ တမြိုင်နက် ထွန်းလင်းနိုင်သော မိမိသာမြင်ရသော ကိုယ်ရောင် အလင်းသည်ဩဘာသ မည်၏။ထိုဩဘာသန္တံရာ အရပ်အတွင်း၌ရှိသော အဆင်းတို့သည် ဒိဗ္ဗစက္ခု အဘိညာဏ်အား ထင်သကဲ့သို့ တရားပုဂ္ဂိုလ်၏ မနောဒွါရိက ဝိညာဏ်အား ထင်လာ မြင်လာကုန်၏။ ထိုဩဘာသကို ဩဘာသဟုမသိသောကြောင့် ငါ့အား ဤကဲ့သို့သောဝိပဿနာဘိရတိသည် ရှေး၌မဖြစ်ဘူးပါတကားဟု ဩဘာသကို သာလျှင် စိတ်သွားလျက် ယေဘုယျအားဖြင့် အဘိညာဏ်ရသော စျာနလာဘီပုဂ္ဂိုလ်သည်၎င်း၊သုက္ခဝိပဿနာပုဂ္ဂိုလ်သည်၎င်း၊ဩဘာသကို နိဗ္ဗာန် ဟုမှတ်ထင်၍ ဩဘာသလျှင် အာရုံရှိသော သိမ်မွေ့လှစွာသောဥဒ္ဓစ္စသဟဂုတ် မောဟမူ လောဘမူစိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်မှတ်ထင်၍ မဟာနာမ မထေရ်ကြီးအလားကဲ့သို့ ဝိပဿနာလမ်း မှားတတ်ချေသည်။ ။

( ဩဘာသပြီး၏- ၁။ )

ကိုယ်လုံး ပြွမ်းအိ၊ ဆိထိသော ဂွမ်း ပမာ ဝိပဿနာဉာဏ်နှင့် ယှဉ်၍ အစဉ်အတိုင်း ဖြစ်သော ခုဒ္ဒကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတိ အားဖြင့် ငါးပါးသောပီတိသည် ပီတိသမ္ဗောဇ္ဈင် မည်၏။ ထိုတွင် ဥပစာရအခိုက် အပ္ပနာ အခိုက် ဟူသော အပြီး အဆုံးသို့ ရောက်သည့်အခါသာ ဖရဏာပီတိ ဖြစ်နိုင်၏။ ။(ပီတိပြီး၏–၂။)

လဟုတာ စသည် ခြံရံ၍ ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်သော ကိုယ်စိတ် အလွန်ငြိမ်းချမ်းခြင်း နှစ်ပါးသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏။ ။(ပဿဒ္ဓိပြီး၏=၃။)

ဝိပဿနာနှင့်ယှဉ်သော လွန်စွာအားကြီးသောကြည်လင်ခြင်း ပသာဒ သဒ္ဓါသည်အဓိမောက္ခမည်၏။ ။(အဓိမောက္ခပြီး၏–၄။)

အသိထိလ၊ အနစ္စာရဒ္ဓ သုပဂ္ဂဟိတ ဖြစ်သော သမ္မပ္ပဓာန်ကိစ္စကိုပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်သည် ပဂ္ဂဟမည်၏။ ။(ပဂ္ဂဟပြီး၏–၅။)

အတိပတီတဖြစ်သော ကိုယ်လုံး စိုစွတ်အလွန်မြတ်ထွတ်သော ချမ်းသာသည် သုခမည်၏။ ။(သုခပြီး၏-၆။)

သိကြားမင်း ရွယ်ချိန် ဝဇိရစိန်လက်နက်မိုးကြိုး စက်ကဲ့သို့ ထက်မြက်သန့်ရှင်း ဖောက်ထွင်းနိုင်သော ဝိပဿနာ ပညာသည် ဉာဏ်မည်၏။ ။(ဉာဏပြီး၏–၇။)

ကျောက်ဖျာ၌ ရေးသော အရေးအသွင် အလွန်ထင်ရှားသော မြင့်မိုရ်တောင်အလား လှုပ်ရှားခြင်းမရှိသောသတိသည် ဥပဋ္ဌာန မည်၏။ ။(ဥပဋ္ဌာနပြီး၏=၈။)

သိကြား ပစ်သွတ်အပ်သော ဝဇီရစိန်အလား မိုးကြိုးသွား ကဲ့သို့ ဥဒယဗ္ဗယတရားတို့၌ လျစ်လျူဖြစ်သော ဝိပဿနာပေက္ခာ အာဝဇ္ဇနုပေက္ခာ နှစ်ပါးသည် ဥပေက္ခာသမ္ဘောဇ္ဈင်မည်၏။ ။ (ဥပေက္ခာပြီး၏—၉။)

အာရဒ္ဓဝိပဿက အဖြစ်မှ ရှေ့အဖို့၌ ဤသို့သဘောရှိသော အရောင်တို့သည် မထွက်စဘူး၊ ယခုငါ၏ကိုယ်၌ ဤအလင်းရောင် တို့သည် ထွက်ပေသတတ်၊ ဤကိုယ်မှဖြစ်သော အရောင် အလင်း သည် ကောင်းလေစွတကားဟု ငဲ့ကွက်ခြင်းတရားကို ကိလေသာ ဟူ၍ မသိနိုင်ရာ လွန်စွာ သိမ်မွေ့သော ဝိပဿနာ၌ တွယ်တာ ငဲ့ကွက် နှစ်သက်တပ်စွမ်းသော တဏှာသည် နိကန္တိမည်၏။ ။ (နိကန္တိ ပြီး၏—၁၀။)

ဤ ပီတိစသော ကိုးပါး၌လည်း ဩဘာသကဲ့သို့ မဂ်ဖိုလ်ဟု ထင်မှား၍ ဝိပဿနာလမ်း လွဲတတ်သည်။ ဤဩဘာသ စသော ဆယ်ပါးသော တရားတို့သည် ဒိဋ္ဌိ,မာန,တဏှာ—ဟူသော ဥပက္ကိ လေသာသုံးပါးတို့၏ တည်ရာ အာရုံ အကြောင်းဝတ္ထုဖြစ်သော ကြောင့် ညစ်ညူးခြင်းတရား မည်ကုန်၏။

မမ ဩဘာသော ဥပ္ပန္နော။ ။မမ၊ ငါ၏။ ဩဘာသော၊ အရောင် အလင်းသည်။ ဥပ္ပန္နော၊ ဖြစ်လာပေပြီ။ ဤသို့စွဲလမ်း ခြင်းသည်ဒိဋ္ဌိဂါဟမည်၏။မနာပေါ ဝတ ဩဘာသော ဥပ္ပန္နော။ မနာပေါ၊ နှစ်သက်ဘွယ်သော။ ဩဘာသော၊ အရောင် အလင်း သည်။ ဥပ္ပန္နော ဝတ၊ ဖြစ်စေနိုင်သည်တကား။ ဤသို့ထောင်လွှား စွဲလမ်းခြင်းသည် မာနဂါဟမည်၏။ ဤအရောင်အလင်းကို သာ

ယာနုစ်သက် စုံမက် မြတ်နိုးခြင်းသည် တဏှာဒုဂ္ဂါဟမည်၏။ ဤဂါဟသုံးပါးဖြင့် မြှောက်ပွားသော ဥပက္ကိလေသ သုံးဆယ်ဖြစ်၏။ ဤဒိဋ္ဌိမာန တဏှာ သုံးပါးသည် လမ်းမှန်မဟုတ် စင်စစ် သော်ကား ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် ဖြစ်သတည်း။ ဥပက္ကိလေသ တို့မှလွတ်၍ လမ်းမှန်သော မဂ္ဂဝီထိ အစဉ်၌ ဖြစ်သော ဝိပဿနာဉာဏ်သည် သာလျှင် မဂ်ဟူ၍ မဂ်၏ လက္ခဏာကို ပိုင်းခြားခြင်း။ မဂ်မဟုတ်သည်၌ မဂ်ဟူသောသညာကို သုတ်သင်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။

---

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြခြင်း။

ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသ ဆယ်ချက်မှ ထွက်မြောက်၍ လမ်းမှန်သို့ ရောက်ပြီးသော ဥဒယဗ္ဗယဉာဏ်သို့နောက် အဆက်ဆက်သော ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် ဤဝိပဿနာဉာဏ် ကိုးပါးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

## ဉာဏဒဿနဝိသုဒ္ဓိ ပြခြင်း။

ဥဒယဗ္ဗယဉာဏ်ကို အစဉ်မပြတ် သုံးသပ် ဆင်ခြင် နေသော တရား ပုဂ္ဂိုလ်သည် အလိုအလျောက် ဉာဏ်စဉ် အတိုင်းဖြင့် သင်္ခါရုပေက္ခာဉာဏ်၏ ရင့်သန်ခြင်းကို ပကတူပအကြောင်းရ၍

သောတာပတ္တိမဂ် ဖြစ်လိုလပ်သော်၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ နှစ်ကြိမ်၊ထိုနောင် **တေဘူမက** သင်္ခါရတို့တွင် **တပါး**ပါးကိုအာရုံ ပြု၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ အနုလုံဟုသုံးကြိမ်ဖြစ်၏။

အကြင်အခါ၌ လျစ်လျူရှုသော ညာဏ်သည် ဝိပဿနာ ညာဏ်၏ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ သစ္စာနုလောမ ညာဏ်နှင့် တကွ ဖြစ်သော ထိုသင်္ခါရ တို့၌ လျစ်လျူရှုသော ညာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍ရင်း၊ အပါယ်စသည်မှ ရင်း၊ သင်္ခါရနိမိတ်မှရင်း၊ ထခြင်း ဟု ဆိုအပ်သောမဂ်သို့ ရောက် ကြောင်း ဝိပဿနာ ဟူ၍လည်း ဆိုအပ်၏။

ထိုနောက် ဝိပဿနာဇောနှစ်ကြိမ်သုံးကြိမ်ဖြစ်သည့်နောက်၌ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍၊ ပုထုဇဉ်တို့၏အနွယ်ကို ဖြတ်လျက်အရိယာတို့၏ အနွယ်သို့ရောက်စေသည်ဖြစ်၍ ဖြဉ်၏။ ထိုနောက်ထိုစိတ်၏ အခြားမဲ့၌ဖြစ်သော သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိလျက်၊ သမုဒယသစ္စာကို ပယ်လျက်၊ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်၊ မဂ္ဂသစ္စာကို ပွားသည်၏ အစွမ်းအားဖြင့် အပ္ပနာဝီထိသို့ သက်၏။ ထိုနောင် နှစ်ကြိမ် သုံး ကြိမ်သော ဖိုလ်ဇောသည် သက်၍ ဘဝင်ကျလေ၏။

ထိုနောက် ဘဝင်ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန် ၏။ဤပစ္စဝေက္ခဏာဉာဏ်ဖြင့်မိမိမဂ်မိမိ၏ဖိုလ်တို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိသည်ငါးပါးတည်း။ ငါးပါး ဟူသည် မဂ်ကို ဆင်ခြင်သည် တဝီထိ၊ဖိုလ်ကိုဆင်ခြင်သည် တဝီထိ၊ နိဗ္ဗာန်ကိုဆင် ခြင်သည် တဝီထိ၊ပယ် ကိလေသာကိုဆင်ခြင်သည် တဝီထိ၊ ကြွင်း

ကိလေသာကို ဆင်ခြင်သည် တစိထိ၊ ဤသို့လျှင် ပစ္စဝေက္ခဏာ ဝီထိ သည် ငါးပါးဖြစ်၏။

အထက်မဂ် အထက်ဖိုလ်သို့ လိုသောပုဂ္ဂိုလ်တို့ သည်လည်း တောဘုမကာ သခ်ါရတို့တွင် တပါးပါးကို လက္ခဏာရေး သုံးပါး တင်ပြီးလျှင် ဆက်၍ သုံးသပ်ဆင်ခြင်အပ်၏။

ရဟန္တာပုဂ္ဂိုလ်တို့မှာ ကြွင်း ကိလေသာ မရှိသော ကြောင့် ပစ္စဝေက္ခဏာဝီထိ ပေါင်း တဆယ့်ကိုး ဝီထိသာတည်း။

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ခြောက်ပါးသော ဝိသုဒ္ဓိ အစဉ် ဖြစ်ပွားစေအပ်သော လေးပါးအပြားရှိသော မဂ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဤတွင် ဝိသုဒ္ဓိဘေဒ ပြခြင်း ပြီး၏။

---

## ပစ္စဝေက္ခဏာ ဝီထိပါဠိကို ပြခြင်း။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော၊
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ န ဝါ။

ပဏ္ဍိတော၊ ပညာရှိအရိယာပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မဂ်ကိုရင်း။ ဖလဉ္စ၊ ဖိုလ်ကိုရင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုရင်း။ ပစ္စဝေက္ခတိ၊ အမြဲ မှချ ဆင်ခြင်၏။ ဟီနေ၊ ပယ်အပ်ပြီးကုန်သော။ ကိလေသေစ၊ ကိလေသာတို့ကိုရင်း။ သေသေ၊ ကြွင်းကျန်ကုန်သော။ ကိလေ သေစ၊ ကိလေသာတို့ကိုရင်း။ ပစ္စဝေက္ခတိဝါ၊ ဆင်ခြင်သည် လည်း ရှိ၏။ နပစ္စဝေက္ခတိဝါ၊ မဆင်ခြင်သည်လည်းရှိ၏။

## ဝိပဿနာ ဉာဏ် ဆယ်ပါး ပြခြင်း။

၁။ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးထင်မြင်အောင် သုံးသပ် ဆင်ခြင်သော ဉာဏ်သည် သမ္မသန ဉာဏ် မည်၏။

၂။ ထိုသို့သုံးသပ်ဆင်ခြင်၍ ဖြစ်ခြင်း ပျက်ခြင်း အနိစ္စလက္ခဏာကို ထင်မြင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

၃။ ထို ဥဒယဗ္ဗယဉာဏ် ရင့်သန်၍ သင်္ခါရတရားတို့၏ဖြစ်ခြင်းကိုမမြင်မူ၍ပျက်ခြင်းကိုသာ မြင်သောဉာဏ်သည် ဘင်ဉာဏ် မည်၏။

၄။ ဥဒယဗ္ဗယဉာဏ် ရင့်သန်၍ ဖြစ်ခြင်း ပျက်ခြင်း အနိစ္စသဘောကို ကောင်းစွာ ထင်မြင်သောအခါ သင်္ခါရတရားတို့၌ နှစ်သက်ဘွယ် သာယာဘွယ် ဟူ၍မမြင်၊ မနှစ်သက်ဘွယ် မသာယာဘွယ် မလိုချင်ဘွယ် စက်ဆုပ် ကြောက်မက်ဘွယ် အခြင်းအရာ ဒုက္ခ သဘောတွေ ကိုသာ ထင်မြင်သော ဉာဏ်သည် ဘယဉာဏ် မည်၏။

၅။ ထိုဘယဉာဏ်ရင့်သန်၍ အလုံးစုံသောလောက အလုံးစုံသောသင်္ခါရတို့၌ ကိုးကွယ်ရာမဲ့ဖြစ်၍ဘေးအစုရန်အစုဆင်းရဲအစုတွေ အပြစ်တွေ ဒုက္ခတွေကိုသာမြင်၍ နေသောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

၆။ အပြစ်တွေ့ ဘေးဒုက္ခတွေ့ကိုသာ မြင်သဖြင့် အလုံးစုံသော သင်္ခါရ တရားတို့၌ နှစ်သက်ခြင်း မရှိ ပျော်မွေ့ခြင်း မရှိ ပျင်းမုန်းငြီးငွေ့သော ဉာဏ်သည် နိဗ္ဗိဒါ ဉာဏ်မည်၏။

၇။ ထိုသို့ပျင်း မုန်း ငြီးငွေ့ မပျော်မွေ့သဖြင့် သင်္ခါရတရားတို့မှ ကင်းရှင်း ကျွတ်လွတ် လိုသော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ် မည်၏။

၈။ ထိုသို့ကင်းရှင်းကျွတ်လွတ်လို၍ မြန်မြန်လွတ်လေအောင် သင်္ခါရတရားတို့ကို လွန်စွာအပြစ်မြင်အောင် လက္ခဏာရေး သုံးပါးတင်၍ သုံးသပ်ဆင်ခြင်သော ဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

၉။ ထိုသို့ လက္ခဏာရေးသုံးပါးတင်၍ သုံးသပ်ဆင်ခြင်ကြည့်ရှုသဖြင့် လက္ခဏာဉာဏ် ထက်သန်အားကောင်းစွာ ဖြစ်ပေါ်၍ သင်္ခါရတရားတို့ကို စွန့်လွှတ် နိုင်လောက်အောင် ဉာဏ်အမြင် ပိုင်နိုင်ခြင်းကြောင့် သင်္ခါရဘေးအတွက် များစွာပူပန်ကြောင့်ကြခြင်း ဗျာပါရ မရှိမူ၍ ရှုမြင်တည်နေသော ဉာဏ်သည် သင်္ခါရုပေက္ခာ ဉာဏ်မည်၏။

၁၀။ မဂ်၏ အနီး၌ဖြစ်သော ပရိကံ ဥပစာ အနုလုံ ဇောဉာဏ်တို့သည် အနုလောမ ဉာဏ်မည်၏။

ဤ ဉာဏ်ဆယ်ပါး တို့တွင် ဥဒယဗ္ဗယ ဉာဏ်ကိုသာလျှင် တမင် ဖြစ်ပေါ်ရရှိအောင် သုံးသပ်ဆင်ခြင် ပွားများရသည်။ဤ ဥဒယဗ္ဗယဉာဏ် ထက်သန်အားကောင်းလျှင် ကြွင်းကုန်သော ဉာဏ်တို့သည် အဆင့်ဆင့် အလိုလို ဖြစ်ပေါ်၍ သွားပါတော့သည်၊ တမင်အားထုတ်ဘွယ်မရှိပါ။

ပရိယတ္တိပညာ အခန်း ဤမျှနှင့်ပင်တော်ပြီ။

——××:××——

# ပဋ္ဌိပတ္တိပညာကို ဖော်ပြသောအခန်း။

ဤ သုတော်စဉ်ရှုဘွယ်ကျမ်းသည် ပဋိပတ်ကို အားထုတ်လို သော ပုဂ္ဂိုလ်တို့၏ အဘို့သာလျှင် ဖြစ်သောကြောင့် ပရိယတ္တိ ပညာအခန်းကို ဖော်ပြရာ၌ ဤမျှနှင့်ပင်ဖြတ်၍ ပဋိပတ္တိပညာ အခန်းကိုဖော်ပြတော့မည်။ ထိုသို့ ပဋိပတ္တိပညာအခန်းကို ဖော် ပြရာ၌ လိုအပ်သော ပရိယတ္တိကိုလည်း ထည့်သွင်း ဖော်ပြမည် ဖြစ်၏။ ထို့ကြောင့် ယခုအခါ ပဋိပတ္တိပညာအခန်းကို ရေးသား စီရင်တော့အံ့။

## ပရမတ္ထသစ္စာ နှင့် သမ္မုတိသစ္စာတို့ကို ပြခြင်း။

သစ္စာသည် သမ္မုတိသစ္စာ ပရမတ္ထသစ္စာ ဟူ၍ နှစ်ပါးရှိ၏။ သက်မဲ့ လောက၌ တော တောင် ရေ မြေ အစရှိသဖြင့် ၎င်း၊ သက်ရှိလောက၌ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ အစရှိသဖြင့် ၎င်း၊သမုတ်မှတ်သားအပ်သော ပညတ်တို့ကို သမ္မုတိသစ္စာခေါ် သည်။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဤလေးပါး တို့ကို ပရမတ္ထ သစ္စာ ခေါ်သည်။ ဤစကား မှန်၏။ ပညတ်လည်း ပညတ် အလျောက် ပရမတ္ထလည်း ပရမတ္ထအလျောက် သူ နေရာနှင့်သူ အမှန်ပင်ဖြစ်၏။ထို့ကြောင့် ယောကျ်ားကို မိန်းမ၊ မိန်းမ ကို ယောကျ်ား၊အကြီးကို အငယ်၊ အငယ် ကို အကြီး၊အမဲကို အဖြူ၊ အဖြူကို အမဲ ဟူ၍ မပြောကောင်း ပြောလျှင် မုသားဖြစ်၏။ ထိုသို့ ပညတ်လည်း ပညတ်အလျောက် အမှန်ပင်ပြောဆိုရသည် ဖြစ်သောကြောင့်—

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ့ တထလက္ခဏံ။ ။

လောကသမ္မုတိကာရဏံ၊ လောကလူသားတို့ခေါ်ဆိုသမုတ်ပညတ် အပ်သောကြောင့်။ သင်္ကေတဝစနံ၊ အမှတ်သင်္ကေတပညတ် စကားသည်။ သစ္စံ၊ အမှန်ပင်တည်း။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ တထလက္ခဏံ၊ မှန်ကန်သော သဘောလက္ခဏာရှိခြင်းကြောင့်။ ပရမတ္ထဝစနံ၊ ပရမတ္ထစကားသည်လည်း။ သစ္စံ၊ အမှန်ပင်တည်း။

ဤသို့ အဘိဓမ္မာအဋ္ဌကထာပါဠိ၌ မိန့်တော်မူသည့်အတိုင်း သမ္မုတိ သစ္စာလည်း သမ္မုတိသစ္စာ အလျောက်၊ ပရမတ္ထသစ္စာလည်း ပရမတ္ထသစ္စာအလျောက် အမှန်ဖြစ်၏။ ထိုသို့ မှန်သော်လည်း သမ္မုတိသစ္စာ၏ အမှန်သည်ကား လောက၌လူသားတို့ ပြောလို့ ဆိုလို့ ဖြစ်ရုံမျှ မှန်သည့်အပေါ်ရံ အမှန်မျိုးဖြစ်၏။ တကယ်အစစ်မရှိ၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသောပရမတ္ထ သစ္စာသည်သာလျှင် တကယ်အစစ်အမှန်ရှိသော အမှန်ဖြစ်၏။

## ပညတ်ကို ပြခြင်း။

ပညတ်မှန်လျှင် ဘယ်ပညတ်မှတကယ်အစစ်အမှန် ရှိတာမျိုးမဟုတ်၊ ထိုသို့မရှိသော်လည်း ရှိဘိသကဲ့သို့ ခေါ်ဝေါ် ပြောဆို၍ နေရသော ပညတ်တို့ဟူသည်=

၁။ အဝိဇ္ဇာမာနပညတ်။ ၅။ သမူဟာဃနပညတ်။
၂။ ဝိဇ္ဇာမာနပညတ်။ ၆။ သန္တတိဃနပညတ်။

၃။ ဃနပညတ်။ ၇။ သဏ္ဍာနပညတ်။
၄။ ဇီဝပညတ်။ ၈။ သုဘပညတ်။

စသည်ဖြင့် များစွာရှိ၏။ လိုရင်းကိုသာ ဖော်ပြလိုက်သည်။

## ပညတ်တခုစီ ရှင်းပြချက်၊

၁။ အဝိဇ္ဇာမာနပညတ်ဟူသည်–လူနတ်ဖြဲ့ဟူသာသတ္တဝါဟူ၍ တကယ်အစစ်အမှန် မရှိသော်လည်း ရှိဘိဘကဲ့သို့ ခေါ်ဝေါ် ပြောဆို၍နေရသောသဘောသည် အဝိဇ္ဇာမာန ပညတ်မည်၏။

၂။ ဝိဇ္ဇာမာနပညတ်ဟူသည်–ခက်မာမှု နူးညံ့မှု ပူမှု အေးမှု အစရှိသည်တို့သည် ထင်ရှားရှိ၏။ ထိုသို့ထင်ရှားရှိသည် တို့ကို ရှိသည့်အတိုင်း ခေါ်ဝေါ် ပြောဆိုခြင်းသည် ဝိဇ္ဇာမာနပညတ်မည်၏။

၃။ ဃနပညတ်ဟူသည်–အမှုန့် အစိုင် အခဲ အတုံး အတစ် တသားတည်း တခုတည်း တခဲတည်း ဟူ၍ ထင်ကြရ မြင်ကြရ ခေါ်ဝေါ်ပြောဆိုကြရသော သဘောသည် ဃန ပညတ်မည်၏။

၄။ ဇီဝပညတ်ဟူသည်–အသက်ဟူ၍အရှင်ဟူ၍ အကောင် ဟူ၍ ထင်ကြရ မြင်ကြရ ခေါ်ဝေါ် ပြောဆို ကြရ သော သဘောသည် ဇီဝပညတ်မည်၏။

၅။ သမူဟဃနပညတ်ဟူသည်–အိမ် ကျောင်း လှည်း လှေ ရထား အစရှိသည်တို့သည် အများပေါင်းစု လုံးထွေး

ရှိနေသည်ကို တခုတည်း တခဲတည်း တသားတည်း ထင်ကြရ မြင်ကြရ ခေါ်ဝေါ် ပြောဆိုကြရသော သဘောသည် သမူဟ ဃနပညတ်မည်၏။

၆။ သန္တတိဃနပညတ်ဟူသည်–ဟိုဘဝက နတ်သားသည် ယခုဘဝ လူဖြစ်၏။ ဦးဖြူသည် အသက်တရာရှည်၏။ ဒေါ်မဲသည် အသက်ကိုးဆယ်ဖြစ်၏။ ဟိုနှစ်ကသူသည် သည်နှစ်လည်း သူပင်။ ဟိုနေ့ငါသည် ယနေ့လည်း ငါပင်၊ ဤသို့စသည်ဖြင့် အသီး အသီး တမျိုးစီ တခြားစီ ဖြစ်ပြီး ဖြစ်ဆဲသော ရှေး ရုပ်နာမ် နှင့် နောက် ရုပ်နာမ် တွေကို လုံးထွေးပြီး တခုတည်း တခဲတည်း တသားတည်း တကိုယ်တည်း တယောက်တည်း ထင်ကြရ မြင်ကြရ ခေါ်ဝေါ်ပြောဆိုကြရသော သဘောသည် သန္တတိဃန ပညတ် မည်၏။

၇။ သဏ္ဌာနပညတ်–ဟူသည် အတိုအရှည် အပြား အလုံး အဝန်း အဝိုင်း လေးထောင့်သုံးထောင့် အနိမ့် အမြင့် အသေး အတုတ် အစရှိသော ရုပ်ဓာတ် အစုအပေါင်း အား အာကာသဖြင့် ပိုင်းခြား တည်နေသည့် ပုံဟန် သဏ္ဌာန် အရိပ်နိမိတ်ကိုသဏ္ဌာနပညတ် ခေါ်သည်။

၈။ သုဘပညတ် ဟူသည်–အလှ အယဉ် အတင့် အတယ် ချစ်ဘွယ် ခင်ဘွယ် နှစ်သက်ဘွယ် ထင်ကြရ မြင်ကြရ ခေါ်ဝေါ်ပြောဆိုကြရသောသဘောကို သုဘပညတ် ခေါ်သည်။

## ခန္ဓာအိမ်၌ အဝိနိဗ္ဘောဂရုပ် ပေါ်လွင်အောင် တိုက်ရိုက်ရှုနည်းပဋိပတ်ပညာပြခြင်း၊

ပညာသည် ပရိယတ်ပညာ၊ ပဋိပတ်ပညာဟူ၍ ရှိ၏။ စာပေကျမ်းဂန်ကို သင်ကြား မှတ်သား ခြင်းသည် ပရိယတ် ပညာမည်၏။

ပဋိပတ်ပညာ ဟူရာ၌ ပဋိပတ်နှင့် ပညာကိုခွဲခြား၍ နားလည်ရပေလိမ့်မည်။ ပဋိပတ်ဟူသည် ရုပ် နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုဆင်ခြင်နေခြင်း သည်သာလျှင် ပဋိပတ်မည်၏။ တရားကို အားထုတ် ပွားများနေခြင်းသည်သာ ပဋိပတ်မည်၏။ ထိုသို့ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်း ကို ရှုဆင်ခြင်တတ်အောင် တရားကို ပွားများ အားထုတ်တတ်အောင် ရုပ် နာမ်တို့နှင့်တကွ ရုပ် နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိနားလည်အောင် တရားကို နာကြားခြင်း၊ ဆွေးနွေး မေးမြန်းခြင်းတို့သည် ပညာမည်၏။ ။ အဘယ့်ကြောင့်နည်းဟူသော်—

မြတ်စွာဘုရား၏ ရှေ့လက်ထက် တော်က အချို့ ကုန်သောရဟန်းတို့သည် ဘုရားထံတော်၌ တရားကိုနာကြားရုံနှင့် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြကုန်၏။ အချို့ အချို့ကုန်သော ရဟန်းတို့မှာမူ မြတ်စွာဘုရားထံတော်၌ တရားနာယူပြီးလျှင် တောသို့ဝင်၍ အားထုတ်ကြကုန်၏။ ထိုရဟန်းတို့၏ မှုကို ထောက်လျှင် တောသို့ဝင်၍ အားထုတ်ပွားများခြင်းသည် ပဋိပတ်မည်၏။ တရားကိုနာယူခြင်းသည်ပညာမည်၏။ နှစ်ရပ်ပေါင်းသော်ပဋိပတ်ပညာမည်၏။ ထို့ကြောင့်တည်း။

သဘောဖြူစင် အိုသူတော်စင် ယခုအခါ ပဋိပတ်ပညာ ကို ပြတော့မည်။ ဝါ၊ အလုပ်ပညာကိုပြတော့မည်။ ထိုသို့ အလုပ်ပညာကို ပြတော့မည် ဖြစ်သောကြောင့် ပြသည့် အတိုင်း လည်း စာကိုဖတ်လျက်နှင့် မိမိ၏ခန္ဓာအိမ်ကို ပြန်၍ပြန်၍ စဉ်းစားကြည့်ပါ၊ ထပ်ကာ ထပ်ကာ ဖတ်ပြီး၊ထပ်ကာ ထပ်ကာ ကြံစည်စဉ်းစားလျှင် လိုလျှင်ကြံဆ နည်းလမ်းရ ဟူသောစကားကဲ့သို့ နည်းမှန်လမ်းမှန် ရပြီးလျှင် သဘောပေါက်လာလိမ့်မည်ဖြစ်၏။

အိုသူတော်စင်၊ခန္ဓာအိမ်တခုလုံးမှာ ဘာတွေ ရှိသနည်း ဟူသော် ကက္ခဠလက္ခဏာအားဖြင့်ရင်း၊ မုဒုလက္ခဏာအားဖြင့်ရင်း၊ ခက်မာ ကြမ်းတမ်းခြင်း၊ ခုခံမာထပ်ခြင်း၊ နူးညံ့ခြင်း သဘောလက္ခဏာတွေ ရှိသည်။ ဤသဘောလက္ခဏာ တွေသည် ပထဝီဓာတ်တွေဖြစ်သည်။ထိုပထဝီဓာတ်တွေသည် အဇ္ဈတ္တ ဗဟိဒ္ဓ နေရာမလပ် အပြည့်အကျပ်ရှိ၏။ ခန္ဓာအိမ်တခုလုံး၌ ဘယ်နေရာကိုပင် စမ်းသပ်ကိုင်တွယ်ကြည့်ကြည့် ဤပထဝီဓာတ်၏သဘောလက္ခဏာတွေကိုသာ စမ်းသပ် ကိုင်တွယ်မိလိမ့်မည်။ ဦးခေါင်းရိုးက ခက်မာ ကြမ်းတမ်းသည်မဟုတ်။ ဒူးခေါင်းရိုးက ခက်မာကြမ်းတမ်းသည်မဟုတ်။ အသားစိုင်က နူးညံ့သည်မဟုတ်။ ထိုဦးခေါင်းရိုး၊ ဒူးခေါင်းရိုး၊အသားစိုင်ဟူသည်လည်းပညတ်ဖြစ်၍တကယ် အစစ်အမှန်မရှိ တကယ် အစစ်အမှန်ရှိသော ပထဝီဓာတ်ကသာ ခက်မာကြမ်းတမ်းခြင်းနူးညံ့ခြင်း ဖြစ်သည်။ လောကထဲ၌ ပထဝီဓာတ်ကို ထား၍ ခက်မာကြမ်းတမ်းခြင်းနူးညံ့ခြင်းဟူ၍ဖြစ်စရာ ဘာတခုမျှမရှိ၊ စင်စစ်မှာမူ ခန္ဓာအိမ် တခုလုံးသည် ပထဝီဓာတ်၏အစု အဝေး အဆောက် အအုံသာဖြစ်သည်ဟူ၍ မှတ်လေဦး။

နောက်တဖန် ခန္ဓာအိမ်တခုလုံးကို ဉာဏစက္ခုဖြင့် ခြုံ၍ စဉ်းစားကြည့်ပြန်လျှင် အာဗန္ဓနလက္ခဏာအားဖြင့် ပေါင်းစပ် တွယ်ကပ် ဖွဲ့စည်းခြင်းသဘောလက္ခဏာတွေကိုရင်း၊ ပတ္ထရဏလက္ခဏာအားဖြင့်စွတ်စိုခြင်း ရှိဆွေးခြင်း အရည်ပျော်ခြင်း စီးယိုခြင်း သဘောလက္ခဏာတွေကိုရင်း တွေ့လိမ့်မည်။ ထိုသဘော လက္ခဏာတွေသည် အာပေါဓာတ်တွေဖြစ်၏။ ဤပုပ်ရှိဆွေးမြေ့နေသော ခန္ဓာအိမ်ကြီးမှာ အကြောင်း တခုခုကြောင့် အိုင်းအမာဖြစ်ခဲ့သော် ထိုအိုင်းအမာမှ ထွက်သော သားငန်ရည်တွေ ပြည်ပုပ်တွေ သွေးပုပ်တွေသည် ထိုအာပေါဓာတ်လွန်ကဲခြင်းကြောင့်ဖြစ်သည်၊ မျက်ရည်တွေ တံတွေးတွေ၊ နှပ်တွေ၊ ချွေးတွေ၊ ချွဲဂန်းတွေ၊ သလိပ်တွေ၊ သွေးတွေ သည်လည်း ဤအာပေါဓာတ် လွန်ကဲခြင်းကြောင့်ဖြစ်၏။ ရေဖောဖောသည်၊ သွေးဖောဖောသည်၊ ရေဖျဉ်းစွဲသည်၊ သွေးဖျဉ်းစွဲသည် ဟူသည်လည်း ဤ အာပေါဓာတ်တွေ လွန်ကဲခြင်းကြောင့်ပင်ဖြစ်၏။ ခေါင်း၊ ကိုယ်၊ လက်၊ ခြေအစရှိသော အင်္ဂါကြီး ငယ်တို့က အရည်တွေ ချွေးတွေ သွေးတွေ ဖြစ်သည်မဟုတ်။ ထို ခေါင်း ကိုယ် လက် ခြေ အစရှိသော အင်္ဂါကြီးငယ်တို့သည်လည်း ပညတ်ဖြစ်၍ တကယ်အစစ်အမှန်မရှိ။ အာပေါဓာတ်ကသာ ဖွဲ့စည်းခြင်း စွတ်စိုခြင်း စီးယိုခြင်းအစရှိသော သဘောတွေဖြစ်သည်။ ဤလောကထဲ၌ အာပေါဓာတ်ကိုထား၍ဖွဲ့စည်းခြင်း စွတ်စိုခြင်း စီးယိုခြင်း သားငန်ရည်တွေသွေးပုပ်တွေ၊ ပြည်ပုပ်တွေ ဟူ၍ ဖြစ်စရာဘာတခုမျှမရှိ။ စင်စစ်မှာမူခန္ဓာအိမ်တခုလုံးသည် အာပေါဓာတ်၏ အစုအဝေး အဆောက်အအုံသာ ဖြစ်သည်ဟူ၍၊ ဤသည်လည်းမှတ်လေဦး။

ထို့နောက် ခန္ဓာအိမ်တခုလုံးကို ထပ်မံစမ်းသပ် ကိုင်တွယ် ကြည့်ပြန်လျှင် ပရိပါစန လက္ခဏာအားဖြင့် ရင့်ကျက်စေခြင်း၊ ဆွေးမြေ့စေခြင်း၊ လောင်ကျွမ်းစေခြင်း သဘောလက္ခဏာ တွေ့ ကိုရင်း၊ ဥဏှတ္တလက္ခဏာ အားဖြင့်လည်း ပူခြင်း နွေးခြင်း အေး ခြင်း အငွေ့အရှိန် သဘောလက္ခဏာတွေ့ကိုရင်း၊ စမ်းသပ်ကိုင် တွယ်မိလိမ့်မည်။ ဤသဘောလက္ခဏာတွေ့သည် တေဇောဓာတ် တွေ့ဖြစ်၏။ ထိုတေဇောဓာတ်တွေ့သည် အဇ္ဈတ္တဗဟိဒ္ဓ နေရာ မလပ် အပြည့်အကျပ်ရှိသည်။ ခန္ဓာအိမ်တခုလုံး၌ ဘယ်နေရာကို ပင် ကိုင်တွယ်စမ်းသပ် ကြည့်ကြည့် နွေးနွေးသာ လောင်မြိုက် သော (ဥသ္မာမီး) အစာသစ်ကို ကြေညက် အောင် လောင်မြိုက် သော (ပါစကမီး) သူငယ်နာပူ မီးယပ်ပူ ဒူလာပူ နေမကောင်း ထိုင်မကောင်းဖြစ်ရံ ပူသောအပူ၊ ဖျားအောင် နာအောင် အစ ရှိသည်ဖြင့် လောင်မြိုက်သော (သန္တပ္ပနမီး) တခါတရံ ကိုယ် အင်္ဂါတစိတ်တဒေသကိုရင်း တကိုယ်လုံးကိုရင်း၊ အပြင်းအထန် လောင်မြိုက်သော (ဒဟမီး) ထိုမီးအပေါင်းတို့သည် ခန္ဓာအိမ်ကို ရင့်ရော် အိုမင်းခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ မျက်စိသီခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ အရေတွန့်လိပ် ရှုံ့ပက် ရှုံ့တွ အ သုံး မကျအောင် လောင်မြိုက်သော (ဇီရဏမီး) ဤမီးအပေါင်း တို့သည် တေဇောဓာတ်တွေ့ ချည်းဖြစ်၏။ အရာခပ်သိမ်း၌ တေ ဇောဓာတ် သည်သာလျှင် ပူခြင်း အေးခြင်း ဖြစ်သည်၊ ခေါင်း ကိုယ် လက် ခြေ အစရှိသည်တို့က ပူသည် အေးသည် မဟုတ်။ ခေါင်း ကိုယ် လက် ခြေ အစရှိသည်တို့သည်လည်း ပညတ်ဖြစ်၍ တကယ်အစစ်အမှန်မရှိ၊ လောကထဲ၌ တေဇောဓာတ်ကိုထား၍

ပူစရာအေးစရာဘာတခုမျှမရှိ။စင်စစ်မှာမူ ခန္ဓာအိမ်တခုလုံးသည် တေဇောဓာတ်၏ အစုအဝေးအဆောက်အအုံသာဖြစ်သည် ဟူ၍ ဤဓာတ်ကိုလည်း မှတ်လေဦး။

ထိုနောက်တဖန် ခန္ဓာအိမ်တခုလုံးကို ဖိနှိပ်ကိုင်တွယ် ကြည့်ပြန်လျှင် ဝိတ္ထမ္ဘနလက္ခဏာ အားဖြင့် ဖောင်းကြွခြင်း၊ ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ ဖိညှပ်ခြင်း၊ မြှောက်ပင့်ခြင်း သဘောလက္ခဏာ တွေကိုရင်း၊ သမုဒီရဏလက္ခဏာ အားဖြင့်လည်း တိုးဝှေ့လှုပ်ရှား ရွေ့လျားခြင်း သဘောလက္ခဏာ တွေကိုရင်း ဖိနှိပ်ကိုင်တွယ်မိလိမ့်မည်။ ဤ သဘောလက္ခဏာ တွေသည် ဝါယော ဓာတ်တွေဖြစ်၏။ ထိုဝါယောဓာတ်တွေသည် အဇ္ဈတ္တဗဟိဒ္ဓ နေရာမလပ် အပြည့်အကျပ်ရှိသည်။ မိမိခန္ဓာအိမ်ကို မိမိဖိနှိပ်မိလျှင် ပျောင်း အိအိ ဖောင်းကြွကြွဖြင့် တွန်းကန်လှုပ်ရှားနေခြင်းသည် ထိုဝါယောဓာတ် တွေပင်ဖြစ်၏။ လေဖောဖောတယ် ဟူသည်။ လည်း ထိုဝါယောဓာတ်ပင်ဖြစ်၏။ ခေါင်း ကိုယ် လက် ခြေ အစရှိသော အင်္ဂါကြီးငယ် တို့က ပျောင်းအိခြင်း ဖောင်းကြွခြင်း တွန်းကန်ခြင်း လှုပ်ရှားခြင်း ရွေ့လျားခြင်း ဖြစ်သည် မဟုတ်။ ခေါင်းကိုယ် အစရှိသော အင်္ဂါကြီးငယ် တို့သည် ပညတ်ဖြစ်၍ ကာကယ် အစစ်အမှန်မရှိ။ ဤလောကထဲ၌ ဝါယော ဓာတ်ကို ထား၍ ပျောင်းအိဖောင်းကြွ တွန်းကန် လှုပ်ရှား ရွေ့လျားစရာ ဘာတခုမျှမရှိ၊ စင်စစ်မှာမူ ခန္ဓာအိမ် တခုလုံးသည် ဝါယော ဓာတ်၏ အဆောက်အအုံသာ ဖြစ်သည်ဟူ၍ အသေအချာမှတ်လေဦး။

အို သူတော်စင်၊ ဤခန္ဓာအိမ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဤဓာတ်ကြီး လေးပါး၏ အစုအဝေး အဆောက်အအုံသာလျှင် ဖြစ်၏။ ပို၍ထင်ရှားပေါ်လွင်အောင် မိမိခန္ဓာအိမ်ကို မိမိလက်နှင့်ဖိနှိပ်ကိုင်တွယ် စမ်းသပ်၍ ရှာဖွေ စဉ်းစားကြည့်လေ။ သဘောမပေါက်မချင်း စဉ်းစားလျှင် တစိမ့်စိမ့် သဘောပေါက်လာလိမ့်မည်။ ထိုသို့ ဓာတ်ကြီးလေးပါးပေါ်လွင်ထင်ရှားလျှင် ထိုဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော ဥပါဒါရုပ်လေးပါးသည်လည်း တကွရှိစမြဲဖြစ်၏။

ဥပါဒါရုပ် လေးပါးဟူသည်—

၁။ ဝဏ္ဏ=စက္ခုပသာဒ ဃဋ္ဋနလက္ခဏာ။
စက္ခုပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ။ ။

အဆင်း ရုပ်သည် စက္ခုပသာဒရုပ်၌ ထိခိုက်ခြင်း သဘောတို့ကြောင့် အဆင်း ရုပ်ကို မျက်စိဖြင့်မြင်ခြင်း ဖြစ်သည်။

**မှတ်ချက်။** ။(မျက်စိဆိုလျှင်–စိညာဉ်ကိုယူ။)

၂။ ဂန္ဓ=ဃာနပသာဒ ဃဋ္ဋနလက္ခဏာ၊
ဃာနပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ။ ။

အနံ့ရုပ်သည် ဃာနပသာဒရုပ်၌ ထိခိုက်ခြင်း သဘော တို့ကြောင့် အနံ့ရုပ်ကို နှာခေါင်းဖြင့် နံခြင်းဖြစ်သည်။

၃။ ရသ=ဇိဝှါပသာဒ ဃဋ္ဋန လက္ခဏာ။
ဇိဝှါပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ။ ။

ရသရုပ်သည် ဇိဝှါပသာဒရုပ်၌ ထိခိုက်ခြင်းသဘော တို့ကြောင့် ရသရုပ်ကို လျှာဖြင့်သိခြင်းဖြစ်သည်။

၄။ ဩဇာ=ဩဇာလက္ခဏာ၊
အဆီ အစေး အာဟာရရုပ်ဖြစ်ခြင်းသဘော။
( ဤကား ဥပါဒါရုပ် လေးပါး တည်း။ )

ထိုသို့ဓာတ်ကြီးလေးပါးဖြစ်ခဲ့လျှင် ဥပါဒါရုပ် လေးပါးသည် လည်း ကက္ခဖြစ်မြဲတည်း။ ဤအဋ္ဌကလာပ်ရုပ် ရှစ်ပါးတို့သည် တလောကလုံး၌ ဘယ်နေရာမှာမဆို ခပ်သိမ်းသော ဝတ္ထုတို့၌ အတူတူသာလျှင်ဖြစ်၏။ တခြားစီခွဲ၍မဖြစ်ကောင်း။ထို့ကြောင့် အဝိနိဗ္ဘောဂရုပ်ခေါ်၏။

ခန္ဓာအိမ်ကိုကြည့်လျှင် အဆင်းရုပ်ကိုသာ မြင်သည်။ ခေါင်း ကိုယ် လက် ခြေ အစရှိသောအင်္ဂါကြီးငယ်တို့ကိုမြင်သည်မဟုတ်။ ထို ခေါင်း ကိုယ် လက် ခြေ အစရှိသောအင်္ဂါကြီးငယ်တို့ဟူသည် လည်း ပညတ်ဖြစ်၍ တကယ်အစစ်အမှန်မရှိသောကြောင့် မမြင် နိုင် ဟူ၍ သိလောက်ပြီ။ ထိုခန္ဓာအိမ်မှ နံသည်မှာ အနံ့ရုပ်ကသာ နံသည်။ ထိုခန္ဓာအိမ်မှာ ငန်သည် ဖန်ဖံသည်မှာ ရသရုပ်ကသာ ငန်သည် ဖန်သည်။ထိုခန္ဓာအိမ်မှ အသားကိုစားလျှင် အဆီအစေး အာဟာရရုပ်ဖြစ်သည်မှာ ဩဇာဓာတ်ကသာ အာဟာရရုပ် ဖြစ် သည်။ လူသားက အာဟာရရုပ်ဖြစ်သည်မဟုတ်။ လူဟူသည် လူ သားဟူသည် ပညတ်ဖြစ်၍ တကယ်အစစ်အမှန်မရှိကြောင်း သိ လောက်ပြီ။

ထိုသို့ လူခန္ဓာအိမ် ဟူသည် အဋ္ဌကလာပ်ရုပ် ရှစ်ပါး အဝိ နိဗ္ဘောဂရုပ် တရားသာလျှင်ဖြစ်ကြောင်းသိလျှင်၊ ခွေးခန္ဓာအိမ်၊ ဝက်ခန္ဓာအိမ် အစရှိသည်တို့သည်လည်း အဋ္ဌကလာပ်ရုပ်ရှစ်ပါး

အဝိနိဗ္ဗောဂရုပ်တရားသာလျှင် ဖြစ်၏ဟူ၍သိပြီ။ သတ္တဝါ ဟူသော နတ်၊ ဗြဟ္မာတို့၏ ခန္ဓာအိမ်တို့သည်လည်း အဋ္ဌကလာပ်ရုပ်ရှင်ပါး အဝိနိဗ္ဗောဂရုပ်တရားသာလျှင်ဖြစ်ကြောင်း ကောင်းကောင်း ထင်ရှားလောက်ပြီ။

အထက်ကဆို အပ်ခဲ့ပြီးသည့်အတိုင်း မည်သည့်ဝတ္ထုမျိုး၌မဆို အဝိနိဗ္ဗောဂရုပ် ရှစ်ပါးသာ ဖြစ်သောကြောင့် ဖန်ခါးသီး ကို လက်ဖြင့်ကိုင်၍ ပါးစပ်ထဲထည့်ပြီးဝါးလျှင် လက်၌ လျှာ၌ အာ၌ တွေ့ထိမှုသည် ခက်မာ ပထဝီ၊ တောင့်တင်း ဝါယော၊ပူ အေး တေဇော ဟူသော သဘောတွေ့ကိုသာတွေ့လိမ့်မည်။ဤသဘော တွေ့သည် ဖန်ခါးသီးက ခက်မာခြင်း၊ တောင့်တင်းခြင်း၊ ပူအေး ခြင်း မဟုတ်၊ ဖန်ခါးသီးဟူသည် ပညတ်ဖြစ်၍ တကယ်အစစ် အမှန်မရှိ။ ခေါ်ဝေါ် ပြောဆိုရုံမျှသာ ရှိသည်။ ခက်မာခြင်း ပူအေးခြင်း တောင့်တင်းခြင်း တို့သည် ပထဝီ တေဇော ဝါယော ဓာတ်တွေဖြစ်သည်ဟု ကောင်းစွာ ထင်ရှားပြီ။ အာပေါဓာတ် သည် ဖောဋ္ဌဗ္ဗမရကောင်း။ မျက်စိနှင့် မြင်သည်မှာ ဝဏ္ဏဓာတ် အဆင်းရုပ်ကိုသာမြင်သည်၊ ဖန်ခါးသီးကိုမြင်သည်မဟုတ်။ အနံ့ ကိုနံသည့်မှာ ဂန္ဓဓာတ် အနံ့ရုပ်ကိုသာနံသည်။ ဇိဝှါပသာဒရုပ်၌ ထိခိုက်ခြင်းဖြစ်သော ဖန်ခြင်း၊ ခါးခြင်း၊ ချိုခြင်း၊ ချဉ်ခြင်း တို့ သည် ရသဓာတ် ရသရုပ်ကိုသာ ဖန်ခြင်း၊ ခါးခြင်း၊ ချိုခြင်း၊ ချဉ်ခြင်းဖြစ်သည်။ဖန်ခါးသီးကိုစား၍အာဟာရရုပ်ကိုရခြင်းသည် အဆီ အစေး ဩဇာဓာတ်ဖြစ်သည်။ ဤ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ဩဇာ ဟူသော အဆင်း အနံ့ ရသ ဩဇာ တို့သည့်တနည်း ဖန်ခါးသီး မဟုတ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားလောက်ပြီ။

ဤသို့လျှင် အဝိနိဗ္ဘောဂရုပ် ရှစ်ပါးကိုပင် လောကသားတို့ စကား ပြောလို ဆိုလို ဖြစ်ရုံမျှ အမည်နာမ သမ္မုတိ ပညတ်တို့ဖြင့် သမုတ်၍ အမျိုးမျိုးခေါ်ဆိုကြရသည်။ ဤသို့မှ အဝိနိဗ္ဘောဂ ရုပ်ကိုပင် အမည်နာမ အမျိုးမျိုးဖြင့် သမုတ်၍ခေါ်ဝေါ် ပြောဆိုခြင်း မပြုခဲ့လျှင်လောကထဲ၌ စကားပြောလို့ပင်ဖြစ်နိုင်တော့မည်မဟုတ်ပြီ။

ဥပမာ–ဖန်ခါးသီး သည် အဝိနိဗ္ဘောဂရုပ်သာလျှင်ဖြစ်သောကြောင့် ဖန်ခါးသီးဟူ၍ မခေါ်မူ၍ (အဝိနိဗ္ဘောဂရုပ်သီး) ဟု ခေါ်မည်ဆိုလျှင် ခပ်သိမ်းသော အပင် အပွင့် အသီးတို့ကိုလည်း (အဝိနိဗ္ဘောဂရုပ်ပင်) (အဝိနိဗ္ဘောဂရုပ်ပွင့်) (အဝိနိဗ္ဘောဂရုပ် သီး ) ဟူ၍ ခေါ်ဆိုရပေလိမ့်မည်။ ထိုသို့ရှိတာကိုရှိတဲ့အတိုင်းသာ ခေါ်ဝေါ်. ပြောဆိုခဲ့လျှင် လောကထဲ၌ စကားပြောဆို၍ပင် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ဖန်ခါးသီး၊ ဇီးသီး၊ ဆီးဖြူသီး အစရှိသည်ဖြင့် ခေါ်ဝေါ်ပြောဆို၍ ဖြစ်ရုံမျှအစစ်အမှန်မရှိပါဘဲ လျက် ရှိသကဲ့သို့ သမ္မုတိပညတ်ဖြင့် လောကသားတို့ တညီတညွတ်တည်း သမုတ်၍ ခေါ်ဝေါ်ပြောဆို နေကြရသည်ဟု အသေအချာမှတ်လေဦး။

အို သူတော်စင်၊ ခန္ဓာအိမ် သည် အဋ္ဌကလာပ်ရှစ်ပါး အဝိနိဗ္ဘောဂရုပ် တရားသာလျှင် ဖြစ်ကြောင်းသဘောပေါက်အောင် ကြိုးစားပြီး ရှုလေ။ မိမိ၏ခန္ဓာအိမ်ကို သဘောပေါက်လျှင် အားလုံးကိုလည်း သဘောပေါက်သည်။ ထို့ပြင် မည်သည့်ပစ္စည်းဝတ္ထုကိုပင် စားသည်ဖြစ်စေ၊ လက်နှင့်ကိုင်တွယ်မိသည်ဖြစ်စေ၊ခြေဖြင့် နင်းမိသည်ဖြစ်စေ၊ ကိုယ်ဖြင့်ထိမိသည်ဖြစ်စေ ဆုံအပ်ခဲ့ပြီးသော

နည်းအတိုင်းသာ စဉ်းစားဆင်ခြင်လေ၊ သက်ပွပြုလေ၊ တစိမ့်စိမ့် ကြံဖန်၍ စဉ်းစားလျှင် တစိမ့်စိမ့် ထင်မြင်၍ ထင်မြင်၍ လာပေလိမ့်မည်။

## ထိုအဝိနိဗ္ဘောဂရုပ် ရှစ်ပါး၌–

၁။ ပထဝီဓာတ် = ဖောဋ္ဌဗ္ဗာရကောင်းသည်၊အလေးအပေါ့ ရကောင်းသည်။

၂။ အာပေါဓာတ် = ဉာဏ်ဖြင့်သာသိကောင်းသည်။

၃။ တေဇောဓာတ် = ဖောဋ္ဌဗ္ဗရကောင်းသည်။

၄။ ဝါယောဓာတ် = လွန်ကဲလျှင် ဖောဋ္ဌဗ္ဗရကောင်း သည်၊ နုံ့လျှင် ဉာဏ်ဖြင့်သိနိုင်သည်။

၅။ အဆင်းဓာတ်=မျက်စိနှင့်သာ မြင်ကောင်းသည်။

၆။ အနံ့ဓာတ် =နှာခေါင်းနှင့်သာ နံကောင်းသည်။

၇။ ရသာဓာတ် =လျှာနှင့်သာ သိကောင်းသည်။

၈။ ဩဇာဓာတ်=အဆီအစေးအာဟာရရုပ်ရကောင်းသည်။

ထို့ပြင် အာပေါဓာတ်လွန်ကဲ၍ အရေသွင်သွင်ဖြစ်သည့် အခါ မြင်ခြင်းသည် အဆင်းရုပ်ကိုသာ မြင်သည်၊ အာပေါဓာတ် ကို မမြင်။ရေကအေးသည်မှာ တေဇောဓာတ်က အေးသည်၊ အာပေါ ဓာတ်က မအေး။ရေက လေးသည်မှာ ပထဝီဓာတ်က လေးသည်၊ အာပေါဓာတ်က မလေး၊ ဝါယောဓာတ်လွန်ကဲ၍ လေပြင်းမုန် တိုင်းကျသည့်အခါမြင်သည်မှာအဆင်းကိုသာမြင်သည်၊ ဝါယော

ခါတ်ကိုမမြင်။ လေပြေလေညှင်းတိုက်ခတ်၍ အေးသည်မှာ တေဇောဓာတ်ကအေးသည်၊ ဝါယောဓာတ်ကမအေး။ နူးသာရေကမွေးသည်မှာ အနုံဓာတ်ကသာမွေးသည်၊အာပေါဓာတ်ကမမွေး။ ဤသည်တို့ကိုလည်း မမေ့မပျောက် မှတ်လေဦး။

ဆိုအပ်ခဲ့ပြီးသော အဝိနိဗ္ဘောဂရုပ်တို့သည် ပညတ်မစင်ကြယ်သေးသည်ကိုဆိုသတည်း။ ပညတ်စင်ကြယ်၍ ပရမတ္ထဖြစ်သော အဝိနိဗ္ဘောဂရုပ် တို့မှာမူ ပသာဒစက္ခု၊ ပသာဒသောတ အစရှိသည်တို့ဖြင့် မမြင်ကောင်း မကြားကောင်း မနံကောင်း မလျက်ကောင်း မတွေ့ထိကောင်း၊ ဉာဏစက္ခု၏ အရာ သက်သက်မျှဖြစ်၏။ ရှေး၌ ထင်ရှားလတ္တံ့။

---

## ကောဋ္ဌာသကို ခါတ်ခွဲ၍ရှုနည်း၌ ၃၂-ကောဋ္ဌာသ ဖော်ပြခြင်း၊

သဘောဖြူစင် အိုသူတော်စင်၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မိမိ၏ ခန္ဓာအိမ်ကိုသဘောပေါက်အောင် ထင်မြင်အောင် ရှု၍ထင်မြင် သဘောပေါက်လျှင် ရှေ့၌လွယ်ကူပြီး ပရမတ္ထကို ဉာဏ်သက်ဘို့မခဲယဉ်းပြီ။ ထို့ကြောင့်ကြိုးစား၍ရှုလော့။

ယခုတဖန်-၃၂-ကောဋ္ဌာသဖော်ပြဦးအံ့။

၁။ ကေသာ= ဆံပင်။
၂။ လောမာ= မွေးညှင်း။
၃။ နခါ= ခြေသည်း လက်သည်း။

| | | |
|---|---|---|
| ၄။ | ဒန္တာ= | သွား။ |
| ၅။ | တစော= | အရေထူ အရေပါး။ |
| ၆။ | မံသံ= | အသား။ |
| ၇။ | နှာရု= | အကြော။ |
| ၈။ | အဋ္ဌိ= | အရိုး။ |
| ၉။ | အဋ္ဌိမိဉ္ဇံ= | ခြင်ဆီ။ |
| ၁၀။ | ဝက္ကံ= | အညှို။ |
| ၁၁။ | ဟဒယံ= | နှလုံး။ |
| ၁၂။ | ယကနံ= | အသည်း။ |
| ၁၃။ | ကိလောမကံ= | အမှေး။ |
| ၁၄။ | ပိဟကံ= | အပြင်။ |
| ၁၅။ | ပပ္ဖာသံ= | အဆုတ်။ |
| ၁၆။ | အန္တံ= | အူမ။ |
| ၁၇။ | အန္တဂုဏံ= | အူသိမ်။ |
| ၁၈။ | ဥဒရိယံ= | အစာသစ်။ |
| ၁၉။ | ကရီသံ= | အစာဟောင်း။ |
| ၂၀။ | မတ္တလုင်္ဂံ= | ဦးနှောက်။ |
| ၂၁။ | ပိတ္တံ= | သည်းခြေ။ |
| ၂၂။ | သေမှံ= | သလိပ်။ |
| ၂၃။ | ပုဗ္ဗော= | ပြည်။ |
| ၂၄။ | လောဟိတံ= | သွေး။ |
| ၂၅။ | သေဒေါ= | ချွေး။ |
| ၂၆။ | မေဒေါ= | အဆီပြင်။ |

| | | |
|---|---|---|
| ၂၇။ | အဿု= | မျက်ရည်။ |
| ၂၈။ | ဝသာ= | ဆီကြည်။ |
| ၂၉။ | ခေဠော= | တံတွေး။ |
| ၃၀။ | သိင်္ဃာဏိကာ= | နှပ်။ |
| ၃၁။ | လသိကာ= | အစေး။ |
| ၃၂။ | မုတ္တံ= | ကျင်ငယ်။ |

ထို ၃၂–ကောဋ္ဌာသကို ပရိသမ္ဘိဒါမဂ်ပါဠိတော်၌ ကေသကာယံ၊ လောမကာယံ၊ နခကာယံ၊ ဒန္တကာယံ– အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် တယောက်သောသူ၏ ကိုယ်သဏ္ဌာန်၌ ကေသကာယံ၊ လောမကာယံ–အစရှိသော ကာယပေါင်း–၃၂-ရှိ၏။ ကိုယ်ခန္ဓာပေါင်း–၃၂-ရှိ၏ ဟူလို၊ ဆံပင်တခု၌လည်း ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ–ဟူ၍ ကာယကြီးလေးပါးရှိ၏။ ဆံပင်တခုလုံး၌ အမာခံဖြစ်သော ခက်မာမှု ကြိယာအပေါင်းသည် ပထဝီကာယမည်၏။ ဖွဲ့စည်းမှုကြိယာအပေါင်းသည်အာပေါကာယမည်၏။ ပူမှုအပေါင်း အေးမှုအပေါင်း သည် တေဇောကာယ မည်၏။ တေဇော၏အရှိန်ဖြစ်သော ထောက်ကန်မှု အပေါင်းသည်လည်း ဝါယောကာယ မည်၏။ ဤသို့လျှင် ဆံပင်တခု၌ ကာယကြီးလေးပါးရှိ၏။ ထိုကာယကြီး လေးပါးကို မှီတွယ်၍ ဖြစ်သော ဝဏ္ဏ ဂန္ဓ ရသ သြဇာ ဟူသော ဥပါဒါရုပ်လေးပါးနှင့် အထက်က နည်းတူ အဝိနိဗ္ဘောဂရုပ်ရှစ်ပါးသာလျှင်ဖြစ်၏။

သတ္တဝါတို့၏ ခန္ဓာအိမ် တခုလုံးသည် သန္တတိဃနပညတ်၊ သဏ္ဌာနပညတ် ၏ အရိပ်နိမိတ်ကြီး ဖြစ်၏။ ထိုအရိပ်နိမိတ်ကြီး

နှစ်ပါး တို့တွင် သဏ္ဌာနပညတ် အရိပ် နိမိတ် ကြီးသည် ငယ်သာ အိမ် တခုလုံး၌ ရှိသော ကာယကြီး လေးပါး တို့ကို ကိုယ်ဟုတခု တည်းပြု၍ ဖုံးလွှမ်း၏။ ထိုနည်းတူစွာ ဆံပင်ဟု တခုတည်းပြု၍ လည်း ဖုံးလွှမ်း၏။ ၃၂-ခကောဋ္ဌာသစလုံး ထိုနည်းအတူသာလျှင် ဖြစ်၏။ ထို့ကြောင့် ဆံပင်၌ရှိသော ခက်မာမှုကို ပထဝီဓာတ်ဟု ခွဲခြမ်း၍မသိကြကုန်။ ဆံပင် ခက်မာသည်ဟူ၍သာ သိကြကုန်၏။ ဖွဲ့စည်းမှုကို အာပေါဓာတ်ဟူ၍ ခွဲခြမ်း၍မသိကြကုန်။ ဆံပင် ဖွဲ့စည်းသည်ဟူ၍သာသိကြကုန်၏။ ပူမှု အေးမှု ကို တေဇောဓာတ် ဟုခွဲခြမ်း၍ မသိကြကုန်။ ဆံပင် ပူသည်၊ ဆံပင်အေးသည် ဟူ၍ သာသိကြကုန်၏၊ ထောက်ကန်တောင့်တင်းမှုကို ဝါယောဓာတ် ဟု ခွဲခြား၍မသိကြကုန်။ ဆံပင် တောင့်တင်းသည်ဟူ၍သာသိကြ ကုန်၏ ဤကဲ့သို့ သဏ္ဌာနပညတ်နှင့် ကာယကြီး လေးပါးတို့ကို လုံးထွေး၍သာ သိကြ ယူဆကြကုန်၏။

ဆံပင်၌မဲသောအဆင်းကို ထင်းထင်းကြီး မြင်ကြပါလျက် ဝဏ္ဏဓာတ်ဟု တသီးတခြား မသိကြကုန်။ ဆံပင် မည်းသည်ဟူ၍ သာသိကြကုန်၏။ ဆံပင်၌နံသည်ကို ဂန္ဓဓာတ်ဟု တသီးတခြား မ သိကြကုန်။ ဆံပင် နံသည်ဟူ၍သာသိကြကုန်၏။ ဆံပင်၌ငန်သည်၊ ဖန်သည်ကို ရသာဓာတ်ဟု တသီးတခြား မသိကြကုန်။ ဆံပင် ငန်သည်၊ ဖန်သည်ဟူ၍သာ သိကြကုန်၏။ ဆံပင်၌ အာဟာရ ရုပ်ရှိသည်ကို ဩဇာဓာတ်ဟု တသီးတခြားမသိကြကုန်။ ဆံပင် က အာဟာရရုပ် ဖြစ်သည်ဟူ၍သာ သိကြကုန်၏။ ဤကဲ့သို့ သဏ္ဌာန်နှင့် ကာယကြီးလေးပါး ဥပါဒါရုပ်လေးပါးတို့ကို လုံး ထွေး၍ သိကြခြင်းသည် လောကလူသတ္တဝါတို့၏ ကံလျှင်သမုတ်

ဥတု လုပ်သဖြင့် လှပတင့်တယ် ရှုချင်စဖွယ် ဖြစ်စေခြင်း.ငှာ ဦးခေါင်းထက်၌ နွဲ့နွဲ့ နှောင်း နှောင်း ပျောင်း ပျောင်း အိအိ ရှိရှိသမျှ မည်းမည်း ရှည်ရှည် သေးသေး သွယ်သွယ်–၂–ကုဋေ ၄–သန်း ကြွယ်သော သဏ္ဌာန်ငယ်တို့ကို လောကလူသားတို့ သည် ဆံပင်ဟုအမှတ်သင်္ကေတ စကားဖြင့် တညီတညွတ်တည်း သမုတ်၍ ခေါ်ဝေါ်ပြောဆိုခြင်းပြုကြကုန်၏။ ထိုသို့ပြောဆို၍ ဖြစ်ရုံမျှ ပြောဆိုကြကုန်သော ထိုသဏ္ဌာန်ငယ် တစုကို ပုထုဇဉ် သတ္တဝါတို့သည် ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် အစစ်ဆံပင် ထင်မှတ်ပြီး လျှင် ကာယကြီးလေးပါး ဥပါဒါရုပ်တရားတို့ကို ခွဲ၍ မရခြင်း ဖြစ်ကြလေသည်။

ထိုကဲ့သို့ ဝိပ္ပလ္လာသဒိဋ္ဌိကြောင့် ဟူသော် ထိုဝိပ္ပလ္လာသဒိဋ္ဌိကို ဖယ်ရှား၍ ကာယကြီးလေးပါး ဥပါဒါရုပ်တရားတို့ကိုဖော်ထုတ် ရပေလိမ့်မည်။ ဤသို့ဖော်ထုတ်ရမည် ဟူလျှင် ဆရာသည်တရား ကို စ၍ရှုစဉ်က၊ ယခုအလုပ်စခန်းကို ပြသည့်နည်းအတိုင်း ခန္ဓာ အိမ်ကို တိုက်ရိုက်ရှု၏။ ထိုသို့ခန္ဓာအိမ်ကို တိုက်ရိုက်ရှုခြင်းဖြင့်ပင် သဘောပေါက်ပြီးလျှင် အလုပ်တရားသည် ကောင်းစွာ အောင် မြင်လာခဲ့သည်။ ဖန်ခါးသီးကိုရှုနည်းသည်လည်း ဆရာ၏အလို ကျ ဖြစ်၏။ ထိုကြောင့် ယခုကောဋ္ဌာသရှုနည်းကိုလည်း ဆရာ၏ အလိုကျအတိုင်းဆက်၍ပြဦးအံ့။

ကာယကြီးလေးပါး ဥပါဒါရုပ်လေးပါးဟူသည်အဋ္ဌကလာပ် ရုပ်ရှစ်ပါးဖြစ်၏။ ထိုအဋ္ဌကလာပ်ရုပ်ရှစ်ပါး တို့သည်တလောက လုံး၌ ဘယ်နေရာမဆို ခပ်သိမ်းသောဝတ္ထုတို့၌ အတူသသျှင်

ဖြစ်၏ဟု အထက်က ဆိုခဲ့သည့် အတိုင်း ဆံပင် အစရှိသော ကောဋ္ဌာသ တို့မှာလည်း ထိုအဋ္ဌကလာပ်ချပ် ရှစ်ပါး သာလျှင် ဖြစ်၏။

ဆံပင်ဟုသမုတ်သော သဏ္ဌာန်သည် အဋ္ဌကလာပ်ချပ်ရှစ်ပါး ၏ အစုသာလျှင် ဖြစ်ကြောင်း သေသေချာချာ သိအောင် ထို သဏ္ဌာန်ကို လက်နှင့်ကိုင်တွယ် စမ်းသပ်၍ ကြည့်ပါ။ ခက်မာမှု နူးညံ့မှု သဘောကို တွေ့လိမ့်မည်၊ ထိုသဘောသည် ပထဝီဓာတ် ဖြစ်၏။ လောကထဲ၌ ပထဝီဓာတ်မှတပါး ခက်မာမှု နူးညံ့မှု သ ဘောသည်မရှိပြီ။ အာပေါဓာတ်သည် ဖွဲ့စည်းမှု စွတ်စိုမှုဖြစ်၍ ဖောဋ္ဌဗ္ဗ မရကောင်း။ လောကထဲ၌ အာပေါဓာတ်မှတပါး ဖွဲ့ စည်းမှုစွတ်စိုမှုအစရှိသည်တို့၏ သဘောသည် မရှိပြီ။ ထို့ပြင် ပူမှု အေးမှု ကိုလည်း တွေ့ဦးမည်။ ထိုသဘောသည် တေဇော ဓာတ်ဖြစ်၏၊ လောကထဲ၌ တေဇောဓာတ်မှတပါး ပူမှု အေးမှု သဘောသည် မရှိပြီ။ ထိုနောက် ထောက်ကန် တောင့်တင်းမှု သဘောကိုလည်း ၊တွေ့ဦးမည် ထိုသဘောသည် ဝါယောဓာတ် ဖြစ်၏။ လောကထဲ၌ ဝါယောဓာတ်မှ တပါး ထောက်ကန် တောင့်တင်းမှု သဘောသည် မရှိပြီ။ ထို့ကြောင့် ဆံပင်ဟူသော သဏ္ဌာန် သည် ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်လေးပါးသာလျှင်ဖြစ်ကြောင်း ထင်ရှား၏။ ဓာတ်လေးပါး ကားအစစ်အမှန်တကယ်ရှိ၏၊ ဆံပင်ဟူသောသဏ္ဌာန်ကား ပြော ဆို၍ဖြစ်ရုံမျှရှိ၏။ ထိုထက်ပို၍ထင်ရှားစေအောင် အစစ်အမှန် ရှိသော ဓာတ်လေးပါးကိုဉာဏ်ဖြင့် စိတ်ကူးပြီး နှုတ်လိုက်ပါလျှင် ဆံပင်ဟူသော သဏ္ဌာန်တို့သည်မရှိပြီ။အကုန်လုံး ပျောက်ကွယ်၍ သွားလိမ့်မည်။

ဥပမာကိုဆိုသော်၊သစ်စေး သယိုးရွှေမှုန့် မြေညက်မှုန့်ဤလေး မျိုးကို ဆံပင်သဏ္ဌာန်လုပ် ဆံပင်ဖြစ်၊ ထိုဆံပင်ပျောက်ကွယ်စေ လိုသော် သစ်စေးသယိုး ရွှေမှုန့် မြေညက်မှုန့် ဤလေးမျိုးကို ပြန်၍ နှုတ် ဆံပင်သဏ္ဌာန်ပျောက်။

ထိုအတူ ပထဝီ အာပေါ တေဇော ဝါယော ခေတ်လေး ပါးစုမိ၍ ဆံပင်ဟူသောသဏ္ဌာန်ဖြင်၊ ထိုဆံပင်ဟူသော သဏ္ဌာန် ပျောက်စေလိုသော် ခေတ်လေးပါးကိုပြန်၍နှုတ် ဆံပင် ဟူသော သဏ္ဌာန်ပျောက်ပေ၏။

ဥပမာနဖြစ်သော သစ်စေး သယိုး ရွှေမှုန့် မြေညက်မှုန့် တို့ကို ဆံပင်ခေါ်သော သဏ္ဌာန်ပြုလုပ်သူကား လူဖြစ်၏။ ဥပမေယျ ဖြစ်သော ပထဝီ အာပေါ တေဇော ဝါယော ဟူသော ခေတ် လေးပါးတို့ကို ဆံပင်ခေါ်သော သဏ္ဌာန်ပြုလုပ် သူကား ကံနှင့် ဥတုဖြစ်၏။

လူပြုလုပ်သောပန်းညည်း လေးမျိုးကို နှုတ်လျှင်လည်း သဏ္ဌာန် ပျောက်၏။ ကံနှင့် ဥတု ပြုလုပ်သောခေတ်လေးပါးကို နှုတ်လျှင် လည်း သဏ္ဌာန်ပင်ပျောက်လေ၏။

အိုသူတော်စင်၊ ဆံပင်၌ရှိသော ခက်မာမှုကို ပထဝီခေတ်ဟု ခွဲခြမ်း၍မသိကြကုန်၊ဆံပင် ခက်မာသည်ဟူ၍ သာသိကြကုန်၏ဟု အထက်က ဆိုအပ်ခဲ့ပြီ။ ယခုမူ ခက်မာမှု သည် ပထဝီ၊ ဆံပင် မဟုတ်။ ဖွဲ့စည်းမှုသည် အာပေါ၊ ဆံပင်မဟုတ်။ ပူမှု အေးမှု သည် တေဇော၊ ဆံပင်မဟုတ်။ ထောက်ကန် တောင့်တင်းမှု သည် ဝါယော၊ ဆံပင်မဟုတ်။ ဆံပင်ကား အစစ်မရှိ၊ ခေတ်လေး

ပါးသော အစစ်အမှန်ရှိကြောင်း ကောင်းစွာ သိလောက်ပြီ။ ထို ပထဝီ အာပေါ တေဇော ဝါယောဟူသောဓာတ်ကြီးလေးပါးသော အစစ်အမှန်ရှိသည်ဖြစ်၍ ထိုဓာတ်ကြီးလေးပါးကို စွဲမှီ၍ ဖြစ်သော (ဝါ) ထိုဓာတ်ကြီး လေးပါးမှ ထွက်ပေါ် တောက်ပြောင်သောအမြင်ခံ ဝဏ္ဏဓာတ် အဆင်းရုပ်ကို မျက်စိဖြင့်မြင်၏။ ထိုဓာတ်ကြီးလေးပါးမှထွက်ပေါ်သော ဂန္ဓဓာတ် အနံ့ရုပ်ကို နှာခေါင်းဖြင့် နံ၏။ ထိုဓာတ်ကြီးလေးပါးမှ ထွက်ပေါ်သော ရသဓာတ် အရသာကိုလျှာဖြင့် ငန်သည် ဖန်သည် သိ၏။ ထိုဓာတ်ကြီးလေးပါးမှထွက်ပေါ်သောဩဇာဓာတ်သည်အာဟာရရုပ်ဖြစ်၏။ ဓာတ်ကြီးလေးပါး ဥပါဒါရုပ်လေးပါး နှစ်ရပ်ပေါင်းသော် အဋ္ဌကလာပ်ရုပ်ရှစ်ပါး အဝိနိဗ္ဘောဂရုပ်တရား ဖြစ်သည်။

ဤသို့ အဋ္ဌကလာပ်ရုပ်ရှစ်ပါး အဝိနိဗ္ဘောဂရုပ်တရား ဖြစ်သော ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဟူသော ရုပ်ဓာတ်ရှစ်ပါးတို့တွင် ပထဝီဓာတ်တပါးတည်း ကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ ပထဝီ အာပေါဓာတ် နှစ်ပါး ပူးကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ ပထဝီ အာပေါ တေဇော ဓာတ်သုံးပါး ပူးကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ ဓာတ်ကြီး လေးပါးစလုံး ကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ တဖန်ဝဏ္ဏဓာတ် တပါးတည်းကြည့်ပြန်တော့လည်းဆံပင်မဟုတ်။ ဝဏ္ဏ ဂန္ဓ ဓာတ်နှစ်ပါး ပူးကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ ဝဏ္ဏ ဂန္ဓ ရသ ဓာတ်သုံးပါး ပူးကြည့်ပြန်တော့လည်း ဆံပင်မဟုတ်။ ဥပါဒါရုပ်လေးပါးစလုံး ကြည့်ပြန်တော့လည်း ဆံပင်

မဟုတ်။တနည်း ခေါတ်ကြီးလေးပါးဥပါဒါရုပ်လေးပါး၊ နှစ်ရုပ်ပေါင်းပြီး အဋ္ဌကလာပ်ရုပ် ရှစ်ပါးစလုံးပေါင်းကြည့်ပြန်တော့လည်း ဘယ်ဓာတ်မှ ဆံပင်မဟုတ် (ရှင်း၏လား သူတော်စင်။) တနွယ်ငင် တစင်လုံးပါ။ အမြီးဆွဲ ခေါင်းပါပါ။ အရင်းလှဲ့ အဖျား ပါရ ဟူသောစကားပမာတွေလို ပထဝီ တပါးကို ထင်မြင်လျှင် အားလုံး ထင်မြင်ပြီ။ အာပေါတပါးကို ထင်မြင်လျှင်လည်း အားလုံးထင်မြင်ပြီ။ ဓာတ်တပါးထင်မြင်လျှင် အကုန်လုံးထင်မြင်ပြီဟူ၍ မှတ်လေ။ တည်ကြည်ငြိမ်သက်သော စိတ်ဖြင့်ကြိုးစား၍ကြံစည်စဉ်းစားပွားများလေ။ဆံပင်ဟူသောကောဋ္ဌာသကိုရှု၍ မှမထင်မြင်သေးလျှင် ကောဋ္ဌာသ အားလုံးကို တပါးစီတပါးစီ ထိုနည်းတူစွာ ရှုလေလော့။

## စုဏ္ဏနည်းကို ပြခြင်း။

စုဏ္ဏနည်း ကို ပြရမည် ဟူသော်—လယ်တီဆရာတော်ဘုရားသည် ဆံပင်ကို မှုန့်မှုန့် ညက်ညက်ကြေအောင် ဉာဏ်ဖြင့် အထူးချေဖျက်ရပေလိမ့်မည်ဟု ဆံပင်ကို ညွှန်းတော်မူသည်။ ဒီပဲရင်းဆရာတော်ဘုရားသည် လူအရှင်ကောင်ကို အမှုန့်ကြိတ်ပြသည်။ ဤဆရာတော်ကြီးနှစ်ပါး၏နည်းသည် စုဏ္ဏနည်းဖြစ်၏။ ဤစုဏ္ဏနည်းသည် ဉာဏ်နုံ့သူများပါ ထင်လွယ်မြင်လွယ်သော နည်းဖြစ်သောကြောင့် ဆရာတော်ကြီးများက အမြွက်မျှ ပြသည်ကိုမူတည်ပြီးလျှင် ဆရာ၏ အလိုကျဖြင့် ဖြည့်စွက်၍ စုဏ္ဏနည်းကိုပြပေအံ့။

လောကထဲ၌ သတ္တဝါတို့သည် ပသာဒစက္ခုသက်သက်မျှသာရှိသောသူ၊ပသာဒစက္ခု၊ ညာဏစက္ခု၊ နှစ်ပါးစုံရှိသောသူ ဟူ၍

ရှိ၏။ ပသာဒစက္ခုမျှသာ ရှိသောသူတို့သည် တကယ်အစစ်အမှန် မရှိသော ပုံပန်းဒြပ်သဏ္ဍာန်ကိုသာမြင်သည်၊ တကယ်အစစ်အမှန် ရှိသော စိတ်, စေတသိက်, ရုပ် နှင့် တကွ နိဗ္ဗာန်ကို မမြင်နိုင်။ ပသာဒစက္ခု ညာဏစက္ခု နှစ်ပါးရှိသောသူတို့သည် ပုံပန်းဒြပ်သဏ္ဍာန်ကိုလည်း မြင်သည်၊ စိတ်, စေတသိက်, ရုပ်နှင့်တကွနိဗ္ဗာန် ကိုပါ မြင်နိုင်လေသည်။

သက်ရှိသတ္တဝါတို့၏ပုံပန်းဒြပ်သဏ္ဍာန်ဟူသည်ကံလျှင်သမုတ် ဥတု လုပ်သဖြင့် အာကာသပိုင်းခြားထားသော ရုပ်အစု၏အရိပ် နိမိတ်ကိုပုံပန်း ဒြပ်သဏ္ဍာန် ခေါ်သည် မှတ်လေ။

ထို့ကြောင့် ပသာဒစက္ခု ညာဏစက္ခု နှစ်ပါးစုံရှိသော သူတို့သည် ထိုပုံပန်း ဒြပ်သဏ္ဍာန်ကိုမြင်ရုံမျှနှင့်ပင်(အဝိနိဗ္ဘောဂရုပ်ရှစ်ခုကိုမြင်သည်) (ရုပ်အစုကိုမြင်သည်) ပသာဒစက္ခု သက်သက်မျှသာ ရှိသော သူတို့မှာမူ တကယ်အစစ်အမှန် ရှိသော ရုပ်အစုကို မမြင်နိုင်ကြပေ။ တကယ့်ဆံပင် တကယ့်မွေးညှင်း တကယ့်ခြေသည်း လက်သည်း ဟူ၍ ဒိဋ္ဌိဝိပလ္လာသတို့ ဖြင့်စွဲယူမှတ်ထင်၍ မြင်နေ ကြသည်။ ထို့ကြောင့် ထို ဆံပင် ဟူသော ပုံပန်းဒြပ်သဏ္ဍာန်ကို မှုန်မှုန်ညက်ညက် ကြေအောင် ဉာဏ်ဖြင့်စိတ်ကူး၍ အမှုန့်ကြိတ်လိုက်ပါ။ ထိုသို့အမှုန့်ကြိတ်လိုက်သည်ရှိသော် သဏ္ဍာန်ကြီးသည် ကြေညက်၍ တဇ္ဇာရီမြူ အနုမြူခန့် အမှုန့်ကလေးတွေသည် ဖြစ်လေရာ၏။ ထို့အတူ ဤကောဋ္ဌာသ အရေဖြစ်သော ယောကျ်ားသဏ္ဍာန် မိန်းမသဏ္ဍာန်တို့ကိုလည်း စိတ်ကူးပြီးလျှင် ဉာဏ်ဖြင့် ကြိတ် ညှတ် ညှစ်ထုတ်လိုက်သည် ရှိသော် သွေးတို့ကို

ပုံရာ၏။ တဖန်အဖတ်ကို ခြောက်အောင် ပြုလုပ်ပြီးလျှင် ထပ်၍ ကြိတ်ပြန်သော် တဇ္ဇာဒီမြူ အနုမြူ ခန့် အမှုန့်ကလေးတွေသည် ရရာ၏။

ဤသို့ကော်စင်၊ စေ့စေ့စပ်စပ် စဉ်းစားကြည့်လျှင်ဤအဝိဇ္ဇာမာနပညတ်ဖြစ်သော ယောကျ်ားသဏ္ဌာန် မိန်းမသဏ္ဌာန် သည် တကယ်အစစ်အမှန်မရှိ။ တကယ်အစစ်အမှန်မရှိ သောကြောင့် လည်းယခုယောကျ်ားသဏ္ဌာန် မိန်းမသဏ္ဌာန်ပျောက်ကွယ်၍ အမှုန့်ဟူသော ဃနပညတ်ဖြစ်ချေပြီ။ ဤအမှုန့်ဟူသောဃနပညတ် သည်လည်း တကယ်အစစ်အမှန် ရှိသည်မဟုတ်သေး။ တကယ် အစစ်အမှန် ရှိသည်မဟုတ်သောကြောင့်လည်း ပျောက်ကွယ်၍ သွားလိမ့်ဦးမည်။ ပျောက်ကွယ်၍ သွားမည်ဆိုသည်မှာ ဟုတ် မဟုတ် အသေအချာ သိရအောင် ထိုအမှုန့်ထဲမှ အနုမြူခန့်ရှိ အမှုန့်ကလေး တမှုန့်ကို စိတ်ကူးဖြင့်ယူ၍ ကိုင်တွယ်စမ်းသပ်ကြည့် လိုက်ပါ။ ခက်မာမှု ဖွဲ့စည်းမှု ပူမှု အေးမှု ထောက်ကန် တောင့် တင်းမှု ဤလေးတန်သော ပထဝီ အာပေါ တေဇော ဝါယော ဓာတ်တွေကိုပင် တွေ့လိမ့်မည်။ လူခန္ဓာအိမ် မိန်းမ ယောကျ်ား ခန္ဓာအိမ်ဟူသော အဝိဇ္ဇာမာနပညတ် ဟူသည်လည်း စမ်းသပ်ကိုင် တွယ်ကြည့်သည့် အခါ ဤ ပထဝီ အာပေါ တေဇော ဝါယော တွေကိုပင် တွေ့လိမ့်မည်၊ ယခုလူကိုယ် ခန္ဓာဟူသောအဝိဇ္ဇာမာန ပညတ်ကြီး ပျောက်ကွယ်၍ ဃနပညတ် ဟူသော အမှုန့်ကလေး တွေအဖြစ် ဟူသည်လည်း ဤ ပထဝီ အာပေါ တေဇော ဝါယော ပင် တွေ့ရှိသည်။ ထို့ကြောင့် လူ ဟူသော ယောကျ်ား ဟူသော မိန်းမ ဟူသော အဝိဇ္ဇာမာန ပညတ်သည်လည်း တကယ်အစစ် အမှန်မရှိ။ အစိုင်အခဲ အတုံးအတစ် အမှုန်အမွှား ဟူသော ဃန

ပညတ်သည်လည်း တကယ်အစစ်အမှန်မရှိ။ ဓာတ်လေးပါးသာ တကယ် အစစ် အမှန် ရှိကြောင်း ကောင်းစွာ ထင်ရှားပြီမဟုတ်လော သူတော်စင်။

ထို့ထက်ပို၍ ထင်ရှား သိရအောင် ဤအနုမြူ ပမာခန့်ရှိ လူခြောက်မှုန့် ကလေးကို စိတ်ကူးစဉ်းစား၍ ထပ်မံပြီး လက်ဖြင့် ကိုင်တွယ် စမ်းသပ် ကြည့်ပါဦး၊ ခက်မာမှု နူးညံ့မှု ဖွဲ့စည်းမှု ပူမှု အေးမှု ထောက်ကန်မှု ဟူသော ပထဝီ အာပေါ တေဇော ဝါယော ဤဓာတ်လေးပါးကိုပင် တွေ့လိမ့်မည်။ ထို ဓာတ်လေးပါးကို ဓမ္မဝိနိဗ္ဗောဂ ဉာဏစက္ခုဖြင့် ကြည့်ရှုဆင်ခြင်၍နှုတ်လိုက်ပါ။ အနုမြူခန့် ရှိသူခြောက်မှုန့်ကလေး ပျောက်ကွယ်၍ သွားလိမ့်မည်၊ အမှုန့်တိုင်း အမှုန့်တိုင်း ကိုလည်း ဤကဲ့သို့ဘူတရုပ် လေးပါးကိုချည့် နှုတ်လိုက်ပါမူ အမှုန့်တိုင်း အမှုန့်တိုင်း ပင် ပျောက်ကွယ်၍ သွားလိမ့်မည်။ ထိုအခါ မြူဟူသော အမှုန့်ဟူသော ဃနပညတ်သည် ထင်ရှားမရှိ၊ ဘူတရုပ်ဟူသော ဓာတ်လေးပါးသာ ထင်ရှားရှိကြောင်း ကောင်းစွာသဘောပေါက်လိမ့်မည်။ တကြိမ်နှစ်ကြိမ် ဖတ်ရုံနှင့် သဘော မပေါက်သေးလျှင် အကြိမ်ကြိမ် ထပ်၍ ဖတ်ပြီးလျှင် တစိမ့်စိမ့် ကြံစည် စဉ်းစားပွားများပါ၊ ထိုအခါ တစိမ့်စိမ့် သဘောပေါက်လာ လတ္တံ့။

ထို့ကြောင့် လူခြောက်မှုန့်ဟူသည် အစစ်အမှန် တကယ်မရှိ။ လူ ဟူသည် ယောကျ်ား ဟူသည် မိန်းမ ဟူသည် အစစ်အမှန် တကယ်မရှိ။ ဓာတ်လေးပါး၏ အစုကိုသာလျှင် အမှုန့်ဟူ၍၎င်း၊ လူဟူ၍၎င်း၊ ယောကျ်ားဟူ၍၎င်း၊ မိန်းမ ဟူ၍၎င်း အမျိုးမျိုး ခေါ်ဝေါ်ပြောဆိုကြရသည်။

ပို၍ထင်ရှားအောင် ဥပမာကိုဆိုဦးအံ့။ ဿတာ၊ မခု၊ တေလ၊ ဖာနိတ၊ ထောပတ်၊ ပျားရည်၊ ဆီ၊ တင်လဲ၊ (အစဉ်လိုက်) ဤလေးမျိုးကို ကျိုချက်၍ ထားသောအခဲကို စတုမဓုခေါ်၏။ ထိုစတုမဓုခေါ်သောအခဲကို အပ်ဖျားနှင့် ကော်လိုက်သော် အပ်ဖျားပေါ်၌စတုမဓုမြူမှုန်ကလေးသည်ပါလေရာ၏။ ထိုစတုမဓုမြူမှုန်ကလေးကို စဉ်းစား၍ ထောပတ်ကိုနှုတ်၊ ပျားရည်ကိုနှုတ်၊ ဆီကိုနှုတ်၊ တင်လဲကိုနှုတ်လိုက်ခဲ့သော် အပ်ဖျားပေါ်မှစတုမဓုမြူမှုန့်လေးသည် ပျောက်ကွယ်၍သွားလတ္တံ့။

စတုမဓုမြူမှုန်ဟူသည် ခေါ်ရုံ ပြောရုံ အမည်နာမ ပညတ်မျှရှိ၏၊ တကယ်မရှိ။ ထောပတ်၊ ပျားရည်၊ ဆီ၊ တင်လဲသာ တကယ်ရှိ၏။ ထို့အတူ လူခြောက်မှုန့်ဟူသည် ခေါ်ရုံ ပြောရုံအမည် နာမ ပညတ်မျှရှိ၏၊ တကယ်မရှိ။ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်လေးပါးသာ တကယ်အစစ်အမှန်ရှိ၏။ ရှင်း၏လား သူတော်စင်။

ထို့အတူ စတုမဓုအခဲကြီး ဟူသည် ခေါ်ရုံ ပြောရုံ အမည် နာမပညတ်မျှရှိ၏၊ တကယ်မရှိ။ ထောပတ် ပျားရည် ဆီ တင်လဲ အများစုတို့သာ တကယ်ရှိ၏။

ထိုနည်းတူစွာ လူကောင်ဟူသည် ယောကျ်ားဟူသည် မိန်းမဟူသည် ခေါ်ရုံ ပြောရုံ အမည်နာမ ပညတ်မျှရှိ၏၊ တကယ်မရှိ။ ပထဝီ အာပေါ တေဇော ဝါယော အများစုသာတကယ်အစစ်အမှန်ရှိ၏။ ဤသည်လည်း သဘောပေါက်၏လား။

ဥပမာန၊ ဥပမေယျစကားနှစ်ရပ်ကို စပ်ဟပ်သော် စတုမဓူ မြူမှုန့်နှင့် လူခြောက်မှုန့်တူ၏။ ထောပတ်၊ ပျားရည် ဆီ၊ တင်လဲနှင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတူ၏။

တရားကိုရှုသော ပုဂ္ဂိုလ်တို့သည် ဉာဏ်အနုံ့ အထက်ရှိသောကြောင့် ဉာဏ်ထက်သောပုဂ္ဂိုလ်တို့သည့် ဤစုဏ္ဏနည်းကိုရှုရုံမျှနှင့်ပင် ပရမတ်ကိုဉာဏ် ခိုက်နိုင်သော်လည်း၊ ဉာဏ်နုံ့သောပုဂ္ဂိုလ်တို့မှာ၊ သမူဟ ဃနပညတ် သန္တတိ ဃနပညတ် တို့၏အပေါ်၌ တင်နေတတ်သေးသည်။ထိုသို့ပညတ်ပေါ်၌တင်နေသည်ရှိသော်=

ပညတ် မစင် – နား မဝင်။

ပရမတ် မကျ – နား မဝ။

ပညတ် စင်မှ – နား ဝင်သည်။

ပရမတ် ကျမှ – နား ဝသည်။

ဟူသော ဆောင်ပုဒ်အရ ပညတ်စင်၍ ပရမတ်ကျမှ နားဝမည် ဖြစ်သောကြောင့် ထပ်၍ခွဲရလိမ့်ဦးမည်ဖြစ်၏။ သမူဟဃနပညတ်ဟူသည် အနုမြူတခု၌ သဘာဝအများရှိနေသည်ကို မသိမမြင်၍ ဤအနုမြူသည် တခုတည်း တခဲတည်းဟု သိမြင်လျှင် သမူဟဃန ပညတ်သိ။

သန္တတိဃနပညတ် ဟူသည်ထိုအနုမြူတခု၌ သဘာဝအများရှိနေသည်ကို သိသော်လည်းဟိုနေ့မှ၊ သည်နေ့မှ၊ နောက်နေ့မှ အစရှိသဖြင့် အမြင်မပြတ် ဆက်စပ်၍ တခုတည်း တခဲတည်း သိမြင်ထင်မှတ်လျှင် သန္တတိဃန ပညတ်သိ။

ဤ အနုမြူ တခု၏ အတွင်း၌ သဘာဝအများ ရှိနေသည်ကို ကလာပ်ခြား ဓာတ်ခြား နှင့်တကွ အနိစ္စကိုပါ သိမြင်မှသာ လျှင် ပရမတ်သိဖြစ်၏။

ဝိဇ္ဇာမာနပညတ် ဟူသည်၊ စက္ခုပသာဒ၌မြင်သိစိတ် ဖြစ်အောင် ထိခိုက်သောအဆင်းသည် ပညတ်ဖြစ်၏။ ထိုနည်းတူစွာ သောတပသာဒ၌ အသံ၊ ဃာနပသာဒ၌ အနံ့၊ ဇိဝှါပသာဒ၌ အရသာ၊ ကာယပသာဒ၌ တွေ့ထိ သိစိတ်ဖြစ်အောင် ထိခိုက်နိုင်သော ပထဝီ တေဇော ဝါယော ဟူသော ဖောဋ္ဌဗ္ဗ သည် ပညတ်ဖြစ်၏။

ထိုသို့ ထိခိုက်ခြင်းကို သိသောအသိကို ပညတ်သိခေါ်၏။ ဤ အသိကိုလွန်မြောက်၍မူလသဘာဝကို သိမှ ပရမတ်သိခေါ်၏။

မူလသဘာဝကို သိအောင်အဘယ်သို့ ရှုရမည်နည်း ဟူလျှင် ငြုတ်သီးသည်စပ်၏။စပ်ခြင်းသည် ပညတ်။ စပ်မှု မူလ သဘာဝ သည် ပရမတ်။ပို၍ရှင်းအောင် စပ်အားကောင်းသော ငြုတ်ပင်မှ အပွင့်ထဲကထွက်ခါစ အပ်ဖျားပမာခန့်ရှိ အကင်းကို စားကြည့် လျှင် စပ်မှုမထင်ရှားသေး။ စပ်မှုမထင်ရှားသေးသော်လည်း စပ်မှု မူလသဘာဝသည် ထင်ရှားရှိ၏။ ဤစပ်မှု မူလသဘာဝသည် ပရမတ်။

ထို့ကြောင့် စပ်ခြင်းသိလျှင် ပညတ်သိ။ စပ်မှု မူလသဘာဝ သိလျှင် ပရမတ်သိ။ရုပ် ဓာတ်မှန်လျှင် အားလုံး ထို့အတူဖြစ်၏။

( အရေးအကြီးဆုံး အချက် မပျောက်မပျက် အသေ အချာ မှတ်။)

## အာကာသပရိစ္ဆေဒရုပ် ပြခြင်း၊

ကလာပန္တရေဟိ၊ အသံ ကိဏ္ဏဘာဝေါ ပါဒနဝသေန
ပရိစ္ဆေဒကံ ပရိစ္ဆေဒရူပံ။ ။

ကလာပန္တရေဟိ၊ ကလာပ်တပါးတို့နှင့်။ အသံကိဏ္ဏ ဘာဝေါ ပါဒနဝသေန၊ မရောပြွမ်းသည်၏အဖြစ်ကို ပြီးစေသည်၏အစွမ်းအားဖြင့်။ပရိစ္ဆေဒကံ၊ပိုင်းခြားခြင်းကို ပြုခြင်းသည်။ပရိစ္ဆေဒရူပံ၊ **ပ**ရိစ္ဆေဒရုပ် မည်၏။

ဟူသည်နှင့်အညီ၊ အာပေါဓာတ် ပေါင်းစုဖွဲ့စည်းထားသော ရုပ်ကလာပ်အစု အချင်းချင်း မရောပြွမ်းစေရအောင် ရုပ်ကလာပ် စည်းတို့၏ အကြား ကန့်သတ်ခြားနား ထားသော အာကာသ ဓာတ်ကို ပရိစ္ဆေဒရုပ်ခေါ်၏။

မဟာပထဝီ မြေမှစ၍ အထက်၌ အဆုံးမရှိသော လဟာပြင်ကြီးကို အထက်အဇဋ္ဌာကာသခေါ်၏။ အဇဋ္ဌာလည်းခေါ်သည်။ အာကာသလည်း ခေါ်သည်။ ထိုအာကာသ၏အတွင်း၌ ရှိကြကုန်သော သစ်ပင် တော တောင် အစရှိသော အဆောက်အဦတို့သည် အချင်းချင်း ဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ၊ ထိစပ်၍ တည်သည်ဖြစ်စေ၊ ထိုအာကာသ ပိုင်းခြားလျက်ရှိ၏။

တချို့သော တောင်ဟုခေါ်သော အဆောက်အဦတို့သည် ပွ၏၊ ရွ၏၊ တူးဆွလို လွယ်လင့်တကူရ၏။ မိုးရေတို့သည်စိမ့်ဝင်၏။ထိုသို့မိုးရေဝင်နိုင်အောင် တူးဆွလိုလွယ်လင့်တကူရအောင် ပွခြင်း ရွခြင်း တို့သည် အာပေါဓာတ်၏ အာဗန္ဓနအားဖြင့် အ

ဖွဲ့အစည်း လျော့ရဲရဲဖြစ်နေသောကြောင့် ရုပ်ကလာပ်စည်း အစုတွေသည် ချောင်သည် ကြပ်သည်။ ထို့ကြောင့် အာကာသပရိစ္ဆေဒ ရုပ်များသည် မိုဃ်းရေသည် ထိုအာကာသပရိစ္ဆေဒရုပ်မှ စိမ့်၍ဝင်ခြင်းဖြစ်၏။ ပထဝီ နည်းသည့်အတွက် ပွ၏ ရွ၏။ ထိုအဆောက်အဦတို့ကို မြေတောင်–တောင်ပူစာ အစရှိသည်ဖြင့် လူသားတို့ ကိုက်နှစ်သက်သလို ခေါ်ကြကုန်၏။

တချို့သော တောင်ဟုခေါ်သော အဆောက်အဦတို့သည် တူးဆွလို့မရအောင် မာ၏။ ဤသို့မာသောသဘောရှိခြင်းသည် အာပေါဓာတ် အာဗန္ဓန သဘောအားဖြင့် အဖွဲ့အစည်း နာ၏။ ထို့အတွက် ရုပ်ကလာပ်မှုန့်တွေ စေ့စပ် ကြပ် တည်းစွာတွယ်ကပ်သည်ဖြစ်၍ အာကာသပရိစ္ဆေဒရုပ် အလွန်သိမ်မွေ့သည်၊ ပထဝီများသည် အာကာသပရိစ္ဆေဒရုပ် ရှိပါသော်လည်း အလွန်သိမ်မွေ့လှသည်ဖြစ်သောကြောင့် မိုဃ်းရေတို့သည် မဝင်နိုင်။ ထိုသို့မာသော အဆောက်အဦတို့ကို ကျောက်တောင် သံတောင် အစရှိသည်ဖြင့် လူသားတို့ ကိုက်နှစ်သက်သလို သမုတ်၍ခေါ်ဆိုကြကုန်၏။

သစ်ပင် ဝါးပင် သစ်တုံး ကျောက်တုံး စိန်တုံး ပတ္တမြားတုံး မြေကြီးတုံး အစရှိသော အဆောက်အဦ အကြီး အငယ် အရှယ် အသတ် အမှုန်အမွှား တို့ကိုလည်း အာကာသပရိစ္ဆေဒချုပ်ကို ထို့နည်းတူစွာ သိအပ်၏။

အစုလိုက်အစုလိုက် ပုံထားသော ဆန်ပုံ နှမ်းပုံ တို့၏အထက်မှ ရေလောင်းချလိုက်သော် ရေသည် ဆန်စေ့အချင်းချင်းနှမ်းစေ့

အချင်းချင်း တို့၏ အကြား အကြားသို့ ဝင်ရှ်သွား၏။ ရေဝင်သောအကြားကို အာကာသပရိစ္ဆေဒရုပ် ခေါ်၏။

ရေ၌လည်းအာကာသပရိစ္ဆေဒရုပ်ရှိ၏။အဘယ်သို့သိရသနည်းဟူလျှင် ရေနှင့် နွားနို့ ရောသည့်အခါ နွားနို့၏ အာကာသအကြား၌ ရေဝင်၏။ ရေ၏ အာကာသအကြား၌ နွားနို့ဝင်၏။ ထို့ကြောင့် ရော၍သွား၏၊ ဤနည်းဖြင့်သိရ၏။

တဖန် ဆန်တို့ နှမ်းတို့ကိုရေစိမ်လိုက်သော် ရေသည်ဆန်စေ့ထဲသို့ စိမ့်၍ဝင်၏၊ ထိုရေ စိမ့်၍ ဝင်ခြင်းသည် အာကာသအကြားမှ ဝင်ခြင်းဖြစ်၏။ နှမ်းနှင့်တကွ မည်သည့် ပစ္စည်းမဆို ထို့အတူသိအပ်၏။

ထိုဆန်စေ့တစေ့ကိုခုနစ်စိတ် စိတ်၊တစိတ်စာသည်သန်းဦးခေါင်းတခုခန့်ရှိ၏။ ထို သန်းဦးခေါင်းကို ၃၆–စိတ် စိတ်၊ တစိတ်စာသည် လိက္ခမြူ ပမာခန့်ရှိ၏။ ထိုလိက္ခမြူပမာခန့်ကို ၃၆–စိတ် စိတ်၊ တစိတ်စာသည် ရထရေနုမြူ ပမာခန့်ရှိ၏။ ထို ရထရေနုမြူပမာခန့်ကို ၃၆–စိတ် စိတ်၊ တစိတ်စာသည် တဇ္ဇာရီမြူ ပမာခန့်ရှိ၏။ ထိုတဇ္ဇာရီမြူ ပမာခန့်ကို ၃၆–စိတ် စိတ်၊ တစိတ်စာသည် အနုမြူပမာခန့်ရှိ၏။

ထို သန်းဦးခေါင်း ပမာခန့်မှ အနုမြူပမာခန့်ထိ ဆန်မှုန့်တို့၌လည်း အာကာသ အကြားတွေ့ အကြားတွေ့ များစွာ များစွာ ရှိကြကုန်၏။ထိုဆန်မှုန့်တို့ကို ရေစိမ်လိုက်သော် ရေသည်အာကာသအကြား အကြားမှဝင်ကုန်၏။

ထိုအနုမြူပမာခန့် ရှိသော ဆန်မှုန့်ကို ၃၆-စိတ်စိတ်၊ တစိတ်စာသည် ပရမာနုမြူ ပမာခန့် ရှိ၏။ ထိုပရမာနုမြူ ကို လူတို့ မျက်စိဖြင့်မမြင်နိုင်။ နတ်တို့မျက်စိဖြင့်သာမြင်နိုင်၏။ ဤသို့လူတို့ မျက်စိဖြင့် မမြင်နိုင်လောက်အောင် သေးနုတ်သော ဆန်မှုန့် မြူမှုန့်၌လည်း အာကာသအကြားသည် များစွာရှိ၏။

ထိုပရမာနုမြူခန့်ရှိဆန်မှုန့် မြူမှုန့် တို့ကိုဥတ်ချေဆိုက်သည် ရှိသော် အမှုအရာ ဗျာပါရ ကင်းမဲ့သော သဘော သက်သက်မျှ ဖြစ်သော မူလသဘာဝ အဋ္ဌကလာပ် ပစ္စည်းတို့သာလျှင် ရှိတော့သည်။ ထိုအဋ္ဌကလာပ်စည်းတို့သည် ပရမတ် ဖြစ်ခြင်းကြောင့် အာကာသပရိစ္ဆေဒမရှိပြီ။ ထိုပရမတ်ဖြစ်သောအဋ္ဌကလာပ်စည်း တစည်း၌ ဓာတုပရိစ္ဆေဒတို့သည်ရှိ၏၊ ဓာတုပရိစ္ဆေဒဟူသည်—

ထိုအဋ္ဌကလာပ်စည်းသည် ဘယ်ဟာက အထက် ဘယ်ဟာက အောက်ဟူ၍ မသိရအောင် ပေါင်းစုလုံးထွေး နေသော်လည်း၊ ပထဝီဓာတ်သည် အာပေါဓာတ် မဖြစ်။ အာပေါဓာတ်သည် ပထဝီမဖြစ်။ ပထဝီအာပေါသည် တေဇော ဝါယော မဖြစ်။ တေဇော ဝါယော သည် ပထဝီ အာပေါ မဖြစ်။ ထိုသို့ ပထဝီဓာတ်သည် ပထဝီဓာတ်အလျောက် ခြားနားခြင်း၊ အာပေါသည် အာပေါအလျောက် ခြားနားခြင်း၊ တေဇောသည် တေဇောအလျောက် ခြားနားခြင်း၊ ဝါယောသည် ဝါယော အလျောက် ခြားနားခြင်းသည်ပင်လျှင် ဓာတုပရိစ္ဆေဒခေါ်၏။

လူသတ္တဝါဟုခေါ်သော ၃၂-ကောဋ္ဌာသဖြစ်သော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစရှိသော ကောဋ္ဌာသအား

လုံးတို့၌လည်း အာကာသအကြားရှိသည်ချည်းပင်ဖြစ်၏။ မာလျှင် မာသည့်အလျောက်၊ ပွရှလျှင် ပွရှသည့်အလျောက် အာကာသ အကြား ရှိသည်ဟု အထက်က နည်းတူသိအပ်၏။ သတ္တဝါတို့ အသားထဲမှ သွေးထွက်လာခြင်းသည် အာကာသအကြားမှ ဖြစ်၏။ လူတို့ တိရစ္ဆာန်တို့၏ကိုယ်မှ ချွေးတို့ ကိုယ်ငွေ့တို့ ထွက်လာခြင်းသည် အာကာသအကြားမှဖြစ်၏။ ကိုယ်ကို ဆေးတို့ ဆီတို့ နာနာပွတ်၍လိမ်းလျှင်၊ ဆေး ဆီတို့ပျောက်ကွယ်သွားခြင်းသည် အာကာသအကြားမှ ကိုယ်ထဲသို့ဝင်သွားခြင်းဖြစ်၏။ထို့ကြောင့် သတ္တဝါတကိုယ်လုံး၌ ကျဲနေရာဖြင့် အာကာသအကြားမရှိပါဟု အကယ်၍ အပ်ဖျားဖြင့် ထောက်ပြမည်ဟူငြားအံ့၊ အပ်ဖျား ကျရာ နေရာသည် အာကာသ အကြားသာလျှင် ဖြစ်အံ့ဟု သိအပ်၏။အဋ္ဌကလာပ်စည်းကိုအပ်ဖြင့်ထောက်မိဘို့ရာခဲယဉ်းလှဘိ၏။

သက်ရှိဖြစ်သော ရုပ်၌၎င်း၊ သက်မဲ့ဖြစ်သောရုပ်၌၎င်း အာကာသအကြား ရှိသည့် အတွက်ကြောင့် အက်ခြင်း၊ ကွဲခြင်း၊ ပဲ့ခြင်း၊ ကျိုးခြင်း၊ ပျက်ခြင်း ဖြစ်၏။ အကယ်၍သာလျှင် အာကာသ အကြား မရှိခဲ့ပါမူ ဒိုးပျံဖြင့် သော်၎င်း၊ မိုးကြိုးဖြင့် သော်၎င်း အကြိမ်ပေါင်း များစွာ ပစ်၍ ခွင်းသော် လည်း တုတ်တုတ်မျှ လှုပ်မည်မဟုတ်ဟူ၍ မှတ်လေ။

## လူ့ခြောက်မှုန့်ကို ပညတ်ပရမတ် ခွဲပြခြင်း။

အိုသူတော်စင်၊ အနုမြူတခု၏ အတွင်း၌ သဘာဝအများ ရှိနေသည့်ကို ကလာပ်ခြား ခတ်ခြားနှင့်တကွ အနိစ္စကိုပါသိမှ ပရမတ်သိဟုအထက်ကဆိုအပ်ခဲ့ပြီ။ဝိဇ္ဇာမာနပညတ်သိနှင့်ပရမတ်

သိကိုလည်း ငြင်ဝတ်သီး ဥပမာဖြင့် တခါပြခဲ့ပြီ။အဲဒါကာသပရိစ္ဆေဒ ရုပ် ပြတုန်းကလည်း ပရမတ်ကိုရောက်ခဲ့ပြီ။ယခုလည်း လူခြောက် မှုန့်ဟူသော ဃနပညတ်မှ ပရမတ်ကို အနိစ္စနှင့်တကွပြဦးအံ့။

ထို့ကြောင့် ယခုတဖန် အနုမြူခန့်ရှိ လူခြောက်မှုန့်ကလေး ကို စိတ်ကူးစဉ်းစားလိုက်ပါဦး။ ထိုအနုမြူခန့်ရှိ လူခြောက်မှုန့် ကလေးကို ၃၆–စိတ် စိတ်၊ တစိတ်စာသည် ပရမာနုမြူခန့်ရှိ၏။ ဤ ပရမာနုမြူခန့်ရှိ လူခြောက်မှုန့်ကို ပွတ်ချေ ခွဲစိတ် လိုက် သည်ရှိသော် မီးရှာ တည်ရာမရှိ ပျက်ခြင်း ပျောက်ခြင်းသို့ ရောက် လေရာ၏။

အဘယ့်ကြောင့် မီးရှာ တည်ရာ မရှိ ပျက်ရ ပျောက်ရ လေသ နည်းဟူမူ–လူတို့၏ချက်တောင် တခတ်ကာလကို ကုဋေသုံးသိန်း စိတ် တစိတ် ခန့် ကာလကို ခဏငယ်တချက်မျှဖြစ်၏။ ရုပ်ဖြစ်ဆဲ ကို ဥပါဒ်ခေါ်၏။ ပျက်ဆဲကို ဘင်ခေါ်၏။ ထိုဥပါဒ်ခဏ ဘင် ခဏတို့သည် ခဏငယ် တချက်ခန့်စီသာ ရှိ၏။ အပျက်ကိုရှေးရှု လျက် တည်ဆဲရှိဆဲကို ဌီခေါ်၏။ဤဌီကာလသည်ကား ခဏငယ် ၄၉–ချက်ခန့်ရှိသည်၊ ဥပါဒ် ၁–ချက်ခန့် ဌီ ၄၉–ချက်ခန့်၊ ဘင် ၁–ချက်ခန့် အားဖြင့် ခဏငယ် ၅၁–ချက်ခန့်သာ ရုပ် သက်ရှည်သည်။ ထို့ကြောင့် အဋ္ဌကလာပ်စည်းသည် ဖြစ်လျှင် ဖြစ်တဲ့နေရာမှာပင် မရွေ့မရှားပျက်ရသည်။ ထိုသို့မရွေ့ မရှား ပျက်ရသောအဋ္ဌကလာပ်စည်းပေါင်း ၅၁–စည်းခန့်ပေါင်းစုလုံး ထွေး ရှိနေပြန်လျှင် ပရမာနုမြူ ၁–ခုခန့်ခေါ်ပြန်သည်။ ပရမာ နုမြူ ၃၆–ခုခန့်ပေါင်းစုလုံးထွေး ရှိနေပြန်လျှင် အနုမြူ ၁–ခု ခန့် ခေါ်ပြန်သည်။ အနုမြူ ၃၆–ခုခန့် ပေါင်းစု လုံးထွေးရှိနေ ပြန်လျှင် တဇ္ဇာရီမြူ ၁–ခုခန့် ခေါ်ပြန်သည်။

အဋ္ဌကလာပ်စည်းပေါင်း ၅၁=စည်းကို ပရမာနုမြူ ၁–ခုခန့်။

။ ။ ၄၇၃၆–စည်းကို အနုမြူ ၁–ခုခန့်။

။ ။ ၆၆၀၉၆–စည်းကို တဇ္ဇာရီမြူ ၁–ခုခန့်။

ဤသို့လျှင် တကယ်အစစ်အမှန် ရှိတာကိုရှိတဲ့အတိုင်း စစ်ထုတ်သိုက်ခဲ့သည်ရှိသော် အဋ္ဌကလာပ်စည်းတွေသာ မရေမတွက်နိုင်အောင် အသခေျ်အနန္တရှိနေကြောင်း ထင်ရှား၏။ ထို့ကြောင့် မြူကိုထည့်ပြီး မစဉ်းစားနှင့် အစစ်အမှန် ရှိသော အဋ္ဌကလာပ်စည်းကိုသာ စဉ်းစား။

မြူဟူသည် အမှုန့်ဟူသည် အပြောသာရှိ၍ တကယ်မရှိ။ သဘောမှာ အဋ္ဌကလာပ်စည်းအများသာ တကယ်ရှိကြောင်း သူတော်စင်သည် ကောင်းစွာထင်ရှားပြီ၊ ဤသို့အဋ္ဌကလာပ်စည်းအများသာလျှင် ဖြစ်ကြောင်းကိုကောင်းစွာ ထင်ရှားသိခဲ့လျှင် ကျန်ရှိနေသေးသော မြူအားလုံး အမှုန့်အားလုံး တို့သည်လည်း အဋ္ဌကလာပ်စည်း အများသာလျှင် ဖြစ်ကြောင်း ကောင်းစွာ သိပြီ။

သို့ရာတွင် မြူဟုခေါ်မှု၊ အမှုန့်ဟုခေါ်ဝေါ်မှု၊ အတုံးအတစ် အစိုင် အခဲ အဆောက်အဦ အားလုံး ခေါ်ဝေါ်မှုတို့သည် စင်စစ်မှာမူ နေရာ အရွေ့ အကြားမခံ တရိပ်ရိပ် တဝေ့ဝေ့

ဖြစ်ပျက် နေသော အဋ္ဌကလာပ်စည်း အများစု သာလျှင် ဖြစ်ကြောင်း ကောင်းစွာထင်ရှား သည်ထက် ထင်ရှားစေခြင်းငှာ ထို အဋ္ဌကလာပ်စည်းတို့ကိုပင် ယူဇနာဖွဲ့၍ ပြဦးအံ့။

## အဋ္ဌကလာပ်စည်းကို ယူဇနာဖွဲ့၍ ပြခြင်း။

၁။ အစိန္တေယျ အရာဖြစ်သော ပရမတ္ထ အဋ္ဌကလာပ်စည်း ပေါင်း ၅၁-စည်း ပေါင်းစုလုံးထွေးမိလျှင် ပရမာနုမြူ တခုခန့်ဟု ခေါ်၏။ စင်စစ်မှာမူ နေရာ အရွေ့အရှား မခံ တရိပ်ရိပ်တငွေ့ငွေ့ ဖြစ်ပျက်၍နေသောအဋ္ဌကလာပ် စည်း အစုသာလျှင်ဖြစ်၏။

၂။ ထိုပရမာနုမြူ ၃၆-ခု ပေါင်းစု လုံးထွေးမိပြန် လျှင် အနုမြူ တခုခန့် ခေါ်ပြန်၏။ စင်စစ်မှာမူ သဘာဝ အလျောက် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက် နေသော အဋ္ဌကလာပ်စည်း အစုသာလျှင် ဖြစ်၏။

၃။ ထိုအနုမြူ ၃၆-ခု ပေါင်းစုလုံးထွေးမိပြန်လျှင်တဇ္ဇာရီ မြူ တခုခန့် ခေါ်၏။ စင်စစ်မှာမူ သဘာဝအလျောက် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက်နေသော အဋ္ဌကလာပ် စည်း အစုသာလျှင်ဖြစ်၏။

၄။ ထို တဇ္ဇာရီမြူ ၃၆-ခု ပေါင်းစုလုံးထွေးမိလျှင် ရထ ရေနုမြူ တခု ခန့် ခေါ်ပြန်၏။ စင်စစ်မှာမူ သဘာဝ အလျောက် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက် နေသော အဋ္ဌကလာပ်စည်း အစုသာလျှင်ဖြစ်၏။

၅။ ထိုရထရေနုမြူ ၃၆–ခု ပေါင်းစု လုံးထွေးမိပြန် လျှင် လိက္ခမြူ တခုခန့် ခေါ်ပြန်၏။ စင်စစ်မှာမူ သဘာဝ အလျောက်နေရာ အရွေ့အရှားမခံ တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက်နေသောအဋ္ဌကလာပ်စည်အစုသာလျှင်ဖြစ်၏။

၆။ ထိုလိက္ခမြူ ၃၆–ခု ပေါင်းစုလုံးထွေး ရှိပြန်လျှင် သန်းဦးခေါင်း တခုခန့် ခေါ်ပြန်၏။ စင်စစ်မှာမူ နေရာအရွေ့ အရှားမခံ သဘာဝအလျောက် တရိပ်ရိပ် အငွေ့ငွေ့ ဖြစ်ပျက် နေသော အဋ္ဌကလာပ်စည်း အစု သာလျှင် ဖြစ်၏။

၇။ ထိုသန်းဦးခေါင်း ၇–ခု ခန့်ကို စပါး တလုံးခန့် ဟု ခေါ်၏။ စပါး ၇–လုံးခန့်ကို လက်တသစ် ၁၂–သစ် ကို တထွာခန့် ဟု ခေါ်ပြန်၏။ ထိုတထွာပတ်လည် ရှိသော ဝတ္ထုပစ္စည်းသည် မြေစိုင်ခဲ ခေါ်ခေါ် အုတ်ခဲ ခေါ်ခေါ် သစ်သားလုံးခေါ်ခေါ် ကျောက်တုံးခေါ် ခေါ် ရေခဲတုံးခေါ်ခေါ် သံတုံးခေါ်ခေါ် ကြေးတုံး ခေါ်ခေါ် ခဲတုံးခေါ်ခေါ် ရွှေတုံးခေါ်ခေါ် အစရှိ သဖြင့် ခေါ်ချင်တာ ခေါ်ကြသော်လည်း စင်စစ်မှာမူ နေရာအရွေ့အရှား မခံ သဘာဝအလျောက် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက်နေသော အဋ္ဌကလာပ်စည်း အစု သာလျှင်ဖြစ်၏။

၈။ ၂–ထွာကို တတောင်၊ ၇–တောင်ကို ၁–တာ၊ တာ တထောင်လျှင် ၁–တိုင် ဟု ခေါ်ပြန်၏။ ဤ ၁–တိုင် ပတ်လည်ရှိသော အဆောက်အဦကြီးသည်လည်း ရေခဲ

တောင်ခေါ်ခေါ် မြေကြီးတောင်ခေါ်ခေါ် ကျောက်တောင်ခေါ်ခေါ် မြတောင်ခေါ်ခေါ် ပတ္တမြားတောင်ခေါ်ခေါ် ခေါ်ချင်တာ ခေါ်ကြသော်လည်း စင်စစ်မှာမူ နေရာမရွေ့မရှား တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက်နေသော အဋ္ဌကလာပ်စည်း အစုသာလျှင်ဖြစ်၏။

၉။ ၆–တိုင်နှင့် တာ ၄–ရာကို ၁–ယူဇနာ ခေါ်ပြန်၏။ ဤ ၁–ယူဇနာ ပတ်လည်ခန့်ရှိသော အဆောက်ဦကြီးသည်လည်း လောကလူသားတို့ ဝေါဟာရအားဖြင့် အမည် နာမတင်ဆင်၍ ဘာအဆောက်အဦ ခေါ်ခေါ် စင်စစ်မှာမူ ဖြစ်လျှင် ဖြစ်တဲ့ နေရာမှာပင် သဘာဝအလျောက် မရွေ့မရှား တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက်နေသော အဋ္ဌကလာပ်စည်း အစုသာလျှင်ဖြစ်သတည်း။

အို သူတော်စင်၊ စင်စစ်သော်ကား လောကထဲ၌ အလွန်သေးနုတ်သော အမှုန်အမွှားမှစ၍ အတုံးအတစ် အစိုင်အခဲ တောတောင် ရေ မြေ ဟူသော အဆောက်အဦကြီးတို့ သည်လည်း အားလုံးပင် အဋ္ဌကလာပ်စည်း အစုတို့ချည်းသာလျှင် ဖြစ်သောကြောင့် သဘာဝအလျောက် တရိပ်ရိပ် တငွေ့ငွေ့ဖြင့် ဖြစ်လျှင် ဖြစ်တဲ့နေရာမှာပင် မရွေ့မရှား ဖြစ်ပျက်နေ၏။

သက်ရှိလောကထဲ၌လည်း လူတို့၏ ပသာဒစက္ခုဖြင့် လွယ်လွယ် မမြင်နိုင်လောက်သော အလွန် သေးနုတ်သော သတ္တဝါတို့၏ခန္ဓာကိုယ်မှစ၍အကောင်အထည် ကြီးမားလှသောနတ်မင်း

ဗြဟ္မာမင်းကြီးတို့၏ ခန္ဓာခေါ်သော အဆောက်အဦ အားလုံးတို့သည်လည်း အဋ္ဌကလာပ်စည်းအစုသာလျှင် ဖြစ်သောကြောင့် သဘာဝအလျောက် ဖြစ်လျှင် ဖြစ်တဲ့နေရာမှာပင် မရွေ့မရှား တရိပ်ရိပ် တငွေ့ငွေ့ဖြင့် ဖြစ်ပျက်နေ၏ ဟူ၍မှတ်လေ။

သူတော်စင်၏ ခန္ဓာကိုယ်တခုလုံး၌လည်း ဦးခေါင်းဟုခေါ်သော်လည်း အဋ္ဌကလာပ်စည်းအစု၊ ကိုယ်ဟု ခေါ်သော်လည်း အဋ္ဌကလာပ်စည်းအစု၊ လက်ခြေအစရှိသော အင်္ဂါကြီး အင်္ဂါလတ် အင်္ဂါငယ် အားလုံးတို့သည်လည်း အဋ္ဌကလာပ်စည်း အစုသာလျှင် ဖြစ်သောကြောင့် သဘာဝအလျောက် ဖြစ်လျှင် ဖြစ်တဲ့နေရာက မရွေ့မရှား တရိပ်ရိပ် တငွေ့ငွေ့ဖြင့် ဖြစ်ပျက်၍နေ၏ ဟူ၍ အသေအချာ မြဲမြဲစွဲစွဲ မပျောက်မပျက် မှတ်လေဦး။

အထက်ကဆိုအပ်ခဲ့ပြီးသော သွေး ဟု ခေါ်သောဝတ္ထုသည်လည်း ရုပ်အစုပင်ဖြစ်သောကြောင့် အဋ္ဌကလာပ်စည်း အစုသာလျှင်ဖြစ်၏။ ထိုသွေးဟုခေါ်သော အဋ္ဌကလာပ်စည်းအစုတို့သည် ပဂ္ဃရဏလက္ခဏာအားဖြင့် အရည်ပျော် အာပေါဓာတ် လွန်ကဲသော အဋ္ဌကလာပ်စည်း အများသာလျှင် ဖြစ်၏။ ချောင်းရေ ကန်ရေ မြစ်ရေ သမုဒ္ဒရာရေ မိုဃ်းရေ အစရှိသော ရေဟူဟူသမျှတို့သည်လည်း အရည်ပျော် ပဂ္ဃရဏလက္ခဏာအားဖြင့် အာပေါ လွန်ကဲသော အဋ္ဌကလာပ်စည်း အများသာလျှင်ဖြစ်၏။

ဤသို့လျှင် တော တောင် ရေ မြေ အစရှိသော သက်မဲ့ လောက တို့သည်ရင်း၊ လူ နတ် ဗြဟ္မာ သတ္တဝါဟူသော ရုပ်လောကသည်ရင်း၊ အားလုံးပင် အဋ္ဌကလာပ်စည်း အစုသာလျှင်

ဖြစ်ကြောင်းကို ဉာဏ်ခိုက်လျှင် ထိုပရမတ္ထ အဋ္ဌကလာပ်စည်းတို့၏ မမြဲခြင်း အနိစ္စကိုလည်း ဉာဏ်ခိုက်လတ္တံ့။ ဆင်းရဲခြင်း ဒုက္ခကိုလည်း ဉာဏ်ခိုက်လတ္တံ့။ အစိုးမရခြင်း အနတ္တကိုလည်း ဉာဏ်ခိုက် လတ္တံ့။ ထိုသို့ ဉာဏ်ခိုက်သော သူတော်စင် သည် ရုပ်လောကဌ် နှစ်သက် တပ်မက်စရာ သာယာလိုချင်စရာ တောင့်တစရာ မကောင်းသော ခါတ်သဘောတွေ သာလျှင် ဖြစ်၏ ဟု ကား သံဝေဂ ရလတ္တံ့။

## လူခြောက်မှုန့်ကို အရုပ်လုပ် ပြခြင်း။

လောကထဲ၌ ရုပ်တရားတို့သည် သတ္တဝါ မဟုတ်ကြောင်း သူတော်စင် ကောင်းစွာ သိခဲ့ပြီ။ ထိုသို့သတ္တဝါ မဟုတ်သော်လည်း ဌာနသို့လိုက်၍ သမ္မုတိပညတ်အားဖြင့် လူဟူ၍သမုတ်ပြီးလျှင် ခေါ်ဝေါ်ပြောဆို၍နေကြရသော အထက်က ဆိုအပ်ပြီးသော လူခြောက်မှုန့်နှင့် သွေးတွေသည်ရှိ၏။ ထိုလူခြောက်မှုန့်နှင့် သွေးတွေ့ကိုအားလုံးရောနှော၍ ထပ်ထပ်ဖြစ်အောင်စိတ်ကူးပြီး နှဲ့ လိုက်ပါ။ နှဲ့ ပြီးလျှင် ဦးကာမကုသလ ပန်းပုဆရာကြီးထံမှာ ဇီဝိတရုပ်၊ အကြည်ရုပ် ခြောက်ပါး၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသနှင့်တကွ အားလုံးအပြည့်အစုံ လူရှင်၏ ရုပ်အစုကဲ့သို့ ဖြစ်အောင် ပြုလုပ်ပေးပါမည့် အကြောင်း ပြောကြား၍ စိတ်ကူးဖြင့် အပ်လိုက်ပါ။ ထိုအခါ က ဆရာကြီး၏ အာနုဘော်ဖြင့် တပည့်ကြီး ငါဥတုကိုခိုင်းသဖြင့် တပည့်ကြီး ငါ့ဥတုက လူရှင်၏ ရုပ်အစုကဲ့သို့ဖြစ်အောင် ပြုလုပ်သောကြောင့် အပြီးသို့ရောက်ရာ၏။

လူခြောက်မှုန့်တွေ့ သွေးတွေသည် အဋ္ဌကလာပ်ရုပ် ဖြင့်၏။ ထိုအဋ္ဌကလာပ်ရုပ်အများကို မပုပ်မသိုးအောင် ဇီဝိတရုပ်ကစောင့်ရှောက်သည်။ ထိုဇီဝိတရုပ်ပါနှင့် ကိုးပါးဖြစ်၏။ နဝက ကလာပ်ခေါ်၏။ အကြည်ရုပ်ခြောက်ပါးဟူသည်=စက္ခုပသာဒရုပ်တပါး၊ သောတပသာဒရုပ်တပါး၊ ဃာနပသာဒရုပ်တပါး။ ဇိဝှါပသာဒရုပ်တပါး၊ ကာယပသာဒရုပ် တပါး၊ နှလုံးသား၏အတွင်း နှလုံးသွေး၌ ဟဒယဝတ္ထုရုပ်တပါး ဤခြောက်ပါးတည်း။ ဤပသာဒရုပ်နှင့် အထက်က ရုပ်ကိုးပါး နဝက ကလာပ် နှင့် ပေါင်းသော်ရုပ်သည် ဆယ်ပါးဖြစ်၏။ ဒသက ကလာပ်ခေါ်၏။

မျက်စိအကြည်ဟူသော စက္ခုပသာဒရုပ်ရှိမှစက္ခုဝိညာဉ်ဖြစ်နိုင်သည်။ မရှိလျှင်မဖြစ် မဖြစ်လျှင်ဘာကိုမျှမမြင်။ နားအကြည်ဟူသော သောတပသာဒရုပ်ရှိမှ သောတဝိညာဉ်ဖြစ်နိုင်သည်။ မရှိလျှင် မဖြစ် မဖြစ်လျှင် ဘာတခုကိုမျှ မကြား။ နှာခေါင်း အကြည်ဟူသော ဃာန ပသာဒရုပ်ရှိမှ ဃာနဝိညာဉ်ဖြစ်နိုင်သည်။ မရှိလျှင် မဖြစ် မဖြစ်လျှင် ဘာကိုမျှမနံ။ လျှာအကြည် ဟူသော ဇိဝှါပသာဒရုပ်ရှိမှ ဇိဝှာဝိညာဉ် ဖြစ်နိုင်သည်။ မရှိလျှင် မဖြစ် မဖြစ်လျှင် ဘယ် အရသာကိုမျှ မသိ။ ကိုယ်အကြည် ဟူသော ကာယ ပသာဒရုပ်ရှိမှ ကာယဝိညာဉ်ဖြစ်နိုင်သည်။ မရှိလျှင်မဖြစ် မဖြစ်လျှင် ဘယ်တွေ့ထိမှုကိုမျှမသိ။ နှလုံးသားအတွင်း၌ မနော အကြည် ဟူသော ဟဒယဝတ္ထုရုပ်ရှိမှ မနောဝိညာဉ် ဖြစ်နိုင်သည်။ မရှိလျှင်မဖြစ် မဖြစ်လျှင် ဘာကိုမျှမသိ။ ဤမနောဝိညာဉ်သည် အကြီးအချုပ်ဖြစ်၏။

၁၆

ဆိုအပ်ခဲ့ပြီးသောအရုပ်၌ ဝိညာဏ်ဟူသော နာမက္ခန္ဓာတရား ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်ပြီ။ သို့ရာတွင်ယခုမူ နာမက္ခန္ဓာမရှိသေး။ ထိုသို့ နာမက္ခန္ဓာမရှိသေးသောကြောင့် မြင်သိစိတ်လည်း မဖြစ်သေး။ ကြားသိစိတ်လည်းမဖြစ်သေး။ နံသိစိတ်လည်းမဖြစ်သေး။ လျက်သိ စိတ်လည်းမဖြစ်သေး။တွေ့ထိသိစိတ်လည်း မဖြစ်သေး။ ကြံစည် စဉ်းစားပြီး သိစိတ်လည်းမဖြစ်သေး။

အို သူတော်စင်၊ အသေအချာစဉ်းစား။ရှေးအခါက မျက်စိကမြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းကနံတယ်၊ လျှာက အရသာသိတယ်၊ ကိုယ်ကအတွေ့အထိသိတယ် ဆိုတာတွေသည် အကုန်လုံးအမှားချည်းဖြစ်နေသည် မဟုတ်ပါလား။

မိမိကိုယ်ကို မိမိပြန်၍ စဉ်းစား၊ သူတော်စင်၏ ဦးခေါင်း ထက်၌ ဆံပင်တွေပေါက်နေသည်ကိုသူတော်စင်သည်သိ၏။ ထိုသို့ သိခြင်းသည် ဦးခေါင်းက သိတာလား၊ အကယ်၍ဦးခေါင်းက သိခဲ့သော် အရုပ်၏ ဦးခေါင်းထက်၌လည်း ဆံပင်တွေသည်ရှိ၏။ ထိုအရုပ်သည် သိတန်ရာ၏ ထိုသို့ကား မသိ၊ အဘယ့်ကြောင့် နည်း၊ ရုပ်ဟူသည် ဘာကိုမျှ မသိတတ်။ ဥပမာကို ဆိုသော် တောင်ပို့၏အထက်၌ မြက်ပင်တွေသည် ပေါက်၏။ ထိုသို့ပေါက် သော်လည်း တောင်ပို့က ငါ၏ အထက်၌ မြက်ပင်တွေပေါက် ၏ဟုမသိ။မြက်ပင်တွေကလည်း တောင်ပို့၏အထက်၌ပေါက်နေ ရပါတကား ဟူ၍မသိကြ။အဘယ်ကြောင့်နည်း၊ တောင်ပို့သည် ရုပ်ဖြစ်၏။ မြက်ပင် တွေသည်လည်း ရုပ်တွေပင်ဖြစ်၏။ ထို့ ကြောင့်မသိကြ။ ထို့အတူပင် အရုပ်၏ ဦးခေါင်း သည်လည်း ရုပ်ဖြစ်ခြင်းကြောင့်မသိ။ ဆံပင်တွေသည်လည်း ရုပ်တွေပင်ဖြစ်

ခြင်းကြောင့် မသိကြ။ ရုပ်ဟူသည် လေးပါးသောရုပ် ဖြစ်စေ၊ ရှစ်ပါးသောရုပ်ဖြစ်စေ၊ ကိုးပါးသောရုပ်ဖြစ်စေ၊ ဆယ်ပါးသော ရုပ်ဖြစ်စေ၊ နှစ်ဆယ့်ရှစ်ပါးသောရုပ်ဖြစ်စေ ဘာကိုမျှမသိတတ်။ ရုပ်သည် သိမှုမဟုတ် သိမှုသည် ရုပ်မဟုတ် ရုပ်က ရုပ်၊ သိမှုက သိမှု၊ ရုပ်တခြား သိမှုတခြား၊ ရုပ်က ရူပက္ခန္ဓာ၊ သိမှုကနာမက္ခန္ဓာ၊ ရူပက္ခန္ဓာသည် သတ်သတ်၊ နာမက္ခန္ဓာသည် သတ်သတ်ဟူ၍အသေ အချာ မြဲမြဲ စွဲစွဲ မှတ်။

အရုပ်၌ရှိသော ဒသက ကလာပ်ဟူသောဆယ်ပါးသောဓာတ် အစုသည်လည်း ရုပ်ပင်ဖြစ်၏။ ယောကျ်ား မိန်းမ ဟူ၍သမုတ် အပ်သော ဒသက ကလာပ် အဋ္ဌဝီသ နှစ်ဆယ့်ရှစ်ပါးသောအစု သည်လည်း ရုပ်အစုပင် ဖြစ်၏။ ထို့ကြောင့် အရုပ်နှင့် လူရုပ် ဓာတ်သဘာဝချင်း အတူတူပင်ဖြစ်၏။ လူရုပ်နှင့် လူရှင်၏ ရုပ် အစု နှိုင်းစာ၍ သိစေခြင်းငှါ ဥပမာအားဖြင့် ကြံဖန်၍ပြလိုက် သည်။ နှိုင်းစာ၍ ရုပ် နာမ် ကွဲအောင် ဆင်ခြင် စဉ်းစားလော့။ ရုပ် နာမ်ကွဲလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပြီဟူ၍ မှတ်။ ဒိဋ္ဌိ ဝိသုဒ္ဓိ တဒင် ဖြစ်ပြီ ဟူ၍မှတ်လော့။

လူခြောက်မှုနှံ့ကို အရုပ်လုပ်ပြခြင်း ပြီး၏။

ရူပက္ခန္ဓာပိုင်း ပြခြင်း ဤတွင်ပြီးပြီ။

# နာမက္ခန္ဓာပိုင်း ပြခြင်း။

ရူပက္ခန္ဓာ၌ လူ-နတ်-ဗြဟ္မာ သတ္တဝါဟူသော အဝိဇ္ဇာမာန ပညတ်ကိုခွဲခြမ်း စိတ်ဖြာပြီးလျှင် အာကာသ ပရိစ္ဆေဒနှင့်တကွ ပရမတ်သို့ ဆိုက်ရောက်၍ ဤ ရူပက္ခန္ဓာသည် ငါ၏ခန္ဓာ၊ ငါပင်တည်း၊ ငါ့ကိုယ်ဟူသော အယူ အစွဲ အလွဲ အမှား တဏှာ မာန ဒိဋ္ဌိတို့သည် ဆိတ်သုဉ်းလောက်အောင်နည်းအမျိုးမျိုးဖြင့် ဖော်ပြ၍ ပြီးပြီဖြစ်သောကြောင့် ရူပက္ခန္ဓာမှကြွင်းသော စိတ် စေတသိက်ဟူသော နာမက္ခန္ဓာပိုင်းကို ဖော်ပြပေတော့အံ့။

စိတ် စေတသိက်ကို ဖော်ပြရမည်ဟူသော် ရှေးဦးစွာ စိတ်ကို ဖော်ပြရပေလိမ့်မည်၊ သို့ရာတွင် စိတ်ကို ပရိယတ္တိပညာအခန်းမှာ အကျယ်ဝေဘန်၍ ဖော်ပြခဲ့ပြီဖြစ်သောကြောင့် ဤပဋိပတ်ပညာအခန်း၌ အကျဉ်းမျှဖော်ပြပေအံ့။

မနောဓာတ် မနောဝိညာဏဓာတ်ဟူသော စိတ်ဓာတ်သည် သဘောလက္ခဏာ အခြင်းအရာအားဖြင့် အဘယ်ကဲ့သို့ တည်နေသနည်း ဟူသော် ဟဒယဝတ္ထုရုပ်၌ မှီ၍တည်၏၊ ဟဒယဝတ္ထုရုပ်သည် အဘယ်ကဲ့သို့ တည်နေသနည်း ဟူပြန်သော်-

ဟဒယ ရုပ်သည် နှလုံးသား၏ အတွင်း တလက်ဖက် မျှလောက်သော သွေးကိုမှီ၍ ဓာတ်လေးပါးတို့သည် ကျေးဇူးပြုလျက်၊ ဥတု စိတ် အာဟာရတို့သည် ထောက်ပံ့လျက် ဇီဝိတရုပ်သည် စောင့်ရှောက်လျက် မနောဓာတ် မနောဝိညာဏဓာတ်

တို့၏ဂုဏ်း၊ ထိုဓာတ်တို့၏ သမ္ပယုတ်ဖြစ်သော တရားတို့၏ဂုဏ်း ဝတ္ထုအဖြစ်ကို ပြီးစေလျက် တည်၏။

တထာဟိ တံ ဓာတုဒ္ွယ နိဿယ ဘာဝလက္ခဏံ၊
တဥ္စ ဟာဒယ ကောသဗ္ဘန္တရေ အာစုပသတ မတ္တံ
လောဟိတံ နိဿာယ ပဝတ္တတိ။ ။

( ဝိဘာဝနီဋီကာ )

တထာဟိ တတော ဝေ၊ ထို့ကြောင့် သာလျှင်။ တံ၊ ထို ဟာဒယဝတ္ထု ရုပ်သည်။ ဓာတုဒ္ွယနိဿယဘာဝလက္ခဏံ၊ မနောဓာတ်-မနော ဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာဖြစ်ခြင်း လက္ခဏာရှိ၏။တဥ္စ၊ ထိုဟာဒယဝတ္ထုရုပ်သည်လည်း။ဟာဒယကောသဗ္ဘန္တရေ၊ နှလုံးသား၏အတွင်း၌။ အာစုပသတမတ္တံ၊ တလက်ဖက်မျှလောက်သော။ လောဟိတံ၊သွေးကို။နိဿာယ၊အမှီပြု၍။ ပဝတ္တတိ၊ ဖြစ်၏။

(တလက်ဖက်ဟူသည် တလက်ခုပ်၏ ထက်ဝက်ရှိ၏။)

ဤသို့လျှင် စိတ်ဓာတ်သည် ဟာဒယဝတ္ထုရုပ်၌ အမှီပြု၍ ဖြစ်ခြင်း ပျက်ခြင်း ဖြင့် အာရုံကိုသိခြင်း ကြိယာသတ္တိ သဘောမျှ ဖြစ်၏။အထည်ဝတ္ထုမရှိ။ ထို့ကြောင့် "အသရီရံ ဂုဟာသယံ။ ။ ဂုဟာသယံ၊ နှလုံးတည်းဟူသော လိုဏ်တွင်း၌ဖြစ်သော။ဣဒံ၊ ဤ စိတ်သည်။အသရီရံ၊ ဝတ္ထုအထည်ကိုယ်မရှိ"။ (ဓမ္မပဒပါဠိတော်) ဤဝတ္ထု အထည်ကိုယ်မရှိသော စိတ်ဓာတ်သည်ညစ်နွမ်းသော သဘော မဟုတ် ဖြူစင် ပြောင်လင်းသော ပဏ္ဍရံ သဘော၊ ပဘဿရ သဘောဖြစ်၏။ ထို့ကြောင့် ဣဒံ စိတ္တံ၊ဤစိတ်သည်။

မဟုတ် သညာစေတသိက်သာလျှင် ဖြစ်၏။ သမ္မယုတ်တရား တို့ကို စေ့ဆော် တိုက်တွန်းခြင်း သဘောသည်လည်း သတ္တဝါမဟုတ် စေတနာ စေတသိက်သာလျှင်ဖြစ်၏။

သဘောဖြူစင် အိုသူတော်စင်၊ မိမိ၏ဂိတ်ကို ပြန်၍စဉ်းစား။ အာရုံတခုခုနှင့် မိမိ၏စိတ်နှင့်တွေ့ထိမှုသည်ရှိ၏။ ထိုတွေ့ထိမှုသည် သတ္တဝါက တွေ့ထိသည်မဟုတ်၊ လူကတွေ့ထိသည်မဟုတ်၊ ငါက တွေ့ထိသည်မဟုတ်၊ ဖဿ စေတသိက်ကသာလျှင် တွေ့ထိခြင်းဖြစ်၏။ ထိုဖဿစေတသိက်သည် သတ္တဝါ လူ ငါ မဟုတ်။

သူတော်စင်သည် အာရုံတခုခုကို ခံစားမှုသည်ရှိ၏။ ထိုခံစားမှုသည် သတ္တဝါက ခံစားသည်မဟုတ်၊ လူကခံစားသည်မဟုတ်၊ ငါကခံစားသည်မဟုတ်၊ ဝေဒနာစေတသိက်ကသာ ခံစားခြင်းဖြစ်၏၊ ထိုဝေဒနာစေတသိက်သည် သတ္တဝါ လူ ငါမဟုတ်။

သူတော်စင်သည် အာရုံ တခုခုကို မှတ်မှုသည် ရှိ၏။ ထိုမှတ်မှုသည် သတ္တဝါကမှတ်သည်မဟုတ်၊ လူကမှတ်သည်မဟုတ်၊ ငါက မှတ်သည် မဟုတ်၊ သညာ စေတသိက်ကသာ မှတ်ခြင်း ဖြစ်၏။ ထို သညာ စေတသိက်သည်သတ္တဝါ လူ ငါ မဟုတ်။

အသေအချာစဉ်းစား၊ ဤလောကထဲ၌ စိတ် စေတသိက် ရုပ်မှတပါး ဘာမျှမရှိ၊ ထို စိတ် စေတသိက် ရုပ်တို့ကိုပင်လျှင်သတ္တဝါ လူ ငါ အစရှိသည်ဖြင့် ခေါ်ဝေါ် ပြောဆို၍ နေကြရသည်။ ဤတွေ့ထိမှု ခံစားမှု မှတ်မှု သည် စိတ် စေတသိက်သာလျှင် ဖြစ်ကြောင်းကောင်းစွာထင်ရှားလှ၏။ သို့ရာတွင် ထင်ရှားသည်ထက် ထင်ရှားစေခြင်းငှါ နာမက္ခန္ဓာ လေးပါးကို ဆက်၍ပြဦးအံ့။

## နာမက္ခန္ဓာလေးပါး ပြခြင်း။

ဤနာမက္ခန္ဓာလေးပါး၌ လယ်တီဆရာတော်ဘုရား မိန့်တော်မူသည်မှာ ဝိညာဏက္ခန္ဓာသည် အကြီးအမှူး ဦးစီးဦးကိုင် အချုပ် အခြာ ပဓာနကြီး ဖြစ်ပါလျက် ဒေသနာတော် အစဉ်၌ နောက်ဆုံးထား၍ မြတ်စွာဘုရားဟောတော်မူသည်မှာ သတ္တဝါတို့အား ထင်ရှားရာကို ပဓာနပြုတော်မူ၍ ဟောတော်မူသည်။ ရူပက္ခန္ဓာသည် အထင်ရှားဆုံးတည်း၊ ရူပက္ခန္ဓာကိုစွဲ၍ သုခ ဒုက္ခ ဖြစ်မှု၊ သုခ ဒုက္ခ နှင့် စပ်သော မှတ်သားမှု၊ မှတ်သားမိသည်အား လျော်စွာ ကြောင့်ကြ စိုက်မှုသည် ထင်ရှားသော အစဉ်ဖြစ်၏။ ဤအကြား၌ ဝိညာဏက္ခန္ဓာသည်ဝင်ခွင့်မရ၊ထို့ကြောင့်နောက်ဆုံးထား၍ ဟောတော်မူရသည်ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူပြီးလျှင် လယ်တီဆရာတော်ဘုရားသည် ပုဗ္ဗင်္ဂမကိစ္စကို ပဓာနပြု၍ ဝိညာဏက္ခန္ဓာကို ရှေ့ထားပြီး ဟောတော်မူ၏။

ဤစကားမှန်၏။ ။ဝိညာဏက္ခန္ဓာကို ရှေ့ထားသင့်၏၊ဝိညာဏက္ခန္ဓာသည် သိမှုဖြစ်၏။ထို့ကြောင့်သိမှုကို ရှေ့ထားပြီး ဟောခြင်းသည်မှန်၏။ အာရုံကိုသိမှလည်း အာရုံ၏အရသာကို ခံစားနိုင်မည်။ ကောင်း မကောင်းကိုလည်း မှတ်သားနိုင်မည်။ သို့မှသာလျှင် ကြောင့်ကြစိုက်၍ စေ့ဆော်နိုင်မည်ဖြစ်၏။ ဤဝိညာဏက္ခန္ဓာသည် ပဉ္စဒွါရတို့၏ နောက်ဆက် မနောဒွါရလည်းဖြစ်သောကြောင့် ဤနောက်ဆက် မနောဒွါရမပါလျှင် ဘာကိုမျှ မသိနိုင်။ ထို့ပြင် သုဒ္ဓမနော ဒွါရလည်းဖြစ်၏။ ဤဝိညာဏက္ခန္ဓာသည်သာ အကြီး အမှူး အကွပ်အကဲ ပဓာနကြီး ဖြစ်သော

ကြောင့် ရှေ့ထားရှိဟောသင့်၏။ ဤသို့ ဟောတော်မူသည်ကို ဆရာ သည်လည်း နှစ်ခြိုက်၏၊ သဘောကျ၏။ ထို့ကြောင့် ဤ "ဝိပဿနာ ကျင့်စဉ် သူတော်စင် ရှုဘွယ်ကျမ်း" ၌ လည်း ဝိညာဏက္ခန္ဓာ ပဓာနကြီးကို ရှေ့ထားပေအံ့။

## ဝိညာဏက္ခန္ဓာ ပြခြင်း။

ဝိညာဏက္ခန္ဓာ၏သဘောသည် မြင်မှု–သိမှု။ ကြားမှု–သိမှု။ နံမှု–သိမှု။ လျက်မှု–သိမှု။ တွေ့ထိမှု–သိမှု။ ကြံစည်မှု ဟူသော သိမှု အကြီးအမှူး အကွပ်အကဲ ပဓာနကြီးတပါးဟူ၍ ခြောက် ပါးရှိ၏။ (ဝိညာဏဆက္က)။

မြင်မှုသည် မျက်စိအကြည်၌ဖြစ်ပေါ်၏။ ကြားမှုသည် နား အကြည်၌ဖြစ်ပေါ်၏။ နံမှုသည် နှာခေါင်းအကြည်၌ ဖြစ်ပေါ် ၏။ လျက်မှုသည် လျှာအကြည်၌ ဖြစ်ပေါ်၏။ တွေ့ထိမှုသည် အတွင်းအပြင် ကိုယ်အကြည် တကိုယ်လုံး၌ဖြစ်ပေါ်၏။ သိမှုသည် မနောအကြည်၌ ဖြစ်ပေါ်၏။

ဝိညာဏဆက္က တို့တွင် နောက်ဆုံးဖြစ်သောသိမှုအကြီးအမှူး သည် ရှေ့ငါးချက်တို့မှ ဆက်လက်ဖြစ်သော သိမှုကြီးငါးပါး နှင့် အလွတ်သတ်သတ် သိမှုကြီးတပါး ဟူ၍ပေါင်း ခြောက်ပါး ရှိ၏။

ဤတွင် မြင်မှု–သိမှု နှစ်ခုဖြစ်ပုံမှာ အဆင်းအမျိုးမျိုးတို့နှင့် ဆုံမိကြသောအခါ မြင်မှု ရှေးဦးစွာဖြစ်၏။ နောက်၌ မနောအ သိ ဆက်လက်ဖြစ်ပွား၏။ မျက်စိဖြင့်မြင်ရုံမျှနှင့် အသိ မပြီးဆုံး

သေး ပေ၊ မနောသိကို ရောက်မှ အသိ ပြီးဆုံးသည်။ ဥပမာ သစ်ပင်ကိုမြင်၍ သစ်ပင်ပါတကားဟုသိရာ၌ မြင်မှုသည် မျက်စိ၏အမှုကိစ္စဖြစ်၏၊ သိမှုသည် မနော၏အမှုကိစ္စဖြစ်၏။ မြင်မှုအခိုက်၌ ထိုပုဂ္ဂိုလ်သည် သစ်ပင်ဟူ၍ မသိသေး၊မနောသိကိုရောက်မှ သစ်ပင်ကြီးကို ဘွားကနဲသိ၏။ သိသောအခါမှစ၍ မျက်နှာမလွှဲမချင်း မြင်မှု–သိမှုတို့သည် အထပ်ထပ် အလည်လည် ဖြစ်ပွား၍နေ၏။ ဤသည်မှာ မြင်မှု–သိမှု နှစ်ခုဖြစ်ပုံတည်း။ ဤနည်းအတိုင်း ကြားမှု–သိမှု။ နံမှု–သိမှု။ လျက်မှု–သိမှု။ တွေ့ထိမှု–သိမှု။ ဤ နှစ်ခု နှစ်ခု စီကို အကုန်သိလေ။

ထို မြင်မှု– ကြားမှု– နံမှု– လျက်မှု– တွေ့ထိမှုတို့ နှင့် ဆက်စပ်သော သိမှုသည် ပဉ္စဒွါရတို့၏ နောက်ဆက် မနောဒွါရမည်၏။ ထို့နောက် ဆက်သိမှုမှတပါး တခြားအလွတ်သတ်သတ် ကြံစည်ပြီး သိသောသိမှုသည် သုဒ္ဓမနောဒွါရ သိမှုမည်၏။ ဤသိမှုကြီးသည် အကြီးအမှူး အကွပ်အကဲ ပဓာနကြီး ဖြစ်သည့်အားလျော်စွာ မနောနှလုံးထဲ၌ စဲသည်ဟု မရှိသကဲ့သို့ထင်ရ၏။ ကျက်စားရာ အာရုံနယ် အလွန်ကြီးကျယ်လှ၏။

(ဤကား ဝိညာဏက္ခန္ဓာ၌အကျဉ်းမျှတည်း။)

ဝိညာဏက္ခန္ဓာသည် တရားကိုယ်ကိုကောက်သော် တခုယုတ် (၉၀)၊ အကျယ် (၁၂၁) ပါးသော စိတ်တို့ဖြစ်၏။ ထိုစိတ်တို့အထဲမှ အာဘယ်စိတ်သည် သတ္တဝါ ဖြစ်သနည်းဟု ဆင်ခြင်သည် ရှိသော်–

| | | |
|---|---|---|
| လောဘမူစိတ် | ၈-ပါးသည် | သတ္တဝါမဟုတ်။ |
| ဒေါသမူစိတ် | ၂-ပါး = | ။ |
| မောဟမူစိတ် | ၂-ပါး = | ။ |
| ကာမကုသိုလ်စိတ် | ၈-ပါး = | ။ |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉-ပါး = | ။ |
| လောကုတ္တရာကုသိုလ်စိတ် | ၂၀-ပါး = | ။ |
| ကာမဝိပါက်စိတ် | ၂၃-ပါး = | ။ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | ၉-ပါး = | ။ |
| လောကုတ္တရာဝိပါက်စိတ် | ၂၀-ပါး = | ။ |
| ကာမကြိယာစိတ် | ၁၁-ပါး = | ။ |
| မဟဂ္ဂုတ်ကြိယာစိတ် | ၉-ပါး = | ။ |

အားလုံးပေါင်း ၁၂၁-ပါးသော စိတ်အကျယ် တို့သည်လည်း ဘယ်စိတ်မှ သတ္တဝါ မဟုတ်ကြောင်း ကောင်းစွာထင်ရှားလှ၏။ ထို့ကြောင့်ဝေဒနာက္ခန္ဓာကို ဆက်၍ဆိုဦးအံ့။

## ဝေဒနာက္ခန္ဓာ ပြခြင်း။

ဝေဒနာက္ခန္ဓာ၏သဘောသည် ခံသာမှု မခံသာမှု လျစ်လျူရှုမှုဖြစ်၏။ ခံသာမှုဟူသည် သာယာသောခံစားမှု ကောင်းသောခံစားမှု ချီးမွမ်းဘွယ်သောခံစားမှု ခင်မင်စုံမက် နှစ်သက်ဘွယ်သောခံစားမှုတို့ဖြစ်၏။ မခံသာမှုဟူသည် မသာယာသောခံစားမှု မကောင်းသော ခံစားမှု ကဲ့ရဲ့ဘွယ်သော ခံစားမှု မုန်းတီးဘွယ်သော ခံစားမှုတို့ဖြစ်၏။ လျစ်လျူခံစားမှုဟူသည် ခံသာသည်

မခံသာသည်ဟူ၍ မယူဆလောက်သော မထင်ရှားသော ခံစားမှု ဖြစ်၏။ ဤဝေဒနာက္ခန္ဓာကို လောကဥ္စမျက်စိအရသာခံစားမှု၊ နားအရသာ ခံစားမှု၊ နှာခေါင်းအရသာ ခံစားမှု၊ လျှာအရသာ ခံစားမှု၊ ကိုယ်အင်္ဂါအရသာ ခံစားမှု၊ မနောအရသာ ခံစားမှု အားဖြင့် ခြောက်ပါးပြု၍ ခေါ်ဆိုကြကုန်၏။ အသညသတ်ဖြဟ္မာ ချန်လှပ်၍ ခပ်သိမ်းသော လူ-နတ်-ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဤဝေဒနာက္ခန္ဓာဟူသော အရသာ ခြောက်ပါးတို့၌ နှစ်မွန်း၍နေကြကုန်၏။

(ဤကား ဝေဒနာက္ခန္ဓာ၌အကျယ်တည်း။)

## သညာက္ခန္ဓာ ပြခြင်း။

သညာက္ခန္ဓာ၏သဘောသည် လောကထဲ၌ မှတ်တတ်သော ကလေးအရွယ်မှစ၍ ဤကားအမိ ဤကားအဘ ဤကားအရှေ့ ဤကားအနောက် အစရှိသောအားဖြင့် အမိ အဘတို့ကရင်း၊ ဆွေမျိုး သားချင်း တို့ကရင်း၊ သူတပါး တို့ကရင်း၊ ပြောကြ ဆိုကြ လုပ်ကြ ကိုင်ကြတာတွေကို အတုမြင်အတတ်သင်ဟူသည့် အတိုင်း မှတ်၍ မှတ်၍ တနေ့တခြား သိကြားလိမ်မာသည်ဖြစ်၍ လာသောအမှု။တွေ့ဘူးကြုံဘူးသမျှကို ထင်ရှားရာ ဌာန တို့၌မမေ့ မပျောက်စုံမြဲစွာ မှတ်သောအခြင်းအရာမျိုးတို့ကို သညာက္ခန္ဓာ ဆို၏။ အလိမ်မာဟူသည် အမှတ်သညာဖြင့် လိမ်မာခြင်း၊အတတ်ပညာဖြင့် လိမ်မာခြင်းဟူ၍ နှစ်မျိုးရှိ၏။ အမှတ်သညာဖြင့် လိမ်မာခြင်းသည် မျိုးရိုးနှင့်တကွ အရပ်ဒေသတို့နှင့်ပင်ပြီးနိုင်သည်။

အတတ်ပညာဖြင့် လိမ်မာခြင်းသည် ဆရာသမားထံ သင်ကြား လေ့လာနာခံ မှတ်သား နိုင်ပါမှ ပြီးစီးနိုင်၏။ သညာသိ သည် သူတပါး ပြောမှသိသောအသိ၊ ပရပ္ပစ္စယ အသိမျိုး၊ ပညာသိ သည် မိမိကိုယ်တိုင်ထိုးထွင်း၍သိသောအသိ၊အပရပ္ပစ္စယ အသိမျိုး (သညာသိ-ပညာသိ ခွဲနည်း )ထိုသညာက္ခန္ဓာသည် အာရုံအပြား အားဖြင့် ခြောက်ပါးရှိ၏။

ခြောက်ပါး ဟူသည် ရူပသညာ—သဒ္ဒသညာ—ဂန္ဓသညာ— ရသသညာ— ဖောဋ္ဌဗ္ဗသညာ— ဓမ္မသညာ ဟူ၍ ခြောက်ပါး တည်း။ အဆင်းသဏ္ဌာန်မျိုး၌ သိမှု၊ အသံမျိုး၌ သိမှု၊ အနံ့မျိုး၌ သိမှု၊ အရသာမျိုး၌ သိမှု၊ ပထဝီ တေဇော ဝါယော ဖောဋ္ဌဗ္ဗ မျိုး၌ သိမှု၊ ထိုငါးမျိုးတို့မှ ကြွင်းသောကုသိုလ်ဓမ္မ အကုသိုလ် ဓမ္မ အဗျာကတဓမ္မတို့၌ သိမှုဟူ၍ ခြောက်ပါးဆိုလိုသည်။မျက်စိ အရသာကို သိမှု၊ နား အရသာကို သိမှု၊ နှာခေါင်း အရသာကို သိမှု၊ လျှာအရသာကို သိမှု၊ ကိုယ်အင်္ဂါအရသာကို သိမှု၊ မနော အရသာကို သိမှုဟူ၍လည်း ခြောက်မျိုးရှိ၏။ သတ္တဝါအပေါင်း တို့သည် ဤသညာနှင့်ပင် နေ့နေ့ ညည ကိစ္စ အခွင့် အလုံးစုံမျိုး ကို သိ၍ သိ၍ ကြံစည်လုပ်ကိုင်ဆောင်ရွက်၍လာကြရသတည်း။

(ဤကား သညာက္ခန္ဓာ၌ အကျဉ်းမျှတည်း၊)

ထိုဝေဒနာစေတသိက်နှင့် သညာစေတသိက်တို့သည်သတ္တဝါ မဟုတ်ကြောင်း အထက်က စိတ် စေတသိက်တို့ကိုပြသည့်အခန်း၌ ဆိုအပ်ခဲ့ပြီ။ထို့ကြောင့် ထပ်၍မရှင်းပြီ။

ဤအရာ၌ ဝိညာဏက္ခန္ဓာ သိမှုနှင့် သညာက္ခန္ဓာ သိမှုကိုလည်း ခွဲရာ၏။ ခြောက်ဒွါရ ဆိုက်တိုက်လာသော အာရုံတို့ကို ဤကား သစ်ပင် ဤကားတောတောင်အစရှိသည်ဖြင့် သိမြင် ဖော်ပြမှု သည် ဝိညာဏ်၏အမှုဖြစ်၏။ သညာ၏အလုပ်မဟုတ်။ ဝိညာဏ် ဖော်ပြသမျှကို မမေ့မပျောက် မှတ်မှုသည်သာလျှင် သညာ၏ အမှုဖြစ်၏။ ဝိညာဏ်၏ အလုပ်မဟုတ်။ ဝိညာဏ်သည် ရှေ့သို့ တွေ့ကြုံသမျှကို ထင်မြင်သိလင်း၍သွားနိုင်၏။ တွေ့ကြုံပြီးသည် ကို ပြန်၍တစုံတခုကိုမျှ မမှတ်မိနိုင်ရာ။ သညာသည် တွေ့ကြုံ ဘူးသည်ကို မှတ်မိ၏။ ရှေ့သို့တစုံတခုကိုမျှ သိမြင်မှုမရှိလေရာ။ တနည်း သညာ ဝိညာဏ် ပညာတို့၏သိတတ်သောအဖြစ်သည် တူ သော်လည်း သညာသည် အဲညို အရွှေ အစရှိသော အာရုံကိုမှတ်၍ သာမညသိခြင်းသာတည်း။အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာ ရေး သုံးပါးတို့ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်။ ဝိညာဏ် သည် အညို အရွှေ စသည်ဖြင့် အာရုံကိုလည်းသိ၏။ လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍လည်းသိ၏။ ဥဒယဗ္ဗယဉာဏ် အစဉ်ဖြင့် အားထုတ်၍ မဂ်သို့ရောက်စေခြင်းငှါမတတ်နိုင်။ ပညာသည်ကား ဆိုအပ်ပြီးသော နည်းဖြင့် အာရုံကိုလည်းသိ၏။ လက္ခဏာရေး သုံးပါးကိုလည်း ထိုးထွင်း၍သိ၏။ ဥဒယဗ္ဗယဉာဏ် အစဉ်ဖြင့် အားထုတ်၍ မဂ်ကိုရခြင်းအဖြစ်သို့လည်း ရောက်စေနိုင်၏။

(ဤသည်လျှင် သညာ ဝိညာဏ် ပညာတို့၏ အထူးတည်း။)

## သင်္ခါရက္ခန္ဓာ ပြခြင်း။

သင်္ခါရက္ခန္ဓာ၏သဘောသည် ကြောင့်ကြစိုက်၍ စေ့ဆော်မှု ဟူ၏။ ဤသင်္ခါရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခန္ဓာ

အပါအဝင် ဖြစ်သော တရားမျိုးသည် ငါးဆယ်ရှိ၏။ သုတ္တန်နည်းအားဖြင့် စေတနာ စေတသိက် တခုကို ပဓာနပြု၍ပြရ၏။ ဤသင်္ခါရက္ခန္ဓာ၌ စေ့ဆော်မှု ကြောင့်ကြစိုက်မှု ဆိုသည်မှာ သတ္တဝါတို့၏စိတ်ကို မျက်တောင်တခတ်မျှ ကြံစည်မှုကို လွှတ်၍ ငြိမ်သက်စွာ ရပ်နားခွင့်မရအောင်အပူတိုက်ဆော်သြမှုပေတည်း။ လွန်လေပြီးသော အနမတဂ္ဂသံသရာတွင် အသညသတ် ဘုံ၌ဖြစ်ခိုက်ကို ချန်လှပ်၍ ဘဝအဆက်ဆက်၌ ထို့အတူတည်း။ သတ္တဝါတို့၏စိတ်သည် တလှုပ်လှုပ် တရွရွ တကြွကြွ တချီချီ ဖြစ်နေသည်ကို မြင်အောင်ကြည့်နိုင်ခဲ့လျှင် စေတနာ၏အမှုကိုမြင်လိမ့်မည်။ (မိမိ၏စိတ်ကိုပြန်ကြည့်လေ) တခုတခုသော ဘဝ၌ စုတိကမ္မဇရုပ် ချုပ်ဆုံးရာ၌လည်း မျက်တောင်တခတ်မျှ ရပ်တန့်ခွင့်မရမူ၍ ဘဝ အသစ် အသစ်သို့ ပစ်ချ ခြင်းသည်လည်း ဤစေတနာ၏အမှုပင်ဖြစ်၏။ ဤစေတနာဟူသောကြောင့်ကြစိုက်မှု ဗျာပါရစိုက်မှုကို ကုသိုလ်ကံအကုသိုလ်ကံဟု ဆိုအပ်၏၊ ကာယကံ ဝစီကံ မနောကံဟူ၍လည်း ဆိုအပ်၏။ အာရုံအပြား အားဖြင့် ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓသဉ္စေတနာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မသဉ္စေတနာ ဟူ၍ ခြောက်မျိုးရှိ၏။ (ရူပါရုံအတွက် နှင့် စေ့ဆော်မှု၊ သဒ္ဒါရုံအတွက် နှင့် စေ့ဆော်မှု။ လ။) ကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ အဗျာကတဓမ္မတို့၏ အတွက်နှင့် စေ့ဆော်မှုတို့သည် ဤသင်္ခါရက္ခန္ဓာ၏အမှုပေတည်း။ ဤသင်္ခါရက္ခန္ဓာသည် သတ္တဝါတို့၏ စိတ်ကို ထိုသို့တိုက်တွန်းမှု နှိုးဆော်မှု စေ့ဆော်မှု ရှိသောကြောင့် တချို့ တချို့ သော သတ္တဝါတို့သည် အကြောင်းရှိလျှင် ရှိသည့်အားလျော်စွာ သူ့အသက်ကိုသတ်ခြင်း သူ့ပစ္စည်းခိုးခြင်း မုသားဆိုခြင်း အစရှိ

သော အကုသိုလ်အမှုတို့ကို မပြုရမနေသော ဖြစ်ကြရ၏။ သံသရာ ဝဋ်ဒုက္ခ၌ နစ်မျောမျောကြရ၏။ တချို့တချို့သောသတ္တဝါတို့ သည်သာလျှင် ဒါနအမှု သီလအမှု ဘာဝနာအမှု တို့ကို မပြုရ မနေသာ ဖြစ်ကြရ၍ သံသရာ၌ ပေါ် မျောမျောခြင်း၊ သံသရာ ဝဋ်ဒုက္ခမှ လွတ်ခွင့်ရခြင်း ဖြစ်ကြရသည်မှာ ဤသင်္ခါရက္ခန္ဓာ၏ အမှုပေတည်း။

(ဤကား သင်္ခါရက္ခန္ဓာ၌ အကျယ်တည်း။)

ဤ သင်္ခါရက္ခန္ဓာ၌ ဝေဒနာစေတသိက်နှင့် သညာစေတသိက် နှစ်ပါးကို ချန်လှပ်၍ အဘိဓမ္မာနည်းအားဖြင့် ငါးဆယ်သော စေတသိက်တို့ကိုပင် ဖြစ်စေ၊ သုတ္တန် နည်းအားဖြင့် စေတနာ စေတသိက် တပါးတည်းကိုပင် ဖြစ်စေ သတ္တဝါဟုတ် မဟုတ် ရှုဆင်ခြင်သည်ရှိသော် စိတ် စေတသိက်တို့သည် သတ္တဝါမဟုတ် ကြောင်း အထက်က ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဤသင်္ခါရက္ခန္ဓာ သည်လည်း အဘယ်မှာလျှင် သတ္တဝါ ဟုတ်နိုင်တော့မည်နည်း။

## ဝိထိနာမ်စဉ် ပြခြင်း၊

အထက်က ဝိညာဏက္ခန္ဓာ၌ ဆိုအပ်ခဲ့ပြီးသော မြင်မှု–သိမှု။ ကြားမှု–သိမှု အစရှိသည်တို့သည် ဘယ်ကဲ့သို့မြင်သည်၊ ဘယ်ကဲ့သို့ သိသည်တို့ကို ဝိထိနာမ်စဉ်ဖြင့် ထင်ရှားစေဦးအံ့။

မြင်မှု–သိမှုဟူသည် နာမ်ခန္ဓာ၏အမှုပေတည်း၊ ဤနာမ်ခန္ဓာ သည် ဘဝင်နာမ် ဝိထိနာမ် ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ဘဝင်နာမ် ဟူသည် ထွေထွေ ရာရာ မကြံစည်တတ် မသိတတ်၊

ဤပစ္စက္ခ၌ ဘာဝတခုမျှ အာရုံမပြု အတိတ်မှကံ ပေးသောကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါး တပါးပါးကိုဆွဲတွယ်လျက် အာရုံ ညွှတ်လျက် ငြိမ်သက်စွာနေ၏၊ အသေဟူ၍မဆိုရရုံ စိတ်ရှိတယ် ဆိုရရုံ နှလုံးအိမ်ထဲ၌ဖြစ်၍ ရုပ်ခန္ဓာကို စောင့်ရှောက်ရုံ ဘဝ၏ အကြောင်း အင်္ဂါမျှသာဖြစ်၏။ မြောနစ်နေသောအခါ မေ့နေ သောအခါ အိပ်မောကျနေသော အခါတို့၌ဖြစ်သော စိတ်မျိုး ကို ဘဝင်စိတ်ခေါ်၏။ ဤဘဝင်စိတ်ကို ဘဝ၏အဦးအစဖြစ်လျှင် ပဋိသန္ဓေစိတ်ခေါ်၏။ ဘဝ၏နောက်ပိတ်ဆုံးဖြစ်လျှင် စုတိစိတ် ခေါ်၏။ ။(ဘဝင်နာမ်ပြီး၏။)

ဝီထိနာမ်ဟူသည် ဗဟိဒ္ဓအာရုံခြောက်ပါး တပါးပါး သည် စက္ခုအကြည် သောတအကြည် အစရှိသော အကြည်ခြောက်ခု တခုခု၌ ထင်လာသောအာရုံကို အာရုံပြုပြီးလျှင် တန်းစဉ်၍ ဖြစ် သော နာမ်တို့ကိုဆိုသည်။ ထို့ကြောင့်ဝီထိနာမ်ဖြစ်လျှင် ဘဝင် နာမ်ပျောက်မြဲ၊ ဘဝင်နာမ်ဖြစ်လျှင် ဝီထိနာမ်ပျောက်မြဲတည်း။ ဝီထိနာမ်ဖြစ်ခြင်းသည် ခြောက်မျိုးရှိ၏။ ခြောက်မျိုးဟူသည်–

၁= စက္ခုဒွါရ ဝီထိ နာမ်စဉ်။
၂= သောတဒွါရ ဝီထိ နာမ်စဉ်။
၃= ဃာနဒွါရ ဝီထိ နာမ်စဉ်။
၄= ဇိဝှါဒွါရ ဝီထိ နာမ်စဉ်။
၅= ကာယဒွါရ ဝီထိ နာမ်စဉ်။
၆= မနောဒွါရ ဝီထိ နာမ်စဉ်။

ဤခြောက်မျိုးတည်း။

စက္ခုဒွါရ ဝီထိနာမ်စဉ် ဖြစ်ပုံမှာ အကြင်အခါစက္ခုအကြည် ဟူသော စက္ခုဒွါရ၌ ဗဟိဒ္ဓရူပါရုံသည် ထင်လာထိခိုက်လာသော အခါ ဘဝင်စိတ်မှာလည်း တုန်ပြိုင်နက်ထင်၏။ ထိခိုက်၏။ ထိုအခါ ကံပေးသော အတိတ်အာရုံကို အာရုံပြုလျက်၊ ငြိမ်သက်စွာနေ သောဘဝင် စိတ်သည် အတိတ်အာရုံဟောင်းကို လွှတ်၍ ယခု ထင်လာ ထိခိုက်လာသော အာရုံသစ်ကို အာရုံပြုလို ဆွဲတွယ်လို သော အခြင်းအရာအားဖြင့် ဖြစ်၏။ ဤသို့ဖြစ်ခြင်းကို ဘဝင် လှုပ်သည်ဟု ခေါ်၏။ ဝီထိစဉ်အမည်မှာ ဘဝင်္ဂစလနခေါ်၏။ ထို့နောက်အတိတ်အာရုံကို ဖြတ်သောဘဝင်္ဂုပစ္ဆေဒ၊ ထို့နောက် ရူပါရုံကို ဆင်ခြင်သော အာဝဇ္ဇန်း၊ ထို့နောက်ရူပါရုံကို လင်း လင်း ထင်ထင်မြင်သောစက္ခုဝိညာဏ်စိတ်၊ ထို့နောက် ထိန်းသိမ်း လက်ခံသော သမ္ပဋိစ္ဆိုန်း၊ ထို့နောက် စုံစမ်းသော သန္တီရဏ၊ ထို့နောက် ဣဋ္ဌအနိဋ္ဌ ဆုံးဖြတ်သော ဝုဋ္ဌော၊ ထို့နောက်-ထို့ နောက် ခံစားသော ဇော—ခုနစ်ကြိမ်၊ ထို့နောက် ဇောသို့အစဉ် လိုက်၍ တဒါရုံ နှစ်ကြိမ်ဖြစ်၏၊ ထိုနောက်ဘဝင်စိတ် ထိုက်သည့် အား လျော်စွာဖြစ်ပြန်၏။

(ဤကား စက္ခုဒွါရဝီထိ နာမ်စဉ်ဖြစ်ပုံတည်း။)

ဤစက္ခုဒွါရဝီထိနာမ်စဉ်သည် အာရုံကို လင်းလင်း ထင်ထင် မြင်ကာမျှ ဖြစ်၏။ ဝိညာဏက္ခန္ဓာ၌ ဆိုအပ်ခဲ့ပြီးသည့် အတိုင်း သစ်ပင်ပါတကားဟူ၍မသိသေးပေ။ နောက်ဆက် မနောဒွါရ ဝီထိနာမ်စဉ် လေးဝီထိပြီးဆုံးပါမှ သစ်ပင်ကြီး ဘွားကနဲသိ၏။ ဤမနောဒွါရဝီထိနာမ်စဉ်သည် သိမှုတည်း။

## ပဉ္စဒွါရဝီထိနာမ်စဉ် ၏ နောက်ဆက် မနောဒွါရဝီထိနာမ်စဉ် ဖြစ်ပုံမှာ

၁။ ပဉ္စဒွါရ၌ ထင်လာ၍ ချုပ်လေပြီးသော အတိတ် ရူပါရုံကို စက္ခုဒွါရဝီထိ ယူသောအတိုင်း လိုက်၍ အာရုံပြုသော ယူသော အတီတဂ္ဂဟဏဝီထိ။

၂။ စက္ခုဒွါရဝီထိ,အတီတဂ္ဂဟဏဝီထိဤနှစ်ဝီထိတို့ဖြင့် ယူအပ်သော အာရုံကို တခုတည်း တလုံးတည်း ပေါင်းစု လုံးထွေး၍ အာရုံ ပြုသော ယူ သော သမုဒါယဂ္ဂဟဏဝီထိ။

၃။ ဤအဆင်း၏ အသွင်သဏ္ဍာန် အနက်ဒြပ်ကို အာရုံ ပြုသော ယူသော အတ္ထဂ္ဂဟဏဝီထိ။

၄။ ဤ အနက်ဒြပ် အဆင်း၏ အမည်နာမကို အာရုံပြု သော ယူသော နာမဂ္ဂဟဏဝီထိဟူ၍ စက္ခုဒွါရ၌ လေးဝီထိဖြစ်၏။

ထိုနည်းတူစွာ သောတဒွါရဝီထိ နာမ်စဉ်ဖြစ်၍ ဘဝင်စိတ် ထိုက်သည့်အားလျော်စွာ ဖြစ်ပြီးလျှင် နောက်ဆက် မနောဒွါရ နာမ်စဉ် လေးဝီထိဖြစ်ပြန်၏၊ သို့မှသာလျှင် သဒ္ဒရုပ်ကိုဘွားကနဲ ကြား၏။ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတို့၌လည်း ဤနည်းသာ လျှင် လေးဝီထိစီ ဖြစ်၏။

## ပဉ္စဒွါရဝီထိ၏ နောက်ဆက် မဟုတ်သော အလွတ် သတ်သတ် သိဟူသော သုဒ္ဓမနောဒွါရ ဝီထိနာမ်စဉ် ဖြစ်ပုံမှာ–

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလဝိမုတ်ဖြစ်သော အလွန် ထင်ရှားသောအာရုံခြောက်ပါးတို့တွင်တပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်၏၊ ထို့နောက် ထင်လာသောအာရုံကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၊ခံစားသော ဇောခုနစ်ကြိမ်၊ဇောသို့ အစဉ်လိုက်သော တဒါရုံ နှစ်ကြိမ်ဖြစ်၏၊ ထို့နောက်ဘဝင်စိတ် ထိုက်သည့်အားလျော်စွာဖြစ်၏။

(ဤကား သုဒ္ဓမနောဒွါရဝီထိနာမ်စဉ်ဖြစ်ပုံတည်း။)

ဝီထိစဉ်၌ အကျယ်လိုမူ သင်္ဂြိုဟ် ဝီထိပိုင်း၌ယူလေ။

ဤ ဆိုအပ်ခဲ့ပြီးသော ဘဝင်စိတ် ဝီထိစိတ်တို့၌ မနောဟူသော ဘဝင်စိတ်သည် စိတ္တက္ခဏ- တချက်သာလျှင် ဖြစ်၏။ ဘဝင်္ဂစလန သည်လည်း စိတ္တက္ခဏ-တချက်၊ အတိတ်အာရုံကို ဖြတ်သော ဘဝင်္ဂုပစ္ဆေဒသည်လည်း စိတ္တက္ခဏ–တချက်၊ ဘာ ပါလိမ့်မလဲဟု ဆင်ခြင်သော အာဝဇ္ဇန်းသည်လည်း စိတ္တက္ခဏ– တချက်၊ ရူပ ရုံကို လင်းလင်း ထင်ထင် မြင်သော စက္ခုဝိညာဏ် စိတ်သည်လည်း စိတ္တက္ခဏ=တချက်၊ အာရုံကိုထိန်းသိမ်းလက်ခံ

သော သမ္ပဋိစ္ဆိုန်း သည်လည်း စိတ္တက္ခဏ=တချက်၊ အာရုံကို စုံစမ်းသော သန္တီရဏသည်လည်း စိတ္တက္ခဏ=တချက်၊ အာရုံကို ဣဋ္ဌ အနိဋ္ဌ ဟု ဆုံးဖြတ်သော ဝုဋ္ဌော သည်လည်း စိတ္တက္ခဏ= တချက်၊ အာရုံ၏အရသာကို ခံစားသော ဇော ခုနစ်ကြိမ် တို့ သည်လည်း စိတ္တက္ခဏ=ခုနစ်ချက် သာလျှင်ဖြစ်၏၊ ဇောသို့ အ စဉ်လိုက်၍ အားနည်းစွာ ခံစားသော ပဌမ တဒါရုံ သည်လည်း စိတ္တက္ခဏ=တချက်၊ အလွန် အားနည်းစွာ ခံစားသော ဒုတိယ တဒါရုံသည်လည်း စိတ္တက္ခဏ=တချက် သာလျှင်ဖြစ်၏၊ အားနည်း သည့်ထက် နည်း၍ ဘဝင်အခြေသို့ ပြန်ရောက်သော ဘဝင်စိတ် တို့သည်လည်း စိတ္တက္ခဏ=တချက် တချက် အသစ် အသစ် သာ လျှင်ဖြစ်၏။

ဤစိတ္တက္ခဏ၏ သက်တန်းသည် ဥပါဒ်ခဏ ဋ္ဌီခဏ ဘင်ခဏ ဟူသော ခဏငယ် သုံးချက်သာလျှင် အသက်ရှည်၏၊ရုပ်တချက်၏ သက်တန်းသည် ခဏငယ် ငါးဆယ့်တချက် အသက်ရှည်၏၊ ထို့ ကြောင့် ရုပ် တချက် ပျက်လျှင် နာမ် တဆယ့်ခုနစ်ချက်ပျက်၏၊ ဤသို့လောက် သက်တန်းတိုလှစွာသော နာမ်ဓာတ်သည် ဥပါဒ် တခဏ၌ဖြစ်၍၊ ဋ္ဌီဘခဏ၌ မိမိ၏ဝတ္ထုရေးကို ဆောင်ရွက်လျက် ဘင် သို့ ကျရောက်သဖြင့်ပျက်၏။ ဤသို့လျှင် စိတ္တက္ခဏ=တချက် တချက်ဖွဲ့၍သာလျှင် မြင်သိစိတ် ကြားသိစိတ် အစရှိသည်တို့သည် ဖြစ်ရ၏။ မြင်သိစိတ်ဖြစ်ရာ၌ သစ်ပင်ကြီး တပင်လုံးကို အသေ အချာသိဘို့ရာ ထားဘိဦး၊ထိုအပင်မှသစ်ရွက်တရွက်၌ မြင်သိစိတ် ဖြစ်ဘို့ ပင်လျှင် ကွေ့ဒွါရဝီထိ နာမ်စဉ် ၌ ဖြစ်ပျက် ရသော စိတ္တက္ခဏ၊ ထိုသစ်ရွက်၏ အဆင်းသဏ္ဍာန်အနက်ဒြပ် အမည်နာမ

ကို အာရုံပြုသော ယူသော လေးကြိမ်မြောက် ကျရသော မနော ဒွါရဝီထိ နာမ်စဉ်မှ ဖြစ်သော များစွာသော စိတ္တက္ခဏ၊ ထိုသို့ စက္ခုဒွါရ ဝီထိနာမ်စဉ် မနောဒွါရ ဝီထိနာမ်စဉ် တို့မှ အလဲလဲ အလှယ်လှယ် ဖြစ်ပျက်၍ နေရသော စိတ္တက္ခဏတို့၏ ဖြစ်ခြင်း ပျက်ခြင်းသည် မရေတွက်နိုင်အောင် အနန္တများလှ၏။ သစ်ပင် ကြီး တပင်လုံးကိုသေချာစွာ သိရမည်ဟူသော် အဘယ် ဆိုဘွယ် ရာရှိတော့မည်နည်း။

ဤသို့လျှင် စိတ္တက္ခဏ တချက် တချက် ဖြင့်သာ မြင်သိစိတ် ဖြစ်ခြင်း၊ ကြားသိစိတ်ဖြစ်ခြင်း၊ နံသိစိတ်ဖြစ်ခြင်း၊ လျက်သိစိတ် ဖြစ်ခြင်း၊ တွေ့ထိသိစိတ်ဖြစ်ခြင်း၊ သုဒ္ဓမနောဒွါရဖြင့် အလွတ် သတ်သတ် သိစိတ် တို့သည် ဖြစ်ရ၏။ သတ္တဝါ တို့သည် ထိုကဲ့သို့ စိတ္တက္ခဏ တချက် တချက်ဖြင့်သာလျှင် တဘဝ တဘဝ၌ အ သက် ရှည်ကြရသည်။ ထို့ကြောင့်–

ဧကစိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ။ ။

(ဝိသုဒ္ဓိမဂ်၌ လာသောပါဠိ။)

သတ္တာနံ၊ သတ္တဝါ တို့၏။ ဇီဝိတံ၊ အသက် သည်။ ဧက စိတ္တက္ခဏိကံ၊ စိတ္တက္ခဏ တချက်သာတည်း။

ဤသို့ မိန့်တော်မူသည်နှင့်အညီ သတ္တဝါတို့၏ သက်တန်း သည် ကမ္ဘာကြီး ရှစ်သောင်း လေးထောင် အသက် ရှည်သော နေဝသညာနာသညာ မဟာဗြဟ္မာကြီးသည်လည်း စိတ္တက္ခဏ တချက် တချက်ဖြင့်သာ အသက်ရှည်ရသည်။ စိတ္တက္ခဏ နှစ်ချက်

ပြုး နှစ်ချက်ပြုးဖြင့် အသက်ရှည်ရသည်ဟူ၍မရှိ။ လူတို့၏ နှစ်အရေအတွက်ဖြင့် ရေတွက်သော် နှစ်ပေါင်း ကိုးရာနှစ်ဆယ် တကုဋေ နှင့် ခြောက်သန်း၊ နတ်သက်၏နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း တသောင်း ခြောက်ထောင် အသက် ရှည်သော ဝသဝတ္တီနတ်မင်းသည်လည်း စိတ္တက္ခဏ တချက်တချက်ဖြင့်သာ အသက်ရှည်ရသည်၊ စိတ္တက္ခဏ နှစ်ချက်ပြုး နှစ်ချက်ပြုး ဖြင့် အသက်ရှည်ရသည် ဟူ၍မရှိ။

ဥပမာ ခရီးသွားသော ယောကျ်ားသည် ခြေတလှမ်းချင်း တလှမ်းချင်းဖြင့်သာသွား၍ ခရီးရောက်ရသည်။ခြေနှစ်လှမ်းပြုး နှစ်လှမ်းပြုးဖြင့် သွား၍ ခရီးရောက်ရသည်ဟူ၍မရှိ၊ ထို့အတူ အသက် တရာရှည်သော လူကြီး သည်လည်း စိတ္တက္ခဏ တချက် တချက် ဖြင့်သာ အသက်ရှည်ရသည်။ စိတ္တက္ခဏ နှစ်ချက်ပြုး နှစ်ချက်ပြုး ဖြင့် အသက်ရှည်ရသည်ဟူ၍မရှိ။စကားပြောသော သူသည် စကားကို တလုံးချင်း တလုံးချင်းဖြင့်သာ လိုအပ်သော စကားကို ပြောရသည်။ စကားကို နှစ်လုံးပြုး နှစ်လုံးပြုးဖြင့် လိုအပ်သော စကားကို ပြောသည်ဟူ၍မရှိ။ အကောင်အထည် ကြီးမားလှသော ဆင်ကြီးသည်လည်း စိတ္တက္ခဏ တချက် တချက် ဖြင့်သာ အသက်ရှည်ရသည်။စိတ္တက္ခဏ နှစ်ချက်ပြုး နှစ်ချက်ပြုး ဖြင့် အသက်ရှည်ရသည် ဟူ၍မရှိ။ အကောင် အထည် သေးငယ်လှသော ဖျုတ်ကောင် ကမြင်းနီကောင်ကလေး တို့သည်လည်း စိတ္တက္ခဏ တချက် တချက်ဖြင့်သာ အသက်ရှည်ရသည်။စိတ္တက္ခဏ နှစ်ချက်ပြုးနှစ်ချက်ပြုးဖြင့် အသက်ရှည်ရသည် ဟူ၍မရှိ။

ခပ်သိမ်းကုန်သော သတ္တဝါ တို့သည် ထိုဆိုအပ်ခဲ့ပြီးသော စိတ္တက္ခဏ တချက် တချက် နည်းဖြင့်သာ မိမိ၏ အစမထင်သော သံသရာအစဉ်မှသည် ယခုလက်ရှိအခြေသို့ ရောက်ခဲ့ချေပြီ၊ ယခု လက်ရှိအခြေမှသည် သံသရာဝဋ် ဆုံးသည့်တိုင်အောင် စိတ္တက္ခဏ တချက် တချက် ဖြင့်သာ ဘဝတွေ ကူးပြောင်း၍ သံသရာဝဋ် ဆင်းရဲကို ခံရဦးမည်။ သံသရာ၌ ချားရဟတ် ကဲ့သို့ လည်သည် ဟူရာ၌ ယခုဆိုအပ်ခဲ့ပြီးသော စိတ္တက္ခဏ တချက် တချက် သာ လျှင်ဖြစ်၏။ ဤစိတ္တက္ခဏ တချက် တချက်ကို ထား၍ သံသရာ ဟူ၍၎င်း၊ သံသရာ၌ လည်စရာဟူ၍၎င်း၊ သံသရာဝဋ်ဒုက္ခ ဟူ၍၎င်း လောကထဲ၌ မရှိပြီ။

ဤ စိတ္တက္ခဏ တချက် တချက်ကိုသာ သတ္တဝါ တယောက် တယောက် ဟူ၍၎င်း၊ သံသရာဝဋ်ဒုက္ခ ဟူ၍၎င်း၊ သံသရာ၌ လည်စရာဟူ၍၎င်း၊ ဒုက္ခသစ္စာဟူ၍၎င်း အမျိုးမျိုး ခေါ်ဆိုကြ ရကုန်၏။ ဤ စိတ္တက္ခဏ တချက် တချက်သည် အဟောင်း အ ဟောင်း ချုပ်ပြီး၍၊ အသစ်အသစ်ဖြစ်သော စိတ္တက္ခဏ တို့ချည်း သာ ဖြစ်၏။

## နိဿယကို ပြခြင်း။

ထို စိတ္တက္ခဏ တချက် တချက် ဟူသော နာမ်တရားနှင့် ရုပ်တရားတို့သည် တဦးနှင့်တဦး အမှီရသောကြောင့် ကုသိုလ် အကုသိုလ် တို့နှင့်တကွ အမှုကိစ္စ အားလုံးတို့ကိုပါ ပြုလုပ်သွား ပုံကို နိဿယ ပစ္စည်းဖြင့် ပြဦးအံ့။

ထို နာမ်တရားနှင့် ရုပ်တရား၌ နာမ်တရားသည် လူနှင့်တူ၏ ရုပ်တရားသည် လှေနှင့်တူ၏။ လူသည် သမုဒ္ဒရာသို့ဖြတ်၍ အလို

ရှိရာသို့သွားလို၏။ ထိုသို့ သွားလိုသော်လည်း သွားနိုင်ငွမ်းမရှိ၊ လှေသည် သမုဒ္ဒရာသို့ ဖြတ်၍သွားနိုင်စွမ်းရှိ၏။ သို့ရာတွင် သွားလိုသော သဘောမရှိ၊ ထိုသို့သဘောချင်းကွဲလွဲ၍ နေသော လူနှင့် လှေသည် တဦး နှင့်တဦး အမှီရသည်ရှိသော် လူသည် မိမိသွားလိုသော အရပ်သို့ လှေအား သွားစေ၏။ လှေသည်လည်း လူသွားလိုသော အရပ်သို့သာ သွားရ၏။လူကသမုဒ္ဒရာသို့ဖြတ်၍ သွားလိုသော် လှေသည် သမုဒ္ဒရာသို့ ဖြတ်၍ သွားရ၏။ လူက အရှေ့သို့ သွားလိုသော် လှေသည် အရှေ့သို့သွားရ၏။ လူက အနောက်သို့သွားလိုသော် လှေသည်အနောက်သို့သွားရ၏။လူက တောင်သို့ သွားလိုသော် မြောက်သို့ သွားလိုသော် လှေသည် သွားရ၏။ လူက ရပ်လိုသော် လှေသည်ရပ်ရ၏၊ လှေသည်လည်း လူကို အမှီရသောကြောင့် ခပ်သိမ်းသော အရပ်သို့ရောက်ရ၏။ ထိုလှေ၌စီးသောသူ မလိမ်မာခဲ့သည် ရှိသော် လှေရော လူပါ သမုဒ္ဒရာ၌နစ်ရ၏။

ထိုနည်း တူစွာ နာမ်တရားသည် ရုပ်တရားကို အမှီရသောကြောင့် နာမ်တရားက အရှေ့သို့သွားလိုသော် ရုပ်တရားကြီးသည် အရှေ့သို့သွားရ၏။ နာမ်တရားက အနောက်သို့ သွားလိုသော် တောင်သို့ သွားလိုသော် မြောက်သို့ သွားလိုသော် ရုပ်တရားကြီးကသွားရ၏။နာမ်တရားက ရပ်လိုသော် ရပ်ရ၏။ထိုင်လိုသော် ထိုင်ရ၏။ လျောင်းလိုသော် လျောင်းရ၏။ နာမ်တရားက စားလိုသော် ရုပ်တရားကြီးကစားရ၏။ နာမ်တရားက ပြောလိုသော် ရုပ်တရားကြီးကပြောရ၏။ ဟောလိုသော် ဟောရ၏။ တခါတရံ နာမ်တရားသည် မလိမ်မာ၊ ထိုသို့ မလိမ်မာ သော

ကြောင့် သူ့အသက်ကို သတ်လိုသော် ရုပ်တရားကြီးက သတ်ရ၏။ နာမ်တရားက သူ့ပစ္စည်းကိုခိုးလိုသော် ရုပ်တရားကြီးသည် ခိုးရ၏။ နာမ်တရားက သူ့အိမ်ရာကို လွန်ကျူးလိုသော် ရုပ်တရားကြီးသည် လွန်ကျူးရ၏။

ဤသို့ အစရှိသည်ဖြင့် နာမ်တရားက အကုသိုလ် ဒုစရိုက်တွေကို ပြုလို၏။ ရုပ်တရားကြီး သည်လည်း မနေသာ၍ အကုသိုလ် ဒုစရိုက်တွေကိုပြုရ၏။ ထိုသို့ နာမ်တရားမလိမ္မာတိုင်း ရုပ်တရားကြီးက ဒုစရိုက်တွေကို ပြုမိ မှားသောကြောင့် လေးနှင့်တူသော ဤရုပ်တရားကြီးမှာ မင်းဘေး မင်းဒဏ်ကိုလည်း ခံရဘူးလှလေပြီ။ အပါယ်သို့လည်း ကျရောက်၍ ခွေးရုပ် ခွေးနာမ် ဝက်ရုပ် ဝက်နာမ် ပြိတ္တာရုပ် ပြိတ္တာနာမ်အသူရကာယ်ရုပ် အသူရကာယ်နာမ်၊ ငရဲသူရုပ် ငရဲသူနာမ်တွေ ဖြစ်ခဲ့ရပေါင်းလည်း များလှချေပြီ။ တခါတရံ ဤနာမ်တရားသည် လိမ္မာ၏။ ထိုသို့လိမ္မာသည် ဖြစ်သောကြောင့် "ဟေ့ ရုပ်တရားကြီး၊ ငါသည် သီလဆောက်တည် လိုသည်၊ သင် ရုပ်တရားကြီးသည် သူ့အသက်ကို မသတ်နှင့်၊သူ့ပစ္စည်းကို မခိုးနှင့်၊နေလွဲညစာ မစားနှင့်၊ တွေ့ကရာ မသွားနှင့်၊ အရပ်စကား မပြောနှင့်၊ မြင့်သော်နေရာ မြတ်သောနေရာ ၌ မနေနှင့် မထိုင်နှင့် မလျောင်းနှင့်၊ ကြမ်းပေါ်မှာဖျာခင်းအိပ်"အစရှိသည်ဖြင့်သီလ သိက္ခာပုဒ်တို့ကို ဤသို့ပြောဆို၍မတားမြစ်သော်လည်း ပြောဆို၍ တားမြစ်သကဲ့သို့ ရုပ်တရားကြီးသည် နာမ်တရား၏ အလိုကျအတိုင်း သူ့အသက်ကို မသတ်ဘဲနေခြင်း၊ သူ့ပစ္စည်းကို မခိုးဘဲနေခြင်း၊နေလွဲညစာမစားဘဲနေခြင်း၊တွေ့ကရာ မသွားဘဲနေခြင်း၊ အရပ်စကားမပြောဘဲနေခြင်း၊ မြင့်သော

နေရာ မြတ်သောနေရာ၌ မနေဘဲ မထိုင်ဘဲ မလျောင်းဘဲ ကြမ်းပေါ်၌ ဖျာခင်း အိပ်ခြင်း အစရှိသည်ဖြင့် နာမ်တရား၏အလိုကျ ဖြစ်အောင် နေရ၏။

တခါတရံ နာမ်တရားက သံဃာတော်များကို ဆွမ်းကျွေးလိုသည်၊ သင် ရုပ်တရားကြီးသည် ထင်းခွဲလော့ မီးမွေးလော့ ဆန်ဆေးလော့ ပန်းကန်ဆေးလော့ အစရှိသည်ဖြင့် အလှူကိစ္စတို့ကို ဆောင်ရွက်စေလို၏၊ ရုပ်တရားကြီးသည် မအားမလပ်ပြီ ဟူ၍မှ မငြင်းမခုံမူ၍ အလှူကိစ္စအဝဝတို့ကို နာမ်တရား၏အလိုကျ ဖြစ်အောင်ဆောင်ရွက် ရပြန်၏။တခါတရံ နာမ်တရားက ငါသည် စျာန်တရားကိုပွားလိုသည်၊သင်ရုပ်တရားကြီးသည် တည်တည် ငြိမ်ငြိမ်နေရမည်ဟု အမိန့်မပေးသော်လည်း ပေးဘိသကဲ့သို့ရုပ်တရားကြီးသည် တည်တည်ကြီးဖြင့် တုဏှိဘာဝေါကြီး ဖြစ်နေ၏။ ဤသို့လျှင် ကောင်းမှုကုသိုလ်တွေကို နာမ်တရားရော ရုပ်တရားပါ အတူတကွ အညီအညွတ် ပြုကြ၏။ထိုအခါ နာမ်တရားရော ရုပ်တရားပါ လူရုပ် လူနာမ် နတ်ရုပ် နတ်နာမ် ဗြဟ္မာရုပ် ဗြဟ္မာနာမ် တွေဖြစ်၍ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် တွေကို နာမ်တရားရော ရုပ်တရားကြီးပါ အတူတကွ အညီအညွတ်စံစား ကြရပြန်၏။

ဤစာကိုရှုသူ အိုသူတော်စင်၊ သူတော်စင်သည် ပသာဒစက္ခုသက်သက်ဖြင့် ကြည့်ရှုခဲ့ပါလျှင် သတ္တဝါသွားသည်၊ သတ္တဝါရပ်သည်၊ သတ္တဝါထိုင်သည်၊ သတ္တဝါလျောင်းသည် အစရှိသည် ဖြင့် မြင်လိမ့်မည်။ ယထာဘူတဉာဏ်စက္ခုဖြင့် ကြည့်ရှုမိခဲ့ပါလျှင် နာမ်တရားနှင့် ရုပ်တရား နှစ်ပါးသာသွားခြင်း၊ နာမ်တရား

နှင့် ရုပ်တရား နှစ်ပါးသာရှိခြင်း၊ နာမ်တရားနှင့် ရုပ်တရား နှစ်ပါးသာ ထိုင်ခြင်း၊ လျှောင်းခြင်း၊ စားခြင်း၊ သောက်ခြင်း၊ ပြုလုပ်ပြောဟောခြင်း အစရှိသည်ဖြင့် နာမ်တရားနှင့်ရုပ်တရား နှစ်ပါးတို့၏ အပြုအမူ တို့ကိုသာ အမှန်ကျ သိမြင် လိမ့်မည် ဖြစ်သတည်း။

ယထာဘူတံ ဘာဝေတဗ္ဗံ။ ။

မှန်ရာကိုသိအောင် ကြိမ်ဖန်များစွာ ပွားများအပ်၏။

**စိတ္တဇဝါယောဓာတ် ပြခြင်း။**

ဤသို့လျှင် နာမ်တရားနှင့် ရုပ်တရားသည် တဦးနှင့် တဦး အမှီ ရသောကြောင့် နာမ်တရား၏ အလိုကျအတိုင်း ရုပ်တရားကြီးက လုပ်ကိုင် ဆောင်ရွက်ရခြင်းသည် အဘယ်ကဲ့သို့ လုပ်ကိုင်ဆောင် ရွက်လေသနည်း ဟူသော်-

ဂစ္ဆာမီတိ စိတ္တံ ဥပဇ္ဇတိ၊ တံ ဝါယုံ ဇနေတိ။
ဝါယော ဝိညတ္တိံ ဇနေတိ။ ။

ဂစ္ဆာမီတိ၊ သွားအံ့ဟူ၍။ယံစိတ္တံ၊**အကြင်**စိတ်သည်။ ဥပဇ္ဇတိ၊ ဖြစ်၏။ တံစိတ္တံ၊ ထိုသွားလိုသောစိတ်သည်။ ဝါယုံ၊ ဝါယော ဓာတ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဝါယော၊ စိတ်ကြောင့်ဖြစ် သော ဝါယောဓာတ်သည်။ ဝိညတ္တိံ၊ ကွေးခြင်း ဆန့်ခြင်း **အစ** ရှိသော ကာယဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။

ဟူသော ဝစနတ္ထနှင့်အညီ၊ သတ္တဝါသွားလာလှုပ်ရှားခြင်းသည် ထိုသတ္တဝါ၏ သွားလိုသောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်ပင် ဖြစ်၏။ ဤကဲ့သို့ စိတ္တဇဝါယောဓာတ်ကြောင့် ဖြစ်၏ ဟူသော စိတ်သည် ဘဝင်စိတ် ဇောစိတ် ဟူ၍ နှစ်ပါး ရှိ၏။

ဘဝင်စိတ်ဟူသည် အလွန်အားနည်းသဖြင့် ပစ္စုပ္ပန် ဘဝတခုမျှ အာရုံမပြုနိုင်ကြောင်း၊ အတိတ်မှ ကံပေးသော အာရုံသုံးပါး၊ တပါးပါးကိုသာ အာရုံညွှတ်လျက် ငြိမ်သက်စွာ နေကြောင်း၊ အသေဟူ၍ မဆိုရရုံ စိတ်ရှိတယ်ဆိုရရုံ ရုပ်ခန္ဓာကိုစောင့်ရှောက်ရုံ ဘဝ၏အကြောင်းအင်္ဂါမျှသာ ဖြစ်၏ဟူ၍ အထက်က စိတ္တဇဝါယောဓာတ်သည်ပင် အဘယ်မျှ စဉ်ပြခန်း အစမှာ ဆိုအပ်ခဲ့ပြီ။ ထိုမျှလောက် အားနည်းလှစွာသော ဘဝင်စိတ်၏ စိတ္တဇဝါယောဓာတ်သည်ပင် အဘယ်မျှလောက် ထက်သန်သနည်းဟူသော ဥပမာကိုဆိုဦးအံ့။

ညဥ့်အခါတိုက်ခန်းတခု၌ထွန်းအပ်သောရေနံချေးမီးတောက်နှင့်တူ၏။ အဘယ်သို့တူသနည်း ဟူသော်-ထိုမီးတောက်မှ အလွန်လျင်မြန်သောအဟုန်ရှိသော လေသည်ထွက်၏။ ထိုလေသည် မီးတောက်မှထွက်သော မီးရောင်တို့ကို မီးတောက်သည်နှင့် တပြိုင်နက် ထိုအခန်းတခုလုံးကိုပြည့်အောင် ဖြန့်ဖြူး၏။ မီးတောက်မှ ထွက်သော အခိုးကြမ်းတို့ကိုလည်း ထိုတိုက်ခန်းတခုလုံး၌ ပြည့်စေ၏။ ထို့အတူဘဝင်စိတ်အဟုန်ကြောင့်ဖြစ်သော စိတ္တဇလေသည် အလွန်လျင်မြန်၏။ ထိုလေသည် စိတ္တဇရုပ်ကလာပ်တို့ကို ရှင်-ဝမ်း-နှင့် အပြည့်ဖြစ်စေ၏၊ အိပ်ပျော်၍ နေဆဲအခါ၌ပင် လျှင် ကိုယ်ခန္ဓာအလယ်ပိုင်းတခုလုံးကို ရေသို့ငင်းထသကဲ့သို့ ကြွ၍

လှုပ်ရှားစေလျက် ပြင်းထန်သော ရှုရှိုက်ခြင်းကို ဖြစ်စေ၏။ ဘဝင်စိတ်ဟူသော နှံ့လှုံ့စွာသော အရှိန်အဝါသည်ပင် ဤမျှလောက် ထက်သန်သေးလျှင် အဟုန်နှင့်တကွ ယမ်းပုံပေါ်မီးကျသကဲ့သို့ အလွန်လျင်မြန်စွာဖြစ်ပေါ်၍ ထသော ဇောဟူသော စိတ်ခေတ်ကြီး၏ အရှိန်အဝါသည် အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်း။ ကြံစည်ပြုလုပ်မှုမျိုး၌ ထက်သန်လှသောအရှိန်အဝါမျိုးမည်သည် ဤကဲ့သို့ ပြင်းထန်၏။

မီးရထား မီးသင်္ဘောတို့၌ သက်ဆိုင်ရာ စက်ခလုပ်ကိုပြုပြင်၍ပေးလိုက်သည်ရှိသော် ရေနွေးအခိုး တို့သည် မီးကြိုး၏အဟုန်ကဲ့သို့ သက်ဆိုင်ရာ ရေနွေး ပိုက်လိုင်းတို့၏ အတွင်းမှ ခဏချင်း တိုးဝှေ့ တွန်းကန် လှုပ်ရှား ရွေ့လျား သွားလာသကဲ့သို့ ဤကိုယ်ခန္ဓာ၌လည်း ပြုလိုသော အမှုအားလျော်စွာ စိတ္တဇ ဝါယောခေတ် လေမုန်တိုင်း တို့သည် ထိုထို အကြောကြီး အကြောငယ်တို့ကို အဟုန်နှင့်တကွ ခဏချင်း ပြည့်ဖြိုးစေကုန်၏၊ အားခွန်ဗလနှင့်ပြည့်စုံသော ခြောက်ဆယ်သော အကြောကြီး၊ ကိုးဆယ်သော အကြောငယ် တို့၏ လှုပ်ရှား မြူးတူးချက်ဖြင့် ဤကိုယ်ခန္ဓာ၏ အင်္ဂါကြီးငယ်တို့သည် အဟုန်နှင့်တကွ ကြွထ လှုပ်ရှား၍ သွားခြင်း၊ လာခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ကခြင်း၊ ခုန်ခြင်း၊ ပြေးခြင်း၊ လွှားခြင်း၊ တန်းခုန်ခြင်း၊ လွှမ်းထိုးခြင်း အစရှိသည်တို့သည် စိတ်ထက်သန်သည့်အလျောက် ဖြစ်ကြကုန်၏။

မီးရထား မီးသင်္ဘောတို့၌ အသံ၏ဆိုင်ရာ အပေါက်ကို ဖွင့်လှစ်လိုက်သည်ရှိသော် ထိုဆူပွက်သော ရေနွေးဟုန်တို့မှ အသံနှင့်တကွ ပြင်းထန်သောအခိုး၏ တိုးဝှေ့ထွက်သွားခြင်းဖြင့် ဥဩ

သံမည်သည်ဖြစ်သကဲ့သို့ စကားပြောဆိုလိုသော ဇောစိတ် အကြံခေတ်မျိုး ဖြစ်ပေါ်သည်နှင့် တပြိုင်နက် စကား ပြောမှု၏ဆိုင်ရာ စိတ္တဇ လေတို့သည်ရင်း၊ လည်ပင်းကြော မေးကြောလျှာကြော တို့သည်ရင်း တပြိုင်နက် လှုန့်လျက် မြူးထူးကြွထရကုန်၏၊ ရယ်လိုသောဇော ဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ခဏချင်း ကြည်လင်ရွှင်ပျသော ရုပ်တွေ အပြည့်ဖြစ်ပေါ်၏။ ငိုချင်သောဇောဖြစ်ပေါ်လျှင် မျက်နှာအပြင်၌ ခဏချင်းညှိုးနွမ်းသောရုပ်တွေအပြည့်ဖြစ်ခပေါ်၏။

ဤသို့လျှင် နာမ်တရား၏ပြုလိုသော အမှုအား လျော်စွာစိတ္တဇ ဝါယောဓာတ် တို့သည် ဤရုပ်တရားကြီး၏ အကြောကြီး အကြောငယ် အင်္ဂါကြီး အင်္ဂါငယ်တို့ကို အလှန်လျင်မြန်ထက်သန်လှသော အဟုန်နှင့်တကွ တိုးဝှေ့တွန်းကန် လှုပ်ရှားရွေ့လျားခြင်း တို့သည်ဖြစ်ကြရ၏။ ဤသည်တို့ကို ပသာဒစက္ခုမျှသာရှိသောသတ္တဝါတို့သည် သတ္တ ပုဂ္ဂိုလ်တို့သွားသည်လာသည် ထိုင်သည် လျောင်းသည် အစရှိသည်တို့ကိုသာ မြင်သည်။ နာမ်တရားနှင့် ရုပ်တရားတို့ကိုမမြင်။ ထို့ကြောင့် ဝါယောဓာတ်၏ အပြုအမူကိုလည်းမမြင်။ ပသာဒစက္ခု ဉာဏစက္ခု နှစ်ပါးစုံရှိသောသူတို့သည်သာ အပေါ်ယံ၌ရှိသော သတ္တပုဂ္ဂိုလ်တို့၏ အပြုအမူကိုလည်း မြင်၏။ နာမ်တရားနှင့်ရုပ်တရားတို့၏ အပြုအမူကိုလည်းမြင်၏။ ထို့အတွက်ကြောင့် ဝါယောဓာတ်၏ လှုပ်ရှား ရွေ့လျားသည်ကိုလည်း မြင်၏။ ဤသို့လျှင် ရုပ်တရားကြီးသည် နာမ်တရား၏ ခပ်သိမ်းသော အမှုကိစ္စတို့ကို အလိုကျဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သတည်း။

ဤနာမ်တရားနှင့် ရုပ်တရားကြီး၏ ကိုယ်ခန္ဓာ အစိတ်ပိုင်းကို ခွဲခြမ်း စိတ်ဖြာ၍ ကြည့်ခဲ့သည်ရှိသော် နှလုံးအိမ်သည် မီးပိုက်တွေနှင့်တကွ ရေနွေးအိုးကြီး နှင့် တူ၏။ ကိုယ်ခန္ဓာ ကြီးသည် မီးရထား မီးသဘောနှင့်တူ၏။ဘဝင်စိတ်မျိုးသည် ရေနွေးအိုး၌ရှိသော ပကတိရေနွေးနှင့်တူ၏။ မနသိကာရ အာဝဇ္ဇန်းသည် မီးအိုး၌ရှိသော ပြင်းထန်သော မီးနှင့်တူ၏။ လောဘဇော= ဒေါသဇော အစရှိသော အမျိုးမျိုးသောဇောတို့သည် ရေနွေးအိုးမှ တဟုန်တည်း ဆူထသော ရေလှိုင်း ပွက်တွေနှင့် တူ၏။ ဇော အမျိုးမျိုးမှ ဖြစ်သော စိတ္တဇဝါယောတို့သည် ရေလှိုင်း ပွက်တို့မှ ပန်း၍ထွက်သော အဟုန် ပြင်းထန်လှသော အခိုးတို့နှင့်တူ၏။ ကိုးရာသော အကြောတို့သည် အခိုးလျှောက်သွားရာ ပိုက်လိုင်းတို့နှင့် တူ၏။အင်္ဂါကြီးအင်္ဂါငယ်တို့သည် စက်ကိရိယာ တို့နှင့် တူ၏။ ပုဂ္ဂိုလ်သတ္တဝါ တို့သည်ငင်း၊ အဆင်းသဏ္ဌာန် အစရှိသော အာရုံခြောက်ပါးတို့သည် ငင်း ရထားစက်အိုးတို့နှင့် တူကုန်၏။ တဏှာခြောက်ပါးတို့သည် မီးရထားကိုမောင်းသော စက်ဆရာတို့နှင့်တူကြကုန်၏။ ။(ဤသို့လည်း မှတ်ဦး။)

## ရုပ်တို့၏ ဖြစ်ခြင်း အကြောင်းလေးပါး မှ
## ကံ အချက် ပြခြင်း။

အတိတ်ဖြစ်သော ကာမကုသိုလ်ရှစ်ပါး၊ ရူပကုသိုလ်ငါးပါး၊ အကုသိုလ် တဆယ့် နှစ်ပါး တို့နှင့် ယှဉ်သော နာနက္ခဏိက စေတနာကံ နှစ်ဆယ့်ငါးပါးသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ် ဥပါဒ်တိုင်း ဌီ တိုင်း ဘင်တိုင်း ကမ္မဇ ရုပ်တို့ကိုဖြစ်စေ၏။

ခဏေ ခဏေတိ ဧကေကသ္မိ စိတ္တသ္မိ တီသုတီသု၊
ခဏေသု နိရန္တရမေဝါတိ ဝုတ္တံ ဟောတိ။ ။

(ဝိဘာဝနီ ဋီကာ။)

ခဏေခဏေတိ၊ ခဏေ ခဏေ ဟူသည်ကား။ ဧကေကသ္မိ၊ တခု တခုသော။ စိတ္တသ္မိ၊ စိတ်၏။ တီသုတီသု၊ သုံးပါး သုံးပါး ကုန်သော။ ခဏေသု၊ ခဏတို့၌။ နိရန္တရမေဝ၊ မပြတ်သာလျှင်။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

## စိတ် ထချက် ပြခြင်း။

အရူပဝိပါက်စိတ် လေးပါး၊ ဒွေပဉ္စဝိညာဏ် တဆယ် အလုံးစုံသော ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏ စုတိစိတ်။ တနည်း၊အလုံးစုံသော စုတိစိတ်သည် ကြဉ်အပ်သော ခုနစ်ဆယ့်ငါးပါးသော စိတ်တို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ပဋိသန္ဓေနောင် ပဌမ ဘဝင်မှစ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇရုပ်တို့ကို ဖြစ်စေကုန်၏။

ရူပဝိရာဂဘာဝနာ နိဗ္ဗတ္တတ္တာ ဟေတုနော တဗ္ဗိမုရတာယ အနောကာ သတာယစ အရူပဝိပါကာ ရူပဇနနေ ဝိသေသပစ္စယေဟိ ဧျာနင်္ဂေဟိ သမ္ပယောဂါဘာဝတော ဒွိပဉ္စ ဝိညာဏာနိစာတိ၊ စုဒ္ဒသစိတ္တာနိ ရူပံ နသမုဋ္ဌာပေန္တီတိ ဝုတ္တံ အာရုပ္ပ ဝိပါက ဒွိပဉ္စဝိညာဏ ဝဇ္ဇိတန္တိ။ ။

(ဝိဘာဝနီ ဋီကာ။)

ရူပဝိရာဂ ဘာဝနာ နိဗ္ဗတ္တတ္တာ၊ ရုပ်၌တပ်ခြင်း ကင်းသော ဘာဝနာသည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်။ ဟေတုနော၊ အကြောင်းဟိတ်၏။ တဗ္ဗိမုရုတာယ၊ ထိုရုပ်နှင့်ဝေးသည်၏အဖြစ်ကြောင့်ရင်း။ အနေသကာသတာယစ၊ ရုပ်ဖြစ်ရာအရပ် မဟုတ်သောကြောင့်ရင်း။အရူပဝိပါကာ၊အရူပဝိပါက်တို့ကို။ရူပဇနနေ၊ ရုပ်ကိုဖြစ်စေရာ၌။ အာရုပ္ပဝိပါကဝဇ္ဇိတန္တိ၊ အရူပ ဝိပါက်စိတ်လေးခုကို ကြဉ်အပ်၏ဟူ၍။ ဝုတ္တံ၊ မိန့်အပ်၏။ ဝိသေသပစ္စယေဟိ၊ ထူးသော အကြောင်းဖြစ်ကုန်သော။ ဈာနင်္ဂေဟိ၊ ဈာန်အင်္ဂါတို့နှင့်။ သမ္ပယောဂါဘာဝတော၊ ယှဉ်ခြင်း၏မရှိခြင်း ကြောင့်။ ဒွိပဉ္စဝိညာဏာနိစ၊ ဒွေပဉ္စဝိညာဏ်တဆယ်တို့ရင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသစိတ္တာနိ၊ တဆယ့်လေးပါးသော စိတ်တို့သည်။ ရူပံ၊ ရုပ်ကို။ နသမုဋ္ဌာပေန္တိ၊ မဖြစ်စေတတ်ကုန်။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒွိပဉ္စဝိညာဏဝဇ္ဇိတန္တိ၊ ဒွိပဉ္စဝိညာဏဝဇ္ဇိတံဟူ၍။ အာစရိယေန၊ အရှင်အနုရုဒ္ဓါဆရာသည်။ ဣဒံ၊ ဤစကားကို။ ဝုတ္တံ၊ဆိုအပ်၏။ ။ အရူပဝိပါက်လေးခုတို့သည် မိမိတို့ဖြစ်ရာဘုံ၌ ရုပ်မရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

စတ္တာရိ အရူပဝိပါကာနိ တသ္မိံ ဘဝေ ရူပဿ၊
နတ္ထိတာယ ရူပံ နသမုဋ္ဌာပေန္တိ။ ။

(သမ္မောအဋ္ဌကထာ။)

ဒွေ ပဉ္စ ဝိညာဏ်တဆယ်တို့၌ ဈာနင်, မဂ္ဂင်ဟိတ် မရှိရကား စိတ် အင်္ဂါ အားနည်းသည်၏အဖြစ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

စိတ္တင်္ဂဒုဗ္ဗလတာယ ရူပံ နသမုဋ္ဌာပေန္တိ။ ။

(သမ္မောအဋ္ဌကထာ။)

စိတ္တင်္ဂဒုဗ္ဗလတာယ၊ စိတ်အင်္ဂါ အား နည်းသည်၏ အဖြစ်ကြောင့်။ တာနိ၊ ထိုဒွေပဉ္စဝိညာဏ်တဆယ်တို့သည်။ ရူပံ၊ ရုပ်ကို။ နသမုဋ္ဌာပေန္တိ၊ မဖြစ်စေနိုင်ကုန်။

ပဋိသန္ဓေစိတ် စုတိစိတ် တို့သည် ရုပ်ကိုမဖြစ်စေနိုင် သော်လည်း တခုယုတ် နှစ်ဆယ်သော ဘဝင်၏အတွင်း၌ ဝင်သောကြောင့် သရုပ်ထုတ်၍ အရှင်အနုရုဒ္ဓါဆရာ မကြည်သည် ဟူ၍ မှတ်လေဦး။

> ပဋိသန္ဓိစိတ္တံ ပန စုတိစိတ္တဉ္စ ဧကူနဝီသတိဘဝင်္ဂေသု၊
> အန္တောဂဓတ္တာ စိတ္တန္တရံ နဟောတီတိ န တဿ ဝဇ္ဇနံ
> ကတံ။ ။(ဝိဘာဝနိဋ္ဌိကာ။)

ပန၊ ဆက်၍ဆိုဦးအံ့။ ပဋိသန္ဓိစိတ္တဉ္စ၊ ပဋိသန္ဓေစိတ်သည်၎င်း။ စုတိစိတ္တဉ္စ၊ စုတိစိတ်သည်၎င်း။ ဧကူနဝီသတိဘဝင်္ဂေသု၊ တခုယုတ်နှစ်ဆယ်သော ဘဝင်စိတ်၏သာလျှင်၊ အန္တောဂဓတ္တာ၊ အတွင်းပင်သည်၏အဖြစ်ကြောင့်။ စိတ္တန္တရံ၊ စိတ်အခြားသည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ထို့ကြောင့်။ တဿ၊ ထိုပဋိသန္ဓေစိတ် စုတိစိတ်ကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ နကတံ၊ မပြုအပ်။

## ပဋိသန္ဓေစိတ် ၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း အကြောင်း။

> ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယစ ရူပံ နသမုဋ္ဌာပေတိ။ ။
> (သမ္မောဟဝိနောဒနီအဋ္ဌကထာ။)

ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ တာ၁၀၊ ရှေးဦးစွာ။ ဝတ္ထု နော၊ ဝတ္ထု၏ ဒုဗ္ဗလတာယစ၊ အားနည်းသည်၏အဖြစ်ကြောင့်ငှင်း။ အပ္ပတိဋ္ဌိတတာယစ၊ တည်တည် တံ့တံ့ မရှိသေးသည်၏အဖြစ်ကြောင့်ငှင်း။ ပစ္စယဝေကလ္လတာယစ၊ ချို့သည်အာဂန္တု ဖြစ်သောကြောင့်ငှင်း။ ရူပံ၊ ရုပ်ကို။ နသမုဋ္ဌာပေတိ၊ မဖြစ်စေ နိုင်။ ။လေးချက်ဟိတ် ခတ်၏။

(အကျယ်ကိုလိုမူ ငှင်းအဋ္ဌကထာ၌ ယူလေ။)

## ဥတုဇ ချက်ကို ပြခြင်း။

အအေးဟူသော သီတ တေဇော၊အပူဟူသော ဥဏှ တေဇော သည် ဥတုမည်၏။ ထိုဥတုသည် ပဋိသန္ဓေ၏ ဌီသို့ ရောက်သော အခါ ဗဟိဒ္ဓမှအအေး အပူနှင့် တွေ့သော အခါ ပစ္ဆာဇာတ ပစ္စည်း အထောက်အပံ့ကိုရသဖြင့် သတ္တဝါတို့၏အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဌီ ခဏမှစ၍ မိမိ ဌီသို့ရောက်ရာ ရောက်ရာ စိတ်၏ ခဏငယ်တိုင်းခဏငယ်တိုင်း ဥတုဇရုပ်ကို ဖြစ်စေနိုင်ပြုပြင်နိုင်၏။

မိမိ ဌီကာလဟူသည်–စိတ်သက် တဆယ့်ခြောက်ချက်ကျော် ရှိ၍ ကာလရှည်သောကြောင့် အားရှိရကား ပဋိသန္ဓေစိတ်၏ ဌီခဏကို မိမိရုပ် ဌီကာလဟုယူ။ တောကြီး တောင်ကြီး စိမ့်ကြီး မြိုင်ကြီး သစ်ပင်ချုံနွယ် မြက်၊ ရေ၊ လေ စသောဗဟိဒ္ဓသန္တာန်၌ လည်း မိမိသို့ရောက်တိုင်း ရောက်တိုင်း ခဏမစဲ အမြဲသာလျှင် ဥတုဇရုပ်ကို ဖြစ်စေ၏။ ဤ၌ မိမိ ဌီဟူသည် ပဋိသန္ဓေစိတ်၏ ဌီ ဟုမမှတ်လင့်။ ပဋိသန္ဓေဥပါဒ်တုန်းက ဥတုဇရုပ်ကို မဖြစ်စေ နိုင်သည်မှာ ပစ္ဆာဇာတပစ္စည်းကို မရသေးသောကြောင့်တည်း။

တနည်း ခရီးရောက်စ ပေါ်စ ရောက်လာစ ဖြစ်သော ခရီးသွား ဧည့်သည် ယောကျ်ားသည် ဝတ်ကြီး ဝတ်ငယ်ကို မပြုပြင်နိုင်သကဲ့သို့၊ ထို့အတူ ပဋိသန္ဓေဥပါဒ်သောခဏ၌ အအေး အပူ ဟူသော တေဇောဓာတ် ဥတုသည် ဖြစ်စ ပေါ်စ ရောက်စ ဖြစ်ရကား ဥတုဇရုပ်ကို မပြုပြင်နိုင်လေသတည်း။

အမေး-

ပဋိသန္ဓေ ဌီ သို့ရောက်ပြီးသော်လည်း ပဌမ ဘဝင် မဖြစ်သေးရကား ပစ္ဆာဇာတ ပစ္စည်းကို မရသေးသည် မဟုတ်ပါတုံလော။

အဖြေ-

ပဌမ ဘဝင်သည် ကေန်မချွတ်ဖြစ်လတ္တံ့ဖြစ်၍ ပစ္ဆာဇာတ ပစ္စည် ကိုရ၏ဟုမှတ်။

> ပစ္ဆာဇာတာဒိ ပစ္စယူပတ္ထမ္ဘလာဘေန ဌိတိက္ခဏေယေဝ ဥတုသြဇာနံ ဗလဝဘာဝေါတိ ဝုတ္တံ တေဇောဓာတု ဌိတိပ္ပတ္တာတျာဒိ၊ ။

(ဝိဘာဝနီဋီကာ။)

ပစ္ဆာဇာတာဒိ ပစ္စယူပတ္ထမ္ဘ လာဘေန၊ ပစ္ဆာဇာတ အစရှိသော ပစ္စည်း၏ အထောက်အပံ့ကိုရသဖြင့်။ ဌိတိက္ခဏေယေဝ၊ ပဋိသန္ဓေ၏ ဌီခဏ၌သာလျှင်။ ဥတုသြဇာနံ၊ဥတု သြဇာတို့၏။ ဗလဝဘာဝေါ၊ အားကြီးသောဖြစ်ခြင်းရှိ၏။ ဣတိ၊ ကြောင့်။ တေဇောဓာတု ဌိတိပ္ပတ္တာ တျာဒိ၊ တေဇောဓာတု ဌိတိပ္ပတ္တာ ဤသို့ အစရှိသော စကားကို။ အာစရိယေန၊ အရှင်အနုရုဒ္ဓါဆရာသည်။ ဝုတ္တံ၊ မိန့်အပ်၏။

ရုပ်သည် ဥပါဒ်ခဏ=ဘင်ခဏ၌ အားနည်း၏။ ဌီခဏ၌ အားကြီး၏။ ထို ကြောင့် ဥတုဇရုပ်ကို ဌီခဏမှစ၍ ပြုပြင်ရလေသည်။ စိတ်သည် ဌီခဏ ဘင်ခဏ၌ အားနည်း၏။ ဥပါဒ်ခဏ၌ အားကြီး၏။ ထို့ကြောင့် စိတ္တဇရုပ်ကို ဥပါဒ်ခဏမှစ၍ ပြုပြင်ရလေသည်။

နှုတ်ငုံအချုပ် အဋ္ဌကထာပုဒ်ကား....

ရူပံ ဥပ္ပါဒက္ခဏေ ဘင်္ဂက္ခဏေစ ဒုဗ္ဗလံ၊
ဌာနက္ခဏေ ဗလဝန္တိ ဌာနက္ခဏေ ရူပံ သမုဋ္ဌာ
ပေတိ။ စိတ္တံ ဌာနက္ခဏေ ဘင်္ဂက္ခဏေစ ဒုဗ္ဗလံ၊
ဥပ္ပါဒက္ခဏေယေဝ ဗလဝန္တိ၊ ဥပ္ပါဒက္ခဏေယေဝ
ရူပံ သမုဋ္ဌာပေတိ။ ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ—၂၇။)

ရူပံ၊ရုပ်သည်။ဥပ္ပါဒက္ခဏေစ၊ဥပါဒ်ခဏ၌၎င်း။ဘင်္ဂက္ခဏေစ၊ ဘင်ခဏ၌၎င်း။ ဒုဗ္ဗလံ၊ အားနည်းလှ၏။ ဌာနက္ခဏေ၊ ဌီခဏ၌။ ဗလဝံ၊ အားကြီး၏။ ဣတိ၊ ကြောင့်။ ဌာနက္ခဏေ၊ ဌီခဏ၌။ရူပံ၊ ရုပ်ကို။သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ စိတ္တံ၊ စိတ်သည်။ ဌာနက္ခဏေစ၊ ဌီခဏ၌၎င်း။ ဘဝင်္ဂက္ခဏေစ၊ ဘင်ခဏ၌၎င်း။ ဒုဗ္ဗလံ၊ အားနည်းလှ၏။ ဥပ္ပါဒက္ခဏေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏၊

ရုပ်၏ ဌီကာလသည် စိတ္တက္ခဏ ၄၉=ချက်ခန့် ကြာသော်လည်း ၄၉—ကြိမ် ရုပ်ကို ဖြစ်စေသည် မဟုတ်။ ရုပ်သက်

ခဏငယ် ၅၁=ချက်တွင် မိမိ ဌီသို့ ရောက်စအခါ၌သာ ရုပ်ကို ဖြစ်စေသည်ဟုမှတ်။

ဘုတ်အဆက်ဆက်ဖြစ်ပုံကား၊ အမေက–သမီးကိုမွေး၊ သမီးက–မြေးကို၊ မြေးက=မြစ်ကို၊ မြစ်က=တီကို၊ တီက=တွတ်ကို၊ တွတ်က–ကျွတ်ကို အဆက်ဆက်ဖြစ်စေသကဲ့သို့ထို့ အတူပဋိသန္ဓေ၏ဌီသို့ရောက်လျှင် ရောက်ချင်း ဥတုဇရုပ်ကေန့်ဖြစ်ရတော့သည်။ နောက် မိမိ ဌီသို့ရောက်တိုင်း ရောက်တိုင်း ဘုတ် အဆက်ဆက် ဖြစ်ရတော့သည်ဟု မှတ်လေဦး။

## ဪ ာဟာရ အချက်ပြခြင်း။

ခဲဘွယ် စားဘွယ် လျက်ဘွယ် သောက်ဘွယ်ဟူသောဘောဇဉ်လေးပါးစသည်၌ တည်သော ဗဟိဒ္ဓဩဇာဟူသော အစေးသည် ပဋိသန္ဓေတည်နေသည့်နောက် တသတ္တဟ, နှစ်သတ္တဟ မြောက်၍ မျိုသောအခါအင်္ဂါကြီးငယ်သို့ရောက်၍ နှံ့တတ်သောရသာရုံကို ဆောင်လျက် ခုနစ်ရက်ပတ်လုံး မိမိ ဌီသို့ရောက်သောအခါတိုင်း အဇ္ဈတ္တိက ဩဇာဖြစ်သော ကမ္မဇဩဇာ ဥတုဩဇာ အာဟာရဩဇာတို့နှင့်ပေါင်းဆုံမိကြ၍အာဟာရရုပ်ကိုဖြစ်စေ၏။တသတ္တဟ နှစ်သတ္တဟမြောက် ရောက်သောအခါ အမိဝမ်း၌ ကိန်းသော သူငယ်အားအဘယ်မှ ကဗဠီကာရာဟာရကို ရနိုင်ပါအံ့နည်း။

## နှုတ်ငုံအချုပ်ဂါထာပုဒ်ကား....

ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ မာတုကုစ္ဆိဂတော နရော။ ။
(သမ္မောဟအဋ္ဌကထာ။)

အဿ၊ ထိုအမိဝမ်း၌ ကိန်းသောသူငယ်၏။ မာတာ၊ အမိသည်။ ယံအန္နဥ္စ၊ အကြင်စားစရာခဲ ဿြဇာ ထမင်းကိုရင်း ယံပါနဥ္စ၊ချိုမြရသာ ဖျော်ယမကာ ကိုရင်း။ ယံဘောဇနဥ္စ ခဲဘွယ်ချိုချဉ် ဆွမ်းဘောဇဉ်ကိုရင်း။ ဘုဥ္စတိ၊ နှစ်ခြိုက်ရွှင်ပွား စားရလေ၏။ တေန၊ ထို အမိစားသောအစာဖြင့်။ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌ကိန်းသော။ သော နရော၊ ထိုသူငယ်သည်။ တတ္ထ၊ ထိုအမိဝမ်း၌။ ယာပေတိ၊မျှတဆဲ မျှတပြီး မျှတလတ္တံ့။

ထို့ကြောင့် တသတ္တဟ နှစ်သတ္တဟ မြောက်သော အခါ၌ အမိဝမ်း၌ ကိန်းသောသူငယ်အား ကဗဠီကာရာဟာရကို ရနိုင်လေသတည်း။

ပဉ္စမံတာဝ နပတိဋ္ဌာတိ ကေဿ ဝါ ဒွိန္နံ ဝါ၊
သတ္တာဟာနံ ဂတကာလေ ပတိဋ္ဌာတိ။ ။

(သမ္မောအဋ္ဌကထာ။)

ပဉ္စမံတာဝ၊ ရှေးဦးမဆွ ဖြစ်စကာလ၌သာလျှင်။ နပတိဋ္ဌာတိ၊ အာဟာရဇရုပ် မတည်နိုင်သေး။ ကေဿ၊ တကြိမ်မြောက်သော။သတ္တာဟဿဝါ၊သတ္တာဟသို့ရင်း။ဒွိန္နံ၊နှစ်ကြိမ်ကုန်သော။ သတ္တာဝဟာနံဝါ၊ သတ္တာဟတို့သို့ရင်း။ ဂတကာလေ၊ ထောက်ပံ့ချိန်ရောက် မြောက်သောအခါ၌။ ပတိဋ္ဌာတိ၊ အာဟာရဇရုပ်ကို ကျေးဇူးပြုနိုင် တည်နိုင် လေ၏။

## နှတ်ငုံအချုပ် လက်ာပုဒ် ကား....

ဂဗ္ဘတဲ့ သေယျာ၊ ရက်သတ္တာ ဘယ်နှစ်ခါ
လည်မှ၊ ကဗဋ္ဌိကာ ကိုယ်မှာ ရောက်တယ်၊ ဘယ်
ရောက်မှလဲ။ ကလလမှန်၊ သတ်နှစ်တန် ချိန်ခါ
မြောက်မှ မိမျိုစာ ကိုယ်မှာ ရောက်တယ် ကျမ်း
ထောက်လို့ဘဲ။ ။

ဤဆိုအပ်ခဲ့သည်ကား ဂဗ္ဘသေယျက သတ္တဝါကိုသာ ရည်သည်ဟု မှတ်။ ဩပပါတိက သတ္တဝါသည်ကား ခဲဘွယ် စားဘွယ် လျက်ဘွယ် သောက်ဘွယ်တို့၏ရှိရာအရပ်၌ဖြစ်၏။ထိုခဲဘွယ် စားဘွယ် လျက်ဘွယ် သောက်ဘွယ်တို့ကိုယူ၍ စားသောအခါ မိမိ ဌာအရာသို့ ရောက်သော ဩဇာအစေးသည် ရုပ်ကိုဖြစ်စေ၏။

အမေး=

ဩဇာရှိရာ၌ဖြစ်သော ဩပပါတိကသတ္တဝါအား ဤသို့ ဖြစ်တန်စေ။ ဩဇာ မရှိသော အရပ်၌ ဖြစ်သော ဩပပါတိက သတ္တဝါအား အဘယ်လျှင်ဩဇာသည် မိမိ ဌာအရာသို့ ရောက်သည်ဖြစ်၍ ရုပ်ကိုဖြစ်စေနိုင်အံ့နည်း။

အဖြေ=

တယောက်သော ဩပပါတိကသတ္တဝါသည် ထမင်းအဖျော် မရှိသော တောအရပ်၌ဖြစ်ရ၏။ ပြင်းစွာသောငတ်မွတ်ခြင်း ရှိရကား မိမိတံတွေးကို လျှာဖြင့်လူးလမျို၏။ ထိုသို့မျိုသောအခါ ထိုသတ္တဝါအား မိမိ ဌာအရာကိုရောက်သော အစေးသည် ရုပ်ကို ဖြစ်စေ၏။

သံသေဒဇ် သတ္တဝါ အားလည်း ထို့အတူ မိမိတံတွေးကို လျှာဖြင့်လူးလဲ၍ မျိုသောအခါရုပ်ကိုဖြစ်စေ၏။ တနေ့စားသော အစာအာဟာရသည် ခုနစ်ရက်ပတ်လုံး မျှတနိုင်၏။

ဧကဒိဝသံ ဘုတ္တာဟာရဿ သတ္တာဟမေဝ၊
ယာပနတော။ ။(သာရတ္ထဒီပနီကာ။)

ဧကဒိဝသံ၊ တနေ့ပတ်လုံး။ ဘုတ္တာဟာရဿ၊ စားအပ် မျိုအပ်သော အစာအာဟာရ၏။ သတ္တာဟမေဝ၊ ခုနစ်ရက်ပတ်လုံး သာလျှင်။ ယာပနတော၊ မျှတသောကြောင့်တည်း။

သြဇာအစေး ဟူသည် ကဗဠီကာရာဟာရ၌ပါသော ပရမတ္ထ သဘာဝအားဖြင့် ချိုချို ဆိမ့်ဆိမ့် စသော ရသာသဘောသည် သြဇာအစေးပင်တည်း။

## ဇာတိဘေး ကြီးကျယ်ပုံကို ပြခြင်း။

ဤသို့လျှင် အကြောင်း လေးပါးကြောင့် ဖြစ်ကြကုန်သော ရုပ်နာမ်ဓမ္မတို့သည် မျက်တောင်တခတ်မျှ သစ်သစ် လတ်လတ် ဥပါဒ်တွဲအတိုင်း မတည်နိုင်ကြကုန်။ ဇရာမီးလောင်သဖြင့် ရင့်ရော် ဆွေးမြေ့ခြင်း၊ မရဏမီး လောင်သဖြင့်လည်း ခဏချင်း ကွယ်ပျောက် ပျက်စီးခြင်း၊ ထိုဇရာဘေး မရဏဘေး တို့ကြောင့် ခဏချင်း ရင့်ရော် ဆွေးမြေ့မှု၊ခဏချင်း ကွယ်ပျောက်ပျက်စီးမှု တို့သည် ခဏိကမရဏ မည်၏။ ထိုခဏိကမရဏသို့ အမြဲဆိုက် ရောက်၍နေသော ထိုပရမတ္ထဓမ္မတို့သည် ဇရာမရဏတို့၏ လောင် စာသက်သက်မျှ ဖြစ်ကြရသောကြောင့် သာယာ ချမ်းမြေ့သော

တရားစု မဟုတ်ကြကုန်။ ခဏမစဲ အိုဘေး နာဘေး သေဘေး ထိ၍ မချိမဆန့် ဖောက်ပြန်ပျက်စီး ဆုံးရှုံးကြရသောဒုက္ခဟရား စုတို့သာဖြစ်ကြသည်။

ဥပမာကို ဆိုသော် ထိုထိုခန္ဓာအိမ်၌ ဖြစ်ဖြစ်သမျှကုန်သော ရုပ်နာမ်ဓမ္မတို့သည် ရာဇဝတ်သင့်၍ မီးလောင်တိုက်အသွင်းခံရသော ရာဇဝတ်ကောင်တွေနှင့် တူကြကုန်၏။ ဖြစ်လေသရွေ့သော ရုပ်နာမ်တို့ကို ခဏမစဲလောင်မြိုက်၍နေသော ဇရာမရဏမီးတို့သည် ထိုမီးလောင်တိုက်တခုလုံး၌ တဟုန်တည်းထ၍ လောင်မြိုက်နေသော် မီးကျီးမီးလျှံနှင့်တူကုန်၏။ ဤခန္ဓာအိမ်ကြီး၏ အတွင်း၌ ရုပ်သစ် နာမ်သစ်တို့ကို ခန္ဓာအိမ်နှင့်အပြည့် အပြည့် ခဏမစဲဖြစ်ပေါ်လေအောင် ဖန်ဆင်းတည်ထောင်သော ကံစိတ်ဥတုအာဟာရဟူသော အကြောင်းတရား လေးပါးတို့သည် မင်းပြစ်မင်းဒဏ်သင့်သော ရာဇဝတ်ကောင်တို့ကို မီးလောင်တိုက်ကြီးအတွင်းသို့ ခဏမစဲ ပစ်ချကြ ကုန်သော ပြည့်ရှင်မင်းကြီး ၏ ပါးကွက် အာဏာသား လေးယောက်တို့နှင့် တူကြကုန်၏။

ကံစိတ်ဥတုအာဟာရတို့၏ အကြောင်းတရားတို့ကြောင့် ခန္ဓာအိမ်နှင့် အပြည့် အပြည့် ခဏမစဲ အသစ်အသစ် ဖြစ်ပေါ်သော ရုပ်နာမ်ဓမ္မတို့သည် ဖြစ်ပေါ်ပြီးသည်နှင့်တပြိုင်နက်ဇရာမီး, မရဏမီးတို့က ပြာမှုန့်မျှမကျန်ရအောင် ဟုန်းကနဲ ဟုန်းကနဲ ထ၍ ထ၍ တသုတ် တသုတ် အပြောင် အပြောင် လောင်မြိုက်ခြင်းသို့ မချိမဆန့် ခံကြရသောကြောင့် ခဏချင်း ခဏချင်း ကွယ်ပျောက်ကုန်ဆုံးကြရလေကုန်၏။ ထိုရုပ်နာမ်တို့သည် မီးလောင်တိုက်ကြီး၏အတွင်း၌ ကျရောက်လာ ကြသဖြင့် မီးကျီးမီးလျှံ တို့သည် ဟုန်းကနဲ ဟုန်းကနဲ ထ၍ ထ၍ တသုတ် တသုတ် အပြောင်

အပြောင် လောင်မြိုက်ခြင်းသို့ မချိ မဆန့် ခံကြရသောကြောင့် ခဏချင်း ခဏချင်း သေကြေပျက်စီး ဆုံးရှုံးကြရသော ရာဇဝတ် ကောင်တွေနှင့် တူကြကုန်၏။

ဤ ရုပ်နာမ်တရားနှစ်ပါးတို့သည် ဤသို့လျှင် ဇရာမီး မရဏမီး တို့၏ နှိပ်စက် ညှဥ်းပန်းခြင်း ဒုက္ခကို မချိမဆန့် ခံရခြင်း၏အ ကြောင်းကို ရှာလိုက်ခဲ့သည် ရှိသော် ဇာတိပင် ဖြစ်လေသည်။ ဇာတိ ရှိ၍သာ ဇရာမရဏလည်း ရှိသည်။ ဇာတိ မရှိလျှင် ဇရာ မရဏလည်း မရှိနိုင်ရာ။ ဇာတိသည် လောင်စာနှင့်တူ၏။ ဇရာ မရဏသည် မီးတောက် မီးလျှံနှင့်တူ၏။ ဤဇာတိသည်အဘယ် ကြောင့်ဖြစ်သနည်း ဟူပြန်သော် ကိလေသာတို့ကြောင့် ဖြစ်၏။ ဤကိလေသာ တို့သည် သူ့သဘော အလျောက် ဖြစ်ချင်တိုင်း ဖြစ်တတ်ခြင်းကို အနည်းငယ်ဆက်၍ ဆိုဦးအံ့။

ဤဇာတိ ဟူသည် မည်သူ၏ အလိုကိုမှ လိုက်ပါတတ်သော သ ဘောမရှိ။ ကိလေသာဓမ္မတို့၏အလိုသက်သက်ဖြင့်သာ ဖြစ်ချင်ရာ က ထ၍ဖြစ်တတ်သော သဘောသာလျှင်ရှိ၏။ ကာမ,ရူပ,အရူပ ဟူသော ဘုံသုံးပါး၌ရှိသော ကာမစည်းစိမ် ရူပစည်းစိမ် အရူပ စည်းစိမ်တို့၏ အချိန် အခါ တို့သည် ဥပမာအားဖြင့် ဆိုသော် အလွန်ထက်လှစွာသော မီးအခိုးအလျှံတို့သည် အလိုအလျောက်အမြဲ မပြတ်ထ၍ နေသည်နှင့်တူကုန်၏။ တယောက် တယောက်သော သတ္တဝါ၌ ဘဝအဆက်ဆက်မှ အစဉ်ပါ၍နေသော တထောင့် ငါးရာသော ကိလေသာတို့သည်ထိုမီးအခိုးအလျှံတို့နှင့် ဆုံမိခဲ့လျှင် တဟုန်တည်း ထ၍တောက်လောင် တတ်သော ယမ်းဘီလူးနှင့် တူကုန်၏။

ဤ စကားမှန်၏၊ ကာမ ရူပ အရူပဟူသော ထက်လှစွာသော မီးအခိုး အလျှံ သုံးပါးသည် ယမ်းဘီလူးနှင့်တူသော လောဘမီးကို တဟုန်တည်း ထ၍တောက်စေနိုင်သော အာရုံတော‌ကြီးဖြစ်၏။ ကိလေသာဟူသော လောဘတရားသည် သူတော်ကောင်းတရား အဆိမ်းအချုပ်မရှိလျှင် အကြောင်းအာရုံ လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း တဟုန်ဘည်းထ၍ တောက်သဖြင့်ငြိမ်းမရထိန်းမရ ဂမန်းဂတန်း ဂမှု'ရှူးထိုး ဖြစ်ချင်တိုင်း ဖြစ်တတ်သည့်သဘောရှိ၏။ သူတော်ကောင်းတရားမည်သည် ဘဝတရာ ဘဝတထောင်မှာ တခါမတွေ့နိုင်။ သတ္တဝါတို့မှာလည်း မိမိတို့၏ပကတိအလိုဟူ၍ ရကြသည်မရှိ။ လောဘ၏အလိုကို မိမိ၏အလိုမှတ်ထင်၍ ကျေနပ် နှစ်သက်နေကြသည်၊ ဒေါသ၏အလို၊ မောဟ၏အလို၊ ဒိဋ္ဌိ၏အလို၊ မာန၏အလို၊ဣဿာ,မစ္ဆရိယ အစရှိသည်တို့၏ အလိုတို့ကို မိမိတို့၏ အလိုမှတ်ထင်၍ ကျေနပ်နှစ်သက် နေကြသည်။ ဤသည်တို့သည် ပါပဓမ္မဇာတိ၏အလို ချည်းသာဖြစ်၏။ မိမိတို့၏ အလို ပုဂ္ဂိုလ်တို့၏အလိုမဟုတ်။ သူတော်ကောင်းတရားနှင့်တွေ့ကြုံ၍ ကိလေသာတို့၏ အကျိုးအပြစ်ကိုသိကြသော ဗုဒ္ဓဘာသာ၏ အလယ်၌ပင်လျှင် ကိလေသာ အမိုက်တရားကြီး ဤမျှလောက်ကြီးကျယ်လျှင် ဘာသာခြားအားလုံးတို့ကိုခြုံ၍ ကြည့်ခဲ့သည်ရှိသော် တကမ္ဘာလုံး၌ ကိလေသာတောကြီး ဖြစ်နေကြောင်း ကောင်းကောင်း ကြီး သိနိုင်ပေသည်။

လောကကြဲ၌ ဘယ်သူ ဘယ်တိရစ္ဆာန်မဆို မိုက်မဲမှုတွေကို ပြုလုပ်နေတာတွေ့မြင်လျှင် မည်သည့်သတ္တဝါ မည်သူမည်ဝါကိုမှ မယူဆကြနှင့်၊ မည်သည့် သတ္တဝါ မည်သူမည်ဝါကမှ ပြုလုပ်

သည်မဟုတ်။ စင်စစ်မှာမူ ကိလေသာဇာတိ သောင်းကျန်းမှုချည်းသာဖြစ်၏။ ထိုကဲ့သို့မိုက်မဲတွေဝေမှုတွေကို တွေ့မြင်ကြားသိရသည့်အခါမိမိတို့၏စိတ်သန္တာန်၌ရှိနေသောကိလေသာတွေကို သာစဉ်းစားပြီးလျှင် ထိတ်လန့်ကြောက်ရွံ့သည်ဖြစ်၍ နှိမ်နင်းနိုင်ကြစေ။ လောက၏ အလယ်၌ ကိလေသာတို့သည် ငရဲပြိတ္တာအသုရကာယ်ဘုံတို့၌ဒေါသ ဒေါမနဿအားကြီး၏။ တိရစ္ဆာန်၌ မောဟ အားကြီး၏။ လူ့ဘုံ၌ ကိလေသာတွေ အလွန်ရှုပ်၏။ အောက် စတုမဟာရာဇ်ဘုံ၌လည်း ကိလေသာတွေအလွန်ရှုပ်၏။ အထက်နတ်ဘုံတို့၌ လောဘအားကြီး၏။ ဗြဟ္မာဘုံတို့၌ မာနဒိဋ္ဌိ အလွန်အားကြီး၏။ ဤသည့်တို့သည် ကြောက်စရာကောင်းလှသောအချက်ကြီးတွေဖြစ်၏။

ဒုစရိုက်တို့၏ ဇာတိသည်လည်း အလွန်ကြောက်စရာကောင်းလှ၏။ ပါဏာတိပါတ စေတနာ စသည်တို့သည် ယယောက်သောသတ္တဝါသန္တာန်၌ ဖြစ်ပေါ်နှင့်ဆက်ခဲ့လျှင် ဘယ်အခါမဆို ပါဏာတိပါတကိစ္စနှင့် လုံ့ဆော်၏။ ထိုသူသည် ထိုစေတနာလှုံ့ဆော်တိုင်း ထိုပါဏာတိပါတ အလုပ်ကို လုပ်ရ၏။ အဒိန္နာဒါန်စသည်တို့၌လည်း ဤနည်းအတူဖြစ်၏။လူတို့၌ သမ္မာဒိဋ္ဌိလူမျိုးကို ထား၍ မိစ္ဆာဒိဋ္ဌိလူမျိုးတို့မှာ ပါဏာတိပါတကံ ဖြစ်ခြင်းသည် ကြီးကျယ်၏။ တိရစ္ဆာန်တို့၌လည်း ကြီးကျယ်၏။

ယခုအခါ လူကမ္ဘာလောကကြီး၌ မိစ္ဆာဒိဋ္ဌိ ဒုစရိုက်နှင့်တကွ ပါဏာတိပါတ ဒုစရိုက် သူရာပါန ဒုစရိုက်ကံ ဖြစ်ခြင်းတို့သည် အလွန်ကြီးကျယ်လှ၏။ ဤသည်တို့သည် ဒုစရိုက် ဓမ္မတို့၏ ဇာတိဘေး ကြီးကျယ်ပုံ ဖြစ်သတည်း။ ဝိပါက်ခန္ဓာတို့၏ ဇာတိဘေး

သည့်လည်း သေသည်၏အခြားမဲ့၌ ကမ္မသကာဖြစ်ရ၏။ လူ့ပြည် မှဝုတေလျှင် ငရဲ ပြိတ္တာ တိရစ္ဆာန် အသုရကာယ် အပါယ်လေးဘုံ ဘယ်ဘုံ ဘယ်အမျိုးမှာဖြင့် မဖြစ်ဟူ၍အကန့်အသတ်မရှိ၊ဖြစ်ချင် ရာက ထ၍ဖြစ်၏။ နတ်ဘုံဗြဟ္မာဘုံတို့မှ စုတိကျပြန်ရာတို့၌လည်း ထိုနည်းတူစွာ ဖြစ်ချင်ရာက ထ၍ ဖြစ်၏။ အနမတဂ္ဂ သံသရာ၌ သတ္တဝါအပေါင်းတို့သည် စုတိသည်မှ နောက်၌ ကမ္မသကာ ကံ ပစ်ချရာဟုမိမိတို့၏ ခန္ဓာကို အစဉ်သဖြင့် စွန့်ပစ်၍ ထားကြရ၏။ ဝိပါက်ခန္ဓာတို့၏ ဇာတိဘေးကြီးသည် အလွန် ကျယ်ဝန်း လှ၏။ ကြောက်စရာလည်း ကောင်းလှ၏ ဤသည်တို့သည် အဝိဇ္ဇာနှင့် တဏှာ အကြောင်းရင်း ခံသော ဝိပါက် ခန္ဓာတို့၏ ဇာတိဘေး ကြီးကျယ်ပုံကိုပြသည့် အချက်ပေတည်း။

## ဇရာဘေး ကြီးကျယ်ပုံကို ပြခြင်း။

ဇရာသည် ခဏိကဇရာ၊ သန္တတိဇရာ၊ သမ္မုတိဇရာဟူ၍ သုံးမျိုး ရှိ၏။ မရဏသည်လည်း ခဏိကမရဏ၊ သန္တတိမရဏ၊ သမ္မုတိ မရဏဟူ၍ သုံးမျိုးရှိပြန်သည်။ ခဏိကမရဏသည် ခဏိကဇရာ ပင်ရှေ့သွားရှိ၏။ သန္တတိမရဏသည် သန္တတိဇရာပင် ရှေ့သွား ရှိ၏၊ သမ္မုတိမရဏသည် သမ္မုတိဇရာပင်ရှေ့သွားရှိ၏။ပဋိသန္ဓေ အခါမှစ၍ ရုပ်နာမ်တို့၏ ခဏမစဲ ချုပ်ပျက်မှု သေဆုံးမှုသည် ခဏိကမရဏမည်၏။ ဤခဏိကမရဏသည် ခဏိက ဇရာကြောင့် ဖြစ်ရ၏။ သန္ဓပွန တေဇော တောက်လောင် မှုကြောင့် ပထဝီ ဓာတ် အာပေါဓာတ် အစရှိသော ရုပကန္ဓာကြီး ၌ တရှိန်ရှိန် တဖြုတ်ဖြုတ် တသုတ်သုတ်ဖြင့် ချုပ်မျက်သေဆုံးမှုသည် သန္တတိ မရဏမည်၏။ ဤသန္တတိ မရဏသည် သန္တတိဇရာကြောင့် ဖြစ်

ရ၏။ ခပ်သိမ်းသော သတ္တဝါတို့၏ သေဆုံးမှု သည် သမ္မုတိ မရဏမည်၏။ ဤ သမ္မုတိမရဏကြီး သည်လည်း သမ္မုတိဇရာ ကြောင့်ဖြစ်ရ၏။'

ထိုစကားမှန်၏။ ဇရာဆိုသည်မှာ ယာတိအနေမှ အခြေပျက်မှု အနေပျက်မှု ပေတည်း။ အသစ် လွတ်လတ် ဆပ်ဆပ် ရွန်းရွန်း စက်စက် စိုစို ပြေပြေ ရှိနေရာမှ အခြေပျက်မှု အနေပျက်မှု ရင့်ရော် ဆုတ်ယုတ်မှု ညှိုးနွမ်းမှု ပေတည်း။ ချုပ်ပျက် သေဆုံးမှုဟူသမျှသည် ရင့်ရော် ညှိုးနွမ်း ဆုတ်ယုတ်ခြင်းလျှင် ရှေ့သွားရှိမြဲပေတည်း။ မြေဥ္စိုက်၍ တည်နေကြသော သစ်ပင် ဝါးပင်အစရှိသည်တို့၏မြေဥ္စ လဲပြိုခြင်းသည် ညှက်ကိုင်းခြင်းလျှင် ရှေ့သွားရှိသကဲ့သို့တည်း။ ထို့ကြောင့် မရဏဟူသမျှသည် ဇရာကြောင့်သာလျှင်ဖြစ်၏။ ဇရာမရှိလျှင် မရဏဟူ၍ပင် မရှိရာ။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၌ အသီး အသီး အသက်တန်းဟူ၍ ရှိကြခြင်းသည် ဇရာ၏အမှု သက်သက်သာ ဖြစ်၏ ။ဇရာမီးသည် အကြင်အခါ၌ လူတို့၏ခန္ဓာကို အနှစ် အသခေ်ျရှိမှကျွမ်းအောင်လောင်၏။ ထိုအခါ၌ အနှစ်အသခေ်ျ သက်တန်းဖြစ်၏။ အကြင်အခါ၌ အနှစ်တသိန်း နှင့်ကျွမ်းအောင်လောင်၏။ ထိုအခါအနှစ်တသိန်းတန်းဖြစ်ရ၏။

ဤနည်းအတိုင်း လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တို့၌ အသက်တန်း အလုံးစုံကို အကုန်လုံးဆင်ခြင်ကြည့်လျှင် သိနိုင်ပါသည်။ ကမ္ဘာကြီး၏အစဉ်အဆက်အပိုင်းအခြား၊ အသခေ်ျယျ ကပ်တို့၏ အပိုင်းအခြား၊ အာယုကပ်တို့၏ အပိုင်းအခြား၊ သတ္တဝါတို့၏ အရွယ်သုံးပါး အပိုင်းအခြား၊ နှစ်တို့၏အပိုင်းအခြား၊ ဥတုတို့၏ အပိုင်းအခြား၊ လတို့၏အပိုင်းအခြား၊ နေ့ရက် နာဠီတို့၏အပိုင်း

အခြား– ဟူသော ခ်ာသိမ်းသော ဓမ္မတို့၏ ချုပ်ဆုံးမှု အပိုင်း အခြားတို့သည် ဇရာ၏အမှုချည်းသာ ဖြစ်၏။ ကမ္ဘာ၌ မှီသော ဇရာကြောင့် ကမ္ဘာ၏ပျက်ခြင်း ဆုံးခြင်းမည်သည် ဖြစ်ရ၏။ ဇရာမရှိသော် ကမ္ဘာပျက်ခြင်းဟူ၍ မရှိရာ။ ထို့အတူ အသက်တန်းကုန်ဆုံးခြင်းဟူ၍လည်းမရှိရာ။အရွယ်၏ကုန်ဆုံးခြင်းဟူ၍လည်းမရှိရာ။ နှစ်၏ ကုန်ဆုံးခြင်းဟူ၍လည်းမရှိရာ။ ဥတု၏ကုန်ဆုံးခြင်း ဟူ၍လည်းမရှိရာ။ လ၏ကုန်ဆုံးခြင်း၊ နေ့ရက် နာရီတို့၏ ကုန်ဆုံးခြင်းဟူ၍လည်းမရှိရာ။သက်ရှိသက်မဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ကုန်ဆုံးရာတို့ကို အစွဲပြု၍ ကမ္ဘာ ကြီး ငယ်၊ အရွယ်၊ နှစ်၊ ဥတု၊ လ၊ နေ့၊ ညဉ့်၊ နာရီတို့၏ အပိုင်းအခြားတို့သည် ဖြစ်ကြရကုန်၏။ အသေးစိတ်၍ စုံစုံလင်လင် ဆင်ခြင် ကြည့်နိုင်လျှင် အနမတဂ္ဂ သံသရာကြီးသည် ဇရာမိး၏လောင်စာ သက်သက်မျှဖြစ်ကြောင်း ကောင်းစွာထင်မြင်ကြကုန်လတ္တံ့။

ထိုမျှလောက် ကြီးကျယ်လှစွာသော ဇရာမီးသည် ခန္ဓာ ငါးပါးတို့၌တည်၍ ခန္ဓာငါးပါးတို့ကို အစာပြု၍ အစဉ်ထာဝရ ပွားစည်း၍နေကုန်၏။ပဋိသန္ဓေတည်နေသည်မှစ၍ သတ္တဝါတို့၏ သန္တာန်၌ငရင်း၊ သစ်ပင် တောတောင် အစရှိသည်တို့၌ ငရင်း အစဉ်လောင်မြိုက်၍နေ၏။ ခဏိကဇရာသည် ခန္ဓာငါးပါးတို့ကိုခဏိကမရဏသို့ ဆိုက်ရောက်အောင် အမြဲပို့ဆောင်၏။ သန္တတိဇရာသည် သန္တတိမရဏသို့ အမြဲ ပို့ဆောင်၏။ သမ္မုတိ ဇရာသည် သမ္မုတိမရဏသို့ဆိုက်ရောက်အောင် ခန္ဓာငါးပါးတို့အား အမြဲပို့ဆောင်၏။

ဤတွင် ပဋိသန္ဓေ တည်နေသည်မှစ၍ အစဉ်ပါရှိ၍နေသော ခဏိကဇရာ ခဏိကမရဏမီးတို့သည် ကြီးစွာသောအမှိုက်စု၌ကျ၍

တငွေ့ငွေ့ရှိနေသော မီးပွားတို့နှင့်တူကုန်၏။ ထိုမီးပွားတို့သည် လေလှုံ့ဆော်၍ ပေးခဲ့သော် ခဏချင်းထ၍ တောက်လောင်ပြီးလျှင် ထိုအမှိုက်စုကြီးကို ခဏချင်း ပြာဖြစ်အောင် လောင်နိုင်ကုန်၏။

ထိုနည်းတူစွာ ခဏိက ဇရာမီး မရဏ မီးတို့သည်လည်း အကြောင်း အခွင့်ကို ရခဲ့သည်ရှိသော် ပဋိသန္ဓေအခါမှစ၍ ဘယ်ခဏကမှာမဆို တောက်လောင် နိုင်ကုန်၏။ သန္တတိဇရာ သန္တတိမရဏ အနေနှင့်လည်း တောက်လောင်နိုင်ကုန်၏။ ထို့ကြောင့် သတ္တဝါ တို့သည် နာဘေး သေဘေးနှင့် တွေ့ရမည်ကို အမြဲကြောက်ကြရကုန်၏။ နှစ်ပေါင်း အရာ အထောင် အသောင်း အသိန်း အတွင်း၌ နာဘေး သေဘေး ဆိုက်တိုက်လာသော်လည်း မနာနိုင် မသေနိုင်သော နာရီဟူ၍ တနာရီမျှမရှိ။ ထို့ကြောင့် သတ္တဝါ အပေါင်းတို့သည် အယူခံရှုံးသော သေစေအမိန့် ကျခံရပြီးသော ရာဇဝတ်ကောင်တွေကဲ့သို့ သေရမည့် နေ့ကို စောင့်ဆိုင်း၍နေကြရသည်နှင့် တူကြကုန်သတည်း။ ဤသည်လျှင် ဇရာဘေး ကြီးကျယ်ပုံကို ပြသောအချက် ဖြစ်သတည်း။

## ဗျာဓိဘေး ကြီးကျယ်ပုံကို ပြခြင်း၊

ခန္ဓာငါးပါးတို့၏ ပကတိသဘောသည် နတ်သိကြား ဗြဟ္မာတို့၏ ခန္ဓာတို့ပင်လျှင် ဗျာဓိမျိုးတို့သာဖြစ်၏။ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ဣဋ္ဌသမ္ပတ္တိဖြစ်၍ နေကြသည်မှာ မိမိတို့သဘောနှင့် နေကြရသည်မဟုတ်၊ ကံ၏ပြုပြင်မှုဟူသော အစွမ်းကြောင့် ဝင်းဝင်းတောက်ဖြစ်၍ နေကြရကုန်၏။ ဥပမာကိုဆိုသော် လူတို့၏ ပြုပြင်မှုကြောင့် ထင်းမီးပြုလုပ်သော သစ်သားတို့မှ ဝင်းဝင်းတောက်

မှန်ကင်းကြီးသည် အခိုက်အတန့် အားဖြင့် ဖြစ်၏။ ထိုမှန်ကင်းကြီးသည် ပူပြင်မှုပျက်ပြယ်ခဲ့လျှင် ထင်းဖြစ်မြဲပြန်၍ဖြစ်သကဲ့သို့၊ ထို့အတူ နတ်သိကြား ဗြဟ္မာတို့၏ ခန္ဓာအစဉ်တို့သည်လည်း ပူပြင်မှုကံကုန်လျှင် အနာတော ရောဂါတော ဒုက္ခတောသို့ လျှောကျမြဲလျှောကျရကုန်၏။ယခုအခါ အပါယ်လေးဘုံ၌ ရှိနေကြသော သတ္တဝါတို့သည်၎င်း၊ လူ့ပြည်၌ အနာဆိုး ရောဂါဆိုး နှိပ်စက်၍ ဒုက္ခခံ နေကြရသော လူတို့သည်၎င်း နတ်သိကြား ဗြဟ္မာဖြစ်ကြဘူးသောသူတို့ချည်းသာတည်း။လူတို့၌ ခန္ဓာငါးပါး၏ ဗျာဓိသဘောသည်ကား အလွန်ထင်ရှား၏။ ပဋိသန္ဓေတည်နေသည်မှစ၍တဘဝလုံး၌နာဘေးဆိုက်ရောက်လျှင်မနာနိုင်သော အခါ ဟူ၍ တနာရီမျှ မရှိ။ အိုဘေး သေဘေးနှင့်အမျှ ကြောက်ရွံ့ ကြရကုန်၏။ထို့ကြောင့်– ဣမေပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ဗျာဓိဓမ္မော၊ ညှဉ်းပန်းတတ်ခြင်းသဘော သာတည်း။

## မရဏဘေး ကြီးကျယ်ပုံကိုပြခြင်း။

မရဏဟူသည် ခဏိကမရဏ သန္တတိမရဏ သမ္မုတိမရဏဟူ၍ သုံးမျိုးရှိ၏။ဤသုံးမျိုး၌၊ နိစ္စံ မရဏတော ဘယံ၊ အံမြဲသေခြင်းကြောင့် ဘေးဖြစ်၏ဟု ဟောတော်မူသည်ဖြစ်၍ ဇီဝိတိန္ဒြေ ပြတ်ခြင်း ထင်ရှားသော မရဏကိုသာ အလိုရှိအပ်၏။

ထိုသေခြင်းဟူသော မရဏကြီးသည် ထိုသေဝပါးနီး အခါသို့ရောက်သောသူ၌ကံသည်၎င်း၊ ကမ္မနိမိတ်သည်၎င်း၊ ဂတိနိမိတ်သည်၎င်း ဤသုံးပါးတို့တွင် တပါးပါးသည် ထင်မြဲ ဓမ္မတာတည်း။ (ဝဋ်မြစ် ပြတ်ပြီးသောပုဂ္ဂိုလ်တို့အား မထင်)ကံကိုပြုစဉ်အခါကာလ၌ကဲ့သို့ စိတ်အစဉ်သည်ဖြစ်၍ မနောဒွါရ၌သာထင်

၏။ ကမ္မနိမိတ်ဟူသည် တုတ်၊ လှံတံ၊ ဓား၊ လှံ၊ လေး၊ မြှား၊ ကျောင်း၊ ဘုရား၊ စေတီ၊ ထီး၊ တံခွန်၊ ဆွမ်း၊ သင်္ကန်း၊ ပန်း၊ နံ့သာ အစရှိသည်တို့သည် ကံ၏အဆောက် အဦတွေ့ ဖြစ်၏။ ထိုကမ္မနိမိတ်သည် ခြောက်ပါးသောဒွါရတို့တွင် တပါးပါးသော ဒွါရ ၌ထင်၏။ ဂတိနိမိတ်ဟူသော ငရဲအိုး၊ ငရဲမီးလျှံ၊ ငရဲထိန်း ခွေးနက်ကြီး၊ နတ်သမီး၊ နတ်သား၊ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၊ အမိဝမ်းရေ—စသည်တို့ဟူ၏။ ထိုဂတိနိမိတ်သည်မနောဒွါရ၌ ထင်၏။ အလွန်သေဝပါးနီးသော သတ္တဝါအား အကုသိုလ်ကံစသော ကမ္မနိမိတ် ဂတိနိမိတ်တို့သည် ခွေးပုပ် လည်ဆွဲအဖန်တလဲလဲ ထင်နေသောအခါ စိတ်၌ဆင်းရဲခြင်းသည် အလွန်လျှင် ဖြစ်၏။

ပြုလုပ်ပြီးသော ကောင်းမှုရှိသောသူအားလည်း ချစ်နှစ်သက်အပ်ကုန်သောသက်ရှိသက်မဲ့ တို့နှင့် အပြီးတိုင် ကွေကွင်းရမည်ဖြစ်သောကြောင့် သည်းမခံနိုင်သော စိတ်၏ဆင်းရဲခြင်းသည်လည်း ဖြစ်၏။ သာမညအားဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော အစပ်အဆက် အဖွဲ့တို့ကို ဖြတ်တတ်သော လေသည် ထိုးကျင်အပ်သည် ဖြစ်၍ နာကျင်ရာ ဌာနရှိကုန်သော သတ္တဝါတို့အား အစပ်အဖွဲ့တို့၏ပြတ်ခြင်းကြောင့်ဖြစ်သော ကိုယ်၏ဆင်းရဲခြင်းသည် သည်းမခံနိုင်လောက်အောင် နာကျင်သောကြောင့် နတ်ဆေး၊ နတ်ဝါး၊ နတ်မန္တရားတို့ဖြင့် ကုစား၍သော်လည်း မရကောင်းသော ဆင်းရဲခြင်းသည်ဖြစ်၏။ ဤသေခြင်းသည် ထိုဒုက္ခအပေါင်းတို့၏ တည်ရာဖြစ်သောကြောင့် ထိုသေခြင်းကို ဒုက္ခ၏အကြောင်းဟူ၍ ဟောတော်မူ၏။ ဤသို့လျှင် သေခြင်းဟူသော မရဏဒုက္ခသည် အလွန်ကြီးကျယ်လှ၏။

## ကိလေသာ၏ အပြစ်ကိုပြခြင်း။

ဤဆိုအပ်ခဲ့ပြီးသော ဇာတိဇရာ ဗျာဓိမရဏဟူသောဘေးကြီးသည် ကိလေသာကြောင့်ဖြစ်၏ဟုအဲထက်က ကိလေသာ၏အပြစ်ကိုအနည်းငယ်ဖော်ပြအပ်ခဲ့ပြီ။ယခုလည်းဆက်၍ ဖော်ပြဦးအံ့။

အကြင်သူသည် ကာမသုခကို သာယာ နှစ်သက်သောစိတ်၊ ဘုံဘဝကို သာယာ နှစ်သက်သောစိတ်၊ အယူမှားသည်ကို မှန်သည်ဟုယူဆပြီး သာယာနှစ်သက်သောစိတ်၊ တွေဝေသောစိတ်၊ ဤစိတ်တို့ရှိရင်းစွဲဖြင့် ပေးကမ်းခြင်း စွန့်ကြဲခြင်းဟူသော ဒါနကိုပြု၏။ ထိုပြုသော ဒါနသည် ဝဋ်ကို မတောင့်တ သော်လည်း တောင့်တသကဲ့သို့ အလိုအလျောက် ဝဋ္ဋနိဿိတ ဒါနပင်ဖြစ်၏။ ဤသို့လျှင် ဒါန သီလ ဘာဝနာ ကို အမှတ်မဲ့ ပြုမိ သောကြောင့် သံသရာဝဋ်မှ မလွတ်မြောက်နိုင်ဘဲလျက် ဘဝများစွာပဋိသန္ဓေနေရခြင်း ဒုက္ခ အစရှိသဖြင့်ဖြစ်၏။ သတ္တဝါတို့သည် မည်သည့်အမှုကိုမဆို အမှတ်မဲ့ပြုမိကြသဖြင့် အမှတ်မဲ့သေပြီးလျှင် အမှတ်မထင် ပဋိသန္ဓေအကျိုးကို ပေးခြင်းသို့ ခံရပြန်၏။ ကောင်းမှုကုသိုလ်မည်သည် နိဗ္ဗာန်သို့ဦးတည်သောသဘောရှိ၏။ သို့ရာတွင် သတ္တဝါတို့သည် အမှတ်မဲ့ ပြုမိသောကြောင့် နိဗ္ဗာန်သို့ရှေးရှုပြီး တည်နေသော ဦးသည် ဝဋ္ဋဒုက္ခဘက်သို့ လှည့်လျက်ရပ်တည်၍ နေလေတော့၏။

ထို့ကြောင့်မည်သည့်ကောင်းမှုကိုပင် ပြုသည်ဖြစ်စေ အမှတ်မဲ့ မပြုအပ်။ ဝဋ်မှလွတ်မြောက်လိုသော စိတ်ဖြင့်မှတ်၍ပြုအပ်၏။

ကိလေသာတို့သည် သတ္တဝါတို့အား ဇာတိပဋိသန္ဓေအကျိုးကိုလည်း အမျိုးမျိုးပေးတတ်၏။ ဖြစ်လေရာဘဝ၌လည်းလိုက်၍

နှိပ်စက်တတ်သော သဘောရှိ၏။ အသက်ကိုသေအောင် သတ်မှုလည်း သတ်တတ်၏။ မနှိပ်စက်နိုင်သေးသော အခိုက်အတန့်၌ ကြွက်ဖလောင်းကို ကြောင် ချောင်းပြီး လျှင် မျက်ခြည် မပြတ် ကြည့်နေသကဲ့သို့ ငြိမ်၍ ဝပ်၍ မလှုပ်မရှက်လည်း နေတတ်၏။ ဤသည်တို့သည် ကိလေသာတို့၏သဘောပင်ဖြစ်၏။

အောက်ပါ ဖြစ်ရပ်ကလေးကိုလည်း ဖတ်၍ ကြည့်လေဦး။ ဆရာသည် ကိလေသာတို့၏ အပြစ်ကိုရှာကြံ၍ ရေးနေသည့် အခိုက် သြောင်းညာကိုက်ခဲခြင်း၊ ဇက်လေးခြင်းတို့ကြောင့် ငြီးငွေ့လာသဖြင့် သက်သာရာရစေခြင်းငှာ၊ အိမ်ပေါ်မှာပင် လူးလာတုံ့ခေါက် လျှောက်ရင်းနှင့် ပြူတင်းတံခါးကို ဖွင့်လျက် အမှတ်မထင်မျှော်၍ကြည့်၏။

ထိုအချိန်၌ ကြုံခဲလှသောဖြစ်ရပ်တခုသည် အမှတ်မထင်ပေါ်ပေါက်၍လာ၏။ အဘယ်ကဲ့သို့နည်းဟူလျှင် ထိုသို့အမှတ်မထင် အာကာသတခွင်သို့ ရှေးရှုနေခိုက် မြေပြင်မှ ဖြစ်ရပ်တခုသည် မျက်စိထဲ၌ တရိပ်ရိပ် ထင်လာသဖြင့် ဘာပါလိမ့်မလဲဟူ၍ ငုံ့ကြည့်လိုက်သည့်အခါ စာငှက်ကလေး ၂–ကောင် ၃–ကောင်တို့သည် တကောင်ကို တကောင်က အနိုင်အထက် အလုအယက်ဖြင့် အသေကောင် စာမကလေး ကို ဟိုဘက်သည်ဘက် လှန့်ပြီးလျှင် ကိလေသာသောင်းကျန်း၍ နေကြလေ၏။ ထိုအခိုက် ဘယ်အချိန် ဘယ်နေရာက ချောင်း မြောင်း နေသည်မသိသော ကျီးငှက်တကောင်သည် ရုတ်တရက် တဟုန်တည်း ထိုးဆင်းလာပြီးလျှင် ထိုသောင်းကျန်းနေသော စာငှက်ကလေး တကောင်ကို ထိုးသုတ်လိုက်သဖြင့် စာငှက်ကလေးသည် ထိုကျီးတိရစ္ဆာန်၏

နှုတ်သီးဖျား၌ တဖြတ်ဖြတ်ရှန်းကန်လျက် ကြောက်လန့်တကြား အော်ဟစ်ရင်း ပါသွားလေတော့သတည်း။

ဤစာကိုရှုသူ သဘောဖြူစင် အိုသူတော်စင်၊ ငှင်းစာငှက်ကလေးကို မချိမဆံ့ သေကြေပျက်စီးအောင်သတ်သော လက်သယ်သည်ကား ကျီးငှက်တိရစ္ဆာန်ပေလော၊ကိလေသာပေလော ဟူ၍ မိမိစိတ်ကို မိမိလှည့်စားမှုမရှိစေဘဲလျက်အမှန်ကျသိအောင် ဆုံးဖြတ်ပေတော့။ အပေါ်ရံ လူကြားကောင်းရုံ အဆုံးအဖြတ်ကိုအလိုမရှိအပ်။ ဤကားအမှန်ကျဖြစ်ရပ်ကို ပုဒ္ဓိက အဖြစ် ရေးထည့်လိုက်သည်၊ ကြုံတောင့်ကြုံခဲလှဘိတောင်း။

အထက်ဆိုအပ်ခဲ့ပြီးသော ကာမဂုဏ်ကိုသာယာနှစ်သက်သည့်စိတ်၊ဘုံဘဝကို သာယာ နှစ်သက်သည့်စိတ်–အစရှိသည်တို့သည် အာသဝတရားတို့ဖြစ်၏။ ဤအာသဝအစရှိသော ကိလေသာတို့သည် အောက်ပါအတိုင်းဖြစ်၏။

၁။ အာသဝ ၄–ပါး။
၂။ ဩဃ ၄–ပါး။
၃။ ယောဂ ၄–ပါး။
၄။ ဂန္ထ ၄–ပါး။
၅။ ဥပါဒါန် ၄–ပါး။
၆။ နီဝရဏ ၆–ပါး။
၇။ အနုသယ ၇–ပါး။
၈။ အဘိမ္မော၌လာသော သံယောဇဉ် ၁၀–ပါး။
သုတ္တန်၌လာသောသံယောဇဉ် ၁၀–ပါး။
၉။ ကိလေသာ ၁၀–ပါးတို့ဖြစ်၏။

## အာသဝတရား လေးပါး။

အာသဝတရားဟူသည်-

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊

အဝိဇ္ဇာသဝ။ ။ဟူ၍လေးပါး။

ကာမဂုဏ်၌ သာယာ နှစ်သက်သော တဏှာ လောဘ ကို ကာမာသဝ၊ ဘုံဘဝ၌ သာယာနှစ်သက်သော တဏှာ လောဘ ကို ဘဝါသဝ၊ မိစ္ဆာဒိဋ္ဌိ ကို ဒိဋ္ဌာသဝ၊မောဟ ကို အဝိဇ္ဇာသဝ၊ တရားကိုယ် အားဖြင့် လောဘ,ဒိဋ္ဌိ,မောဟ ဤသုံးပါး တည်း။ သတ္တဝါတို့ကို မိုက်မဲ မူးယစ် ရူးသွပ် စေတတ်သော တရားတို့ ဖြစ်၍ သေအရက်နှင့်တူခြင်းကြောင့် အာသဝခေါ်၏။

**စိရပါရိဝါသိယဋ္ဌေန မုဒိရာဒယော အာသဝါ။ ။**

(အဋ္ဌသာလိနီ။)

စိရပါရိဝါသိယ ဋ္ဌေန၊ ရှည်မြင့်စွာသော ကာလ ပတ်လုံး ထုံအပ်သည်၏အဖြစ်တည်းဟူသောအနက်ကြောင့်။မုဒိရာဒယော၊ မုဒရက်သီးအရည် အစရှိသည်တို့သည်၊ အာသဝါ၊ အာသဝမည် ကုန်၏။

အာသဝါဝိယာတိပိ အာသဝါ။ ။ယေဓမ္မာ၊အကြင်တရား တို့သည်၊ အာသဝါဝိယ၊အရက်နှင့်တူကုန်သည်၊ဟောန္တိ၊ဖြစ်ကုန် ၏။ ဣတိပိ၊ ဤသို့သောအနက်ကြောင့်လည်း။တေဓမ္မာ၊ထိုတရား တို့သည်။ အာသဝါ၊ အာသဝမည်ကုန်၏။

## ဩဃတရားလေးပါး။

ဩဃတရား ဟူသည်= ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။ ။ဟူ၍လေးပါး။

(လောဘ,ဒိဋ္ဌိ,မောဟတို့သည်သာလျှင် ဖြစ်၏။)

သတ္တဝါတို့ကို လွှမ်းမိုး ဘိစီး၍ ဝဋ်သုံးပါး၌ ဆောင်သကဲ့သို့ ၎င်း၊ နှစ်မွန်းစေတတ် နှစ်စေတတ် မျှောပါးစေတတ် သကဲ့သို့ ဖြစ်သောကြောင့် ၎င်း ရေအယဉ်နှင့် တူသည် ဖြစ်၍ ဩဃ မည်၏။

## ယောဂတရားလေးပါး။

ယောဂတရား ဟူသည်= ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ။ ။ဟူ၍လေးပါး။

(လောဘ,ဒိဋ္ဌိ, မောဟတို့ပင်တည်း။)

ဝဋ်သုံးပါး၌ သတ္တဝါတို့ကိုကံ၏အကျိုးနှင့်ယှဉ်စေတတ်သောကြောင့်၎င်း၊ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှင့်ယှဉ်စေတတ်သောကြောင့်၎င်း ယောဂမည်၏။

တနည်း=ဘဝတည်းဟူသော စက်ယန္တရား၌ သတ္တဝါတို့ကို ကံ၏ အကျိုးနှင့်၎င်း၊ ဘဝတပါး စသည်တို့၌ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ဝဋ်ဒုက္ခတို့နှင့် ယှဉ်စေတတ်သောကြောင့်၎င်း ယောဂမည်၏။

## ဂန္ထတရားလေးပါး။

ဂန္ထတရားဟူသည်=အဘိဇ္ဈာကာယဂန္ထ၊ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတ ပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသ ကာယ ဂန္ထ။ ။ဟူ၍ လေးပါး။

လောဘသည် အဘိဇ္ဈာကာယဂန္ထ။ ဒေါသသည် ဗျာပါဒ ကာယဂန္ထ။ ကံကုန်စေခြင်းငှာ နွားနှင့်တူအောင် ကျင့်သော ဂေါသီလ အကျင့်၊ ခွေးနှင့်တူအောင်ကျင့်သော ကုက္ကုရသီလ အကျင့်၊ ကိလေသာ ကုန်ခန်းစေခြင်းငှာ မီး ငါးဖိုဖြင့် ကင်သော ပဉ္စာတပအကျင့်၊ ကိလေသာ အညစ်အကြေး ကင်းစင် စေခြင်းငှာ ရေငုပ်သော ဥဒကောရောဟဏအကျင့်၊ အာဟာရ ကို ဖြတ်ခြင်းဖြင့်သာလျှင် ကိလေသာကုန်၏ဟုမှတ်ယူ၍ အစာ အာဟာရ မစားဘဲ အငတ်ခံ၍ကျင့်သောအကျင့်၊နွားချေးကိုသာ စား၍ နေသောအကျင့်၊ သစ်ရွက် သစ်ခေါက်ကိုသာ စား၍နေ သောအကျင့်-အစရှိသော မိစ္ဆာဒိဋ္ဌိအကျင့်မျိုးတို့ကို သီလဗ္ဗတ ပရာမာသ ကာယဂန္ထခေါ်သည်။ ထိုမိစ္ဆာဒိဋ္ဌိ အကျင့်မျိုးတို့ကို မှတ်ယူ၍ ပြုကျင့်ပြီးလျှင် ဤငါ၏ အယူအကျင့် သည်သာလျှင် မှန်၏၊ သူတပါးတို့၏ အယူအကျင့်သည် အမှားတည်းဟု ပြင်း ထန်စွာ မှတ်ယူ အောက်မေ့ နှလုံးသွင်းသော မိစ္ဆာဒိဋ္ဌိကို ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ ခေါ်သည်။တရားကိုယ်မှာ လောဘ ဒေါသ ဒိဋ္ဌိတို့ဖြစ်၏။ ဤသုံးပါးသော တရားတို့သည် ရူပကာယ နာမကာယတို့ကို ထိတ်၊ ထောင်၊ နှောင်အိမ်စသော အနှောင် အဖွဲ့ကဲ့သို့ မရွေ့မကွာသာအောင် နှောင်ဖွဲ့သည်ကို ပြုခြင်းသည် ဂန္ထမည်၏။ တနည်း= သံခြေကျဉ်း၊ ခြေတုပ်ကြိုးဝန်း တို့၏

အချင်းချင်း စပ်သဖြင့် မပြတ်မကွာ နိုင်သည်၏ အဖြစ်ကို ပြုသကဲ့သို့ ဝဋ်စ မပြတ် မကွာ မြဲစွာ ဖွဲ့စပ် သည်ကို ပြုခြင်းသည် ဂန္ထမည်၏။

## ဥပါဒါန်တရားလေးပါး။

ဥပါဒါန်တရားဟူသည်=ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန်။ ။ဟူ၍ လေးပါး။

ကာမဂုဏ်၌ ပြင်းစွာစွဲလမ်း ချစ်ခင်သော တဏှာလောဘကို ကာမုပါဒါန်၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတ ပရာမာသကာယဂန္ထ အကျင့်မျိုး၌ပြင်းထန် ခိုင်မြဲစွာ မှတ်ယူသော ဒိဋ္ဌိကို သီလဗ္ဗတုပါဒါန်၊ ၂၀-သော သက္ကာယဒိဋ္ဌိ အယူကို အတ္တဝါဒုပါဒါန်၊ တရားကိုယ်မှာ လောဘ၊ ဒိဋ္ဌိ နှစ်ပါးသာတည်း။ ထိုနှစ်ပါးသောတရားတို့ကို ပြင်းထန်ခိုင်မြဲစွာစွဲလမ်း တတ်ခြင်းကြောင့် ဥပါဒါန်ခေါ်သည်။

ဘုသံ အာဒိယန္တီတိ ဥပါဒါနာ၊
ဒဠှဂ္ဂါဟံ ဂဏှန္တီတိ အတ္ထော။ ။(အဋ္ဌကထာ။)

ယေဓမ္မာ၊ အကြင်ဥပါဒါန်တရားတို့သည်။ ဘုသံ၊ပြင်းပြစွာ။ အာဒိယန္တိ၊ စွဲစွဲလမ်းလမ်း တပ်ယူတတ်ကြ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။တေဓမ္မာ၊ ထိုတရားတို့သည်။ ဥပါဒါနာ၊ ဥပါဒါန် မည်ကုန်၏။ ဒဠှဂ္ဂါဟံ၊ မြဲမြံစွာစွဲလမ်းခြင်းကို။ ဂဏှန္တိ၊ တမ်းတမ်း စမ်းစမ်း စွဲလမ်းတတ်ကုန်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ ဥပါဒါန်တရား၏ သဘောပင်တည်း။

ဒိဋ္ဌိ–၆၂–ပါး။

| | | |
|---|---|---|
| ၁။ | သဿတဝါဒါ | ၄ |
| ၂။ | ကေစ္စသဿတ | ၄ |
| ၃။ | အန္တာနန္တိက | ၄ |
| ၄။ | အမရာဝိက္ခေပိကာ | ၄ |
| ၅။ | အဒိစ္စသမုပ္ပန္နိကာ | ၂ |
| ၆။ | သညီဝါဒါ | ၁၆ |
| ၇။ | အသညီဝါဒါ | ၈ |
| ၈။ | နေဝသညီနာသညီဝါဒါ | ၈ |
| ၉။ | ဥစ္ဆေဒဝါဒါ | ၇ |
| ၁၀။ | ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ | ၅ |

ပေါင်း = ၆၂–ပါးဖြစ်၏။

(အကျယ်ကိုလိုမူ သုတ်သီလက္ခန်ပါဠိတော်၌ ယူလေ။)

**သက္ကာယဒိဋ္ဌိ နှစ်ဆယ်။**

၁။ ။ရူပံ အတ္တာ၊ ရူပဝါအတ္တာ၊ အတ္တနိရူပံ၊ ရူပသ္မိံ အတ္တာ။ ။ရုပ်သည် အစိုးရသော ကိုယ်တည်း။ ကိုယ်သည် ရုပ်ရှိ၏။ ကိုယ်၌ ရုပ်တည်၏။ ရုပ်၌ ကိုယ်တည်၏။ (၄–ပါး။)

၂။ ။ဝေဒနာအတ္တာ၊ ဝေဒနာဝါအတ္တာ၊ အတ္တနိဝေဒနာ ဝေဒနာယအတ္တာ။ ။ဝေဒနာသည် ကိုယ်တည်း။ ကိုယ်သည် ဝေဒနာရှိ၏။ ကိုယ်၌ဝေဒနာတည်၏။ ဝေဒနာ၌ကိုယ်တည်၏။ (၄–ပါး။)

၃။ ။သညာအတ္တာ၊ သညာဝါအတ္တာ၊ အတ္တနိသညာ၊ သညာယ အတ္တာ။ ။သညာသည် ကိုယ်တည်း။ ကိုယ်သည် သညာရှိ၏။ ကိုယ်၌ သညာတည်၏။ သညာ၌ ကိုယ်တည်၏။ (၄-ပါး။)

၄။ ။သင်္ခါရာအတ္တာ၊ သင်္ခါရဝါအတ္တာ၊ အတ္တနိသင်္ခါရာ၊ သင်္ခါရေသုအတ္တာ။ ။သင်္ခါရတို့သည်ကိုယ်တည်း။ ကိုယ်သည် သင်္ခါရရှိ၏။ ကိုယ်၌ သင်္ခါရ တည်၏။ သင်္ခါရ၌ကိုယ်တည်၏။ (၄-ပါး။)

၅။ ။ဝိညာဏံအတ္တာ၊ဝိညာဏံဝါအတ္တာ၊အတ္တနိဝိညာဏံ၊ ဝိညာဏသ္မိံ အတ္တာ။ ။ဝိညာဏ်သည်ကိုယ်တည်း။ ကိုယ်သည် ဝိညာဏ်ရှိ၏။ ကိုယ်၌ ဝိညာဏ်တည်၏။ ဝိညာဏ်၌ ကိုယ်တည်၏။ (၄-ပါး။)

**မှတ်ချက်။** ။ကိုယ်ဟုဆိုရာ၌ ခန္ဓာကိုယ်ကိုမယူရ။(ဝါ)ခေါင်းကိုယ် လက် ခြေဟူသော ကိုယ်ကိုမယူရ။ မိမိဟူသောကိုယ်, ငါဟူသောကိုယ် ကိုသာ ယူရမည်။ ငါနှင့်ကိုယ်အတူတူဖြစ်၏။

ရုပ်သည် ငါတည်း။ ငါသည် ရုပ်ရှိ၏။ ငါ၌ ရုပ်တည်၏။ ရုပ်၌ ငါတည်၏။ (၄-ပါး။)

ဝေဒနာသည်ငါတည်း။ ငါသည်ဝေဒနာရှိ၏။ ငါ၌ဝေဒနာ တည်၏။ဝေဒနာ၌ငါတည်၏။ (၄-ပါး။)(အားလုံးထို့အတူ)

အဘယ့်ကြောင့်သက္ကာယဒိဋ္ဌိနှစ်ဆယ်ဖြစ်သနည်းဟူသော်။

ပစ္စက္ခတော သန္တော သံဝိဇ္ဇမာနော ကာယောတိ
သက္ကာယော။ ။

ပစ္စက္ခတော၊မျက်မှောက်ဒိဋ္ဌအားဖြင့်။သန္တော၊သံဝိဇ္ဇမာနော၊ ထင်ရှားရှိသော။ ကာယော၊ ခန္ဓာငါးပါး အပေါင်းစုတည်း။ ဟူသောစကားအရ ပစ္စက္ခကာလ၌ ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းအစုကို သက္ကာယခေါ်၏။ထိုသို့သက္ကာယခေါ်သော ခန္ဓာငါးပါးအပေါင်းအစုကိုသတ္တဝါတို့သည်ငါဟူ၍အယူမှားနေကြ၏။ဤသို့သက္ကာယကို ငါဟူ၍ အယူမှားနေကြသောကြောင့် သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်၏ ဟူသတည်း။

## နီဝရဏတရားခြောက်ပါး

နီဝရဏတရားဟူသည်=ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ၊ ထိန မိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာ နီဝရဏ၊ အဝိဇ္ဇာ နီဝရဏ။ ။ဟူ၍ ခြောက်ပါးရှိ၏။

ကာမဂုဏ်ကို နှစ်သက် တောင့်တသော တဏှာ လောဘကို ကာမစ္ဆန္ဒနီဝရဏ။ အမျက်ဒေါသကို ဗျာပါဒနီဝရဏ။ မောဟကို အဝိဇ္ဇာနီဝရဏ။ ထိနမိဒ္ဓ နှစ်ပါးကို ငိုက်မျည်း ထိုင်းမှိုင်းခြင်းသဘောကိစ္စတူခြင်းကြောင့် နီဝရဏတပါးပြု၍ ဟောတော်မူသည်။ ဥဒ္ဓစ္စ ကုက္ကုစ္စ နှစ်ပါးကိုလည်း ပျံ့လွင့် ပူလောင်ခြင်း သဘောကိစ္စတူခြင်း နီးစပ်ခြင်းကြောင့် နီဝရဏတပါးတည်းပြု၍ ဟောတော်မူသည်။ သဘောတရားကိုယ်မှာ လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ဝိစိကိစ္ဆာ၊ အဝိဇ္ဇာဟူ၍ရှစ်ပါးရှိသည်။

ထိုတရား တို့သည် ဈာန်,ဝိပဿနာမဂ် စသော ကုသိုလ်စိတ်ကို တားမြစ် တတ်သောကြောင့်ရင်း၊ ပညာစက္ခုကို ပိတ်ပင်တတ် သောကြောင့်ရင်း နီဝရဏမည်၏။

စိတ္တံ နီဝရန္တိ ပရိယောနန္ဓန္တီတိ နီဝရဏာ။ ။(အဋ္ဌကထာ။)

ယေဓမ္မာ၊ အကြင်တရားတို့သည်။ စိတ္တံ၊ ဈာန်စသော ကုသိုလ်စိတ်ကို။ နီဝရန္တိ-ပရိယောနန္ဓန္တိ၊ စက္ခုပသာဒ ကို မှေး သော တိမ်လွှာကဲ့သို့ ပိတ်ဖုံး မှေးကာတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဓမ္မာ၊ ထိုသဘောတရားတို့သည်၊ နီဝရဏာ၊ နီဝရဏ မည်ကုန်၏။

**အနုသယခုနစ်ပါး၊**

အနုသယတရားဟူသည်=

ကာမရာဂါနုသယ၊ဘဝရာဂါနုသယ၊ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာ နုသယ။ ။ဟူ၍ ခုနစ်ပါးရှိ၏။

ကာမဂုဏ်၌ တပ်မက် နှစ်သက်သော လောဘ စေတ်သိ ကို ကာမရာဂါနုသယ၊ ဘုံဘဝ၌ တပ်မက် နှစ်သက်သောလောဘ စေတသိကို ဘဝရာဂါနုသယ။ ဒေါသစေတသိကို ပဋိဃာနုသယ။ တရားကိုယ်မှာ လောဘ ဒေါသ အစရှိသည်ဖြင့် ခုနစ်ပါးဖြစ်၏။ ဤခုနစ်ပါးသော အနုသယတို့သည် မဂ်ဖြင့် မပယ်အပ်သေး သည်၏အဖြစ်ကြောင့် အဖန်တလဲလဲ သတ္တဝါတို့၏ သန္တာန်၌။ (ဝါ) စိတ်တို့၏ အစဉ်၌ ကိန်းတတ် ဝပ်တတ် ငုပ်တတ် သော

ကြောင့် အနုသယ မည်ကုန်၏။ထိုအနုသယတို့ကို ဘာဝနာဖြင့် ကာလရှည်စွာ ပယ်သော် လည်း မဂ်ဖြင့် မပယ်သေး ရကား လျောက်ပတ်သော အကြောင်းကိုရသောအခါ ဖြစ်လတ္တံ့ဖြစ်၍ အနုသယ ဟူ၍ဆိုအပ်၏။

တေပန နိပ္ပရိယာယေန အနာဂတကိလေသာ"
အတီတ ပစ္စုပ္ပန္နာပိ တံ သဘာဝတ္တ တထာ ဝုစ္စန္တိ။
န ဟိ ကာလဘေဒေန ဓမ္မာနံ သဘာဝဘေဒေါ နတ္ထိ။ ။

( ဋီကာ။ )

တေပန၊ ထိုအနုသယတို့သည်ကား။နိပ္ပရိယာယေန၊ မုချအားဖြင့်။ အနာဂတကိလေသာ၊ အနာဂတ် ကိလေသာ တို့တည်း။ အတီတပစ္စုပ္ပန္နာပိ၊အတိတ်, ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း။ တံ သဘာဝတ္တာ၊ ထိုကိလေသာ သဘောရှိခြင်းကြောင့်။ တထာ၊ ထို့အတူ။ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။ ဟိ၊ ဆိုသင့်စွ။ ကာလဘေဒေန၊ ကာလပြားသဖြင့်။ဓမ္မာနံ၊ပရမတ္ထတရားတို့၏။ သဘာဝဘေဒေါ၊ သဘောထူးပြားခြင်းသည်။ နတ္ထိ၊ မရှိ။

## သံယောဇဉ်ဆယ်ပါး၊

သံယောဇဉ်ဟူသည်=

ကာမရာဂ သံယောဇဉ် ရူပရာဂ သံယောဇဉ်၊ အရူပ ရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိ သံယောဇဉ်၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်။ ။ဟူ၍ဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် ကာမရာဂ, ပဋိဃ, ဒိဋ္ဌိ, သီလဗ္ဗတ, ဝိစိကိစ္ဆာ၊ ဤသံယောဇဉ် ငါးပါးတို့ကို ကာမဘုံအတွင်း၌ ကျင်လည်စေတတ်ခြင်းကြောင့် ဩရမ္ဘာဂိယ သံယောဇဉ် ခေါ်သည်။ ကြွင်းငါးပါးတို့ကို အထက်အဘုံ ဗြဟ္မာဘုံတို့၌ ကျင်လည်စေတတ်ခြင်းကြောင့် ဥဒ္ဒမ္ဘာဂိယသံယောဇဉ် ခေါ်သည်။ ကာမဘုံ၌တပ်နှစ်သက်သော တဏှာလောဘကို ကာမရာဂသံယောဇဉ်ခေါ်သည်၊ ရူပဘုံ၌တပ်နှစ်သက်သော တဏှာလောဘကို ရူပရာဂသံယောဇဉ် ခေါ်သည်။ အရူပဘုံ၌တပ်နှစ်သက်သော တဏှာလောဘကိုအရူပရာဂ သံယောဇဉ်ခေါ်သည်။ ဤသံယောဇဉ်သုံးပါးသည် တရားကိုယ် လောဘတခုတည်းဖြစ်၏။ ထို့ကြောင့်သုတ္တန်နည်း၌ ဟောတော်မူအပ်သော ဣဿာ, မစ္ဆရိယ သံယောဇဉ် နှစ်ပါးကိုထည့်၍ သံယောဇဉ် တရားကိုယ် ကိုးပါးသာရှိသည်။ အဝေးသို့သွားသော သတ္တဝါကို လွတ်လွတ်ကျွတ်ကျွတ် မသွားနိုင်အောင်ဆွဲငင်ဆောင်ယူတတ်သောသဘောရှိ၏။ ဝဋ်မှ လွတ်မြောက်ခြင်းမှာ မပေးသည်၏အစွမ်းဖြင့်ဖွဲ့ချည်သည် အဖြစ်ကြောင့်သံယောဇဉ်မည်၏။

ယဿ သံ ဝိဇ္ဇန္တိ တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ သံယောဇန္တိ
ဗန္ဓန္တီတိ သံယောဇနာ။ ။(အဋ္ဌကထာ။)

ယေမွော၊အကြင်သံယောဇဉ်တရားတို့သည်။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ တံပုဂ္ဂလံ၊ ထိုမိမိဖြစ်ရာဖြစ်သော ပုဂ္ဂိုလ်ကို။ ဝဋ္ဋသ္မိံ၊ ကမ္မကိလေဝိပါကေ ဟု ဆိုအပ်သော သုံးပါးသောဝဋ်၌။သံယောဇန္တိဗန္ဓန္တိ၊ဖွဲ့ချည်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ သံယောဇနာ၊ သံယောဇဉ်မည်ကုန်၏။

## ကိလေသာဆယ်ပါး။

ကိလေသာ ဟူသည်=စိတ်၏ပူပန်ကြောင်း ညစ်ကျုံးကြောင်း ဖြစ်သောကြောင့် ကိလေသာမည်၏။ တနည်း။ စိတ်ကိုပူပန်စေတတ် နှိပ်စက်စေတတ်သောကြောင့် ကိလေသာမည်၏။

စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဗာဓိယတိ ဝါ
ဧတေဟီတိ ကိလေသာ။ ။(ဋီကာ။)

ဧတေဟိ၊ ထိုကိလေသာဆယ်ပါးတို့ဖြင့်။ စိတ္တံ၊ စိတ်သည်။ ကိလိဿတိ၊ ညစ်နွမ်း ညစ်ကျုံးတတ်၏။ ဥပတပ္ပတိ၊ ပူလောင်တတ်၏။ ဝါ၊ တနည်းကား။ ဗာဓိယတိ၊ နှာကျင်တတ်၏။ ဣတိ၊ ကြောင့်။ ကိလေသာ၊ ကိလေသာမည်၏။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊
ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။ ။ဟူ၍
ကိလေသာဆယ်ပါး။

ဤကိလေသာတို့သည် သတ္တဝါတို့အား နည်းအမျိုးမျိုးဖြင့် ရှေ့ဆောင်၍ ညှဉ်းပန်း နှိပ်စက် တတ်ကြောင်းကိုရင်း၊ ဇာတိပဋိသန္ဓေ ပေးရာ၌လည်း ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသုရကာယ် အပါယ်လေးဘုံ၌ ဘယ်ဘုံ ဘယ်ဌာန ဘယ်အမျိုး ဘယ်ဇာတိကိုဖြင့် မပေးဟူ၍ အကန့်အသတ်မရှိ ပေးတတ်ကြောင်းကိုရင်း အထက်က အထိုက်လျောက် ဖော်ပြအပ်ခဲ့ပြီ။ ဝိပါက်ခန္ဓာတို့၏ ဇာတိပဋိသန္ဓေ ပေးရာ၌ မိမိတို့၏ ဝိပါက်ခန္ဓာကို ကမ္မဿကာ ကုံ့ပစ်ချရာဟု စွန့်ပစ်၍ထားကြရ၏ ဟူ၍လည်းဖော်ပြအပ်ခဲ့ပြီ။

(စွန့်ပစ်၍ ထားကြရ၏ ဟူရာ၌ ဘယ်လိုမှ မပြုမပြင်မူ၍ ပေါက်လွှတ်ထားခြင်းမျိုး၊ ပစ္စလက်ခတ် ထားခြင်းမျိုးကို ဆိုလိုသည့် မဟုတ်၊ ပြုပြင်ပါသော်လည်း မိမိတို့လိုရာမရောက် ကိလေသာတို့၏ သဘာဝ အလျောက် ရောက်ချင်ရာ ရောက်တတ်သော ဘောကိုဆိုလိုသည်ဟု သိအပ်၏။စောဒနာရန်မရှိပြီ။)

ထို့ကြောင့် ထိုကိလေသာတို့ကို နိုင်တဲ့ နည်းနှင့် နိမ်နင်း၍ နှလုံးအိမ်အတွင်း၌ မိမိတို့နှင့်အတူနေခြင်းငှာမအပ် အပြတ်သုတ်သင်ပစ်အပ်၏။ ဤနေရာ၌လည်း မိမိဟူသည် အဘယ်ကိုဆိုသနည်းဟူသော်၊ ကလျာဏဇာတိစေတသိက်မျိုး နှစ်ဆယ့်ငါးပါး၊ အညသမာန်းစေတသိက်မျိုး တဆယ့်သုံးပါး၊စိတ်တပ္ပါး ပေါင်းသုံးဆယ့်ကိုးပါး သော စိတ် စေတသိက်တို့ကို မိမိဆိုလိုသည်ဟု သိအပ်၏။ အပြတ် သုတ်သင်နိုင်ရန် ဓမ္မာနုဓမ္မပဋိပန္န ဟူသော လောကုတ္တရာ တရား၏ ရှေ့အဘို့ဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ် တရားသည်လည်း ထင်ရှားရှိ၏။ ကျင့်ကြံ ကြိုးကုတ် အားထုတ် ကြသည့်အလျောက် မဂ်ဖိုလ်သို့ရောက်ကြပြီးလျှင်မြတ်စွာဘုရား၏ သားထွေး သမီးထွေး ဖြစ်ကြ၍ အပါယ်သံသရာ ပြတ်ပြီးသော အရိယာသာဝကတို့ ရှိနေကြကုန်သော ဤခေတ်ထဲ၌ ငါတို့သည် သာ ကိလေသာနှောက်ယှက် အောက်နရက်၌ ဇာတိပဋိသန္ဓေအကျိုးဆက် မပြတ်သေးပါတကားဟု သတိသံဝေဂကို မြှော်တွေးလျက် ယခုရေးလတ္တံ့သော သတိပဋ္ဌာန်လေးပါး အလုပ်တရားကို အားကြိုး မာန်တက် အားထုတ် နိုင်ကြသည် ဖြစ်ကြစေကုန်သတည်း။

## သတိပဋ္ဌာန်လေးပါး ပြခြင်း။

သတ္တဝါတို့၏ကိုယ်တွင်း ရန်သူဟူသော ကိလေသာတို့ကိုပြုပြီး သည့်၏အခြားမဲ့၌ ထိုကိလေသာတို့၏ ဘေးမှ လွတ်ကင်းကြောင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သတိပဋ္ဌာန်တရား လေးပါးကိုဖော်ပြဦးအံ့၊

သတိပဋ္ဌာန်လေးပါးဟူသည်=ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ ။ဟူ၍ လေးပါးတည်း။

## စီးဖြန်းပုံကိုပြခြင်း။

**ကာယ**ဿ အနုပဿနာ ကာယာနုပဿနာ။ ကာယဿ၊ခန္ဓာ ကိုယ် ရုပ် အကောင်ပုပ်ကို။ အနုပဿနာ၊ အဖန်တလဲလဲ မမေ့ မလျော့ရှုခြင်း အောက်မေ့ခြင်းသည်။ကာယာနုပဿနာ၊ကာယာ နုပဿနာ မည်၏။

**အဓိပ္ပာယ်ကား**။ ။ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို ပဌမစျာန် ဟု ဆိုအပ်သော အပ္ပနာကို ဖြစ်စေတတ်သော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ အစရှိသောကောဋ္ဌာသသည် ကား မကောင်းသောအနံ့ရှိ၏။ စက်ဆုပ်ရွံရှာဘွယ်ရှိ၏။ ဤသို့ အစရှိသည်ဖြင့် အသုဘအခြင်းအရာ ဝိပဿနာ၏အစွမ်းအားဖြင့် သုံးသင်ဆင်ခြင်အပ်၏။ အဖန်တလဲလဲ ရှုဆင်ခြင်အပ်၏။

(က) ၁။ ။ဤ ဆံပင် မွေးညှင်း အစရှိသော ငါ၏ကိုယ်သည် ယခုအခါ ဇီဝိတိန္ဒြေ ရှိနေသေးသော အခိုက် အ တန့်၌ပင်လျှင် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၍ နေသေး

၏။ သေ၍ နှစ်ရက် သုံးရက်အကြာတွင်မူ ဆိုဘွယ် ရာမရှိ ဖူးဖူးရောင်သောအကောင်။

၂။ ။အဖြူ အနီ စသော အဆင်းတို့ဖြင့် ရောသော အဆင်းရှိသော များသော အားဖြင့် ညိုသော အဆင်းရှိသော စက်ဆုပ်ဘွယ်ရှိသော အကောင်။

၃။ ။ပေါက်ပြဲ ပျက်စီးသော အရပ်တို့မှရင်း၊ ကိုးပေါက်သောအမာဝ အပေါက်တို့မှရင်း၊ ပြည်ပုပ်သွေးပုပ် အစရှိသော အပုပ်ရည်တို့သည် စက်ဆုပ်ဘွယ် ယိုစီး တွက်သော အကောင်ပုပ် အဖြစ်သို့ ကောန်မချွတ် ရောက်အံ့သည်။ အဒ္ဓုမာတက စသည့် အပြား ရှိသော အဖြစ်သို့ မလွန်နိုင်ချေ၊ စင်စစ်အကောင်ပုပ် အဖြစ်သို့ မချွတ် ရောက်အံ့သည်ဟု ရှု ဆင်ခြင် အောက်မေ့ရာ၏။

(ခ)။ ။ဤ ငါ၏ကိုယ်သည် ဇီဝိတိန္ဒြေ၊ ကမ္မဇတေဇော၊ ဝိညာဏ်ဟူသော တရားသုံးပါး ထင်ရှားရှိနေခြင်းကြောင့် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း စသည်တို့ကို ပြုခြင်းငှါ တတ်နိုင်ချေသေးသည်၊ ဤဇီဝိတိန္ဒြေအစရှိသောတရားသုံးပါး ပြတ်ကင်းခဲ့သောအခါ ခွေးသေကောင် ကဲ့သို့ အရပ်တပါး၌ စွန့်ပစ်၍ ထားခဲ့သည်ရှိသော် ကျီး ခွေး လင်းဒ အစရှိသော သတ္တဝါတို့သည် ထိုးဆွကိုက်ခဲ၍ စားကြသော အကောင်ပုပ်အဖြစ်သို့ မလွန်နိုင်

ချေ၊ ကေန်မချွတ် ရောက်အံ့သည်ဟု အဖန်တလဲလဲ ရှုဆင်ခြင်အောက်မေ့ရာ၏။

(ဂ)။ ။ဤသို့ စွန့်ပစ်၍ထားရာ အရပ်ဝယ် အသွေးအသား နှင့်တကွ အကြော မပြတ်သေးသော အရိုးစုသာ ရှိသော အဖြစ်သို့ ကေန်မချွတ် ဖြစ်အံ့ ရောက်အံ့သည်ဟု နှလုံးသွင်းရာ၏။

(ဃ)။ ။အသွေးမကပ် အသွေး လိမ်းကျံလျက် အကြော မပြတ်သေးသော အရိုးစုအဖြစ်သို့ မလွန်နိုင်ချေအံ့ ဟူ၍သတိရှိရာသည်။

(င)။ ။အသား အသွေး မကပ် အကြော မပြတ်သေး သော အရိုးစုအဖြစ်သို့လည်း ကေန်မချွတ် ဖြစ်အံ့ သည်ဟု ပွားများရာ၏။

(စ)။ ။ဤစွန့်ပစ်၍ ထားရာအရပ်ဝယ် အသား အသွေး မကပ် အကြောပြတ်လျက်=

၁။ ၆၄–ချောင်းသော လက်ရိုး။

၂။ ၆၄–ချောင်းသော ခြေရိုး။

၃။ တဖက် တဖက်သော ခြေ၌ ၂-ချောင်း ၂–ချောင်း သော ဖမျက်ရိုး။

၄။ ၂–ချောင်း ၂–ချောင်းသော မြင်းခေါင်းရိုး။

၅။ ၁–ချောင်း ၁–ချောင်းသော ပဆစ်ရိုး။

၆။ ၁–ချောင်း ၁–ချောင်းသော ပေါင်ရိုး။
၇။ ၂–ချောင်း ၂–ချောင်းသော ခါးရိုး ။
၈။ ၂၄–ချောင်းသော နံရိုး။
၉။ ၁၂–ချောင်းသော ကျောရိုး။
၁၀။ ၂–ချောင်းသော လက်ပြင်ရိုး။
၁၁။ ၇–ဆစ်သော လည်ရိုး။
၁၂။ ၂–ချောင်းသော မေးရိုး။
၁၃။ ၃၂–ချောင်းသော သွားရိုး။
၁၄။ ၉–ချောင်းသော ဦးခေါင်းခွံရိုး။

ဤ အရိုးတို့သည် အသီး အသီး အကွဲ အကွဲ ဖရိုဖရဲ ကေန်မလွဲ ဖြစ်အံ့သည် ဤအဖြစ်သို့ မလွန်နိုင်ရာဟု ကြံစည်ပွားများရာသည်။

(ဆ)။ ။ဤငါ၏ကိုယ်ဟူသော အကောင်ပုပ်ကို စွန့်ပစ်၍ထားရာအရပ်ဝယ် ခရုသင်းပွတ်နှင့်တူစွာ ဖွေးဖွေးဖြူသော အရိုးစု အဖြစ်သို့ မချွတ် ဖြစ်အံ့ သည်ဟု သတိကို ဖြစ်စေရာသည်။

(ဇ)။ ။နှစ်လရှည်စွာ လွင်တီးခေါင်၌ ရေစိုနေပူ အတွေ့ထူသဖြင့် ဆွေးမြေ့ဟောင်းမြင်းသော အရိုးစု အဖြစ်သို့ ကေန်မချွတ် ရောက်အံ့သည်ဟု ဆင်ခြင်ရာသည်။

(ဈ)။ ။ဤသို့ စွန့်ပစ်၍ထားရာ အရပ်ဝယ် ရေ နေ လေ တို့ တိုးဝှေ့တိုက်ခိုက်သောကြောင့် ဆွေးမြေ့လျက် မှုန့်မှုန့်ညက်ညက်ကြေသော အရိုးစုအဖြစ်သို့ ကေန်

မုချ မလွဲမသွေ ရောက်အံ့ချေသည် ဟု အဘန်
တလဲလဲ ပွားများအားထုတ်အပ်လှသည်။

(ဤကား ကာယာနုပဿနာပြီး၏။)

ဝေဒနာနံ အနုပဿနာ ဝေဒနာနုပဿနာ။ ဝေဒနာနံ၊ဒုက္ခ ဒုက္ခ,ဝိပရိဏာမဒုက္ခ,သင်္ခါရဒုက္ခဖြစ်၍ ဖြစ်ကုန်သော ဝေဒနာတို့ကို။ အနုပဿနာ၊ အဘန်တလဲလဲ မမေ့မလျော့ရှုခြင်း အောက်မေ့ မှတ်သားခြင်းသည်။ ဝေဒနာနုပဿနာ၊ ဝေဒနာနုပဿနာ မည်၏။

**အဓိပ္ပာယ်ကား။** ။ဒုက္ခိဋ္ဌေ,ဒေါမနဿိဋ္ဌေဟု ဆိုအပ်သော ကေဝလဒုက္ခ၊ သို့မဟုတ် ဒုက္ခဒုက္ခ။ သုခိဋ္ဌေ,သောမနဿိဋ္ဌေဟု ဆိုအပ်သော ဖောက်ပြန်ခြင်းကြောင့် ဖြစ်သော ဝိပရိဏာမဒုက္ခ။ ဥပေက္ခိဋ္ဌေ ဟု ဆိုအပ်သော သင်္ခါရဒုက္ခ ဖြစ်၍ ဖြစ်ကုန်သော ဝေဒနာတို့ကို အဘန်တလဲလဲ မမေ့မလျော့ ရှုခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်မည်၏။ ။

(ဤကား ဝေဒနာနုပဿနာမည်၏။)

စိတ္တဿ အနုပဿနာစိတ္တာနုပဿနာ။ စိတ္တဿ၊ စိတ်ကို။ အနုပဿနာ၊ အဘန်တလဲလဲ မမေ့မလျော့ ရှုခြင်း အောက်မေ့ မှတ်သားနိုင်ခြင်းသည်။ စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာမည်၏။

**အဓိပ္ပာယ်ကား။**

(က) သရာဂစိတ် .... ဝီတရာဂစိတ်။
(ခ) သဒေါသစိတ် .... ဝီတဒေါသစိတ်။
(ဂ) သမောဟစိတ် .... ဝီတမောဟစိတ်။

(ဃ) သံခိတ္တစိတ် .... ဝိက္ခိတ္တစိတ်။
(င) မဟဂ္ဂတစိတ် .... အမဟဂ္ဂတစိတ်။
(စ) သဥတ္တရစိတ် .... အနုတ္တရစိတ်။
(ဆ) သမာဟိတစိတ် .... အသမာဟိတစိတ်။
(ဇ) ဝိမုတ္တစိတ် .... အဝိမုတ္တစိတ်။

ဟူ၍ တဆယ့်ခြောက်ပါး အပြားရှိသည်သာလျှင် ဖြစ်၏။ ထို တဆယ့်ခြောက်ပါးတို့တွင်—

၁။ ရာဂနှင့်ယှဉ်သော လောဘမူစိတ်ရှစ်ခုသည် သရာဂစိတ် မည်၏။

၂။ ရာဂနှင့်မယှဉ်သော လောကီကုသိုလ် သတ္တရသ, လောကီ ဝိပါက် ဗာတ္တိံသ, ကြိယာဝီသအားဖြင့် တခုယုတ်ခုနစ်ဆယ်သော လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတရာဂ စိတ်မည်၏။

ဤစိတ်ကို အောက်မေ့ သိမ်းဆည်းခြင်းသည်ကား အကြင်ကြောင့် လောကီဖြစ်သော စိတ်တို့၏အပေါင်းသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် စိတ္တာနုပဿနာ သတိပဋ္ဌာန် အရာဝယ် တခုသောပုဒ်၌ မျှသော်လည်း လောကုတ္တရာစိတ်ကို မရအပ်သည်သာလျှင်တည်း။ လောဘမူစိတ် ရှစ်ခုမှ ကြွင်းသော ဒေါသမူ ဒွေ, မောဟမူ ဒွေ—အားဖြင့် ဤလေးပါးသော အကုသိုလ်စိတ်တို့သည် သရာဂပုဒ်သို့လည်း မဆည်းကပ်မဝင်ကုန်၊ ဝီတရာဂပုဒ်သို့လည်း မဆည်းကပ်မဝင်ကုန်ဟု မှတ်အပ်၏။

၃။ ဒေါသနှင့်ယှဉ်သော ဒေါမနဿသဟဂုတ်စိတ်နှစ်ခုသည် သဒေါသစိတ်မည်၏။

၄။ ဒေါသနှင့်မယှဉ်သော ဆိုခဲ့ပြီး လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတဒေါသစိတ်မည်၏။

သဒေါသစိတ်မှ ကြွင်းသော လောဘမူစိတ်ရှစ်ခု မောဟမူစိတ်နှစ်ခု အားဖြင့် ဤဆယ်ခုသော အကုသိုလ် စိတ်တို့သည် သဒေါသပုဒ် ဝီတဒေါသပုဒ် နှစ်ပါးဟို့ကို မဆည်းကပ်မဝင်ကုန် ဟူလို။

၅။ မောဟနှင့်ယှဉ်သော အကုသိုလ်စိတ် တဆယ့်နှစ်ခုသည် သမောဟစိတ်မည်၏။

၆။ မောဟနှင့်မယှဉ်သော ဆိုခဲ့ပြီးသော လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတမောဟစိတ်မည်၏။

၇။ ထိနမိဒ္ဓနှင့်ယှဉ်သော အကုသိုလ် သသင်္ခါရိကစိတ် ငါးခုသည် သံခိတ္တစိတ် မည်၏။

၈။ ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂုတ် စိတ်သည် ဝိက္ခိတ္တစိတ် မည်၏။

၉။ ရူပါဝစရစိတ် ပန္နရသ အရူပါဝစရစိတ် ဒွါဒသအားဖြင့် ဤ နှစ်ဆယ့်ခုနစ်ပါးသော စိတ်သည် မဟဂ္ဂုတစိတ်မည်၏။

၁၀။ ငါးဆယ့်လေးပါး အပြား ရှိသော ကာမာဝစရ စိတ်သည် အမဟဂ္ဂုတစိတ်မည်၏။

၁၁။ ဆိုခဲ့ပြီးသော အပြားရှိသော ကာမာဝစရ စိတ်သည် သဉတ္တရစိတ်မည်၏။

၁၂။ ဆိုခဲ့ပြီးသောအပြားရှိသော ရူပါဝစရစိတ် အရူပါဝစရစိတ်သည် အနုတ္တရစိတ်မည်၏။

(ရူပါဝစရစိတ် အရူပါဝစရစိတ်တို့တွင်လည်း ရူပါဝစရစိတ်သည် သဥတ္တရစိတ်မည်၏။ အရူပါဝစရစိတ်သည် အနုတ္တရစိတ်မည်၏။)

၁၃။ အပ္ပနာသမာဓိ ဥပစာရသမာဓိ နှင့်ယှဉ်သော စိတ်သည် သမာဟိတစိတ်မည်၏။

၁၄။ ဆိုခဲ့ပြီးသော သမာဓိနှင့် မယှဉ်သောစိတ်သည် အသမာဟိတစိတ်မည်၏။

၁၅။ တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိ အားဖြင့် ကိလေသာ တို့မှ လွတ်သော–လောကီကုသိုလ်စိတ်သည်ဝိမုတ္တစိတ်မည်၏။

၁၆။ တဒင်– ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာ တို့မှ မလွတ်သော အကုသိုလ် လောကီဝိပါက် အဗျာကတဖြစ်သော စိတ်သည် အဝိမုတ္တစိတ်မည်၏။

ထိုဆိုခဲ့ပြီးသော တဆယ့်ခြောက်ပါး အပြားရှိသောစိတ်တို့တွင်–

(က) သရာဂစိတ်ကို .... ဤကား သရာဂစိတ်။
(ခ) ဝီတရာဂစိတ်ကို .... ဤကား ဝီတရာဂစိတ်။
(ဂ) သဒေါသစိတ်ကို .... ဤကား သဒေါသစိတ်။
(ဃ) ဝီတဒေါသစိတ်ကို .... ဤကား ဝီတဒေါသစိတ်။
(င) သမောဟစိတ်ကို .... ဤကား သမောဟစိတ်။
(စ) ဝီတမောဟစိတ်ကို .... ဤကား ဝီတမောဟစိတ်။
(ဆ) သံခိတ္တစိတ်ကို .... ဤကား သံခိတ္တစိတ်။
(ဇ) ဝိက္ခိတ္တစိတ်ကို .... ဤကား ဝိက္ခိတ္တစိတ်။

ဤသို့အစရှိသည်ဖြင့် ဆင်ခြင် နှလုံးသွင်းရာသည်။

(ဤကား စိတ္တာနုပဿနာပြီး၏။)

ဓမ္မာနံ အနုပဿနာ ဓမ္မာနုပဿနာ။ ဓမ္မာနံ၊ သဘော တရားတို့ကို။ အနုပဿနာ၊ အဘန်တလဲလဲ မမေ့မလျော့ ရှုခြင်း အောက်မေ့ မှတ်သားခြင်းသည်။ ဓမ္မာနုပဿနာ၊ ဓမ္မာနုပဿနာ မည်၏။

## အဓိပ္ပါယ်ကား။

သဥ္စာနနလက္ခဏာ၊ ဖုသနလက္ခဏာ အစရှိသော အားဖြင့် အချင်းချင်း တပါးသည် တပါးနှင့် မူရာမတူ နည်းယူ ကွဲပြား ထူးခြားသော လက္ခဏာရှိသည်လျှင်ဖြစ်ကုန်သောသညာ, သင်္ခါရ ဟုဆိုအပ်ကုန်သော တရားတို့ကို အဘန်တလဲလဲ မမေ့မလျော့ ရှုခြင်း အောက်မေ့မှတ်သားခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် မည်၏။

ဤဓမ္မာနုပဿနာသတိပဋ္ဌာန်၌— (၁) နီဝရဏပဗ္ဗ၊ (၂) ခန္ဓပဗ္ဗ။ (၃) အာယတနပဗ္ဗ။ (၄) ဗောဇ္ဈင်္ဂပဗ္ဗ။ (၅) သစ္စပဗ္ဗ— ဟူ၍ ငါးပါးအပြားရှိ၏။ ဤငါးပါးသော ပဗ္ဗတို့သည် ဖော်ပြ ခဲ့ပြီးသော ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာတို့သာလျှင် ဖြစ်၏။ထို့ကြောင့် ထိုရုပ်နာမ် အစရှိသော တရားတို့ကို ပရိယတ္တိ ပညာအခန်း၌ အကျယ်ဝေဘန်၍ပြအပ်ခဲ့ပြီ၊ ပဋိပတ္တိပညာ အခန်း၌လည်း ပဋိပတ်နည်းအားဖြင့် ဖော်ပြခဲ့ပြီး ဖြစ်သောကြောင့် ဤဓမ္မာနုပဿနာအခန်းမှာ တဖန်ထပ်၍ဖော်ပြဦးမည် ဆိုလျှင် အထပ်ထပ် အလည်လည်ဖြစ်၍ နေပေလိမ့်မည်။ ထို့ကြောင့် သပ်သပ် သီးခြား၍ ဖော်ပြခြင်း မပြုတော့ဘဲ အဋ္ဌင်္ဂိက မဂ္ဂပဋိ ပတ်ဟူသော ဓမ္မာနုပဿနာ ကျင့်စဉ်တရားကို ဆက်၍ ဖော်ပြ တော့အံ့။

## အဋ္ဌင်္ဂိကမဂ္ဂပဋိပတ်ပြခြင်း။

အဋ္ဌင်္ဂိကမဂ္ဂ ပဋိပတ်ကို ဖော်ပြရမည်ဟူသော် ကျမ်းပြုဆရာ၏အကြောင်းကို အနည်းငယ်ဖော်ပြရပေလိမ့်ဦးမည်။ ဆရာဟူ၍ ဖြစ်ခဲ့သော် (ဘုရားမှတပါး) ဆရာ-ဆရာတို့သည် ရှိကြသည်ချည်းပင်ဖြစ်၏။ ဤဆရာဘို့၏အသဲ၌ လောကီဆရာ လောကုတ္တရာဆရာဟူ၍ ရှိပြန်၏။ နေမှု ထိုင်မှု စားမှု သောက်မှု အတွက် အဘတ်အသိဘို့ကို သင်ကြားပေးခြင်း၊ ပေါင်းသင်း ဆက်ဆံမှု ဆည်းကပ်ကိုးကွယ်မှု သတ္တလောကထဲ၌ မြင့်မြတ်သော ဘုံဌာနသို့ ရောက်စေရန် ဟောပြောသွန်သင်မှုတို့သည် လောကီဆရာမည်၏။

ထိုသဘာဝဋ္ဋဒုက္ခသဲမှ လွတ်မြောက်ကြောင်းဖြစ်သော စာပေကျမ်းဂန်တို့ကို သင်ကြားပေးခြင်း၊ ထိုကျမ်းဂန်ထဲ၌ ပါရှိသည့်အတိုင်း စိတ် စေတသိက် ရုပ် နိဗ္ဗာန် နှင့် စပ်သော တရားစကားများကို ဟောပြောခြင်း ပြုကြကုန်သော ရဟန်း ရှင်လူ တို့သည် ပရိယတ္တိဆရာမည်၏။

အဋ္ဌင်္ဂိကမဂ္ဂ ပဋိပတ်ကို ဘယ်လိုလုပ်ရမည် ဘယ်လိုအားထုတ်ရမည်အစရှိသည်ဖြင့် အားထုတ်ပုံအားထုတ်နည်းကို ပြသ သွန်သင်သောပုဂ္ဂိုလ်တို့သည် ပဋိပတ္တိဆရာမည်၏။ ဤပရိယတ္တိဆရာ ပဋိပတ္တိဆရာတို့သည် လောကုတ္တရာဆရာမည်၏။ ထို့ကြောင့် ဤဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ် ကျမ်းသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြောင်းတရားကို အားထုတ်ကြကုန်သော ပုဂ္ဂိုလ်မွန်တို့၏ အဘို့အတွက်သာလျှင် ဖြစ်သောကြောင့် လောကုတ္တရာဆရာကိုသာ အလိုရှိအပ်၏။ ဆရာသည် တရားကိုစ၍ လိုက်စားသည့်

အချိန်က စိတ် စေတသိက် ရုပ် တို့နှင့်စပ်သော တရား များကို ဟောကြား ကြကုန်သော ရဟန်းရှင်လူတို့၏ထံမှ အမျိုးမျိုးနာကြားရပါ၏။ မှု အမျိုးမျိုး ကျမ်းအဆောင်ဆောင်တို့ကိုလည်း ဖတ်ရှုရပါ၏။ (ဝံသမေဒနီ) ဆရာတော်ဘုရား သည်လည်း အထက်က ဖော်ပြအပ်ခဲ့သည့်အတိုင်း ပရိယတ်ကို သင်ကြားပေးသည့်အပြင် ယခုဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း ကို ရေးသား စီရင်သည့်အချိန်အထိ လိုအပ်သောပရိယတ်ကို အပင်ပန်းခံ၍ သင်ကြားပေးခြင်းကိုလည်း ခံယူရပါ၏။ ထို့ကြောင့် (ဝံသမေဒနီ) ဆရာတော်ဘုရားနှင့် တကွ မှု အမျိုးမျိုး ကျမ်းအဆောင်ဆောင်တို့ကို ပြုစု စီရင်တော်မူကြကုန်သော ဆရာတော်အရှင်သူမြတ်တို့သည်၎င်း၊ စိတ်စေတသိက်ရုပ်နှင့်စပ်သော တရားတော်ကို ဟောကြား ကြကုန်သော ရဟန်း ရှင် လူ အပေါင်းတို့သည် ၎င်းအားလုံးပင်ဆရာချည်းဖြစ်ကြ၍ အထူးတလည်ကျေးဇူးတင်ရှိပါ၏။ ဂါရဝပြုပါ၏။

သို့ရာတွင် သိကား သိ၏၊ကျင့်ကား မကျင့်-ဟူသောစကားကဲ့သို့ ကျင့်ကြံမှု လုံ့လစိုက်၍အားထုတ်မှု မရှိခဲ့သော် မဂ်ဖိုလ်ကား မရ။မဂ်ဖိုလ်မရခဲ့သော်ကိုယ်တွင်း နှုန ၁မဧင်ကြွယ်နိုင်။ထို့အတွက်ကြောင့် ပဋိပတ်ကို အားထုတ်ရပြန်၏။ ဤသို့ အားထုတ်သော ပဋိပတ်၌မူကား ဘယ်လိုထိုင်ရမည်၊ အာနပါနဿတိကမ္မဋ္ဌာန်း ဝိပဿနာကို အစ အလယ်အဆုံး ဘယ်လိုသုံးရမည် အစရှိသည်ဖြင့် ပြသသွန်သင်သူမရှိ၊ မိမိ၏ကြားဘူးနားဝ ကျမ်းဂန်မှဟုသုတနှင့် ပင်မြော်မှန်း၍အားထုတ်ရပါ၏။ဤသို့အားထုတ်ရသဖြင့်မှုဆိုးစိုင်သင် ဟူသော စကားကဲ့သို့၎င်း၊ လိုလျှင်ကြံဆ နည်းလမ်းရ ဟူသော စကားကဲ့သို့၎င်း ကံအားလျော်စွာ နည်းမှန် လမ်းမှန်ကို

တဖြည်းဖြည်း ရ၍ ရ၍ လာသဖြင့် မိမိ၏ ကောင်းကျိုး စီးပွား သည် ဖြစ်ထွန်းရပါပေ၏။ ဤကဲ့သို့ ဆရာကိုယ်တိုင် ရှာကြံ၍ အားထုတ်ပုံ အားထုတ်နည်းကို ယခုအခါ မထိန်မဝှက်ရေးသား စီရင်ပေတော့အံ့။

ပဋိပတ်တရားကိုအားထုတ်မည့်သူတော်စင်သည်ပဋိပတ်ပညာ ဟူသော ရုပ်နာမ် တရားနှင့်တကွ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်း တို့ကို နားလည်သဘောပေါက်အောင် တရားတော်ကိုနာခံမှတ် သား ဖတ်ကြား လေ့လာရမည်။ ဤသို့လေ့လာ မှတ်သား၍ ပရိယတ်သိ စာသိ သိသောအခါ ငါသိ ကိုယ်တိုင်သိ (ဝါ) ငါ ကိုယ်တိုင်သိသော အသိသို့ရောက်အောင် အားထုတ်ရမည်။ ဤ မှ ဆက်၍ နိဗ္ဗာန် မရမချင်း အားထုတ်ရမည်။ ထိုသို့ပဋိပတ်တရား ကိုအားထုတ်မည့် သူတော်စင်သည် ပရိယတ်ပိုင်း၌ ပါရှိသည့် အတိုင်း သီလဝိသုဒ္ဓိဖြစ်စေရမည်။

သီလဝိသုဒ္ဓိ ဟူရာ၌–သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာ ဇီဝ တို့ဖြစ်၏။ ဤ ဝိရတီသီလက္ခန္ဓာ သုံးပါး၌ သမ္မာဝါစာ ဟူ သည် ဝစီကံလေးပါးတည်း။ တရားအားထုတ်သော ပုဂ္ဂိုလ်သည် အကြောင်းရှိမှ မလွဲမကင်းသာမှ စကားပြောရမည်။ အကြောင်း ရှိ၍ပြောသော်လည်း မုသားလွတ်အောင် ပြောရမည်။ မုသား မလွတ်လျှင် သမ္မာဝါစာမဖြစ် မိစ္ဆာဝါစာဖြစ်လိမ့်မည်။ တရား အားထုတ်နေသော ပုဂ္ဂိုလ်သည် ဤသို့မဖြစ်သင့်။ ထို့အတူချော ပစ် ဂုံးတိုက်ခြင်း ပိသုဏာဝါစာမှ လွတ်အောင်ပြောရမည်။ ထို့ အတူ ကြမ်းတမ်းသော ဖရုသဝါစာမှလွတ်အောင် ပြောရမည်။ ထို့အတူ အနက်ဒြပ် ကင်းမဲ့သော သမ္ဖပ္ပလာပဝါစာမှ လွတ် အောင်ပြောရမည်။ စကားတလုံးငြိစွန်းလျှင် မိစ္ဆာဝါစာဖြစ်

လိမ့်မည်။ မိစ္ဆာဝါစာဖြစ်လျှင် သီလမစင်ကြယ်၊သီလမစင်ကြယ်သော် မဂ်ဖိုလ်ရရန်ခဲယဉ်း၏။ ထို့ကြောင့် စကားမပြောဘဲ နေခြင်းသည်သာလျှင် အစင်ကြယ်ဆုံးတည်း။

(သမ္မာဝါစာပြီး၏။)

သမ္မာကမ္မန္တ ဟူသည်= ပါဏာတိပါတစသော ကာယကံ ဒုစရိုက် အကုသိုလ်စေတနာ သုံးပါးတို့မှကြဉ်ရှောင်၍ နေခြင်း သည်သာလျှင် သမ္မာကမ္မန္တမည်၏။

သမ္မာအာဇီဝဟူသည်= ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ ဤခုနစ်ပါးသော ဒုစရိုက်တို့မှကြဉ်ရှောင်၍ အသက် မွေးခြင်းသည်သာလျှင် သမ္မာအာဇီဝမည်၏။

ဤ ဝိရတီသီလက္ခန္ဓာသုံးပါးကို မကျိုးမပျက်ကျင့်သုံးစောင့် စည်းနိုင်မှ သီလ စင်ကြယ်သည်မည်၏။ သီလ စင်ကြယ်မှ လည်း မဂ်ဖိုလ်ကို ရနိုင်မည် ဖြစ်၏။ မဂ်ဖိုလ်၏အကြောင်းရင်း ခံသည် သီလပင်ဖြစ်၏။ သီလတည်းဟူသော အဆောက်အဦ မရှိခဲ့လျှင် မဂ်ဖိုလ်ကိုမဆိုထားဘိ လောကီကုသိုလ်တို့ပင်လျှင် ထောက်တည် ရာမရနိုင်။ ဥပမာကို ဆိုသော် မဟာပထဝီ တည်း ဟူသော အဆောက်အဦ မရှိခဲ့လျှင် သစ်ပင် တော တောင် အစရှိသော အဆောက်အဦစုတို့သည်ထောက်တည်ရာမရနိုင်သကဲ့သို့တည်း။

၁။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ဥတ္တရိ မနုဿဓမ္မတို့၏။ ပတိဋ္ဌာစ၊ တည်ရာလည်းမည်၏။

၂။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ကုသိုလ် တရားတို့၏။ အာဒိစ၊အစအဦးလည်းမည်၏။

၃။ သီလံ၊ သီလသည်၊ ကလျာဏာနံ၊ ကောင်းကုန် သော။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော သမထ ဝိပဿနာတရားတို့၏၊ မာတုကာံ၊ အမိလည်းမည်၏။

၄။ သီလံ၊သီလသည်၊ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော ဘုရားတို့၏ တိတ္တဥ္စ၊ နိဗ္ဗာန်သို့ကူးရာဆိပ်လည်းမည်၏။

တသ္မာ၊ ထို့ကြောင့်၊ သီလံ၊ သီလကို၊ ဝိသောဓယေ၊ မကျိုး မပျက်ခြင်း အစရှိသည်ဖြင့် သုတ်သင်ပြည့်စုံရာ၏။

(သီလက္ခန္ဓာမဂ္ဂင်ပြီး၏။)

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ–ဟူ၍ သမာဓိမဂ္ဂင် သုံးပ ါး၊ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ–ဟူ၍ ပညာမဂ္ဂင် နှစ်ပါး၊ ဤ မဂ္ဂင် ငါးပါး၏ အတွက်အချက်ကား=

သတိ မဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။ ။

ဘိက္ခဝေ၊ ရဟန်းတို့၊ သဗ္ဗတ္ထိကံ၊ အရာခပ်သိမ်း၌ အကျိုးရှိ သော။ သတိံ၊ သတိကို၊ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော တော်မူ၏။

ဤသို့ လာသည်နှင့်အညီ မိမိအားထုတ်ပွားများသော တရား ကို အစဉ်မပြတ် သတိရနေခဲ့လျှင် အစဉ်မပြတ် အလိုအလျောက် အားထုတ်မိလျက် ပွားများမိလျက် နေလိမ့်မည်။ မိမိအားထုတ် ပွားများသော တရား၏အပေါ်၌ မိမိစိတ်သည် အစဉ်အမြဲသိနေ ဘို့ ထိုင်နေဘို့သာ အရေးကြီးသည်ဟူ၍ မှတ်လေ။

## အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းရန် တိုက်တွန်းခြင်း။

မဂ်ဖိုလ်ကို ရအောင်အားထုတ်မည့်သူတော်စင်သည် ဤမဂ္ဂင် ရှစ်ပါး သီလဝိသုဒ္ဓိတရားနှင့်ပြည့်စုံသကဲ့သို့ စိတ္တဝိသုဒ္ဓိနှင့်လည်း ပြည့်စုံရပါမည်။စိတ္တဝိသုဒ္ဓိဟူသည် စိတ်သန္တာန်၌ နီဝရဏတရား တို့ စင်ကြယ်နေသော တခဏမှစ၍ စိတ္တဝိသုဒ္ဓိ ဖြစ်သည်မည်၏။ တခဏဟူရာ၌ နာရီဝက် တနာရီလောက်မှ,စ၍ နီဝရဏစင်ကြယ် နေရမည်။ရှေ့သို့ ကြာနိုင်သလောက် ကြာအောင်စင်ကြယ်နေရ မည်။ စိတ်သန္တာန်၌ ထိုသို့နီဝရဏတို့ စင်ကြယ်အောင် အာနာ ပါနဿတိကမ္မဋ္ဌာန်း ကို စီးဖြန်းရမည်။

ဤနေရာ၌အာနာပါနဿတိကမ္မဋ္ဌာန်းကိုမစီးဖြန်းဘဲဝိပဿနာ တရားကို တိုက်ရိုက်အားထုတ်လျှင် မဖြစ်နိုင်ဘူးလားဟု အကယ် ၍ စောဒနာငြားအံ့။ အဖြေမှာ ဉာဏ်ထက်သောသူ၌ဖြစ်နိုင်၏။ ဉာဏ်နုံ့သော သူတို့အဘို့ ခက်ခဲ၏။ ဉာဏ်ထက်သော သူပင် ဖြစ်သော်လည်း နီဝရဏတရားတို့သည် စိတ်သန္တာန်၌ ပိတ်ဖုံး ကာကွယ်သော သဘောရှိခြင်းကြောင့်၎င်း၊ မိမိ၏စိတ်ကို မိမိ ထားရာ တရားအပေါ်၌ တည်ကြည် ငြိမ်သက်စွာ ကြာကြာ နေနိုင်ခြင်းငှာ၎င်း ဤ အာနာပါနဿတိကမ္မဋ္ဌာန်း ကို စီးဖြန်း အပ်သည်။ အလုပ်တရားတို့မည်သည် လောကီစီးပွားရေး အလုပ် ဖြစ်စေ၊ လောကုတ္တရာ စီးပွားရေး အလုပ်ဖြစ်စေ လုပ်ငန်း၌ အောက်သက်ကြေရမည်၊ ထိုသို့အောက်သက်ကျေမှ အထက်သို့ တက်ရမည်။ သို့မှသာလျှင် အစကောင်းမှ အနှောင်းသေချာမည် ဟူသော စကားကဲ့သို့ လုပ်ငန်း၌ ကောင်းမွန်စွာပြီးစီးအောင်မြင်

နိုင်မည်၊ ထိုသို့ကောင်းမွန်စွာ မဟာမလစ်အကျိုးဖြစ်ပါမှ မိမိသည် သပ္ပုရိသသံသေဝေါ ဖြစ်တဲ့အခါ (ဝါ) ကလျာဏမိတ္တဖြစ်ခဲ့သော် သူတပါးတို့ကိုလည်း စနစ် ကျကျ ပြသသွန်သင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသင့်သည်၊ စီးဖြန်းကြလေ။ ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် စရိုက်တိုင်းနှင့်လည်း သင့်လျော်သည်။

ထိုသို့ အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းရာ၌ ဘယ်နှစ်ရက် စီးဖြန်းရမည်နည်းဟူသော် ရက်ပိုင်း၌အကန့်အသတ်မရှိ အထက်ကဆိုအပ်ခဲ့သည့်အတိုင်း ကြာနိုင်သလောက်ကြာအောင် နီဝရဏ တရားတို့ ကင်းစင်သည့် အပေါ်၌သာ အကန့်အသတ် ရှိသည်။ မဂ် ဖိုလ်ကို ရအောင် တရား အားထုတ်မည့် သူတော်စင်သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ နှင့် ပြည့်စုံသကဲ့သို့ ဒိဋ္ဌိဝိသုဒ္ဓိနှင့် လည်း ပြည့်စုံ ရမည်။

ဒိဋ္ဌိဝိသုဒ္ဓိဟူသည် အထက်က ဖော်ပြအပ်ခဲ့သည့်အတိုင်း ရုပ်နှင့် နာမ်ကို ခွဲခြားပြီးသိသဖြင့် ဤ ရုပ် နှင့် နာမ်သာ တကယ်ရှိပါတကား၊ သတ္တဝါဟူသည် တကယ်အစစ်အမှန်မရှိပါတကားဟူ၍ ဉာဏ်အမြင် တဒင်္ဂဖြစ်လာလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ။ကျမ်းဂန်၌လည်း နာမရူပပရိစ္ဆေဒဉာဏ်ကိုရလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီဟု ပါရှိ၏။ ဤသို့လျှင် မဂ်ဖိုလ်ခရီးသို့ သွားသော သူတော်စင်သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ တို့ကို တဒင်္ဂမျှသော်လည်း ဖြစ်ရမည်။ သို့မှသာလျှင် မဂ်ဖိုလ်သို့ရောက်နိုင်သည်။ဤအချက်ကြီး သုံးချက်သည်အရေးကြီးဆုံးဖြစ်၏။အဘယ့်ကြောင့် အရေးကြီးသနည်းဟူလျှင် အထက်ကဆိုအပ်ခဲ့သည့်အတိုင်း သီလဝိသုဒ္ဓိသည် မဟာပထဝီမြေထုနှင့်တူ၏။စိတ္တဝိသုဒ္ဓိသည် ရေသောက်မြစ်

နှင့်တူ၏။ ဒိဋ္ဌိဝိသုဒ္ဓိသည် ဝိမုတ္တိရသပင်၏ ပင်စည်နှင့် တူ၏။ ဝိပဿနာဉာဏ် ဆယ်ပါးသည် ထိုဝိမုတ္တိရသပင်မှ အကိုင်းအခက် အလက်အရွက် အဖူးအပွင့် အသီးတို့နှင့် တူကြကုန်၏။ မဂ်ဖိုလ်ကိုရသောသူသည် ထိုဝိမုတ္တိရသသီးကို ဆွတ်ခူး၍မြိန်ရှက်စွာ စားသောက် သုံးဆောင်ရသောသူနှင့်တူကုန်၏။ ထို့ကြောင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ သုံးပါးသည်အရေးအကြီးဆုံးသော အချက်ကြီး သုံးချက် ဖြစ်၏ ဟူ၍ ဆရာဆိုသတည်း။ နားလည်သဘောပေါက်ကြ စေခြင်းငှာ အကျဉ်းမျှ ဥပမာဖြင့်၊ ပြလိုက်သည်၊ လုံ့လစိုက်ကြလေ။

## ပဋ္ဌမတရားကို အားထုတ်ခါစ ပုဂ္ဂိုလ်တို့ရှုနည်းကို ပြခြင်း။

ဤသို့လျှင် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိတို့နှင့် ပြည့်စုံခဲ့လျှင် ဝိပဿနာတရားကို အားထုတ်ဘို့သင့်ပြီ။ တရားကို အားထုတ်ရာ၌ ပဋ္ဌမစာပေတွေ့မှုကိုယ်တွေ့ဖြစ်အောင်အားထုတ်ရမည်။ ကိုယ်တွေ့ဟူရာ၌ ငါကိုယ်တိုင်ဟူသော ငါတွေ့မျိုးမဟုတ်သေး။ ခန္ဓာကိုယ်၌ တွေ့သောအတွေ့၊ ဦးခေါင်း၌ တွေ့သောအတွေ့၊ လက်ခြေတို့၌ တွေ့သော အတွေ့မျိုးကို ဆိုလိုသည်။ (သို့ရာတွင် ခေါင်း ကိုယ် လက် ခြေ ဟူသော အသိမဝင်ရ) ရုပ်ဟူသောအသိသာ ဝင်ရမည်။ ဤသည်ကိုသတိထားလေ။ ဤခန္ဓာကိုယ်အတွင်း၌ သန္တပ္ပန ဓေဇော တောက်လောင် မှုကြောင့် အဇ္ဈတ္တိက ပသာဒ ရုပ်တို့ကိုထိခိုက်လျက် ပထဝီ အာပေါ တေဇော ဝါယော အစရှိသော ရုပ်အစုတို့သည် တရှိန်ရှိန် တသုတ်သုတ် တဖြုတ်ဖြုတ်ဖြင့် ချုပ်ပျက်မှုသည် သန္တတိပျက်မည်၏။ ဝိဇ္ဇာမာနပညတ်ပျက်လည်းမည်၏။ ဤအပျက်ကစ၍ ရှုရမည်။

ထိုသို့ သန္တတိပျက်ကို ရှုတဲ့အခါ၊ ဦးခေါင်းထဲကသော်ငှင်း၊ ကိုယ်ထဲက သော်ငှင်း တရှိန်ရှိန် တဖြုတ်ဖြုတ် တသုတ်သုတ် တဖြင်းဖြင်း သော်ငှင်း တွေ့တတ်သည်။ တရွရွ တစစ်စစ် ဖြင့် သော်ငှင်း တွေ့တတ်သည်။ ခန္ဓာကိုယ်၌ ကွက်၍ကွက်၍သော်ငှင်း တွေ့တတ်သည်။ အထက်တက် အောက်ဆင်း သော်ငှင်း တွေ့ တတ်သည်။ ကိုယ်နှင့်တပြည့်အကျပ် အပ်ချစရာမလပ် သိမ်သိမ် မွေ့မွေ့ နူးနူး ညံ့ညံ့ သော်ငှင်း တွေ့တတ်သည်။ သိမှုဟူသော နာမ်ဓာတ် သည်လည်း ရုပ်ဓာတ် ဖြစ်ပျက်နေသရွေ့ အကုန်လုံး သိပျက် သိပျက် ဖြင့် ရုပ်ရောနာမ်ပါ ဖြစ်ပျက် နေခြင်းကို သိ အောင် ရှုရမည်။ ဤသို့လျှင် ရုပ်ဓာတ်သည်လည်း ဖြစ်ပျက်နေ ခြင်း၊ နာမ်ဓာတ်သည်လည်း သိပျက်သိပျက်ဖြင့် ဖြစ်ပျက်နေခြင်း တို့ကို ခန္ဓာကိုယ်နှင့်အပြည့် အကျပ် အပ်ချစရာမလပ် သိမ်သိမ် မွေ့မွေ့ နူးနူး ညံ့ညံ့ ဖြစ်ပျက်နေခြင်းကို ရုပ်ရောနာမ်ပါ တွဲ၍ ရှုတတ်ခဲ့သော် ညက်ညောသည်ထက် ညက်ညောအောင် ရက် အနည်းငယ်ဆက်၍ ရှုလေ။ ပြီးလျှင် ဒုတိယနည်းကို တက်၍ ရှုရမည်။ အကယ်၍ ဒုတိယနည်းကို ဉာဏ်မနိုင်သေးလျှင် ပဌမ နည်းကိုပင် ဆက်၍ရှုလေဦး။

**မှတ်ချက်။** ။သန္တတိပျက်ကို ရှုနေသော်လည်း မြင်သိပျက် ကြားသိပျက် နံသိပျက် ဗဟိဒ္ဓတွေ့ထိသိပျက် တို့ကိုလိုက်ပြီးမရှုရ။ အဘယ့်ကြောင့်နည်းဟူသော် ဤအာရုံတွေ့ကိုလိုက်၍ ရှုနေလျှင် ငါးပွက်ရာ ငါးစာချသကဲ့သို့ဖြစ်နေသည်ကတကြောင်း၊ ခဏိက ပျက်ကို ရှုတဲ့အခါ၌လည်း အကျင့်ပါပြီး အနှောင့်အရှက်ဖြစ်နေ လိမ့်မည်၊ ထို့ကြောင့်မရှုရ။ ဤသန္တတိပျက်ရှုနည်းသည် ဉာဏ်

နှံ့သူတို့အဘို့ဖြစ်၏။ ဉာဏ်နှံ့သောပုဂ္ဂိုလ်တို့သည် ဤသန္တတိပျက်ကို ထင့်မြင်လျှင် ဤခန္ဓာကိုယ်ကြီးသည် မမြဲပါ တကား၊ အနိစ္စပါတကား၊ ဒုက္ခပါတကား၊ ထိုရုပ်တရားကြီးကို မည်သူတဦး တယောက်မျှ အစိုးမရပါတကားဟူ၍သိပြီ။ ဤမျှလောက်သိလျှင်ပင် မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ကို ကောင်းစွာရပြီဟူ၍မှတ်လေ။

ဉာဏ်ရင့်သော ပုဂ္ဂိုလ်တို့ပင်ဖြစ်သော်လည်း ခဏိကပျက်ကို ရှုတဲ့အခါ၊ စိတ်တည်ကြည်ငြိမ်သက်မှုအကျင့် ဖြစ်စေခြင်း၄ါရင်း၊ မိမိကိုယ်တိုင်ကလျာဏမိတ္တအဖြစ်သို့ဆောင်ရွက်၍ တရားပြသောအခါ၌ရင်း၊ တပါးသောပုဂ္ဂိုလ်၏ ဉာဏ်အနှံ့အထက်ကို ခန့်မှန်း၍ ပြတတ်ခြင်း၄ါရင်း၊ အလုပ်တရား၌ အောက်သက် ကြေစေခြင်း၄ါရင်း၊ ထိုအကြောင်းတို့ကြောင့် ရှုအပ်သည်၊ လိုရင်းတော့မဟုတ်သေး။ လိုရင်းသည်ကား ငါသိမှ ငါကိုယ်တိုင် သိသော ခဏိက ပျက်ကိုရှုတတ်မှသာလိုရင်းဖြစ်၏။ ခဏိကပျက်ကို ရှုနေတဲ့အချိန်၌ အဆင်းကိုမြင်သည်ဖြစ်စေ၊ အသံကိုကြားသည် ဖြစ်စေ၊ မိမိရှုမြဲတိုင်းသော ခဏိကပျက်ကိုသာ အာရုံစိုက်၍ ရှုနေရမည်။ တရား အားထုတ်သော ပုဂ္ဂိုလ်သည် မကျန်းမမာဖြစ်၍ နာကျင် ကိုက်ခဲသော ဒုက္ခဝေဒနာ တွေ့ ဖြစ်ခဲ့သော် ထိုဒုက္ခဝေဒနာတို့ သက်သာရာရစေခြင်း၄ါရင်း၊ ပရမတ်ပျက်ကို အာရုံပြု၍ မရနိုင်ခဲ့သော်ရင်း၊ တရားအာရုံကို လက်မလွှတ်စေခြင်း၄ါ ဉဒယဗ္ဗယဉာဏ်သို့ တင်၍ရှုအပ်သည်။ သူ့နေရာနှင့်သူ့အလုပ်ကိုတော့ လုပ်သင့်သည်။ သို့သော် ပရမတ်ပျက်ကို ရှု၍ ဖြစ်လျှင် သေသည့်အထိ လက်မလွှတ်စေလင့်အ၊ သေအချာမှတ်။

မြင်သိပျက်၊ကြားသိပျက်၊အစရှိသော ရူပက္ခန္ဓာသန္တတိပျက်ကို နာမက္ခန္ဓာလေးပါး အပျက်နှင့် တွဲ၍ ခန္ဓာငါးပါး အပျက် ရှုမှတ်နည်းကို လျောက်ပတ်သောနေရာ၌ သပ်သပ် သီးခြား၍ ဖော်ပြလတ္တံ့။

## ဒုတိယ ရှုနည်းပြခြင်း မှ အကြောင်း လေးပါးကြောင့် ဖြစ်သော ရုပ်တို့ တိုးပွားပုံကို ပြခြင်း။

ပဌမအဆင့်ကို ညက်ညောစွာရှုနိုင်လျှင် ရုပ်ခေတ်၏ သန္တတိ ပျက်ကို ရှုခြင်းမှ လွတ်၍ ပရမတ္ထရုပ်ကလာပ်စည်းတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို၊ ဝါ၊ ခဏိကပျက်ကို နာမက္ခန္ဓာလေးပါး၏ဖြစ်ခြင်း ပျက်ခြင်းနှင့်တွဲ၍ရှုရမည်။ ပရမတ္ထရုပ်ကလာပ် စည်းတို့၏ ဖြစ်ခြင်း ပျက်ခြင်းဟူသည်—

ကံကြောင့် ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတု ကြောင့် ဖြစ်သောရုပ်၊ အာဟာရကြောင့် ဖြစ်သောရုပ်— ဟူ၍ လေးမျိုးရှိ၏။ ဤလေးမျိုးတို့၌ ကံကြောင့်ဖြစ်သောရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်း ကမ္မဇရုပ်တို့ကို ဖြစ်စေ၏။ ထို ကမ္မဇရုပ်တို့သည် ဌီကာလ၌ တေဇောနှင့် သြဇာ ဓာတ်တို့မှ ရုပ်သစ်တို့ကို ပေါက်ပွား၏။ ပြီးလျှင် ပဌမ ကမ္မဇရုပ်တို့သည် ဘင်သို့ကျရောက်သဖြင့် ပျက်ကုန်၏။ ထိုပေါက်ပွားသော ရုပ် သစ်တို့သည်လည်း ဌီကာလသို့ရောက်သဖြင့် နောက်ရုပ်သစ်တို့ကို

ပေါက်ပွားပြန်ပြီးလျှင် ဘင်သို့ ကျရောက်သဖြင့် ပျက်ကုန်၏။ နောက်နောက်၌လည်း ထိုနည်းတူစွာ အစဉ် ဆက်ကာဆက်ကာ ဖြစ်တဲ့ ရုပ်သစ်တွေကဖြစ်၍ ပျက်တဲ့ရုပ်ဟောင်းတွေက ပျက်ကြကုန်၏။ ကံအား အနုံ့-အထက်လိုက်၍ ပေါက်ပွားကုန်၏။

စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည်လည်း စိတ်ဖြစ်တိုင်း ဖြစ်တိုင်း စိတ္တဇရုပ်တို့ကို ဖြစ်စေ၏။ ထိုစိတ္တဇရုပ် တို့သည်လည်း ဌီကာလသို့ ရောက်တိုင်း ရောက်တိုင်း တေဇောနှင့် သြဇာကပင် ရုပ်သစ်တို့ကို ပေါက်ပွားပြီးလျှင် ပဌမ စိတ္တဇရုပ်တို့သည်လည်း ဘင်သို့ ကျရောက်သဖြင့် ပျက်ကြကုန်၏။ ထိုပေါက်ပွားသော ရုပ်သစ်သည်လည်း ဌီကာလသို့ရောက်သဖြင့် ရုပ်သစ်တို့ကိုပေါက်ပွားပြန်၏။ပြီးလျှင်ရုပ်ဟောင်းတို့သည် ဘင်သို့ ကျရောက်သဖြင့် ပျက်ကြကုန်၏။ နောက်နောက်၌လည်း ထိုနည်းတူစွာ အစဉ် ဆက်ကာ ဆက်ကာဖြစ်တဲ့ ရုပ်သစ်တွေက ဖြစ်၍ ပျက်တဲ့ ရုပ်ဟောင်းတွေကပျက်ကြကုန်၏။ပေါက်ပွားသော ရုပ်သစ်တို့သည် စိတ်အနုံ့-အထက်လိုက်၍ တိုးပွား ပေါက်ပွားကုန်၏။

ဥတုကြောင့်ဖြစ်သော ရုပ်တို့သည် လူတို့၏ခန္ဓာကိုယ်တခုလုံး၌ အလွန်များပြားကုန်၏။ ထိုဥတုဇ ရုပ်တို့သည်လည်း အထက်က နည်းတူ ပေါက်ပွားကုန်၏။တိုးပွားကုန်၏။ပျက်ကြကုန်၏။

အာဟာရကြောင့် ဖြစ်သော ရုပ်တို့သည်လည်း အထက်က နည်းတူ ဌီကာလ၌ ရုပ်သစ်တို့ကို ပေါက်ပွား၍ ရုပ်ဟောင်းတို့သည် ဘင်သို့ ကျရောက်သဖြင့်ပျက်ကြကုန်၏။ နောက်နောက်၌လည်း ထိုနည်း တူစွာ ဌီကာလသို့ ရောက်တိုင်း ရောက်တိုင်း အစဉ် ဆက်ကာ ဆက်ကာဖြစ်တဲ့ ရုပ်သစ်တွေကဖြစ်ကြ၍၊ ပျက်

သော ရုပ်ဟောင်း တွေက ပျက်ကြကုန်၏။ ပေါက်ပွား သော ရုပ်သစ်တို့သည် အာဟာရအနုံ့ -အထက်လိုက်၍ တိုးပွားပေါက် ပွားကုန်၏။

သဘော ဖြူစင် အိုသူတော်စင်၊ သူတော်စင်၏ ခန္ဓာအိမ် တခုလုံးသည် ဤ ကံစိတ်ဥတု အာဟာရတည်းဟူသောအကြောင်း လေးပါးကြောင့် ဖြစ်သော ရုပ်အစုတို့ သာလျှင် ဖြစ်၏ဟူ၍ အသေ အချာ မှတ်လေဦး။

## ရုပ်တို့၏ ဖြစ်ပုံ ပျက်ပုံကို ဥပမာဖြင့်ပြခြင်း။

ဤဆိုအပ်ခဲ့ပြီးသော ကံ-စိတ်-ဥတု-အာဟာရကြောင့် ဖြစ် ကုန်သောရုပ်တွေသည် ပရမတ္ထရုပ်တွေ ဖြစ်သောကြောင့် ပသာဒ စက္ခုဖြင့် မမြင်ကောင်း။ ပသာဒ သောတ။ ပသာဒ ဃာန။ ပသာဒ ဇိဝှါ။ ပသာဒ ကာယ တို့ဖြင့်လည်း မကြားကောင်း မနံကောင်းမလျက်ကောင်းမတွေ့ထိကောင်း။မနောဝိညာဏ်စိတ် ဟူသော ညာဏစက္ခုဖြင့်သာ မြင်ကောင်းသည်။ ဤသို့သော ပရမတ္ထ ရုပ်ကလာပ်စည်းတို့၏ ဖြစ်ပုံပျက်ပုံကို ဉာဏ်မှီ သဘော ပေါက်လွယ်အောင် ဥပမာကိုဆောင်ဦးအံ့။

ထိုဥပမာသည် ထပ်တူ ဥပမာဖြစ်၏။ တသွာ ပတ်လည်ခန့် ရှိသော သံတုံးတတုံးကို နေပူကျဲကျဲ ကွင်းပြင်ထဲမှာချထားသည် ရှိသော် ထိုသံတုံးသည် နေ့အခါ၌ ပူ၍ ညအခါ၌ အေးမည်ဖြစ် ၏။ အဘယ်ကဲ့သို့ အေးသနည်း၊ အဘယ်ကဲ့သို့ ပူသနည်းဟူသော် နေ့အခါ၌ ဗဟိဒ္ဓမှထောက်ပံ့သော ဥဏှတေဇော ဟူသော ဥတု ကြောင့် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်စည်း အသစ်တို့

သည် အပူလွန်ကဲ၍ဖြစ်၏။ ထိုအခါ ညက အအေး လွန်ကဲ၍ ဖြစ်သော ရုပ်ကလာပ်စည်း အဟောင်းတို့သည် ပျက်၍ပျက်၍ ကုန်ကြသောကြောင့် အပူလွန်ကဲသော ရုပ်ကလာပ်စည်း အသစ် တို့သည်သာကျန်ရှိ၍နေကြလေ၏။ထို့ကြောင့်ထိုသံတုံးသည်ဥဏှ တေဇောလွန်ကဲသောရုပ်ကလာပ်စည်း အစုသာလျှင်ဖြစ်ကြောင်း ကို ပြလျက်ရှိ၏။ တဖန်ညအခါ၌ ဗဟိဒ္ဓမှထောက်ပံ့သော သီတ တေဇော ဟူသော ဥတုကြောင့် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ် ကလာပ်စည်း အစုတို့သည် အအေး လွန်ကဲ၍ဖြစ်၏။ ထိုအခါ နေ့အခါက အပူလွန်ကဲ၍ဖြစ်သော ရုပ်ကလာပ်စည်းအဟောင်း တို့သည် ပျက်၍ ပျက်၍ ကုန်ကြသောကြောင့် သီတတေဇော လွန်ကဲ၍ဖြစ်သောရုပ်ကလာပ်စည်းအစုတို့သာလျှင် ကျန်ရှိ၍နေ ကြလေ၏။ ထို့ကြောင့် ထိုသံတုံးသည် သီတတေဇော လွန်ကဲ၍ ဖြစ်သော ရုပ်ကလာပ်စည်းအစုတို့သာလျှင် ဖြစ်ကြောင်းပြလျက် ရှိ၏။ ဤသို့လျှင် နေ့အခါ၌ ပူ၍ ညအခါ၌ အေးသတည်း။ ရုပ်ကလာပ်စည်းတို့၏ ဖြစ်ခြင်း ပျက်ခြင်း တို့သည် အစည်းလိုက် အစည်းလိုက် အစုလိုက် အစုလိုက် ဖြစ်ကြ ပျက်ကြ၏ ဟူ၍ အသေအချာမှတ်။

ရုပ်တို့၏ဖြစ်ပုံပျက်ပုံကိုဥပမာဖြင့်ပြခြင်းပြီး၏။

ဤသို့လျှင် အကြောင်း လေးပါးကြောင့် ဖြစ်ကုန် သော ပရမတ္ထရုပ်ကလာပ်စည်းတို့သည် မျက်တောင်တခတ်လျှပ်တပြက် အတွင်း၌ ကုဋေပေါင်းထောင်ကျော် ဖြစ်ပျက်၏။ ဤဆိုခဲ့ပြီးသော သံတုံးဟု ခေါ်သော ပရမတ္ထအဋ္ဌကလာပ်စည်းအစုတို့ဖြစ်ပျက်၍ နေသကဲ့သို့ သူတော်စင်၏ ခန္ဓာကိုယ်ဟု ခေါ်သော ပရမတ္ထ

အဌကလာပ်စည်း အစုတို့သည်လည်း ဖြစ်သည်နှင့် နေရာမရွေ့ မရှားပျက်၏။ ဤသို့ဖြစ်ပျက်နေသည်ကို ညာဏစက္ခုဖြင့် မြင်အောင်ရှုရမည်။ မိမိ၏ခန္ဓာကိုယ်ပင်ဖြစ်စေ သူတပါးတို့၏ခန္ဓာကိုယ်ပင်ဖြစ်စေ၊ မည်သည့်သက်ရှိသက်မဲ့ တို့ပင်ဖြစ်စေ၊ အားလုံးပင် အဌကလာပ်စည်း အစုတို့သာလျှင် ဖြစ်သောကြောင့် ပရမတ္ထ အဌကလာပ်စည်းတို့၏ သဘာဝအလျောက် ဖြစ်မှု ပျက်မှုတို့သည် ထပ်တူ ထပ်မျှချည်းဖြစ်၏။ ဤသို့ထပ်တူထပ်မျှ ဖြစ်ပျက်နေသည်ကို ဖြစ်ပျက်နေသည့်အတိုင်း ထင်မြင်မှ ထင်မြင်ရာရောက်သည်၊ ထိုကဲ့သို့ မဟုတ်ဘဲ မိမိ၏ ခန္ဓာကိုယ်ကို သာ ထင်မြင်ပြီးလျှင် ဗဟိဒ္ဓ သက်ရှိသက်မဲ့တို့၌ယောဘဲဝါးဝါးဖြစ်နေသေးလျှင်ပရမတ္ထ၏ ဖြစ်ခြင်းပျက်ခြင်းကို အတိအကျ မထင်မြင်သေးဟူ၍မှတ်။

အထက်ကဆိုအပ်ခဲ့သည့်အတိုင်း ကံကြောင့်ဖြစ်သော ရုပ်ဖြစ်သမျှတို့သည် ပျက်ခြင်း။ စိတ်ကြောင့်ဖြစ်သော ရုပ်ဖြစ်သမျှ တို့သည် ပျက်ခြင်း။ ဥတုကြောင့်ဖြစ်သော ရုပ်ဖြစ်သမျှ တို့သည် ပျက်ခြင်း။ အာဟာရကြောင့် ဖြစ်သော ရုပ်ဖြစ်သမျှ တို့သည် ပျက်ခြင်း။ အဇ္ဈတ္တဗဟိဒ္ဓထင်မြင်အောင်ရှုလေ။

သို့ရာတွင် ပဌမအစ၌ မိမိ၏ကိုယ်ကိုသာ ထင်မြင်သည်ထက် ထင်မြဲအောင်ရှုလေ၊ မိမိ၏ကိုယ်ကိုအမှန်ကျထင်မြင်လျှင် ဗဟိဒ္ဓပါ ထပ်တူထပ်မျှ ထင်မြင်လာလိမ့်မည်။

တကိုယ်လုံးကို အာရုံဖြင့် ခြုံ၍ငုံ၍ရှုတဲ့အခါ ဦးခေါင်းမှစ၍ အဇ္ဈတ္တ ဗဟိဒ္ဓ ခြေသည်း လက်သည်း ဆံပင် မွှေးညှင်းမျှမကျန် ဖြစ်ပျက်နေခြင်းကို ဉာဏ်မျက်စိဖြင့် ထင်မြင်နေရမည်။

ထင်မြင်နေရမည်ဟူရာ၌ အဘယ်ကဲ့သို့နည်း ဟူမူ၊ ဥပမာကို ဆိုဦးအံ့။ မိမိကိုယ်တိုင်ထားရှိသော ပစ္စည်းများကိုအဝေးမှ စဉ်း စားကြည့်တဲ့အခါ ဘာက ဘယ်နှစ်ခု ဘယ်အရောင် အသွေး ဘယ်ပုံစံဟု အပ်ချမတ်ချသိသကဲ့သို့၊ထို့အတူ အပ်ချ မတ်ချ သိ မြင်မှ ထင်မြင်ရာရောက်သည်။ ထိုကဲ့သို့ ထင်မြင်အောင်ရှုဆင်ခြင် လေ။ ဤသိခြင်းသည် စာသိမှုငါကိုယ်တိုင်သိသောအသိဖြစ်၏။

ထိုပရမတ္ထအဋ္ဌကလာပ်စည်းတို့၏ သဘာဝအလျောက် ခန္ဓာ ကိုယ်တခုလုံး၌အပြည့်အကျပ် ဖြစ်ပျက်နေခြင်းကို ကောင်းစွာ ထင်မြင်နေလျှင် တကိုယ်လုံး၌ သိမ့်သိမ့် သိမ့်သိမ့်ဖြင့် ဖြစ်ပေါ် တတ်သည်၊ ရွရွ ရွရွ ဖြင့် ဖြစ်ပေါ်လျှင် ပညာတ် မစင်ကြယ်သေး ဟူ၍မှတ်။ ထိုသို့ သိမ့်သိမ့် သိမ့်သိမ့် ဖြစ်ပေါ်လျှင် ထိုသိမ့်သိမ့် သိမ့်သိမ့်ကို အာရုံမပြုရ။ မိမိရှုမြဲတိုင်းသော ပရမတ္ထတို့၏ ဖြစ် ခြင်း ပျက်ခြင်းကိုသာ အာရုံမပြတ်ပြု၍ရှုရမည်။ သို့သော် ဖြစ် ခြင်း ပျက်ခြင်းကို ထင်မြင်တိုင်း ထင်မြင်တိုင်း သိမ့်သိမ့် သိမ့်သိမ့် ဖြစ်ချင်မှ ဖြစ်သည်၊ ဤသို့လည်းမှတ်လေဦး။ ထို့ကြောင့် သိမ့် သိမ့်ကို အာရုံပြုမနေရ၊ အသေအချာမှတ်။ ဤ သိမ့်သိမ့် သည် တခါတရံဖြစ်ပေါ်တတ်လို့သာထည့်ရေးလိုက်သည် ။သိမ့်သိမ့်တွေ ဘို့က လိုရင်းမဟုတ်။ ပရမတ္ထသဘာဝအလျောက် ဖြစ်ပျက် နေ တာကို အားကြီးစွာ ထင်မြင်ဘို့သာ လိုရင်းဖြစ်၏။ ထို့ကြောင့် အားကြီးစွာ ထင်မြင်အောင်ရှုလေတော့။

သူတော်စင်၏ ခန္ဓာကိုယ်၌ အကြောင်းလေးပါးကြောင့် ဖြစ် ကုန်သော ပရမတ္ထကလာပ်စည်းတို့သည် တရိပ်ရိပ် တငွေ့ငွေ့ ဖြင့် ဖြစ်ပျက်နေတာကို နာမက္ခန္ဓာ လေးပါးသည်လည်း အား

လုံးကိုပင် သိပျက် သိပျက် ဖြင့် သိလျက် ဖြစ်ပျက်၍ နေ၏။ အဘယ့်ကြောင့် အားလုံးကိုသိသနည်းဟူလည်း ရူပက္ခန္ဓာဖြစ်ပျက်မှုထက် နာမက္ခန္ဓာဖြစ်ပျက်မှုက မြန်ခြင်းကြောင့်သိ၏။အဘယ်မျှ မြန်သနည်း ဟူလျှင် ရူပက္ခန္ဓာ တချက် ပျက်လျှင် နာမက္ခန္ဓာ တဆယ့်ခုနစ်ချက် ပျက်၏။ အထက်ကဆိုအပ်ခဲ့ပြီ၊ ယခုဥပမာဖြင့် ပြဦးအံ့။

စက္ကူဖြတ်တဲ့ ဒါးစက်ပေါ်၌စက္ကူတဆယ့်ခုနစ်ရွက်ကို ထပ်၍ အသေအချာထားပြီးလျှင် စက်ကိုလှည့်၍ ဒါးဖြင့် တချက်တည်း ဖြတ်၊စက္ကူတဆယ့်ခုနစ်ရွက် သည်လည်း တရွက်နှင့်တရွက် မရှေး မနှောင်း တပြိုင်တည်းကဲ့သို့ ပြတ်ရာ၏။ ဒါးချက် တချက်သည် ရုပ်တချက်ပျက်နှင့်တူ၏။ စက္ကူ တဆယ့်ခုနစ်ရွက် ပြတ်ခြင်းသည် နာမ်တဆယ့်ခုနစ်ချက်ပျက်သည်နှင့်တူ၏။ထို့ကြောင့် ရူပက္ခန္ဓာ၌ ရုပ်ကနဲ တချက်ပျက်လျှင် နာမက္ခန္ဓာ၌တဆယ့်ခုနစ်ချက်ပျက်၏။ ဤသို့လျှင် ရူပက္ခန္ဓာ ဖြစ်ပျက်မှုထက်–နာမက္ခန္ဓာလေးပါး ဖြစ်ပျက်မှုကမြန်၏။

နာမက္ခန္ဓာ လေးပါးသည် ဖြစ်မှု ပျက်မှု အလွန် မြန်သောကြောင့် သမာဓိကိုရလျှင် ရူပက္ခန္ဓာ၏ ဖြစ်ပျက်သရွေ့ မသိတာ ဟူ၍မရှိ။ ရူပက္ခန္ဓာဖြစ်ပျက်နေသောနေရာခပ်သိမ်းတို့၌ မရောက်တဲ့နေရာဟူ၍မရှိ။ အကုန်လုံး အနှံ့ အစပ်ရောက်၏။ ထို့ကြောင့်လည်း အကုန်လုံးကိုပင်သိ၏။ ထိုနာမက္ခန္ဓာ၏ ဖြစ်ခြင်းပျက်ခြင်းကို ဉာဏ်မျက်စိဖြင့် ဆင်ခြင်လိုက်ပါမူ တကိုယ်လုံး၌ တံလျှပ်ကဲ့သို့ ဖြစ်၍နေ၏။ အဘယ့်ကြောင့်နည်းဟူသော်=

ဣဒံစိတ္တံ၊ ဤတရားနှစ်ဆယ့်တပါးသော စိတ်အစု ဟူသော ဝိညာဏက္ခန္ဓာအမူးရှိသော နာမက္ခန္ဓာလေးပါးသည်။ ပဘဿရံ၊ ပြိုး ပြိုး ပြက် တခဲနက် ထွန်းလင်းသော သဘောတည်း။ ဟူ၍ စကားတော်ရှိသော ထိုနာမက္ခန္ဓာလေးပါးသည် သိပ်ျက်သိပျက် ဖြင့် တလက်လက်ဖြစ်နေသောကြောင့် ဟူ၏။

**မှတ်ချက်။** ။တံလှပ် ဟူသည်–နွေရာသီ နေပူကျဲကျဲ ကွင်းပြင် ထဲကို ကြည့်လိုက်သောအခါ တလက်လက် ဖြစ် နေခြင်းကို တံလှပ်ခေါ်၏။

ထိုဥပမာဟူသော တံလှပ်ကို လူတို့၏ပသာဒစက္ခုဖြင့်မြင်နိုင် သော်လည်း ဥပမေယျဟူသော နာမက္ခန္ဓာလေးပါးကို မည်သူ တို့၏ ပသာဒစက္ခုနှင့်မျှ မမြင်ကောင်း။ ဉာဏစက္ခုဖြင့်သာမြင် ကောင်းသည်။ ဤသို့လျှင် ဉာဏစက္ခုဖြင့် မိမိ၏ခန္ဓာကိုယ်တခု လုံးကို အာရုံဖြင့်ခြုံ၍ သမာဓိဖြင့်ကြည့်လိုက်ပါမူ ရူပက္ခန္ဓာ ဟူ သော ပရမတ္ထကလာပ်စည်း တို့သည် သဘာဝအား လျော်စွာ ဖြစ်ပျက်၍ နေခြင်း။နာမက္ခန္ဓာ လေးပါးသည်လည်း တကိုယ်လုံး၌ မရောက်တဲ့နေရာဟူ၍ မရှိ အနှံ့ အစပ် ရောက်သဖြင့် သိပျက် သိပျက်ဖြင့် တလက်လက် ဖြစ်ပျက်နေခြင်းတို့ကို အာရုံစိုက်မိ၍ ထင်မြင်လျှင် ထင်မြင်သည့်အတိုင်းအာရုံမလွှတ်စေလင့်။ အထက် က ဆိုခဲ့သည့်အတိုင်း ရူပသဒ္ဒတို့၏ နောက်ကို မလိုက်လေနှင့်။ လျောင်း ထိုင် ရပ် သွား ဣရိယာပထ လေးပါးစလုံးလက်မလွှတ် စေလင့်။ အိပ်ပျော်သည့်အခါ၌လည်း ထင်မြင်လျက် အိပ်ပျော် ပါစေ။ အိပ်ရာမှနိုး၍ မျက်စိနှလုံးပွင့်သည့်အချိန်မှစ၍ နှစ်ဆယ့် လေးနာရီစလုံး ဆင်ခြင်ပါစေ။တရားအားထုတ်နေသရွေ့ ကာလ

ပတ်လုံး **အာရုံ** ကြာကြာအလွတ်မခံဘဲ ထင်မြင်ပါစေ။ ထိုကဲ့သို့ မိမိ၏ခန္ဓာကိုယ်ကို ညက်ညောစွာ ထင်မြင်လျှင် မိမိနှင့်တကွ မိမိ နေထိုင်သော အဆောက်အဦမှ အစပြု၍ အားလုံးသော သက်ရှိ သက်မဲ့တို့ကိုပါ ဉာဏ်နိုင်သလောက်အာရုံဖြင့် ခြုံ၍ငုံ၍ ထပ်တူ ထပ်မျှ ညက်ညက်ညောညော ထင်မြင်အောင်ရှုရမည်။ ဤသွန် ကြားချက်အတိုင်း သမာဓိနှင့် ဝီရိယကို ညှိနှိုင်းပြီး မပြတ်မလပ် ကြိုးစား၍ အားထုတ်လျှင် မဂ်ဖိုလ်ကို ကေန်မုချရမည်မှတ်။

အကြင်သူတော်စင်သည် အကယ်၍အကြောင်းတခုခုကြောင့် မဂ်ဖိုလ်ရသည့်တိုင်အောင် အားမထုတ်နိုင်လျှင် ထိုအားကြီးသော ဗလဝဝိပဿနာ အာရုံကို လက်မလွှတ်စေလင့်။ ဤဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ထိန်း သိမ်းစောင့်ရှောက်လျက် ဆောင်ရွက်စရာရှိသော လောကဝတ် ကို ဆောင်ရွက်လေ။ညအခါအိပ်ချိန်ကိုလျှော့ပြီးလျှင် ကြိုးစား၍ အားထုတ်လေ။ဤသို့ လောကဝတ် ကို ဆောင်ရွက်လျက်နှင့်ပင် မဂ်ဖိုလ်ကိုရနိုင်သည်ဟူ၍လည်း မှတ်လေ။

## ၇–ရက် ၇–လ ၇–နှစ် နှင့် မဂ်ဖိုလ်ရသည်ကို ပြခြင်း။

မဂ်ဖိုလ် ရထိုက်သော ပုဂ္ဂိုလ်တို့သည် သတိပဋ္ဌာန်တရားလေး ပါး တပါးပါးကို မပြတ်မလပ် အားထုတ် ပွားများခဲ့သော်– ၇–ရက် ၇–လ ၇–နှစ် နှင့် မဂ်ဖိုလ် ရသည်ဟု ကျမ်းဂန်၌ ပါရှိကြောင်း အောက်၌ဖော်ပြဦးအံ့။

ဝိပဿနာရှုခြင်းဟူသော ဓမ္မာနုဓမ္မအမှုတော်ကို ကာယဇီဝိတ၌ မငဲ့မကွက် အားထုတ် လုံ့လဥဿာဟ ပြုလျှင် သတ္တမာသနှင့်ပင်ငှင်း၊ သတ္တဒိဝသနှင့်ပင်ငှင်း မဂ်ဖိုလ်ပြီးမြောက် ရောက်၏ဟု အစိန္တေယျ ဟောတော်မူသော ပါဠိတော်လည်း နေမင်းလမင်းကဲ့သို့ ထင်ရှားစွာရှိ၏။ သတ္တာဟ=ခုနစ်ရက်မျှနှင့် မဂ်ဖိုလ်ပြီးမြောက် ရောက်ကြောင်းကို ဟောတော်မူချက် ရွေနှုတ်တော်ထွက် အဘယ်ကျမ်း၌ရှိသနည်း ဟူလျှင် ဒီဃနိကာယ် သုံးကျမ်းတို့တွင် သုတ်မဟာဝါ ကျမ်း၌လည်းရှိ၏။ မဇ္ဈိမနိကာယ် သုံးကျမ်းတို့တွင် မူလပဏ္ဏာသကျမ်း၌လည်း ရှိ၏ဟူလေ။ ရွေနှုတ်တော်ထွက် ဗျာဒိတ်ချက်ကား ဤသို့တည်း။

> ယောဟိကောစိဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေဧဝံ ဘာဝေယျ၊သတ္တာဟံ၊တဿဒ္ဒိန္နံဖလာနံ အညတရံဖလံပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေအနာဂါမိတာ။ ။

ဤသည်ကား သတ္တာဟနှင့်မဂ်ဖိုလ်ပြီးမြောက် ရောက်သည်ကို ဟောတော်မူချက် ရွေနှုတ်တော်ထွက်တည်း။

အနက်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ တစုံတဦး မဂ်ဖိုလ် ရထိုက်သော သူသည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဘာဝေယျ၊ ပွားစေရာ၏။ တဿ၊ ထိုသူအား။ ဒ္ဒိန္နံ၊ နှစ်ပါး ကုန်သော။ ဖလာနံ၊အနာဂါမိဖိုလ် အရဟတ္တဖိုလ် တို့တွင်။အညတရံ၊ တခုခုသော။ ဖလံ၊ ဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုပစ္စက္ခဘဝ၌ လျှင်။

ပါဠိကာခ်ံ၊ အလိုရှိအပ်၏။ မုချရအပ်၏။ အညဝ ါ၊ အရဟတ္တဖိုလ်ဋ္ဌင်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။သတိ၊ ရှိသော်။အနာဂါမိတာဝ ါ၊ အနာဂါမိဖိုလ်ဋ္ဌင်း။တေသံဒွိန္နံဖလာနံ၊ ထိုဖိုလ်နှစ်ခုတို့တွင်။ အညတရံဖလံ၊ တခုခုသောဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ၌။ ပါဠိကာခ်ံ၊ အလိုရှိအပ် မုချရအပ်၏။ မဂ်ဖိုလ်ရထိုက်သောသူ မဂ်ဖိုလ်ရအောင် သတိပဋ္ဌာန်ကို ခုနစ်နှစ်ပတ်လုံး အားထုတ်လျှင် မဂ်ဖိုလ်ရ၏။ ခုနစ်လပင် အားထုတ် သော်လည်း မဂ်ဖိုလ်ရ၏။ ခုနစ်ရက်မျှပင် အားထုတ်သော်လည်းမဂ်ဖိုလ်ရ၏။ ဤသို့ မုချ သံသယမရှိ ဒေသနာတော်ကို ယုံကြည်သောစိတ်ဖြင့် မှတ်သင့်သည် မှတ်လေ။

ဤသို့ နှစ်၊ လ၊ ရက် အပိုင်းနှင့် ဟောတော်မူခြင်း သည် ယခုဘဝ မဂ်ဖိုလ်ရထိုက်သောပုဂ္ဂိုလ် အညံ့ဆုံး နေယျပုဂ္ဂိုလ်ကို ရည်၍ဟောတော်မူသည်။နေယျပုဂ္ဂိုလ် အယုတ် အလတ် အမြတ်သုံးတွေ ရှိသည်တွင်လည်း အလတ်မဇ္ဈိမ နေယျပုဂ္ဂိုလ်ကိုရည်၍ ဟောတော်မူသည် မှတ်။

ထို့ကြောင့် သဗ္ဗမ္ပိ စေတံ မဇ္ဈိမဿေဝ နေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ။ ။ဟု မူလပဏ္ဏာသသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ လာသည်။ ဏကြီး (ဏ) ချပ်။ နေယျ ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း တိက္ခပညာ ဖြစ်မူကား နံနက်ကာလ လုံ့လပြုလျှင် ညချမ်းကာလ မဂ်ဖိုလ်ရ၏။ ညချမ်းကာလ လုံ့လပြုလျှင် နံနက်ကာလ မဂ်ဖိုလ်ရ၏။ ထိုသို့ရကြောင်းကို ဋ္ဌင်းအဋ္ဌကထာ၌—

တိက္ခပညံ့ပန သန္ဓာယ ပါတော အနုသိဋ္ဌော၊သာယံ ဝိသေယံ အဓိ ဂမိဿတိ ဝုတ္တံ။ ။ဟု လာရှိသည်။ ဥဂ္ဃဋိတဉ္ဉူ ဝိပဉ္စိ

တည်ူနေယျ ဤသို့ ယခုဘဝ မဂ်ဖိုလ် ရထိုက်သော ပုဂ္ဂိုလ် သုံးယောက် ရှိသည်ဟု သိလေ။

( ဤကား တောင်လေးလုံးဆရာတော် ၏ မူ မှ မိတ္တူကူး ထည့်လိုက်ခြင်းဖြစ်၏။ )

တောင်လေးလုံးဆရာတော်၏ မူမှ ဟောတော်မူသည်ကို အကျဉ်းချုပ်၍ ကြည့်ခဲ့သည်ရှိသော်၊ မဂ်ဖိုလ်ရထိုက်သော ပုဂ္ဂိုလ်သည် ကာယဇီဝိတဥ္မင့်ကွက်မူ၍ ခုနစ်ရက်ပတ်လုံး၊ ခုနစ်လပတ်လုံး၊ ခုနစ်နှစ်ပတ်လုံး အားထုတ် လုံ့လ ဥဿာဟပြုလျှင် မဂ်ဖိုလ်ကားရရှိ၏ ဟု ပါရှိ၏။ ဤသို့ ပါရှိခြင်းသည် တနေ့မှ တနာရီလောက်၊ တလမှ ဆယ်ရက်လောက်၊တနှစ်မှ တလ နှစ်လ လောက် အစရှိသည်ဖြင့် ဤသို့ ပေါ်ပေါ် တန်တန် အားထုတ်ရုံနှင့် မဂ်ဖိုလ်ကား မရဟု အဓိပ္ပာယ်ရှိ၏။

ဤစကားမှန်၏။ မြတ်စွာဘုရား ရွှေလက်ထက်တော် မှာပင် ပဋိပတ်ကို လွန်စွာအားထုတ်မှ မဂ်ဖိုလ်ကိုရဘဲ့ပုဂ္ဂိုလ်တွေ ရှိကြကုန်၏။ ယခုလို အဝိဇ္ဇာနှင့်တဏှာ ထူပြောသော ခေတ်ဥ္မမှုကား မဂ်လမ်း ဖိုလ်လမ်း လည်း မှန်ပါမှ လွန်စွာ လွန်စွာလည်း အားထုတ်နိုင်ပါမှ မဂ်ဖိုလ်ကို ရမည်ဟု နားလည် သဘော ပေါက်သင့်၏။

ဝိပဿနာအလုပ်သည် အလုပ်တရားကို မလုပ်တတ်လျှင် အချိန်လည်းကုန်၏။ ပိုက်ဆံလည်းကုန်၏ လမ်းမှားကိုလည်း လိုက်မိတတ်၏။ အလုပ်တရားကို နားလည်ခဲ့သည် ရှိသော် အလွန်လည်း လွယ်၏၊ အချိန်လည်းမကုန်။ ပိုက်ဆံလည်းမကုန်။ဆေး

စက်ကျရာ အရုပ်ဖြစ်သော ပန်းချီဆရာနှင့်တူ၏။ ပရမတ္ထဓမ္မ တို့၏ ဖြစ်ခြင်း ပျက်ခြင်း ကို စွဲမြဲစွာ အာရုံပြုနိုင်ဘို့သာလို၏။ ထိုသို့ စွဲမြဲစွာ အာရုံပြုနိုင်လျှင် လာရင်း သွားရင်း လုပ်ရင်း ကိုင်ရင်းနှင့် မဂ်ဖိုလ်ကိုရ၏ ဟု အသေအချာမှတ်။

## ခန္ဓာငါးပါးရှုမှတ်နည်း ပြခြင်း။

အဲမှတ်တရားနှင့် နေလိုသည့်ပုဂ္ဂိုလ်များအဘို့အထက်မှညွှန်ခဲ့သည့်အတိုင်း ယခုအခါ မြင်သိပျက် ကြားသိပျက် အစရှိသော ရူပက္ခန္ဓာ သင်္ခတပျက်နှင့် နာမက္ခန္ဓာလေးပါးအပျက်ကို တွဲ၍ ခန္ဓာငါးပါးအပျက် ရှုမှတ်နည်းကို ပြဦးအံ့။

နာမက္ခန္ဓာလေးပါးသည် နှလုံးအိမ်အဲတွင်း၌ အထက်က ဆိုခဲ့သည့်အတိုင်း တံလျှပ်ကဲ့သို့ လက်လက် လက်လက် သိပျက် သိပျက် ဖြင့် ဖြစ်ပျက်၍ နေ၏။ ထိုသို့ ဖြစ်ပျက်လျက်နှင့် ပင်မျက်စိထဲ၌ ဝင်းကနဲ မြင်သည်ဟုသိလျှင် နာမက္ခန္ဓာ လေးပါး သည် စက္ခုပသာဒရုပ်၌ တလက်လက် ဖြစ်ပေါ်ပြီဟု သိရမည်။ နားထဲ၌ အသံတခုခုကို ကြားသည်ဟုသိလျှင် သောတပသာဒ ရုပ်၌ နာမက္ခန္ဓာလေးပါးသည် တလက်လက်ဖြစ်ပေါ်ပြီတှု သိရမည်။ နှာခေါင်းထဲ၌ အနံ့တခုခုကို နံသည်ဟုသိလျှင် နာမက္ခန္ဓာ လေးပါးသည် ဃာနပသာဒရုပ်၌ တလက်လက် ဖြစ်ပေါ်ပြီဟု သိရမည်။ လျှာပေါ်၌ အရသာတခုခုကို သိလျှင် နာမက္ခန္ဓာ လေးပါးသည် ဇိဝှါပသာဒရုပ်၌ တလက်လက် ဖြစ်ပေါ်ပြီဟု သိရ မည်။ ဦးခေါင်းထဲ၌ တဒိတ်ဒိတ်ဖြင့် ဦးခေါင်းခဲတာ ကို သိလျှင် ထိုဦးခေါင်း၌ရှိသောပသာဒရုပ်တို့၌ နာမက္ခန္ဓာလေးပါး

သည်တလက်လက်ဖြစ်ပေါ်ပြီဟုသိရမည်။ ကျောတပြင်လုံး၌တရွရွ ဖြစ်နေတာကိုသိလျှင် ထိုကျောတပြင်လုံး၌ရှိသော ကာယပသာဒ ရုပ် ၌ နာမက္ခန္ဓာလေးပါးသည် တံလှပ်ကဲ့သို့ တလက်လက် ဖြစ် ပေါ်ပြီဟုသိရမည်။ ရင်တခုလုံး၌ တရှိန်ရှိန်ဖြစ်နေတာကိုသိလျှင် ထိုရင်တခုလုံး၌ရှိသော ကာယပသာဒရုပ်၌ နာမက္ခန္ဓာလေးပါး သည် တံလှပ်ကဲ့သို့ တလက်လက် ဖြစ်ပေါ်ပြီဟု သိရမည်။ ခြေ တချောင်းလုံး၌ တရွရွ တစစ်စစ် ကျင်၍နေတာကိုသိလျှင် ထိုခြေ တချောင်းလုံး၌ရှိသော ကာယပသာဒရုပ်၌ နာမက္ခန္ဓာလေးပါး သည် တံလှပ်ကဲ့သို့ တလက်လက် ဖြစ်ပေါ်ပြီဟု သိရမည်။

အကယ်၍ ထိုဆိုအပ်ခဲ့ပြီးသော နေရာအားလုံးတို့၌နာမက္ခန္ဓာ လေးပါးသာ မဖြစ်ပေါ်ခဲ့လျှင် အသားတွေပြတ်ကြွေ၍ကျသော်လည်း မသိနိုင်ရာ။ ထိုကဲ့သို့ စက္ခု သောတ ဃာန ဇိဝှါ ကာယ တို့၌ နာမက္ခန္ဓာလေးပါး ဖြစ်ပေါ်နေခိုက် နှလုံးအိမ်အတွင်း၌ နာမက္ခန္ဓာလေးပါး ပြတ်စဲကွယ်ပျောက်၍နေမြဲ ဓမ္မတာဖြစ်၏။ တကိုယ်လုံးနေရာအနှံ့အပြား၌ နာမက္ခန္ဓာလေးပါး ဖြစ်၍ဖြစ်၍ အချုပ်အချုပ် အဆုံးအဆုံး တွင် နှလုံးအိမ်အတွင်း၌ ညွတ်ကာ ညွတ်ကာ ဖြစ်ပေါ်မြဲဓမ္မတာပေတည်း။ ဤသို့လျှင်ခန္ဓာအိမ်တခု လုံး၌ အဇ္ဈတ္တ ဗဟိဒ္ဓ အနှံ့အပြားပသာဒရုပ် ရှိရှိရာ နေရာ တို့၌ နာမက္ခန္ဓာလေးပါးသည် မရောက်ဟူ၍မရှိ။ ထို့ကြောင့် မြင်သိ စိတ် ကြားသိစိတ် နံသိစိတ် လျက်သိစိတ် တွေ့ထိသိစိတ်ဖြစ်တိုင်း ဖြစ်တိုင်း ခန္ဓာငါးပါး ခန္ဓာငါးပါးဟု မှတ်၍မှတ်၍နေရမည်။

မှတ်ရမည့်နည်းမှာ စက္ခုပသာဒရုပ်၌ ရူပါရုံ ထင်လာသော အခါ စိတ်ကို စက္ခုပသာဒရုပ်၌ ချုပ်ထိန်းလျက် နာမက္ခန္ဓာလေး

ပါး၊ရူပါရုံဟူသော ရူပက္ခန္ဓာတပါးနှင့် ခန္ဓာငါးပါးကိုသိအောင် ဆင်ခြင်ပြီးလျှင် ခန္ဓာငါးပါး၊ ခန္ဓာငါးပါး ဟုမှတ်၍ မှတ်၍ နေရမည်။ ဖြစ်ခြင်း ပျက်ခြင်းကိုလည်း ပါအောင် မှတ်ရမည်။ သောတပသာဒရုပ်၌ သဒ္ဒါရုံထင်လာသောအခါ စိတ်ကို သောတပသာဒရုပ်မှာ ချုပ်ထိန်းလျက် နာမက္ခန္ဓာလေးပါး၊ သဒ္ဒရုပ်ဟူသော ရူပက္ခန္ဓာတပါး နှင့် ခန္ဓာငါးပါး၊ ခန္ဓာငါးပါး ဟု အထက်ကနည်းတူ မှတ်၍နေရမည်။ ထို့အတူ ဃာနပသာဒရုပ် ဇိဝှါပသာဒရုပ် ကာယပသာဒရုပ် တို့၌လည်း ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့ ထင်လာ ထိခိုက်လာတိုင်း ခန္ဓာငါးပါး၊ ခန္ဓာငါးပါးဟု မှတ်၍ မှတ်၍ နေရမည်။ ဤဆိုအပ်ခဲ့ပြီးသော အမှတ်တရားကို နေရင်း ထိုင်ရင်း လာရင်း သွားရင်း လုပ်ရင်း ကိုင်ရင်း စားရင်း သောက်ရင်းဖြင့် မှတ်၍နေလေ။

ဤခန္ဓာငါးပါးကိုမှတ်ရာ၌ အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ တို့သည် ရုပ်ဟူ၍သိပြီး နားလည်ပြီး ဖြစ်သောကြောင့် မှတ်၍လွယ်၏။ နာမက္ခန္ဓာ လေးပါးကိုသာ မှတ်၍ ခက်ခဲတတ်သည်။ ထို့ကြောင့် ရူပါရုံကိုမြင်လျှင် ရူပါရုံဟုသိမှု ရူပါရုံ၏ ရသာကို ခံစားမှု ရူပါရုံ၏ အာရုံကိုမှတ်မှု စေ့ဆော်တိုက်တွန်းမှု ဟူသော ဝိညာဏက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ ဤ နာမက္ခန္ဓာလေးပါး ကိုသာ ညက်ညောစွာမှတ်နိုင်ရန် အထူး ဂရုစိုက်ရမည်။ ပဌမမှတ်ခါစမှာ ခက်ခဲနေတတ်သည်၊ သို့သော် ကြဲစည်စဉ်းစား၍မှတ်နေလျှင် နည်းလမ်းရပြီး မှတ်တတ်လာလိမ့်မည်။ ထိုအခါ ထိုအဲ့မှတ်တရားကိုပင် နှစ်ခြိုက်ပျော်ပိုက်၍ လာလိမ့်မည်။ ထိုသို့မှတ်ပါများ၍ အကျင့်ရလျှင် စိတ် ကျရောက်ရာ

အံရပ်၌ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးဟု ထင်၍ ထင်၍ နေလိမ့်မည်၊ ထိုအခါ ပုဂ္ဂလသတ္တ ပြုတ်၍ ပြုတ်၍ နေလိမ့်မည်။ ထိုသို့ ခန္ဓာငါးပါးကိုသာ ထင်၍နေလျှင် တဒင် တဒင် သက္ကာယပြုတ်၍ နေလိမ့်မည်။ ဤဆိုအပ်ခဲ့ပြီးသော အမှတ်တရားကို သိမ်မွေ့ညက် ညောစွာ မှတ်နိုင်လျှင် ကြိုးစားပြီး မလစ်မလပ် မှတ်၍ နေလေ။

သူတော်စင်သည် အကယ်၍မဂ်ဖိုလ်ဆိုက်ရောက်ရန်အကြောင်း ခိုင်လုံလျှင် ဤအမှတ်တရားကို မှတ်၍နေလျက်နှင့်ပင် တဖြည်းဖြည်း ဉာဏ်အမြင် စင်ကြယ်လျက် မဖြစ်စဘူးထူးကဲစွာ ဝိဇ္ဇာဉာဏ်သည် တဒင် ထွန်းလင်းပြီးလျှင် ပရမတ္ထရုပ်နာမ် တို့သည် ဉာဏ်ဝ၌ ထင်းထင်းကြီး မြင်လျက် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဟု ပုထုဇဥ် အနွယ်ပြတ်၍ အရိယာဇာတ် သို့ပင် ရောက်နိုင်လေသတည်း။

## ၂၄—ပစ္စည်း ပြခြင်း။

ဤသို့လျှင် တယောက်သော သတ္တဝါ၏ ရူပက္ခန္ဓာ၌ နာမက္ခန္ဓာတို့သည် နှစ်နေရာမျှိုင်၍ဖြစ်ရိုးမရှိ။ တနေရာချုပ်မှ တနေရာ၌ ဖြစ်ပေါ်မြဲ ဖြစ်၏။ တနေရာထည်း ၌လည်း နာမက္ခန္ဓာသည် နှစ်ချမိုင်၍ ဖြစ်ရိုးမရှိ။ ရှေ့ နာမက္ခန္ဓာချုပ်မှ နောက် နာမက္ခန္ဓာ အသစ်ဖြစ်ရိုးသာလျှင်ရှိ၏။ ထို့ကြောင့် ကျေးဇူးပြုရာ၌ စကြဝတေးမင်းသည် မိမိထင်ရှား မရှိသည်၏ အခြားမဲ့ ဖြစ်၍ သားကြီး ရတနာအား မင်း၏အဖြစ်ကိုကျေးဇူးပြုသကဲ့သို့ ရှေးရှေး နာမက္ခန္ဓာသည် အခြားမဲ့ ဖြစ်၍ နောက် နောက်

နာမက္ခန္ဓာအား ကျေးဇူးပြုခြင်းသည် အနန္တရပစ္စည်း မည်၏။ ကောင်းစွာအခြားမဲ့ဖြစ်၍ နောက်နောက် နာမက္ခန္ဓာအား ကျေးဇူးပြုခြင်းသည် သမနန္တရပစ္စည်း မည်၏။ ရှေးရှေး နာမက္ခန္ဓာသည် ထင်ရှား မရှိသည်ဖြစ်၍ နောက်နောက် နာမက္ခန္ဓာအား ဖြစ်ခွင့်ကို ပေးသောအားဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်း မည်၏။ ရှေးရှေး နာမက္ခန္ဓာလေးပါးသည် မိမိနှင့် ကင်းပြတ်သည်ဖြစ်၍ နောက်နောက် နာမက္ခန္ဓာလေးပါးအားကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်းမည်၏။ ဤလေးပစ္စည်းသည် သဘောအတူတူပင်ဖြစ်၏။

ဤနာမက္ခန္ဓာ လေးပါးတို့သည် ခန္ဓာကိုယ်တခုလုံး၌ အဇ္ဈတ္တဗဟိဒ္ဓ နေရာအခြားအလပ်မရှိ အနှံ့အစပ်ရောက်သဖြင့် တကိုယ်လုံး၌ တံလှပ်ကဲ့သို့ တလက်လက် ဖြစ်ပေါ်၍ နေသော်လည်း ရူပက္ခန္ဓာတို့နှင့် ငြိတွယ်ရောယှက်ခြင်းမရှိခြင်းသည် ဝိပ္ပယုတ္တပစ္စည်း မည်၏။

ထိုနာမက္ခန္ဓာလေးပါးတို့၏ ဖြစ်အတူ ပျက်အတူ ယှဉ်ဖော်ယှဉ်ဘက်မှုသည် သမ္ပယုတ္တပစ္စည်းမည်၏။

ဤရူပက္ခန္ဓာကြီး၌ရှိသော ပသာဒရုပ်တို့၌ သက်ဆိုင်ရာအာရုံခြောက်ပါး ထိခိုက်မှု ထိခိုက်ရာ ဌာန၌ ဝိညာဏ် ခြောက်ပါး၊ နာမက္ခန္ဓာ လေးပါးတို့ ဖြစ်ပေါ် နိုင်ကြခြင်းသည် အာရမ္မဏပစ္စည်းမည်၏။

အထူးပြု၍ အကြီးအကဲအဖြစ်ဖြင့်ကျေးဇူးပြုသောအာရုံမျိုးသည် အဓိပတိပစ္စည်းမည်၏။

လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ တို့သည် နာမ်ရုပ်တို့အား အမြင့်မူလကိစ္စဖြင့် ကျေးဇူး ပြုခြင်းသည် ဟေတုပစ္စည်းမည်၏။

ပထဝီ အာပေါ တေဇော ဝါယော အစရှိသော ရုပ်ခေတ်လျှင် ရုပ်ခေတ် အချင်းချင်း၊ သိမှု ခံစားမှု မှတ်မှု စေ့ဆော်မှု အစရှိသော နာမ်ခေတ်လျှင် နာမ်ခေတ်အချင်းချင်း မှိုင်၍ပြိုင်၍ အတူတကွဖြစ်ကြခြင်း၊အပြန်အလှန် ကျေးဇူးပြုကြခြင်းတို့သည် သဟဇာတပစ္စည်း, အညမညပစ္စည်း မည်၏။

နာမ်ခေတ်လျှင် နာမ်ခေတ် အချင်းချင်း၊ ရုပ်ခေတ်လျှင် ရုပ်ခေတ် အချင်းချင်း မှီကြရခြင်းသည်၎င်း၊ အထက်၌ဆိုအပ်ခဲ့ပြီးသော နာမ်ခေတ်နှင့် ရုပ်ခေတ်သည် တဦးကို တဦး အမှီပြုရခြင်းတို့သည်၎င်း နိဿယပစ္စည်းမည်၏။

ဘုရားအစရှိသော ရတနာမြတ်သုံးပါးတို့အား မှီခိုအားထားကိုးကွယ် ဆည်းကပ်ရခြင်း၊ မိဘ ဆရာသမား တို့အား မှီခိုအားထားရခြင်း၊ သား သမီး တို့အား မှီခိုအားထားရခြင်း၊ ရေတွင်း၊ ရေကန်၊ ကျောင်း၊ အိမ်၊ ယာ၊ လယ်၊ မြေ အစရှိသည်တို့ အား အထူးသဖြင့် မှီခိုအားထားရခြင်း ဟူသော ကျေးဇူး တို့သည် ဥပနိဿယပစ္စည်းမည်၏။

နှလုံးသွေး၌ တံလှပ်ကဲ့သို့ တလက်လက်ဖြင့် ဖြစ်ပေါ် နှင့်သော မနောဝိညာဏ် နာမက္ခန္ဓာလေးပါး တို့သည် အတိတ် အနာဂတ် ဖြစ်သောအာရုံ တို့ကို၎င်း၊ မိမိတို့နှင့် ပြိုင်၍ဖြစ်သော အာရုံတို့ကို၎င်း အစွဲပြု၍ ဖြစ်နိုင်ကြ ကုန်၏။ စက္ခု သောတ

ဿာန ဇီဝှါ ကာယ တို့၌ ဖြစ်ပေါ် ကြကုန်သော နာမက္ခန္ဓာ လေးပါးတို့သည်မူကား ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဟူသော ပဉ္စပွန်အာရုံတို့၏ ထိခိုက်ခြင်းကို အစွဲပြုရမှသာ ဖြစ်နိုင်ကြကုန်၏။ အာရုံတို့ကဖြစ်ပေါ်မှု အနည်းငယ် ရှေးကျလိုက်လျှင် ကြို တင်၍ လှုံ့ဆော်ကြရကုန်၏။ ဤသို့သော ကျေးဇူးပြုခြင်းသည် ပုရေဇာတပစ္စည်းမည်၏။

ရှေးရှေးကြိုတင်၍ ပေါက်ရောက် ပြီးသော မြက်သစ်ပင်တို့အား ကြီးပွားခြင်းငှာ နောက်နောက် ရွာသွန်းသော မိုဃ်းရေသည် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးကြိုတင်၍ဖြစ်ပေါ်နှင့်ကြကုန်သော ရုပ်ခန္ဓာတို့အား ထက်သန် အားကောင်း ကြစေခြင်းငှာ နောက်နောက်၌ ဖြစ်ပေါ်ကြကုန်သော နာမက္ခန္ဓာ လေးပါးတို့သည် ကျေးဇူးပြုကြကုန်၏။ ဤသို့သော ကျေးဇူးပြုခြင်း သည် ပစ္ဆာဇာတပစ္စည်းမည်၏။

ရှေးရှေး သင်အံ လေ့ကျက်သော စာပေ တို့သည် နောက်နောက် သင်အံလေ့ကျက်သော စာပေတို့ကို ရလွယ် မှတ်မိလွယ်စေခြင်းငှာ အဆင့်ဆင့်အားပေးချီးမြှင့်၍ ကျေးဇူး ပြုသကဲ့သို့ ရှေးရှေးသော ဇော နာမက္ခန္ဓာ လေးပါး တို့သည် နောက်နောက်သောဇော နာမက္ခန္ဓာလေးပါးတို့အား သိလွယ် ထင်မြင်လွယ်အောင် အဆင့်ဆင့် အားပေး ချီးမြှင့်၍ ကျေးဇူးပြုကြခြင်းသည် အာသေဝနပစ္စည်းမည်၏။

အထက်ကဆိုအပ်ခဲ့ပြီးသော သင်္ခါရက္ခန္ဓာအခန်းတွင်စိတ်ကို ရပ်တည် မရအောင် အပူတိုက် စေ့ဆော်မှုသည်ရင်း၊ လှူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ ရောက်၍ လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ

စည်းစိမ်တို့ကို ခံစား စံစားမှုသည့်ဒုင်း၊ အပါယ်လေးဘုံသို့ ကျရောက်၍ အပါယ်ဒုက္ခတို့ကို ခံကြရမှုသည်ဒုင်း ကမ္မပစ္စည်းမည်၏။

နေ့စဉ် စားသောက်အပ်သော ထမင်းအစာတို့သည် တဘဝတဘဝ၌ ရုပ်ကြီးကို ခိုင်မြဲအောင် ထောက်ပံ့မှု၊ စိတ် ဖဿ စေတသိက်တို့သည် အနမတဂ္ဂသံသရာ၌ နာမက္ခန္ဓာ အစဉ်ကို ခိုင်မြဲအောင် ထောက်ပံ့မှုသည် အာဟာရပစ္စည်းမည်၏။

စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာလေးပါး တို့ကို အစိုးရ၏။ ထိုနာမက္ခန္ဓာလေးပါး တို့သည် စက္ခုပသာဒရုပ်နှုံ့လျှင် နှုံ့ရကုန်၏။ မျက်စိ မကြည်မလင် ဖြစ်ရကုန်၏။ စက္ခုပသာဒရုပ် ထက်သန်လျှင် ထက်သန်ကြရကုန်၏။ မျက်စိ အမြင်ကြည်လင်၏။လူတို့၏ စက္ခုပသာဒရုပ် ထက်သန်မှုထက် နတ်တို့၏ စက္ခုပသာဒရုပ်သည် ထက်သန်၏။ ထို့ကြောင့် အမြင်ခန္ဓာတို့သည် သစ်ပင် တော တောင် မြေ ရေ တို့ကို ဖောက်ထွင်း၍ မြင်ကြကုန်၏။သောတပသာဒရုပ် ဃာနပသာဒရုပ် ဇိဝှါပသာဒရုပ် ကာယပသာဒရုပ် တို့၌လည်း ထို့နည်းတူစွာ သူ့ဝိညာဏ်နှင့်သူ ဖြစ်ကြ၏။ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ တို့သည် နာမ် ခန္ဓာလေးပါးတို့ကို အသီးအသီး အစိုးရကြကုန်၏။မိမိတို့ကိစ္စ၌ မိမိတို့နှုံ့လျှင် နှုံ့ကြရကုန်၏။ထက်သန်လျှင် ထက်သန်ကြရကုန်၏။ ရုပ်ဇီဝိတသည် ကမ္မဇရုပ်တို့ကိုအစိုးရ၏။ ဇီဝိတနှုံ့လျှင် နှုံ့ကြရကုန်၏။ အသက်တို့၏ ဇီဝိတထက်သန်လျှင် ထက်သန်ကြရကုန်၏။အသက်ရှည်၏။ ဤသို့သော အစိုးရမှုသည် ဣန္ဒြိယပစ္စည်းမည်၏။

ပညာ ဝိတက် ဝီရိယ ပီတိ သမာဓိ သတိ ကေဂ္ဂတာ ဒိဋ္ဌိတို့၏ နာမက္ခန္ဓာ လေးပါးတို့ကို ကာယကံ ဝစီကံ မနောကံ မြောက်ကြောင်း၊ ဒုဂ္ဂတိ သုဂတိ နိဗ္ဗာန်သို့ပေါက်ရောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် မဂ္ဂပစ္စည်းမည်၏။

ထင်ရှား ရှိသည်ဖြစ်၍ ကျေးဇူး ပြုခြင်းသည် အတ္ထိပစ္စည်းမည်၏။

မကင်းချုပ်သည်ဖြစ်၍ ထင်ရှားတည်ရှိလျက် ကျေးဇူးပြုခြင်းသည် အဝိဂတပစ္စည်းမည်၏။

---

## တရားထိုင်နည်းကို ပြခြင်း။

အထက်မှဖော်ပြအပ်ခဲ့ပြီးသော ပဋ္ဌာန်းရှုနည်းကိုရှုမည့် သူတော်စင်သည် ထိုင်လျက် ရှုရမည်။ တရားထိုင်ခါနီး၌ ဆောင်ရွက်စရာရှိသော ပလိဗောဓ–မှုတွေကို အားလုံးပြီးစီးအောင် ဆောင်ရွက်လေ။ပြီးလျှင် အာရုံရှိသလို ဘုရားရှိခိုး၊ လိုသောဆုကိုတောင်း။ မေတ္တာပို့ပြီးလျှင်၊သတိ( တပေါစပြဟ္မစရိယဥ္စ )ဟူသောမင်္ဂလာတရားတော်နှင့်ညီစွာ၊ မြတ်သောတရားကို အားထုတ်ပွားများသောသူသည် လောဘ ဒေါသ မောဟ အစရှိသောကိလေသာတို့ကိုခိုးခြံ၍ ကြောင့်ကျကြီး ကြောင့်ကျငယ်တို့ကို ဖယ်ရှားပြီးလျှင် တရားထိုင်ရမည်။ထိုင်သည့်အခါ ယောကျ်ားတင်ပလ္လင်ခွေ။ မိန်းမ ကြုံ့ကြုံ့ထိုင်၍ ခါးကို ကြာကြာထိုင်နိုင်အောင် ဆန့်ဆန့်ထား၊ ဦးခေါင်းကိုလည်း ကြာကြာနေနိုင်သော အနေ အထားဖြင့် မျက်လွှာချ။မျက်စိကိုမှိတ်ထားမှ ဖြစ်သောသူသည် စကြာန်

လျှောက်ရင်း အားထုတ်သောအခါ အနှောင့်အရှက် ဖြစ်လိမ့်မည်။ ထို့အတွက် ကြောင့် အကျင့် ဖြစ်အောင် ဖွင့်၍ထား။ လက်နှစ်ဖက်ကို မှောက်၍သော်၎င်း၊လှန်၍သော်၎င်း ကြာကြာနေနိုင်မည့်နေရာမှာထားပြီးလျှင်—

အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ရမည်။ အာနာပါနဿတိ ဟူသည် ဝင်လေ ထွက်လေကို အာရုံပြု၍ ဖြစ်သော သတိကိုခေါ်သည်။ ထိုအာနာပါနဿတိကိုစီးဖြန်းလျှင် ဝင်လေထွက်လေကို မှန်မှန်ဖြစ်စေရမည်။ ယင်းဝင်လေ ထွက်လေတို့ ထိခိုက်ရာ နေရာ၌ စိတ်ကိုထားလျက် ဝင်လေ ထွက်လေတို့ ထိတိုင်း ထိတိုင်း ထိတာကို သိသိနေရမည်။ ထိုကဲ့သို့ အာနာပါနဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းနေသည့်အချိန်မှာပင် နီဝရဏဝင်ခဲ့လျှင် လေကို ခပ်ပြင်းပြင်းရှုလျက် လေ ထိထိသွားတဲ့နေရာကို စိတ်ထက်ထက် သန်သန်ဖြင့် သိသိ နေရမည်။ ထိုအခါ နီဝရဏလွင့်စဉ်ပြီး စိတ်တည်ငြိမ်သွားလိမ့်မည်။ စိတ်တည်ငြိမ်တဲ့အခါ တဖြည်းဖြည်း မှန်မှန် ပြန်၍ရှုပြီးလျှင် သိမြဲသိနေပါစေ။ တရား အားထုတ်နေသရွေ့ကာလပတ်လုံး နီဝရဏ ဝင်ခဲ့သော် ပဌမ အလို အလျှောက် ဖယ်ရှား။ ထိုသို့နှင့်မျှမရလျှင် အထက်ကနည်းအတိုင်း ပြုလုပ်လေ။

စိတ်သန္တာန်၌နီဝရဏတို့သည် မိနစ်သုံးဆယ်တနာရီလောက် ကင်းစင်၍ စိတ်တည်ကြည် ငြိမ်သက်လျှင် အောက်ပါအတိုင်း အာရုံပြောင်းလိုက်ပြီးသော် ဤအချိန်မှစ၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုလေလော။

ရှုရမည့်နည်းမှာ ဤခန္ဓာကိုယ်ကြီးသည်ရုပ်၊ ဝင်လေ ထွက်လေသည်လည်း ရုပ်၊ ထိုရုပ်အစုဖြစ်သော ဝင်လေ ထွက်လေတို့ ထိထိသွားတာကို သိတာကနာမ်။ ရုပ်ရုပ်ချင်းထိ၊ ထိထိချင်းသိ၊ ထိမှုလည်းပျက် သိမှုလည်းပျက် ထိသိပျက် ထိသိပျက်ဟူ၍ ရှုနေရမည်။ (သတိ) ပါးစပ်နှင့်လည်းမရွတ်ရ။ စိတ်နှင့်လည်းမရွတ်ရ။ စိတ်ကသာသိပြီးရှုနေရမည်။ ထိုသို့ ထိသိ ပျက် တွေ့ထိ သိပျက်ကို ရှုနေရင်းနှင့် ကောင်းစွာ ထင်မြင် လာသည့် အခါ နှာခေါင်းပေါက်တလျှောက်လုံးကိုသော်၎င်း၊ နှာခေါင်းပေါက်တလျှောက်လုံးနှင့်တကွ ဦးခေါင်းတခုလုံးကိုသော်၎င်း အာရုံပြု၍ ဝင်လေ ထွက်လေကိုရှု။ ထို့ထက်ဉာဏ်နိုင်လျှင် တကိုယ်လုံးကိုပါ အာရုံပြု၍ရှုနေ။ ထိုအခါ နှာခေါင်းပေါက်ထဲကသော်၎င်း၊ ဦးခေါင်းထဲကသော်၎င်း၊ ကိုယ်ထဲကသော်၎င်း၊ အထက်ကဖော်ပြခဲ့သည့်အတိုင်း တရှိန်ရှိန် တဖြုတ်ဖြုတ် တရွရွ တဖြင်းဖြင်း တစစ်စစ်ဖြင့်သော်၎င်း ရုပ်ဓာတ်ဖြစ်ပျက်နေတာတွေကို တွေ့လိမ့်မည်။ နာမ်ဓာတ်သည်လည်း ရုပ်ဓာတ် ဖြစ်ပျက်နေသရွေ့ အကုန်လုံး သိပျက် သိပျက်ဖြင့် သိသိပြီး ဖြစ်ပျက်နေတာကိုပါ ဉာဏ်မှီသဘောပေါက်အောင် အာရုံပြု၍ရှု။ ရုပ်ဓာတ်ရော နာမ်ဓာတ်ပါ ဖြစ်ပျက် နေခြင်းကို ဉာဏ် မှီသလောက် ပေါက်လျှင် ရုပ်ရော နာမ်ပါတွဲ၍ အသေးစိတ် ဖြစ်ပျက်ခြင်းကိုထင်မြင်အောင် ရှုလေလော့။

ဤသို့လျှင် ရုပ်ရော နာမ်ပါ အသေးစိတ် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ထင်မြင်လျှင် ထင်မြင်သည့်အတိုင်း ရှုနေရင်းနှင့် သန္တတိပျက်ကို လွတ်၍ လွတ်၍ ခဏိကပျက် ပရမတ်ပျက်ကို အာရုံပြု၍

ရှုလေ။ ခန္ဓာကိုယ်ဟုခေါ်သော ပရမတ္ထ ကလာပ်စည်း တို့သည် သဘာဝအလျောက် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက် နေခြင်းကို အာရုံပြု၍ရှု။ ရုပ်ခဏိကပျက်ကို ထင်မြင်လျှင် နာမ်ဓာတ်သည် လည်း ရုပ်ဓာတ် တရိပ်ရိပ် တငွေ့ငွေ့ ဖြစ်ပျက် နေသလောက် အကုန်လုံး သိပျက် သိပျက်ဖြင့် သိသိပြီး ဖြစ်ပျက် နေခြင်းကို ဉာဏ်မှီသလောက် ပေါက်အောင်ရှု။ စင်စစ်မှာမူ နာမ်ဓာတ် သည်အထက်ကဆိုအပ်ခဲ့ပြီးသည့်အတိုင်းမျက်တောင်တခတ် လျှပ် တပြက်အတွင်း၌ ကုဋေတသိန်း ဖြစ်ပျက် နေရင်းနှင့် ရုပ်ဓာတ် တို့၏ ဖြစ်ခြင်း ပျက်ခြင်း အစရှိသည်တို့ကို သိ၏။ ထို့ကြောင့် ဉာဏ်မမှီ သဘော မပေါက်စရာ မရှိ။ ပရမတ္ထ ဖြစ်သော ရုပ် တခဏ စိတ် တခဏ တို့သည်တကိုယ်လုံး၌ အဇ္ဈတ္တ ဗဟိဒ္ဓ အပ်ချ စရာ မလပ် ဗလဝ ဖြစ်ပျက်နေခြင်းကို ထင်မြင်လတ္တံ့။

အကောင်းဆုံးနည်းမှာ ပဋိပတ်ကိုအားမထုတ်မီကပင် ပဋိပတ် ပညာကို သဘောပေါက်အောင် ဖတ်ကြား မှတ်သား ထားလျှင် တရားအားထုတ်ရာ၌ အမြန်ဆုံး ထင်မြင်လတ္တံ့။

ဘုရား ရှေ့လက်ထက် တော်က အချို့သော ရဟန်းတို့သည် တောသို့ဝင်၍ အရဟတ္တဖိုလ်အထိ ပဋိပတ်ကို အားထုတ်ကြရန် ဘုရားထံ၌ တရားတော်ကိုနာယူစဉ်က နောင်တဖန်ပြန်၍ မနာ ကြားရအောင် တခါတည်း အသေအချာနာယူသွားကြသကဲ့သို့ သူတော်စင်သည်လည်း ထို့အတူစာကို အသေအချာဖတ်၍ မှတ် သားထားခြင်းသည် အကောင်းဆုံး ဖြစ်၏။ကြိုးစားလေ၊ ကေန် မုချ ကောင်းကျိုး စီးပွားရလတ္တံ့။

## အယူအစွဲ လွဲသောကြောင့် အကျိုး ဆုတ်ယုတ်ပုံကို ဖော်ပြခြင်း။

ခန္ဓာငါးပါး စိတ် စေတသိက် ရုပ်တရားနှင့်စပ်သော တရားတော်ကို နာကြားရသော ပုဂ္ဂိုလ်အချို့တို့သည်၎င်း၊ ကျမ်းဂန်စာပေကိုဖတ်ကြားရသော ပုဂ္ဂိုလ်အချို့တို့သည်၎င်း သုတမယဉာဏ်ဖြင့် ဖြစ်ခြင်း ပျက်ခြင်း တို့ကို ထင်မြင် သဘောပေါက်ကြကုန်၏။ အချို့ချို့သော ပုဂ္ဂိုလ်တို့သည်လည်း ပဋိပတ်ကိုအားထုတ်ပွားများသည် ဖြစ်၍ ဗလဝဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်ကို ရကြကုန်၏။ (ဗလဝ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်)။ ဝိ၊ အထူးထူး အပြားပြားမှုသော ခန္ဓာ,အာယတန,ဓာတ် တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတိ၊ ရှုဆင်ခြင်၏။ သမ္မာဒိဋ္ဌိ၊ ဟုတ်မှန်သည့်အတိုင်း။ ဗလဝ၊ အားကြီးစွာ မြင်သော ဉာဏ်။ အထူးထူး အပြားပြားသော ခန္ဓာ,အာယတန,ဓာတ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကိုရှုဆင်ခြင်၍ ဟုတ်မှန်သည့်အတိုင်း အားကြီးစွာမြင်သော ဉာဏ်။ ထိုသို့ ဗလဝဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို ရခဲ့သည်ရှိသော် တရား အရာ၌ မလိမ်မာ ကြသေးသော ပုဂ္ဂိုလ်အချို့ တို့သည် ဒုက္ခသစ္စာကို ထိုးထွင်း၍သိပြီဟူ၍ မှတ်ထင်ပြီးလျှင် အယူအစွဲ လွဲလေတော့၏။ အဘယ်ကဲ့သို့ လွဲသနည်းဟူသော်–

ဤသို့ ဗလဝဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို ရသောကြောင့် ပရမတ္ထဓမ္မဖြစ်သော ခန္ဓာငါးပါး စိတ် စေတသိက် ရုပ် တရားတို့သည် ငါမဟုတ် သူမဟုတ် ပုဂ္ဂလ–သတ္တ မဟုတ် ဣတ္ထိ ပုရိသ မဟုတ် ဟူ၍ ၎င်း၊ ထိုခန္ဓာငါးပါး စိတ် စေတသိက် ရုပ် တရားတို့သည် ဥပါဒ်ခဏ၌ ဖြစ်တိုင်း ဖြစ်တိုင်း ရင့်ရော်ဆွေးမြေ့ပြီး

ပျက်ရ သောကြောင့် အနိစ္စဖြစ်၏ ဟူ၍၎င်း၊ ဖြစ်လေသရွေ့သော စိတ် စေတသိက် ရုပ် တရား တို့သည် ဌီခဏ၌ ဇရာမီး လောင်သဖြင့် ခဏချင်း ရင့်ရော် ဆွေးမြေ့ရခြင်း၊ ဘင်ခဏ၌ မရဏမီး လောင်သဖြင့်လည်း ခဏချင်း ကွယ်ပျောက် ပျက်စီးရခြင်း။

ထို့ကြောင့် ထိုစိတ်စေတသိက်ရုပ်တရားတို့သည်ဇရာမရဏမီးတို့၏ လောင်စာသက်သက်မျှဖြစ်ကြရသောကြောင့် သာယာချမ်းမြေ့သောတရားစုမဟုတ်ကြကုန်၊ခဏမစဲ အိုဘေးသေဘေးထိ၍ မချိမဆံ့ ဖောက်ပြန် ပျက်စီး နေရသော ဒုက္ခတရားစုတို့သာ ဖြစ်၏ဟူ၍၎င်း၊ထိုပုဂ္ဂလ သတ္တ မဟုတ်ကုန်သော စိတ် စေတသိက် ရုပ်တရားတို့ကို မဖြစ်စေခြင်းငှာ မရင့်ဆွေးစေခြင်းငှာ မပျက်စေခြင်းငှာ မတတ်နိုင် (အနိဿရာ) အစိုးရသူမရှိ (အသာမိကာ) ပိုင်သူ အရှင်သခင်မရှိ (အဝသဝတ္တနတော) အလိုသို့လိုက်တတ်သော သဘောလည်း မရှိသောကြောင့် ထိုစိတ်စေတသိက်ရုပ်တရားတို့သည် အနတ္တဖြစ်၏ ဟူ၍ ၎င်း၊ ယထာဘူတဉာဏ် ဗလဝ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထိထိမိမိ သိသောအခါ၊ နိစ္စံသုခံ, အတ္တာ,သုဘ ဟု ထင်မှတ် စွဲယူဖောက်ပြန်သော ဝိပလ္လာသဒိဋ္ဌိသည် တခဏပျောက်လေ၏။ မိုးမှောင်၏အောက်၌ လျှပ်ရောင်ကြောင့် အမိုက်မှောင် တခဏပျောက်လေသကဲ့သို့၊ ထို့အတူ အဝိဇ္ဇာ သိက္ခာ ယထာဘူတ ဉာဏ်ဟူသော အရောင်အလင်း ကြောင့် ဝိပလ္လာသဒိဋ္ဌိ ပျောက်လေ၏။

ထိုသို့ပျောက်ခြင်းသည် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် တဒင်္ဂမျှ ဝိပလ္လာသဒိဋ္ဌိကိုပယ်ခြင်းဖြစ်၏။ အတ္တဝါဒဟူသော ငါသူတပါး

ယောကျ်ား မိန်းမ ဟူ၍ထင်မှတ်စွဲယူနေသော သက္ကာယဒိဋ္ဌိကို ပယ်သည်။အဓိပညာ သိက္ခာ ယသာဘူတဉာဏ်ဖြင့်(တဒင်္ဂ တဒင်္ဂ) ထိုဉာဏ် ဖြစ်သမျှကာလသာ ပယ်နိုင်သည်။ ဤပယ်ခြင်း သည် ကလျာဏ ပုထုဇဉ်တို့၏ ပယ်ခြင်းဟူ၍ မှတ်လေ၊ သိလေ၊ မဂ်ဖြင့် ပယ်ခြင်းကဲ့သို့ သမုစ္ဆေဒပဟာန် ပယ်နိုင်သည်မဟုတ်၊ မဂ်ဖြင့်ပယ်ခြင်းသည် ဘဝများစွာ ရှည်လျားသော်လည်း ပယ်ပြီးဒိဋ္ဌိသည် အရိယာ၏သန္တာန်၌ တဖန် ပြန်ဖြစ်ခြင်းငှာ မတတ် ကောင်း။ ဂမ္ဘီရ၊ နက်နဲစွ။

ဆိုအပ်ခဲ့ပြီးသော အဓိပညာသိက္ခာ ယထာဘူတဉာဏ် ဗလဝ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်တို့ကို ရခဲ့သည်ရှိသော် ငါသည် စိတ် စေတသိက် ရုပ်တရားတို့၏ မမြဲခြင်းဟူသော အနိစ္စကိုလည်းသိ၏၊ ဆင်းရဲခြင်းဟူသော ဒုက္ခကိုလည်းသိ၏။ အစိုးမရခြင်း ဟူသော အနတ္တကိုလည်းသိ၏။ ဤသို့သိခြင်းကြောင့် စိတ်စေတသိက် ရုပ်တရားတို့၏ လက္ခဏာ ဉာဏ်ကိုဝင်စားတိုင်း ရုပ်နာမ်တို့၏ ဒုက္ခဖြစ်နေခြင်းကိုသိ၏။ဤသိခြင်းသည် မဂ္ဂသစ္စာကိုပွားခြင်းကြောင့် ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းဖြစ်၏။ ယခုလည်း ငါ့ စိတ်သန္တာန်၌ လင်၊ မယား၊ သား၊ သမီး၊ ပစ္စည်းဥစ္စာ အစရှိသည်တို့ကို နှစ်သက်တပ်မက်မှု မရှိခြင်းသည် သမုဒယသစ္စာကို ပယ်ခြင်းဖြစ်၏။ ထို့ကြောင့် နိရောဓသစ္စာ ကိုလည်း မျက်မှောက် ပြုရပြီ။ ဤသို့လျှင် ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်း။ သမုဒယသစ္စာကိုပယ်ခြင်း။ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်း။ မဂ္ဂသစ္စာကို ပွားခြင်း ဟူသော သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါး ကိစ္စတို့သည် အပိုင်ရပြီဟု အယူအစွဲ အလွဲလွဲ အချော်ချော် ဖြစ်

လေတော့၏။ ဤကဲ့သို့အယူအစွဲ အလွဲလွဲ အချော်ချော် ဖြင့် မိမိတို့၏ ထင်မြင်ချက် ရှိသည့်အတိုင်း ဆုံးဖြတ်၍ ပြောကြဆိုကြသောစကား အမျိုးမျိုး တို့ကို ကြားရသည်မှာ ဆရာ၏နား၌ မဆံ့ပြီ။ ဤအယူကို မစွန့်မချင်း မိမိတို့၏အကျိုးစီးပွား ဆုတ်ယုတ် လေတော့သည်။

ကလျာဏပုထုဇဉ်သည် ပုထုဇဉ်ဟုသိလျှင် ဆင်ခြင်သဖြင့် ကောင်း၏။ အရိယာဟုထင်လျှင် အရိယာစိတ်လည်း မရှိသဖြင့် မကောင်း မှတ်လေ။

သဘောဖြူစင် သူတော်စင်တို့ အဘို့ အမှန်ကို သိစေခြင်းငှာ ဆက်၍ဆိုဦးအံ့။ ကိလေသာ ဟူသည်- အနုသယ ကိလေသာ။ ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမ ကိလေသာဟူ၍ သုံးမျိုးရှိ၏။ ဤသုံးမျိုးတို့တွင် အနုသယကိလေသာဟူသည် ကာမဂုဏ် အာရုံ ခံစားလိုသော စိတ်သည် ငြိမ်၍ ဝပ်၍ ငုပ်၍ မလှုပ် မရှက် နေသောစိတ်ကို ခေါ်၏။ ပရိယုဋ္ဌာနကိလေသာ ဟူသည် စိတ်သန္တာန်၌ ကာမဂုဏ်အာရုံတို့ကို ခံစားလိုသောစိတ် ဖြစ်ပေါ်လာခြင်းကို ခေါ်၏။ ဝီတိက္ကမကိလေသာ ဟူသည် ကာယကံမြောက် ဝစီကံမြောက် ပြောဆိုပြုလုပ်ခြင်းကို ခေါ်၏။

ဥပမာကို ဆိုသော်— ဥပုသ် စောင့်နေသော အကြင်သူတယောက်သည် နံနက်စာ စားပြီးသည်မှစ၍ ညနေအထိ ဥပုသ်စောင့်နေသည်ဟူသောအသိဖြင့် ထမင်းစားချင်သောစိတ် ငြိမ်၍ ဝပ်၍ ငုပ်၍ နေ၏၊ ဤသည်ကို အနုသယကိလေသာ ခေါ်၏။ ညအချိန်သို့ ရောက်သောအခါ ထမင်း စားချင်သောစိတ်သည်ဖြစ်ပေါ်၍လာ၏။ ဤသည်ကို ပရိယုဋ္ဌာနကိလေသာခေါ်

၏။ ထမင်း စားချင်သောစိတ်ကို သည်းမခံနိုင် မတားမြစ်နိုင်သောကြောင့် ငါတော့ထမင်းစားတော့မယ်ဟေ့–ဟူ၍ပြောဆိုခြင်းသည်ရင်း၊ ထမင်းကိုယူ၍ စားလိုက်ခြင်းသည်ရင်း ဝီတိက္ကမကိလေသာခေါ်၏။ (မှတ်လေဦး)။

အကြင်ပုဂ္ဂိုလ်သည် တရား အားထုတ်ရန် စိတ်ဆက်သန်၍နေ၏။ ထက်သန်သလောက်လည်းအားထုတ်၏။ ထိုအချိန်၌ မိမိအားထုတ်သော တရားကိုသာ စိတ်ဝင်စား နေသောကြောင့်၊ လင်၊ မယား၊ သား၊ သမီး၊ ပစ္စည်းဥစ္စာတို့ကို နှစ်သက် တပ်မက်သောသမုဒယသည် အနည်းငယ်ငြိမ်၍ ငုပ်၍ နေသဖြင့် လင်ပူ မယားပူ သားပူ သမီးပူ ပစ္စည်း ဥစ္စာနှင့် ပတ်သက်သောအပူတို့သည် မရှိသကဲ့သို့ စိတ်သန္တာန်၌ အနည်းငယ်ငြိမ်၍နေ၏။ ထို့ပြင်လည်း တရားအားထုတ်နေသော အချိန်၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဟူသော စိတ်၏ငြိမ်းချမ်းခြင်း၊ စေတသိက်တို့၏ ငြိမ်းချမ်းခြင်း တို့သည်လည်းဖြစ်၏။ ထို့ကြောင့်လည်း စိတ်သန္တာန်၌ အနည်းငယ်ငြိမ်းခြင်း ဖြစ်၏။ သမုဒယသစ္စာကို ပယ်နိုင်၍ နိရောဓသစ္စာကို မျက်မှောက်ပြုရသည် မဟုတ်။

(ဤအချက်ကိုသတိပြု၍ အသေအချာမှတ်။)

ဤဆိုအပ်ခဲ့ပြီးသော သူတော်ကောင်းဥစ္စာဟူသောလက္ခဏာဉာဏ် ယထာဘူတဉာဏ် ဗလဝ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် တို့သည် လောကီဉာဏ်မျှ ဖြစ်၏။ အဘယ်ကြောင့် နည်းဟူသော် စိတ် စေတသိက်ရုပ် တို့သည် လောကီဖြစ်၏။ ထိုလောကီ ဖြစ်သော စိတ်စေတသိက်ရုပ်တို့၏ ဒုက္ခကိုသိခြင်းသည် လောကီသိ

လောကီဉာဏ်သာဖြစ်၏။ ဂေါတြဘူ၏ အောက်၌ရှိသောဉာဏ်တို့သည် လောကီဉာဏ်ချည်းဖြစ်၏။ လောကီဉာဏ်ကို လောကီဉာဏ်ဟုသိလျှင် အကျိုးရှိ၏။ လောကုတ္တရာဉာဏ်ဟုသိလျှင် အသိလွဲသဖြင့် အကျိုးလွဲ၏ မှတ်။ ဤလောကီဖြစ်သော ယထာဘူတဉာဏ် ဗလဝ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်တို့ကို ရခြင်းသည်ပင်လျှင် အဘိုး အနဂ္ဃတန်လှ၏။ အလွန်လည်းရနိုင်ခဲ၏။ သို့ရာတွင် ဤဗလဝဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်သည် အဘယ်နှင့်တူသနည်း ဟူသော် ဥပမာကိုဆိုဦးအံ့။

အကြင်သူသည် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမျှော်ရန် သွားရာ၏။ ရွှေတိဂုံစေတီတော်မြတ်၌ စောင်းတန်း လေးသွယ်သည်ရှိ၏။ ဘုရားဖူးသွားသောသူသည် ပဌမသော် စောင်းတန်း ထိပ်စောင်းတန်းဦးသို့ရောက်၏။ ဤသို့စောင်းတန်းဦးသို့ ရောက်ရုံမျှနှင့် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြင်ရပြီမဟုတ်သေး၊ ထိုစောင်းတန်းဦးမှ သည် အထက်သို့ တက်၍ တက်၍ သွားနိုင် သဖြင့် ယင်ပြင်တော်ပေါ်သို့ ရောက်မှသာ ရွှေတိဂုံစေတီတော်မြတ်ကို ရှင်လန်းဝမ်းမြောက်စွာ ဖူးမြင်ရခြင်းဖြစ်၏။

ထို့အတူ အဓိပညာသိက္ခာ သူတော်ဥစ္စာဟူသောလက္ခဏာဉာဏ် ယထာဘူတဉာဏ် ဗလဝဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်တို့သည် ရွှေပြည်နိဗ္ဗာန်၏ စောင်းတန်းဦးမျှဖြစ်၏။ ထိုရွှေပြည်နိဗ္ဗာန်၏ စောင်းတန်းဦးကိုရောက်ရုံမျှနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်မဟုတ်သေး။ ထိုရွှေပြည်နိဗ္ဗာန်၏ စောင်းတန်းဦးနှင့် တူသော ဗလဝဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို အရင်းခံ၍ ဘိဘိစီးစီး မနေမနား အားထုတ်ပွားများ ဝင်စား နိုင်ပါမှ ထိုဗလဝဝိပဿနာ

သမ္မာဒိဋ္ဌိဉာဏ်သည် တနေ့ထက်တနေ့ ကြီးပွား စည်ကားလျက်၊ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ဖြင့် မဂ်ကိစ္စ လေးပါးကိုပြီးစေလျက်။ ဖလသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဖိုလ်ကိစ္စကိုပြီးစေလျက် ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပစ္စဝေက္ခဏာ ကိစ္စတို့ကို ပြီးစေပြီးလျှင် (အရိယာသစ္စာနုဒဿနံ) ဟူသော မင်္ဂလာတရားတော်နှင့် ညီစွာ အရိယာသစ္စာလေးပါးကို မုချအားဖြင့် ဝိဇ္ဇာဉာဏ်နှင့် လင်းလင်း ထင်ထင် မြင်မှသာ (ဝါ) လက်ဆုပ် လက်ကိုင်ရမှသာ မိမိစံမြန်းရန် အမြိုက်နိဗ္ဗာန် ရွှေနန်းကို ထင်ထင် ရှားရှား ငြိမ်းချမ်း ရွှင်လန်းစွာ မျက်မှောက်ပြုနိုင်မည်ဟူ၍ ဤသို့ကောန်ပုဒ်မကန်၍ ပုထုဇဉ် အနွယ် မပြတ်မချင်း မှတ်။

ဤကဲ့သို့ ရှင်းရှင်း ပြတ်ပြတ် ထုတ်ဖော်၍ရေးလိုက်ခြင်းသည် အနုမာနသိဒ္ဓိအားဖြင့် ရော်ရမ်း မြော်မှန်းလျက်ရေးသည်မဟုတ်။ ပစ္စက္ခသိဒ္ဓိအားဖြင့် ထင်ရှားကောန် အမှန်ကို သိသော ကြောင့် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တို့ဖြင့် ရေးသား သတိပေးလိုက်ခြင်း ဖြစ်၏။ မိမိတို့၏ အကျိုးစီးပွား အစစ်မှန်ကိုအလိုရှိမူ ဗလဝ ဝိပဿနာကို မနေမနားအားထုတ်ပွားများကြကုန်။ လောကီ၌ အနည်းငယ်ဗဟုသုတ ကြွယ်ဦးတော့၊ လောကုတ္တရာ၌ မမှီသေးသောကြောင့် (ဝါ) တရား အရာ၌ မလိမ်မာသေးသော ကြောင့် မဂ်မဟုတ်သည်၌ မဂ်ဟုထင်၏။ ဤသညာကို သုတ်သင်နိုင်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပြီးလျှင် ဝိသုဒ္ဓိအစဉ်ဖြင့် မိမိတို့စံမြန်းရန် ရွှေပြည်မြကြငှန်း နိဗ္ဗာန်နန်းကို ရွှင်လန်းချမ်းမြေ့စွာ မျက်မှောက်ပြုနိုင်ရန် ဤစောင်းတန်းဦးတွင် ရပ်နား၍ မနေမူ၍ ကြိုးကြိုး ကုတ်ကုတ် အားထုတ်နိုင်ကြသည်ဖြစ်စေသတည်း။

အိုသူတော်စင်၊ ပုထုဇဉ်တို့၏ အယူအဆ မှားယွင်းမှုတခုလည်း ထင်ရှားစွာရှိသေး၏။ အဘယ်နည်းဟူလျှင် ပုဂ္ဂိုလ်ခင်မှုတရားမင် ဟူသော အယူအဆဖြစ်၏။ ဤအယူအဆသည် အလွန်မှားယွင်း လှ၏။ စင်စစ်မှာမူ ဝဋ္ဋ ပုဂ္ဂလ သတ္တအချင်းချင်း မေတ္တာစိတ်ဖြင့် ချစ်ခင်စရာသာရှိ၏။ မချစ်ခင်စရာဟူ၍မရှိ။ သို့ရာတွင် တရား၌ မူကား မင်သင့်မှမင်ရမည်၊ မမင်သင့်လျှင် မမင်ရ။ ကြပ်ကြပ်သတိ ထားလေ။ မင်သင့် မမင်သင့်ကို သိဘို့မှာလည်း မိမိကိုယ်တိုင်က တရားဗဟုသုတ အမှန်ကိုရှိဦးမှဖြစ်မည်။ တရားဗဟုသုတအမှန်ကို ရှိအောင်လည်း ပညာရှိထက် ပညာရှိတို့ကို မှီဝဲဆည်းကပ်လေ။

အနုဝိစ္စကာရော သာဓု။ ။

ပညာဖြင့် စူးစမ်းပြုမှ ကောင်း၏။

## သောတာပန်၏ အခွင့်ထူးကို ပြခြင်း။

ထိုဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရွှေပြည်နိဗ္ဗာန်၏ စောင်းတန်း ဦးမျှဖြစ်သော အဓိပညာသိက္ခာ သူတော်ဥစ္စာဟူသော လက္ခဏာ ဉာဏ် ယထာဘူတဉာဏ် ဗလဝဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို အရင်းပြု၍ ဘိဘိစီးစီး မနေမနား အားထုတ် ပွားများသော အကြင် သူမြတ်လောင်းပုဂ္ဂိုလ်မွန်၏ မုချအားဖြင့် ဝိဇ္ဇာဉာဏ် သည် တနေ့တခြားကြီးပွားစည်ကားလျက် လင်းလင်းထင်ထင် တောက်ထွန်းသောအဆုံး၌ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ၊ ပစ္စဝေက္ခဏာကိစ္စ တို့ကိုပြီးစေလျက် ပုထုဇဉ်အနွယ်ပြတ်၍ အရိယာဇာတ်သို့ရောက် သဖြင့် သောတာပန်ဟူ၍ သမုတ်အပ်သော နာမ်ရုပ် အဖြစ်သို့ ရောက်လေသတည်း။

ထိုသောတာပန်ပုဂ္ဂိုလ်သည် မဂ်ခဏ၌ –အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။ ။

အဝိနိပါတဓမ္မော၊ ဝိပတ္တိဘဝဟူသော အပါယ်သို့ကျရောက်ခြင်းမရှိ။ နိယတော၊ အထက်အထက်သော ကာမသုဂတိဘဝ၊ ရူပဘဝ၊အရူပဘဝတို့၌ မြဲသောသမ္ပတ္တိရှိ၏။သမ္ဗောဓိပရာယနော၊ အထက်မဂ် အထက်ဖိုလ်လျှင် အလိုရှိကာလွယ်စွာရောက်ကြောင်းလည်းလျှောင်းရာရှိ၏။

**အဓိပ္ပာယ်မှာ၊** ။အကြင် သောတာပန် ပုဂ္ဂိုလ်သည် မဂ်ခဏ၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော ကိလေသာဝဋ်ဆိုးကြီးတို့ကို ပယ်ခွာနိုင်လေသောကြောင့် နစ်ရိုက်တရားဟူသော ကမ္မဝဋ်ဆိုးကြီး၊ အပါယ်ကျမှုဟူသော ဝိပါကဝဋ်ဆိုးကြီးတို့သည် အပြီးတိုင် ချုပ်ငြိမ်းလေတော့သည်။

ကာမတဏှာ ကာမကုသိုလ် ကာမသုဂတိဘဝ။
ရူပတဏှာ ရူပကုသိုလ် ရူပဘဝ။
အရူပတဏှာ အရူပကုသိုလ် အရူပဘဝ။

ဤ ကျန်ရှိနေသေးသော ဝဋ်သုံးပါးကား မထောင်းတာ။ ဘဝအဆက်ဆက်၌ မြဲသောသဘောလည်းရှိ၏။ဤသမ္ပတ္တိအစဉ်၌လည်း အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေ နေခြင်းမှ လွတ်ကင်း၏။ စည်းစိမ်ချမ်းသာ အလိမ်မာ ဘုန်းတန်ခိုး ယုတ်ညံ့သော လူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၏ အဖြစ်မှချုပ်ငြိမ်း၏။

ဤသို့လျှင် အလွန် ကြမ်းတမ်း လှစွာသော ဝိနိပါတဘေးကြမ်းကြီးမှလွတ်ကင်းသောကြောင့် ယုတ်ညံ့သောအဖြစ်ခပ်သိမ်း

တို့ချုပ်ငြိမ်းခြင်း၊ ယခုပစ္စက္ခ ဤအတ္တဘောမှစ၍ သူ့ကျွန် အဖြစ်မှ လွတ်ကင်းခြင်း၊ ဆင်းရဲသူ၏ သမီးသည် ဘုရင့်သမီး သူဌေးသမီး ဖြစ်ခြင်း၊ ဗိမာန် မရှိသောသူသည် ဗိမာန် ရရှိခြင်း၊ ဝမ်းမှ ဝစ္စာ မစားရသောသူသည် ဝစ္စာစားရရုံမက ပိုလျှံခြင်း၊ အလွန် နာကျင်ကိုက်ခဲလှသော ပေါင်မှ သားလှိုးဒါးရာ အနာကြီးသည် အကောင်းပကတိဖြစ်၍ ပျောက်ကင်းခြင်း၊ ပင်ပန်းနွမ်းနယ်စွာ လုပ်ကိုင်စားသောက်ရသောသူသည် သက်တောင့်သက်တာဖြင့် တင့်တယ်ချမ်းသာစွာ နေထိုင်စားသောက်ရခြင်း၊ ဘုန်းတောက်ထွန်းခြင်း၊ မိမိ၏စိတ်သည်သူတပါးတို့၏ အပေါ်၌ အလိုအလျောက် မေတ္တာသက်ရောက်ခြင်း၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို မေ့လျော့သည်မရှိ၊ နှလုံးအိမ် အတွင်း၌ ကိန်းဝပ်၍ နေသကဲ့သို့ဖြစ်ခြင်း အစရှိသော အကျိုးတရားတို့ကြောင့် စိတ်သန္တာန်၌ ငြိမ်းချမ်းခြင်းတို့သည် အမြဲယှဉ်လျက်နေ၏။ ဤဆိုအပ်ပြီးသောအကျိုးတရားတို့သည် အကျဉ်းမျှ ဖြစ်၏။ ဤအကျိုးတရားတို့ကို ခံစား စံစား ရခြင်း သည်ပင်လျှင် သောတာပန် အရိယာတို့၏ သဥပါဒိသေသ နိဗ္ဗာန်ကြီး ပေတည်း။

အထက်မဂ် အထက်ဖိုလ်တို့၏ သဥပါဒိသေသ နိဗ္ဗာန် ကြီးတို့သည်ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။

ထို သောတာပန် အရိယာတို့၏ သဥပါဒိသေသ နိဗ္ဗာန်သည် အထက်မဂ် အထက်ဖိုလ်တို့၏ သဥပါဒိသေသ နိဗ္ဗာန်ကြီးတို့နှင့် တပြင်တည်း တစပ်တည်း တခုတည်းဖြစ်၏၊ နှစ်ခုဆိုဘွယ်ရာမရှိ။ ဥပမာကိုဆိုသော် မြန်မာပြည်၌ရှိနေသော ပင်လယ်ဝ တို့သည်

မဟာသမုဒ္ဒရာနှင့် တပြင်တည်း တစပ်တည်း ဖြစ်သကဲ့သို့တည်း။ သောတာပတ္တိမဂ်သို့ မရောက်မီ အနမတဂ္ဂသံသရာ အစဉ်မှစ၍ ဝဋ်ဆိုးကြီးသုံးပါး ရှိနေသော ပုထုဇဉ်အဖြစ်နှင့် လာခဲ့ရသောကြောင့် ဝိနိပါတ ဘေးကြမ်းကြီးနှင့် အမြဲယှဉ်တွဲလျက် လာခဲ့ရလေသည်။

သောတာပတ္တိမဂ်သို့ ရောက်သည်နှင့်တပြိုင်နက် ထိုဝိနိပါတ ဘေးကြမ်းကြီးနှင့်တကွ ဝိပ္ပတ္တိအဖြစ် ခပ်သိမ်းတို့မှ ကျွတ်လွတ်၍ စိတ်သန္တာန်၌ ငြိမ်းချမ်း ခြင်းတို့သည် ဆိုက်ရောက် လာသောကြောင့် သဉပါဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်သည်ဟုခေါ်၏။

သဉပါဒိသေသနိဗ္ဗာန်ဟူသည် ကိလေသာတို့၏လက်မှ လွတ်လျှင်လွတ်သရွေ့ ငြိမ်းခြင်းဟူသော သန္တိ၊ သီတိ၊ သုခကို ခံစားစံစားစရာ ဉပါဒါနက္ခန္ဓာကြွင်းချိနေသေးသောကြောင့် သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်၏။

သောတာပန်အရိယာ ပုဂ္ဂိုလ်၏ သဉပါဒိသေသ နိဗ္ဗာန်သည်လည်း အနုပါဒိသေသနိဗ္ဗာန်နှင့် တပြင်တည်း တစပ်တည်း တခုတည်းသာလျှင်ဖြစ်၏။နှစ်ခုဆိုဘွယ်ရာ ခြားနားမှုမရှိပြီ။(ပင်လယ်ဥပမာ ကဲ့သို့တည်း)။

ဘယ်အခါမဆိုအလိုရှိ၍အားထုတ်လျှင်ရနိုင်၏ ထို့ကြောင့်—

သမ္ဗောဓိပရာယနော။ ။ဟူ၍ ဟောတော်မူသတည်း။

ထို့ကြောင့် သောတာပတ္တိမဂ်သို့ ရောက်သော အရှင်သခင်ကောင်းတို့သည် အနုပါဒိသေသ နိဗ္ဗာန်ကို ရပြီဆိုနိုင်၏ ဟူ၍ အသေအချာမှတ်။

# ကျမ်းပြီးနိဂုံး။

အို–သူတော်စင်၊ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် ဟူသော လောကီစည်းစိမ် ချမ်းသာတို့ကို ခံစား စံစားခဲ့ရသော ဘဝပေါင်း အသင်္ချေ အနန္တဖြစ်၏။ ဤလောကီစည်းစိမ်ချမ်းသာ တို့သည် တခုမျှခိုင်မြဲသည်မရှိ။ မိမိနောက်သို့လည်းမပါ။ လောကုတ္တရာ စည်းစိမ်ချမ်းသာသည်ကား ထိုကဲ့သို့မဟုတ်။ အကြင်သောတာပန် အရိယာပုဂ္ဂိုလ်၏ သဥပါဒိသေသနိဗ္ဗာန် စည်းစိမ်ချမ်းသာသည် ပစ္စက္ခ၌လည်း လက်တွေ့စံစားရ၏။ ဘဝ အဆက်ဆက်တို့ကိုလည်း ထက်ကြပ်ပါ၏။ ဟောင်းနွမ်းခြင်း ပျက်စီးခြင်းမရှိခိုင်မြဲ၏။ အထက်မဂ် အထက်ဖိုလ်တို့၏ စည်းစိမ်ချမ်းသာသည်ကား အထူးဆိုဘွယ်မရှိပြီ။ အို–သူတော်စင်၊ သဥပါဒိသေသနိဗ္ဗာန်စည်းစိမ်ချမ်းသာကို စံမြန်းလိုမူ မိမိအား အုပ်စိုးနေသော အဝိဇ္ဇာနှင့်တဏှာကို ပုန်ကန်မှ စံမြန်းရမည်ဖြစ်၏။

ထို့ကြောင့် မောဟဟူသောအဝိဇ္ဇာအမိုက်အမဲနှင့် လောဘဟူသော တဏှာ အညစ်အကြေး တို့ကို တွန်းလှန် ဖယ်ရှား၍ အမောဟဟူသော ဉာဏ်ပညာနှင့် အလောဘဟူသော သန့်ရှင်းစင်ကြယ်သော ခေတ်အကြည် တို့ကို ပွားစည်း ပြီးလျှင် ဓမ္မာနုဓမ္မပဋိပတ်အကျင့်မြတ်ကို ကြိုးစား၍အားထုတ် ပွားများလေ။

သူတော်စင်သည်(ဘဗ္ဗ)ပုဂ္ဂိုလ်ဖြစ်၍တိဟိတ်ပုထုဇဉ်မှန်ခဲ့လျှင် ယခုဘဝ ဤအတ္တဘောနှင့်ပင် စတ္တာရိပုရိသယုဂ ါနို အဋ္ဌပုရိသ ပုဂ္ဂလာ၏အဖြစ်သို့ မရောက်နိုင်သော်လည်း တီဏိပုရိသယုဂါနိ ဆပုရိသပုဂ္ဂလာ၏ အဖြစ်သို့ ရောက်သည်ဖြစ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုရာ၏။ ထိုသို့ပင်မဟုတ်သော်လည်း ဒွေပုရိသယုဂ ါနိ

တ္တာရော ပုရိသပုဂ္ဂလာ၏ အဖြစ်သို့ရောက်သည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရာ၏။ ထိုသို့ပင် မဟုတ်သော်လည်း ကောပုရိသ ယုဂါနိ၌ ပုရိသပုဂ္ဂလာ၏ အဖြစ်သို့ရောက်သည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၏။ ဤကဲ့သို့ ဓမ္မာနုဓမ္မပဋိပတ်ကို မလစ်မလပ် အားထုတ်ပွားများနိုင်လျှင် မဂ်ဖိုလ်ကို ရကြလိမ့်မည်ဖြစ်၏။ ထိုကဲ့သို့ မလစ်မလပ် အားထုတ်ပွားများပါသော်လည်း ဤဘဝ၌ (အဘဗ္ဗ) ပုဂ္ဂိုလ်ဖြစ်၍မရသေးဟူ၍ ရှိစေဦး၊နောက်ဘဝ နတ်ပြည် ရောက်သောအခါ၌(တရား အားထုတ်ရန် တိုက်တွန်းသော အခန်းမှ ဆိုအပ်ခဲ့သည့်အတိုင်း) အသာလွယ်ကူ မဂ်ဖိုလ် ရရာ၏။

**မှတ်ချက်**။ ။(ဘဗ္ဗ) မဂ်ရထိုက်၊ (အဘဗ္ဗ) မဂ်မရထိုက်။

ယခုပစ္စက္ခကာလ၌ မဂ်မရသေး ဟူ၍ထားဘိဦး။ ပညာစက္ခုဖြင့် တစိမ့်စိမ့်ကြည့်ရှု၍ပွားများသောကြောင့် ဓမ္မာနုဓမ္မ အမည်ရသောကုသိုလ်သည် ဒါန သီလ သမထဘာဝနာဟူသော လောကီကုသိုလ်တို့ထက် အဆဆ တက်၍ လွန်မြောက် ကြီးကျယ်သော ကုသိုလ်ဖြစ်၏။

ထိုကဲ့သို့ အလွန်မွန်မြတ်လှသော သူတော်သစ္စာအဓိပညာကို စိတ်၌စွဲအောင် ဘာဝေတဗ္ဗာအမှုကို ပြုနေရခြင်းသည်ပင် အာစိဏ္ဏကံထက်သန်စေ၏။ အာစိဏ္ဏကံ ထက်သန်ခဲ့လျှင် ကိုယ်တွင်းရန်သူဟူသော ကိလေသာတို့သည် သေအံ့ဆဲဆဲ၌ ဝင်ခွင့်မရ။ ထို့ကြောင့် မလစ်မလပ် မနေမနား ကြိုးစား၍ အားထုတ်ပွားများ ကြကုန်လော။

မာပမာဒတ္ထ။ ။မမေ့မေ့လျော့လျော့မနေလေနှင့်။

သာသနာသက္ကရာဇ် ၂၅၀၀–ကျော်ရုံမျှ ရှိသေးသော ဤအချိန်၌ မဂ်ဖိုလ်နိဗ္ဗာန်ကို ရထိုက်သော သူတို့သည် ရှိကြကုန်၏။ သို့သော်လည်း ကုံခဲလှသော အတိဒုလ္လဘ၌ မိမိ၏အကျိုးစီးပွားဖြစ်သောတရားတော်ကို အားထုတ်၍ မနေနိုင်ကြကုန်။ ဤသို့ အားမထုတ် နိုင်ကြသည်ကို သိသောအကျွန်ုပ်သည် ထိုသူတို့၏အပေါ်၌ ကရုဏာ ရှေ့ဆောင်သောကြောင့် ၎င်း၊ တရားတော်မြတ်ကို အားထုတ်၍ နေကြကုန်သောတပည့်များကလည်း မိမိတို့၏အကျိုး သူတပါးတို့၏အကျိုးတို့ကို မြော်ကိုး၍၎င်း၊ ဆရာ၏ ကိုယ်စားဖြစ်စေခြင်းငှာ၎င်း၊ စာအုပ်ရေးတင် စီရင်ပြီးမြောက်ချီးမြှောက်ပါရန် တောင်းပန်ကြသောကြောင့် ၎င်း၊ ပင္ငိညာဉ်ရှိသည့်အတိုင်း ရေးသားပြုစုစီရင်ခြင်းဖြစ်သတည်း။

ဣမံဂန္ထံ၊ ဤဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း ကို။ သာဓု၊ သူတော်ကောင်းတို့သည်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။ ဂါရဝံကတွာ၊ ရိုသေခြင်းကိုပြု၍။ သဒါ၊ အခါခပ်သိမ်း။ ပညာစက္ခုနာ၊ ပညာမျက်စိဖြင့်။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ပဿိတွာ၊ ကြည့်ရှု၍။ ဘာဝန္တု၊ ပွားများ စေကုန်သတည်း။ ဘာဝေထ၊ ကြိမ်ဖန်များစွာ ပွားများနိုင်ကြသည်ဖြစ်စေသော်။

ဤဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း သည် သာသနာသက္ကရာဇ် ၂၅၁၄–ခုနှစ်။ ကောဇာသက္ကရာဇ် ၁၃၃၂–ခုနှစ် တပေါင်းလဆန်း (၅)ရက်။ ကျမ်းပြုဆရာ၏အသက်(၆၇) နှစ် အတွင်း၌ ရေးသား ပြုစုစီရင်၍ ပြီးဆုံးခြင်းသို့ ရောက်သတည်း။

ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကြောင့်။ ဝါ၊ ဤကောင်းမှုဖြင့်။ လောကတ္ထဥ္စ၊ လောက၌ ကြီးစွာသောအကျိုးစီးပွားကိုလည်း။ နပတ္ထေမိ၊ အလိုမရှိ မတောင့်တမိပါ။ မဂ္ဂဖလတ္ထဉ္စ၊ ကိုယ့်မဂ် ကိုယ့်ဖိုလ် ကိုယ်လုပ်မှသာ ကိုယ်ရသော တရားမျိုး ဖြစ်ခြင်းကြောင့် မဂ် ဖိုလ် ကို တောင်းခံခြင်းကို မှုလည်း။ နဣစ္ဆာမိ၊ အလိုမရှိပါ။ ကတညုတာ ကတဝေဒီ ဘာဝေါဝ၊ မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ကြိုးစား၍ပေးဆပ်ခြင်း သက်သက်ဖြင့်၏ဟူ၍ သာလျှင်။ သာဓဝေါ၊ သဘောဖြူစင် သူတော်စင် ဖြစ်ကြကုန်သော။ တုမှေ၊ စာရှုသူ သင်တို့သည်။ မညထ၊ သိရှိမှတ်ယူတော်မူကြပါစေ ကုန်သတည်း။ ဝါ၊ သိရှိ မှတ်ယူတော် မူကြပါကုန်လော။ ။

ဝိပဿနာကျင့်စဉ် သူတော်စင်ရှုဘွယ်ကျမ်း
ဤတွင် ပြီးပြီ။

—☆—

# ဓမ္မဒါနကောင်းမှုရှင်များ။

## တရားပုဂ္ဂိုလ်များ၏ အလှူငွေ။

| | အလှူရှင်အမည် နှင့်နေရပ်။ | အလှူငွေ။ |
|---|---|---|
| ၁။ | ဦးစိန်မြင့် နှင့်သမီး လှလှမေ စျေးကလေး | ၅၀ |
| ၂။ | ဒေါ်တုတ်၊ ကျော်သူ တောင်ဥက္ကလာ | ၁၀၀ |
| ၃။ | ဦးတင်ညွန့် မြေနီကုန်း | ၅၀ |
| ၄။ | ဦးအုံးမောင်၊ ဒေါ်ခင်နု မိသားစု မြောက်ဥက္ကလာ | ၂၀ |
| ၅။ | မောင်အေးစန်း၊ မရင်စိန် မိသားစု မင်္ဂလာဒုံ | ၁၀ |
| ၆။ | ဦးမောင်ကြွယ်၊ ဆရာမ ဒေါ်ကျင်မြ အင်းစိန် | ၅၀ |
| ၇။ | ဦးယုဒိ၊ ဒေါ်ခင်ရွှေ မိသားစု မြောက်ဥက္ကလာ | ၅ |
| ၈။ | ဦးကြီးမောင်၊ ဒေါ်သန်းကြည်မိသားစု ဆေးရိုးတန်း | ၁၀ |
| ၉။ | ဦးဘွန်ကြည်၊ ဒေါ်ကြူ မိသားစု မှော်ဘီ | ၁၀၀ |
| ၁၀။ | ဦးကျော်စိန်၊ ဒေါ်တင်ပု ညီမတစု အင်းစိန် | ၁၀၀ |
| ၁၁။ | ဦးချစ်ညွန့်၊ ဒေါ်ခင်မြင့် မိသားစု အင်းစိန် | ၂၅ |
| ၁၂။ | ဦးမောင်မောင်၊ ဒေါ်ရင်နှစ် မိသားစု အင်းစိန် | ၂၅ |
| ၁၃။ | မောင်ရွှေ၊ မစန်း မိသားစု အင်းစိန် | ၁၀ |
| ၁၄။ | ဦးစံမြ၊ ဒေါ်သန်း မိသားစု အင်းစိန် | ၁၀ |
| ၁၅။ | မခင်မြင့် မိသားစု ပြည်သူ့ကွက်သစ် | ၁၀ |
| ၁၆။ | ဦးမြင့်အောင်၊ ဒေါ်ကြည် ပြည်သူ့ကွက်သစ် | ၅ |
| ၁၇။ | မကြီး နှင့် သား ။ | ၂ |
| ၁၈။ | ဒေါ်ညိမ်းနု ။ | ၅ |

၁၉။ မောင်သောင်းအေး၊ မအေးသန်း တောင်ဥက္ကလာပ ၂၄

၂၀။ မောင်လှထွန်း၊ မခင်သန်းကြွေ မိသားစု ကမာရွတ် ၁၀

၂၁။ ဦးအောင်မျှင်၊ ဒေါ်ခင်ရွှေ ဆေးရိုးတန်း ၁၀

၂၂။ ဦးတင့်ညွှန့်၊ ဒေါ်ရွှေ မိသားစု မြေနီကုန်း ၅

၂၃။ ဦးခင်မောင်၊ ဒေါ်သန်းမြင့် မိသားစု ကမာရွတ် ၁၀

၂၄။ ဦးကြည်လှ၊ ဒေါ်တင် မိသားစု အင်းစိန် ၅

၂၅။ ဦးရင်ဝက်၊ ဒေါ်ခင်ကြည် မိသားစု တောင်ဥက္ကလာ ၁၀

၂၆။ ဦးမောင်လွင်၊ ဒေါ်စောကြည်မိသားစု မြောက်ဥက္ကလာ ၅၀

၂၇။ ဦးသောင်း၊ ဒေါ်စိန်မြင့်မိသားစု ထိမ်းတန်း ၁၀

၂၈။ ဦးစံ၊ ဒေါ်နှဲ့ မိသားစု အလုံဝိုက်တဟော ၂၅

၂၉။ ဦးလှဖေ၊ ဒေါ်နု မိသားစု ကျိုက်လပ်လမ်း ၁၀

၃၀။ ဦးဘချစ်တင်၊ ဒေါ်အေးရင် မိသားစု ကလယ်ခြံ ၁၀

၃၁။ ဦးဘဟန်၊ ဒေါ်စောတင် မိသားစု ပဒင်းတန်း ၂၀

၃၂။ ဦးဆောင်းတင်၊ ဒေါ်မြရှင် မိသားစု ရန်ကုန် ၅၀

၃၃။ ဒေါ်သိန်းလှ ဆေးရိုးတန်း ၅

၃၄။ ဦးစံမြင့်၊ ဒေါ်နှင်းရီ ဆေးရိုးတန်း ၁၀

၃၅။ ဦးချစ်စိန်၊ ဒေါ်သိန်းကြည် မိသားစု တောင်ဥက္ကလာ ၅

၃၆။ ဦးမြို့၊ ဒေါ်တင်တင် မိသားစု ဆေးရိုးတန်း ၈

# တပည့်တရားပုဂ္ဂိုလ်များ။

၁။ ဦးလှရီ၊ ဒေါ်တင်ကြည် မိသားစု ဆေးရိုးတန်း။
၂။ ဦးမြင့်အောင်၊ ဒေါ်သန်း ဆေးရိုးတန်း။
၃။ ဦးမြအောင်၊ ဒေါ်ချစ် နာနတ်တော။
၄။ ဦးစော၊ ဒေါ်ဖွား
၅။ ဦးလှမောင် ကျိုက်လတ်လမ်း။
၆။ ဦးသောင်း၊ ဒေါ်စိန်မြင့် ထီးတန်း။
၇။ ဦးတင်၊ ဒေါ်ကြွင်မြ
၈။ ဦးဘင်အောင်၊ ဒေါ်သန်းမြိုင် ကျုံပျော်။
၉။ ဦးမောင်လွင်၊ ဒေါ်စောကြည် မြောက်ဥက္ကလာ။
၁၀။ ဒေါ်မှုံ ဥက္ကံမြို့။
၁၁။ ဦးစန်းခို၊ ဒေါ်သန်းမြင့် မြောက်ဥက္ကလာ၊
၁၂။ ဦးကုလမြား၊ ဒေါ်သန်း မြောက်ဥက္ကလာ။
၁၃။ ဦးမျိုးမြင့်–ဦးလှကြင် တောင်ဥက္ကလာ။
၁၄။ ဦးမြရှင်–ဦးမောင်လွှင် မြောက်ဥက္ကလာ။
၁၅။ ဦးဟန်ရှိန် တောင်ဥက္ကလာပ။
၁၆။ ဦးကြည်လှ၊ ဒေါ်တင် ။
၁၇။ ဦးမောင်တင်၊ ဒေါ်လှစိန် လှည်းတန်း ကမာရွတ်၊
၁၈။ ဦးဘရင် ကွမ်းအုံရွာ၊ ရွှေဘိုခရိုင်။
၁၉။ ဦးပေါက်တူး၊ ဒေါ်စန်းအိုင် ဈေးရပ်ကွက်၊ မင်းဘူး။
၂၀။ ဦးမောင်မောင် နှင့် သမီးများ သန်းရီ၊ မြသီ၊ မြရီ၊
၂၁။ ဦးချစ်ခင့် မြက်ရှူရွာ၊ နွားထိုးကြီးမြို့။

၂၂။ ဦးတင်အောင် လုံခြုံရေးမှူး။ ဒေါ်ခင်လှ။
၂၃။ ဒေါ်မြသိန်း ရှမ်းကုန်းလမ်း မြေနီကုန်း။
၂၄။ ဦးမောင်ကြီး၊ ဒေါ်ကြင်မြိုင် မြေနီကုန်း။
၂၅။ ဦးအေးသွင်၊ ဒေါ်မြတင် ကွမ်းခြံ ဆင်မလိုက်။
၂၆။ ဒေါ်မေထူး ၆ ရပ်ကွက် သာကေတ။
၂၇။ ဒေါ်ကြင်မြိုင်၊ ဦးသွင်၊ ဒေါ်ခင်မြ ကလယ်ခြံ။
၂၈။ ဦးအုံးလေး၊ ဒေါ်သောင်း ကျောက်ကုန်းလမ်း၊ရန်ကုန်။
၂၉။ မောင်စိန်မောင် ရွာလယ်လမ်း၊ ဝါးခယ်မမြို့။

——ဠ——

"ဒေါ်ညွန့်" က ခမ္မဒါနအဖြစ်သူ့ဒါန်းရန်ထုတ်ဝေပါသည်။
အမှတ် (၁၈) ပျဉ်းမလမ်း၊ ဆေးရိုးတန်းရပ်ကွက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။